ဂ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
http://www.7daynewsjournal.com
အတွဲ(၁၁)၊ အမှတ်(၁၀) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက် ၊ ကြာသပတေး၊ (မေ ၁၇ ၊ ၂၀၁၂)

TRI
MEN'S AND LADIES' WEARS

# ရှေးရိုးစွဲများနှင့် ခေတ်နောက်ပြန်ဆွဲသူများကို ချန်ထားခဲ့မည်ဟု နိုင်ငံတော်သမ္မတပြောကြား

**အားမာန်**

**ရန်ကုန်၊ မေ-၁၄**

တိုးတက်သော အမြင်မရှိသည့် ရှေးရိုးစွဲများနှင့် ခေတ်နောက်ပြန်ဆွဲလိုသူများကို ချန်ထားခဲ့မည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မေလ ၁၁ ရက်တွင် ပြောကြားလိုက်သည်။

"အဆင်းရဲဆုံး LDC (ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ)နိုင်ငံဘဝက ရုန်းထွက်နိုင်ဖို့အတွက် တစ်ခုတည်းသောနည်းလမ်းဟာ ဥပဒေနဲ့အညီ အလုပ်လုပ်ကြဖို့ဖြစ်ပါတယ်။ အခုကောင်းမွန်တဲ့ မူတွေချထားပေးပြီးဖြစ်ပါတယ်။ မူတွေကောင်းသော်လည်း လူတွေမကောင်းရင် မအောင်မြင်နိုင်ပါဘူး။ တိုးတက်လိုတဲ့ အမြင်မရှိတဲ့ ရှေးရိုးစွဲတွေခေတ်နောက်ပြန်ဆွဲလိုသူတွေကိုတော့ နောက်မှာချန်ထားခဲ့ရပါမယ်။ ခေတ်စနစ်တွေပြောင်းလဲနေပြီဖြစ်ပါတယ်။ နိုင်ငံရေးနဲ့ ဟန်ချက်ညီစွာ စီးပွားရေးကဏ္ဍကို ကျွန်တော်တို့တွန်းတင်ရပါမယ်။ တစ်နှစ်ကုန်သွားပြီ (သမ္မတဦးသိန်းစိန်ခေါင်းဆောင်သော အစိုးရအဖွဲ့သက်တမ်းကို ဆိုလိုရင်းဖြစ်သည်)ဖြစ်လို့ Second Wave တွန်းတင်ကြဖို့တိုက်တွန်းရင် နိဂုံးချုပ်လိုက်ပါတယ်"နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မေ ၁၁ရက်တွင်ကျင်းပသော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို ပိုမိုထိရောက်စွာ ပြုပြင်ပြောင်းလဲကြိုးပမ်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားခဲ့သည်။ **စာ(၂၇)သို့**



# မြစ်ဆုံအနီး တိုက်ပွဲငယ်များ ဖြစ်ပွား

**အေးမြကျော်**

**ရန်ကုန်၊ မေ - ၁၄**

ကချင်ပြည်နယ်ရှိ အထင်ကရနေရာတစ်ခုဖြစ်သော မြစ်ဆုံနှင့် မလှမ်းမကမ်းတွင် မေလ ၁၁ရက်က မြန်မာ့တပ်မတော်နှင့် ကေအိုင်အေ(ကချင်လွတ်မြောက်ရေးတပ်မတော်)တို့အကြား တိုက်ပွဲငယ်များဖြစ်ပွားခဲ့ကြောင်း ဒေသခံများထံမှသိရသည်။

"သောကြာနေ့(မေ ၁၁ရက်)က စဖြစ်တာပဲ။ တန်ဖဲရွာက လူတွေဒီဘက်ပြန်လာကြတယ်။ ဒီနေ့(မေ-၁၄)တော့ ပြန်တက်သွားတာတွေ့တယ်"ဟု မြစ်ဆုံအနီးမှ တိုက်ပွဲငယ်များနှင့်ပတ်သက်၍ အောင်မြေသာရွာသစ်တွင် နေထိုင်သူများကို မေးမြန်းရာ မေလ ၁၄ရက်က ယင်းသို့ ပြန်လည်ဖြေကြားသည်။

"လက်နက်ကြီးတွေနဲ့ ပစ်သံမကြားပေမယ့် ဗုံးပေါက်ကွဲသံလိုလိုတော့ကြားခဲ့ရတယ်။ အခုတော့ ပြီးသွားပြီထင်တယ်"ဟု တန်ဖဲရွာအနီးမှ ဒေသခံတစ်ဦးက ပြောသည်။ တိုက်ပွဲများ ဖြစ်ပွားသည့်နေရာမှာမြစ်ဆုံစီမံကိန်းအတွင်းရှိတန်ဖဲရွာအနီးတွင်ဖြစ်ပြီး၊ မြစ်ကြီးနားမြို့နှင့် မိုင် ၃၀ နီးပါးကွာဝေးသောနေရာတွင်ဖြစ်ကြောင်း တန်ဖဲရွာ ဒေသခံများထံမှ သိရသည်။ **စာ(၁၂)သို့**



ဝန်ကြီးသုံးဦးအပါအဝင် တောင်ကိုရီးယားနိုင်ငံသား ၁၃ ဦး သေဆုံးခဲ့ရသည့် သမ္မတချွန်ဒူးဝှမ်ခရီးစဉ်အပြီး ဆယ်စုနှစ်သုံးခုနီးပါးအကြာ မြန်မာနိုင်ငံသို့ ပထမဦးဆုံးခရီးစဉ်တစ်ခုအဖြစ် နှစ်ရက်တာရောက်ရှိလာသည့် တောင်ကိုရီးယားသမ္မတ လီမြောင်ဘတ်သည် နေပြည်တော်သို့ မေ ၁၄ရက်က ရောက်ရှိလာကာ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်တွေ့ဆုံခဲ့သည်။ မေ၁၆ရက်နံနက်တွင် ရန်ကုန်မြို့၌လည်း ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကျင်းပသွားမည်ဖြစ်သည်။ သမ္မတလီမြောင်ဘတ်၏ ခရီးစဉ်တွင် ရန်ကုန်မြို့တွင် လုံခြုံရေးတင်းကျပ်စွာချထားခဲ့သည်။ အထက်ပါပုံမှာ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးနေသော သမ္မတနှစ်ဦး၏ မှတ်တမ်းဓာတ်ပုံဖြစ်သည်။ **ဓာတ်ပုံ-သမ္မတရုံး**

# မြန်မာနိုင်ငံ လူမှုစီးပွားရေးကောင်စီ ဖွဲ့စည်းတော့မည်

**အားမာန်**

**ရန်ကုန်၊ မေ- ၁၄**

မြန်မာနိုင်ငံ လူမှုစီးပွားရေးအကြံပေးကောင်စီ (National Economic and Social Advisory Council)ကို အဖွဲ့ဝင် ၁၅ ဦးဖြင့် နိုင်ငံတော်သမ္မတက ဖွဲ့စည်းတော့မည်ဖြစ်ကြောင်း အဆိုပါကောင်စီတွင်ပါဝင်သော ပညာရှင်နှင့်လုပ်ငန်းရှင်များက ပြောသည်။

အဆိုပါကောင်စီအတွက် လျာထားစာရင်းတွင် စီးပွားရေးပညာရှင်များ၊ ဘဏ်ပညာရှင်၊ နည်းပညာပိုင်းဆိုင်ရာပညာရှင်၊ စီမံခန့်ခွဲရေးပညာရှင်၊ စိုက်ပျိုးရေးပညာရှင် စသောကဏ္ဍပေါင်းစုံမှ ပညာရှင်များနှင့်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များပါဝင်သည်ကို တွေ့ရသည်။ **စာ(၁၂)သို့**

p;ym;a&;&i;e;jr/yEr

# ဝါရင့် အမေရိကန်ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်မည်

**ကိုကိုကြီး**

**ရန်ကုန်၊ မေ - ၁၄**

အမေရိကန်ပြည်ထောင်စုမှသက်တမ်း၁၀၀ရှိသည့်အမေရိကန်ကုန်သည်ကြီးများအသင်း (US Chamber of Commerce) သည် မြန်မာနိုင်ငံတွင် ပြောင်းလဲဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေနှင့် စီးပွားရေးအခွင့်အလမ်းတို့ကို လေ့လာသိရှိနိုင်ရန် ယခုလ ၁၆ရက်မှ ၁၉ ရက်အထိ မြန်မာနိုင်ငံသို့ လေးရက်ကြာ ပထမဆုံးအကြိမ်အဖြစ် လာရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **စာ(၂၇)သို့**



7 DAY NEWS JOURNAL
Vol.11, No.10 • MAY 17 , 2012



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ဝန်ထမ်းမဟုတ်သော သက်ကြီးရွယ်အိုများအတွက် ပင်စင်အစီအစဉ် မကြာမီ ပေါ်ထွက်မည်

**အိဖြူမွန်**

**ရန်ကုန်၊မေ-၈**

အစိုးရပင်စင်လစာမဟုတ်ဘဲ အဖွဲ့ အစည်းများတွင် ဝန်ထမ်းမဟုတ်သော သက်ကြီးရွယ်အိုများအတွက် ခံစားခွင့်ရှိသည့် သက်ကြီး ပင်စင်အစီအစဉ်အသစ်မကြာမီပေါ် ထွက်လာမည်ဖြစ်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်ကပြောသည်။

ယင်းသက်ကြီးပင်စင်အစီအစဉ်အသစ်သည် ပြည်ထောင်စုလွှတ်တော်တွင် မကြာမီ အတည်ပြုတော့မည့် လူမှုဖူလုံရေးဥပဒေအသစ်တွင် ထည့်သွင်းဖော်ပြထားသောကြောင့် ထွက်ရှိလာတော့မည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

အသစ်ပြဋ္ဌာန်းမည်ဖြစ်သော သက်ကြီးပင်စင်တွင် မည်သူမဆိုသက်ကြီးခံစားခွင့်အဖြစ် အာမခံကြေးပေးသွင်းပါက သက်ကြီး ပင်စင်ခံစားခွင့်ရမည်ဖြစ်ကြောင်း၊ သို့သော်လည်း သက်ကြီးပင်စင်အတွက်ပေးသွင်းရမည့် အာမခံကြေးပမာဏနှင့် ခံစားခွင့်ကို ရေးဆွဲနေဆဲဖြစ်သောကြောင့် အတိအကျ မထွက်ရှိသေးကြောင်း ဦးအောင်ထွန်းခိုင်က ပြောသည်။

အစိုးရဝန်ထမ်းများအနေဖြင့် အစိုးရကပေးသော ပင်စင်လစာအပြင် သက်ကြီးပင်စင်လစာကိုပါ ခံစားခွင့်ရမည်ဖြစ်သည်။ ယခုလက်ရှိတွင် သက်ကြီးရွယ်အိုများအတွက် သက်ကြီးရွယ်အို စောင့်ရှောက်ရေးဥပဒေကို ရေးဆွဲရန် ပြင်ဆင်နေပြီး နိုင်ငံတကာမှပြဋ္ဌာန်းသောဥပဒေများကိုပါလေ့လာ၍ မြန်မာနိုင်ငံနှင့်သင့်လျော်သောဥပဒေကို ပြဋ္ဌာန်းမည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ သက်ကြီးရွယ်အို ဦးရေသည် နိုင်ငံ့လူဦးရေသန်း ၆၀တွင် ၁၀ရာခိုင်နှုန်းရှိသည်။ နိုင်ငံတော်အစိုးရနှင့် ပြည်တွင်းပြည်ပရှိ လူမှုရေးအဖွဲ့အစည်းများ၏ ကူညီစောင့်ရှောက်မှုကြောင့် လက်ရှိသက်ကြီးရွယ်အိုလူဦးရေ၃၀ ရာခိုင်နှုန်းလောက်သာ ကူညီထောက်ပံ့နိုင်သည်။

# စစ်ဘေးဒုက္ခသည် ကလေးငယ်များကို စာသင်ပေးရန် ကာလရှည်စေတနာ့ဝန်ထမ်းများခေါ်ယူ

**အေးမြကျော်**

**ရန်ကုန်၊ မေ-၇**

ဝေးလံခေါင်သီသော နေရာများတွင် ရောက်ရှိနေပြီး ပညာသင်ယူရန် အခက်အခဲတွေ့နေသော စစ်ဘေးရှောင်ဒုက္ခသည် ကလေးများရှိရာနေရာများသို့ အရောက်သွားကာ ပညာသင်ကြားပေးနိုင်ရန် ကာလရှည်စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်လိုသူများကို ခေါ် ယူလျက်ရှိကြောင်း စစ်ဘေးဒုက္ခသည်များကို အကူအညီပေးနေသည့်အဖွဲ့အစည်းတစ်ခုဖြစ်သော ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော် (KBC)မှ သိရသည်။

“ကလေးတွေကို စာသင်ပေးနိုင်မယ့် လူငယ်တွေ တစ်နှစ်လောက်အထိ ကလေးတွေနဲ့အတူနေပြီး စာသင်ပေးနိုင်မယ့် စေတနာ့ဝန် ထမ်းတွေကို ဖိတ်ခေါ် နေပါတယ်” ဟု KBC (မြစ်ကြီးနား) မှ အထွေထွေအတွင်းရေးမှူးကပြောသည်။

ကချင်ပြည်နယ်တွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာကာ ထွက်ပြေးလာသူများအနက် တရုတ်နိုင်ငံနယ်စပ်၌ ထွက်ပြေးတိမ်းရှောင်သူအများစုမှာ အစိုးရကျောင်းများတွင် တက်ရောက်သင်ကြားခဲ့သူများဖြစ်သဖြင့် ဇွန်လဆန်းလျှင် ဖွင့်လှစ်တော့မည့် ကျောင်းများတွင် ပညာဆက်လက်သင်ယူလိုသူများကို ကူညီနိုင်ရန်နှင့် ပညာဆက်လက်မသင်နိုင်သူများကိုပညာရေးအဆက်မပြတ်စေရန် ကူညီသင်ကြားပေးနိုင်မည့် လူငယ်များကို ခေါ် ယူ သင်တန်းပေးကာ ဝေးလံသော နေရာများသို့ စေလွှတ်သွားမည်ဟုသိရသည်။



7 DAY NEWS JOURNAL
Vol.11, No.10 ▪ MAY 17 , 2012

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**
– နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
– အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
– စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
– ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**
– စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွား ရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
– ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
– ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
– နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**
– တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
– အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက် ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
– စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
– တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# လုပ်ခလစာနည်းသော စက်မှုဇုန်လုပ်သားများ ဆန္ဒပြတောင်းဆိုမှုများလာ

**အေးမြတ်သူ**

**ရန်ကုန်၊ မေ- ၁၂**

အရပ်သားအစိုးရသစ်လက်ထက်တွင် လုပ်ခလစာနည်းစက်ရုံလုပ်သားများ ဆန္ဒပြတောင်းဆိုမှုများ မကြာခဏဆိုသလို ဖြစ်ပေါ်နေကြောင်း စက်မှုဇုန်အတွင်းရှိ စက်ရုံကြီးကြပ်သူတို့ကပြောသည်။

"အစိုးရသစ်လက်ထက်မှာ တောင်းဆိုမှုပိုများလာတယ်။ အလုပ်သမားဘက်ကလည်း အလုပ်သမားဥပဒေထွက်လာတော့ သူတို့လည်း ရသင့်ရထိုက်တာတွေကို တောင်းတာပေါ့။ နောက်ဒီလိုမျိုး မဖြစ်အောင် သူတို့လိုချင်တာကို နှစ်ဦးနှစ်ဖက် ညှိနှိုင်းဖြေရှင်းသင့်တယ်လို့ ထင်တယ်"ဟု Best Marker အထည်ချုပ်စက်ရုံမှ အုပ်ချုပ်ရေးမှူးဦးမောင်မောင်လွင်က ပြောသည်။

အခုဖြစ်နေတဲ့စက်ရုံတွေက နောက်မှ ဖွင့်တဲ့စက်ရုံတွေပဲ ဖြစ်တာများတာ။ အခုမှ ကိုရီးယားတို့၊ ထိုင်ဝမ်တို့ဘက်ကမှ လာဖွင့်တော့ ဒီကအလုပ်သမားတွေ အကြောင်း နားမလည်တာလည်း ပါမယ်"ဟု လှိုင်သာယာစက်မှုဇုန်-၁ တွင်းရှိ အထည်ချုပ်စက်ရုံမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုရက်ပိုင်းအတွင်း လှိုင်သာယာမြို့နယ်စက်မှုဇုန်-၄ တွင်းရှိ High Art ဆံပင်တုစက်ရုံ အလုပ်သမားများ နှစ်ရက်ကြာ ဆန္ဒပြတောင်းဆိုမှုကြောင့် အလုပ်သမား ၁၈၀၀ကျော်အား စက်ရုံပိုင်ရှင်က အခြေခံလစာငွေကျပ် သုံးသောင်းထိတိုးမြှင့်ပေးရန်အပါအဝင် အချက် ၄၄ ချက်အား သဘောတူစာချုပ် ရေးထိုးလိုက်ပြီဖြစ်သည်။

ထိုစက်ရုံအလုပ်သမားများသည် မေ ၉ ရက် ၁၀ ရက်ထိ ဆန္ဒပြတောင်းဆိုမှုကြောင့် အခြေခံလစာ ရှစ်ထောင်ကျပ်မှ သုံးသောင်းကျပ်ထိ တိုးမြှင့်ပေးခဲ့ပြီး အလုပ်သမားများအပေါ် မောက်မာပြောဆိုသည့်အလုပ်သမားခေါင်းဆောင်နှစ်ဦးအား အလုပ်ရှင်က လက်ရှိရာထူးထက် တစ်ဆင့်နှိမ့်၍ ရာထူးချခဲ့ကြောင်း လက်မှတ်ရေးထိုးလိုက်သည့်သဘောတူစာချုပ်တွင် ဖော်ပြထားသည်။

အဆိုပါတောင်းဆိုမှု၌ စက်ရုံအလုပ်သမား ၁၆၂၃ ဦးတောင်းဆိုသည့် အချက် ၇၈ ချက်အနက် ၄၄ ချက်အား အလုပ်ရှင်က သဘောတူခဲ့ပြီး လုပ်သားအားလုံး မေလ ၁၁ ရက်တွင် ပုံမှန်အလုပ်ချိန်အတိုင်း ဝင်ရောက်လုပ်ကိုင်ရမည်ဖြစ်သည်။



အလုပ်သမားညွှန်ကြားမှုဦးစီးဌာနရုံးရှေ့ရှိ ဆန္ဒပြအလုပ်သမားများ


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

"အဘတို့အနေနဲ့ အလုပ်ရှင်နဲ့ အလုပ်သမားကို ထိပ်တိုက်တွေ့ဆုံပြီး ဖြေရှင်းပေးခဲ့တာပါ။ အလုပ်သမားတွေလည်း ကျေနပ်သဘောတူညီမှု ရရှိခဲ့ပါတယ်။ အလုပ်ရှင်ဘက်ကလည်း အများကြီးလိုက်လျောမှုတွေပြုလုပ်ပေးခဲ့ပါတယ်"ဟု အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးဝင်းရှိန်က ပြောသည်။

"အစ်မတို့အဓိကတောင်းဆိုတာတော့အခြေခံလစာနဲ့OTကြေး တိုးပေးဖို့ပါပဲ။ နောက်ပြီး အခုလိုဖြစ်သွားတယ်ဆိုတာကလည်း အခုအလုပ်သမားဥပဒေ ထွက်ပြီ။ ဥပဒေအရအလုပ်သမား အဖွဲ့အစည်းကို ဖွဲ့စည်းလို့ရတယ်လို့ အခြားစက်ရုံက လူတွေကပြောတော့ အခုအစ်မတို့ ခုနစ်ယောက်ကိုပဲ ကလေးတွေက ခေါင်းဆောင်အနေနဲ့ လုပ်ခိုင်းလိုက်တာ။ အဲဒါကိုအလုပ်ရှင်က သဘောမတူတော့ အခုလိုဖြစ်တာ"ဟု ဆန္ဒပြပွဲဦးဆောင်သူတစ်ဦးဖြစ်သူ မယမင်းလွင်ကပြောသည်။

အလုပ်သမားများအနေဖြင့် အဓိကဆန္ဒပြတောင်းဆိုမှုများမှာ အခြေခံလစာနှင့် အချိန်ပိုကြေးတိုးမြှင့်ပေးရန်၊ လုပ်ငန်းနှင့်မသက်ဆိုင်သည့် လုံခြုံရေးနှင့် သန့်ရှင်းရေးများမခိုင်းရန်၊ အစားအသောက်များ သန့်ရှင်းစွာချက်ပြုတ်ပေးရန်၊

**အချပ်ပို(B)သို့**






## CRIME မှုခင်းသတင်း CORNER

### ငါးမွေးကန်မှ ငါးခိုးဖမ်းသူနှစ်ဦးကို အရေးယူ

သန်းဌေး

ရန်ကုန်၊ မေ- ၄

မွေးမြူထားသော ငါးမြစ်ချင်းငါး အရွယ်စုံ ငါးသောင်းကျော်ဖိုး ခိုးယူသူများကို ဖမ်းဆီးအရေးယူထားကြောင်း သတင်းရရှိသည်။

"ငါးမွေးကန်ထဲကို လှေတွေ၊ ပိုက်တွေနဲ့ ငါးဆင်းဖမ်းနေတဲ့လူတွေကို ဖမ်းပြီး ရဲစခန်းကို အပ်လိုက်တယ်။ ငါးခိုးတဲ့လူတွေထဲမှာ တချို့ကစားစရာမရှိလို့ဆိုပေမယ့် တချို့ကျတော့ ဒီအလုပ်ကို စီးပွားဖြစ်လုပ်နေကြတာ"ဟု မအူပင်မှ အင်းသူကြီးတစ်ဦးကပြောသည်။

မအူပင်မြို့နယ်တွင် ငါးခိုးမှုများ ဖြစ်လေ့ရှိပြီး ဖမ်းဆီးမိပါက အမြင့်ဆုံးထောင်ဒဏ် ၃နှစ်အထိ ပြစ်ဒဏ်ချလေ့ရှိသည်။ ယခုဖြစ်စဉ်တွင် ရဲတပ်ဖွဲ့မှာ သက်သေများ၏ ထွက်ဆိုချက်နှင့် စုံစမ်းစစ်ဆေးမှုများအား တရားရုံးသို့တင်ပြထားသည်။

"ပုဂ္ဂလိက ငါးကန်တွေ၊ ကုမ္ပဏီ ငါးကန်တွေ အများကြီးရှိတော့ ငါးခိုးမှုတွေအဖြစ်များတယ်။ တရားရုံးရောက်ရင် တရားသူကြီးက သူဆင်ခြင်တုံတရားအတိုင်း အဆုံးအဖြတ်ပေးပါလိမ့်မယ်"ဟု မအူပင်မြို့နယ် ရဲစခန်း မှ တာဝန်မှူးက မေလ၅ရက်တွင် 7Day Newsသို့ပြောသည်။

အထက်ပါဖြစ်စဉ်သည် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ကျုံတာရွာတွင် မေ၁ရက် မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့သည်။ အဆိုပါရွာမှ လူငယ်အမျိုးသားနှစ်ဦးကို သက်သေခံပစ္စည်းများနှင့်အတူ ပုဒ်မ ၃၇၉ ပြစ်မှုဆိုင်ရာအမှတ်(ပ)၅၂/၁၂ဖြင့် မအူပင်ရဲစခန်းမှ အရေးယူထားကြောင်း သတင်းရရှိသည်။

### ထွက်ပြေးသူကို မေးမြန်းရာမှ ဓားဖြင့် အခုတ်ခံရ

မောင်ကံ

မောင်တော၊ မေ-၅

မောင်တောမြို့နယ် ဒုချီးရားတန်း အုပ်စု၊ ကင်းချောင်းကျေးရွာသားနှစ်ဦးမှာထွက်ပြေးသွားသူကိုမေးမြန်းရာမှဓားဖြင့်အခုတ်ခံရသဖြင့် ပြင်းထန်စွာဒဏ်ရာရရှိပြီး မောင်တောမြို့နယ်ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးကုသမှု ခံယူနေရကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ဧပြီလ ၃၀ရက် နေ့လယ်၁၁ နာရီခန့်တွင် ကင်းချောင်းကျေးရွာသို့ အသက်(၃၀)ဝန်းကျင် ဘင်္ဂါလီလူမျိုးလေးဦးဝင်ရောက်သဖြင့် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးမှ မသင်္ကာ၍ တွေ့ဆုံမေးမြန်းရန် ရွာသားများကို စေလွှတ်ခဲ့ရာ အဆိုပါသူစိမ်းလေးဦးမှာ အတွေ့မခံဘဲထွက်ပြေးသွားသည်။ ရွာသားများက လိုက်လံဖမ်းဆီးကြရာ ရွာအနီးရှိ စိုက်ခင်းမှဖြတ်သွားသည်ကို တွေ့လိုက်သဖြင့် စိုက်ခင်းလုပ်နေသူ ဘင်္ဂါလီလူမျိုးတစ်ဦးအား မေးမြန်းရာမှ စိုက်ခင်းလုပ်နေသူက ဓားဖြင့်ခုတ်လိုက်ခြင်းဖြစ်ကြောင်း အခုတ်ခံရသူ အသက် (၅၄)နှစ် အရွယ် ဦးအောင်ကျော်လှက ပြောကြားသည်။

ဓားဖြင့်အခုတ်ခံရခြင်းကို ဦးသိန်းထွန်း (၄၂နှစ်)က မြင်တွေ့ပြီး သွားရောက်ကယ်ဆယ်ရာမှ ဦးသိန်းထွန်းကိုပါ ဓားဖြင့်ခုတ်သဖြင့် ဘယ်ဘက်လက်တွင်ပြင်းထန်စွာဒဏ်ရာ ရရှိသွားကြောင်း ဆိုသည်။ အဆိုပါဖြစ်စဉ်အား မောင်တောမြို့နယ် ရဲစခန်းမှ (ပ)၈၄/၂၀၁၂ ဖြင့် အမှုဖွင့် ဆောင်ရွက်နေကြောင်း သိရသည်။

## မူးယစ်ရာဇာအဖြစ် ထိုင်းနိုင်ငံဘက်မှ ဖမ်းဝရမ်းထုတ်ခံရခြင်းအပေါ် ဗိုလ်နွတ်ခမ်းမွေးရှင်းလင်း

ဥက္ကာကိုကို

မြဝတီ၊ မေ - ၁၀

ထိုင်းအစိုးရက မူးယစ်ရာဇာဟု သတ်မှတ်ကာ ဖမ်းဝရမ်းထုတ်ထားခြင်းနှင့်ပတ်သက်၍ ထိုင်းနိုင်ငံဘက်သို့ သွားရောက်စစ်ဆေးခံရန်မဖြစ်နိုင်ဘဲ ထိုင်းအစိုးရဘက်ကသာ မိမိတို့ထံသို့ လာရောက်စစ်ဆေးနိုင်ကြောင်း ကလို့ထူးဘောတပ်ဖွဲ့ (ယခင်DKBA) စစ်ဦးစီးချုပ် ဗိုလ်ချုပ်စောလားပွယ်(ခ) ဗိုလ်နွတ်ခမ်းမွေးက မေလ၁၀ရက်တွင် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ဆုံဆည်းမြိုင်ကျေးရွာ၊ ကော်သူးမွဲခီးစခန်းရှိ ကလို့ထူးဘောရှေ့တန်းစစ်ဌာနချုပ်စခန်း၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ထိုင်းရုပ်သံအမှတ်(၃)မှ ဧပြီ ၂၀ ရက်တွင် ထုတ်လွှင့်ခဲ့သော ထိုင်းနိုင်ငံမှအလိုရှိသည့် မူးယစ်ရာဇာ ၂၅ဦးစာရင်းတွင် မြန်မာနိုင်ငံသား ဗိုလ်နွတ်ခမ်းမွေး(ခ)ဗိုလ်ချုပ်စောလားပွယ်၏ အမည်ပါဝင်လာသည့်ကိစ္စနှင့်ပတ်သက်၍ ကလို့ထူးဘော ရှေ့တန်းစစ်ဌာနချုပ်စခန်းတွင် ဒုတိယအကြိမ်မြောက် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ဗိုလ်နွတ်ခမ်းမွေးက ယင်းသို့ပြောကြားသွားခြင်းဖြစ်သည်။

"ကျွန်တော်ဟာမြန်မာနိုင်ငံသားဖြစ်ပါတယ်။ ထိုင်းနိုင်ငံထဲကိုသွားပြီး အစစ်ဆေးခံဖို့တော့မဖြစ်နိုင်ပါဘူး။ ကျွန်တော့်နိုင်ငံထဲမှာလာပြီး မေးမြန်းမယ်ဆိုရင်တော့ ဖြစ်နိုင်ပါတယ်"ဟု ဗိုလ်နွတ်ခမ်းမွေးကဆိုသည်။ ယခုကဲ့သို့ ထိုင်းအစိုးရကစွပ်စွဲလိုက်သည့်ကိစ္စသည် မြန်မာအစိုးရနှင့် ကလို့ထူးဘော ကရင်အစည်းအရုံး(KKO)တို့အပေါ် နှစ်ဦးနှစ်ဖက် သိက္ခာကျဆင်းနိုင်ကြောင်း ကလို့ထူးဘောတပ်ဖွဲ့မှ ဗိုလ်မှူးကြီးစန်းအောင်ကလည်းပြောသည်။

စာ(၁၂)သို့

## အော်ဂဲနစ်စိုက်ပျိုးရေးထွက်ကုန်များ စူပါမားကတ်အချို့တွင် သီးသန့်ကောင်တာဖွင့်ရောင်းမည်

သန်းဌေး

ရန်ကုန်၊

မေ-၉



ရန်ကုန်မြို့လယ်တွင် ဖွင့်လှစ်ထားသော စူပါမားကက်တစ်ခု

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အော်ဂဲနစ် စိုက်ပျိုးရေးထွက်ကုန်များအား ရန်ကုန်မြို့ရှိ စီးတီးမတ်နှင့် အိုးရှင်းဆိုင်များတွင် တင်ရောင်းနိုင်ရန် စီစဉ်နေကြောင်း မြန်မာအော်ဂဲနစ် စိုက်ပျိုးရေးအဖွဲ့ဥက္ကဋ္ဌ ဦးနှင်းဦးကပြောသည်။

"စီးတီးမတ်လို အိုးရှင်းလိုမျိုး Mart တွေ အားလုံးကို ညှိနှိုင်းပြီး အော်ဂဲနစ်စင်လေးတစ်ခုရအောင် ဖန်တီးပြီးတော့ ကျွန်တော်တို့တောင်သူများရဲ့ ပစ္စည်းတွေ တင်ရောင်းဖို့လုပ်နေပါတယ်။ စီးတီးမတ်တွေမှာ မကြာခင် တင်ရောင်းနိုင်အောင် ချိတ်ဆက်ညှိနှိုင်းနေပါတယ်"ဟု ဦးနှင်းဦးက အော်ဂဲနစ်ထောက်ခံချက် လက်မှတ်ပေးအပ်ပွဲ အခမ်းအနားတွင်ပြောသည်။

ရန်ကုန်မြို့ဝန်းကျင်မှ ထွက်လာသော အော်ဂဲနစ် လယ်ယာထွက်ကုန်များကိုလည်း သီရိမင်္ဂလာဈေးတွင် ဆိုင်တန်းတစ်ခု နေရာယူထားပြီး တောင်သူများကိုယ်တိုင် မည်သူမဆိုအချိန်မရွေး လာရောက်ရောင်းချနိုင်ရန်လည်း စီစဉ်ထားကြောင်း ဥက္ကဋ္ဌဦးနှင်းဦးက ပြောသည်။

"အစားအသောက်မှာ ဆိုးဆေးတွေ သုံးတယ်။ ရောင်းပန်းလှအောင် ညဘက်မှာ ဆေးတွေစိမ်တယ်၊ ပိုးသတ်ဆေးတွေ သုံးကြတယ်။ ဒါကြောင့် သီးနှံတွေမှာ ပိုးပေါက်တွေ့တာကိုပဲ ရွေးစားရမလို ဖြစ်နေတယ်။ ပိုးပေါက်မပါရင် သေချာတယ်။ ပိုးသတ်ဆေးတွေ သုံးထားလို့ပဲဆိုပြီး စိုးရိမ်နေရတယ်"ဟု အိမ်ရှင်မတစ်ဦးက ပြောသည်။

အာဟာရဓာတ်ပြည့်ဝပြီး ပိုးသတ်ဆေးနှင့် ဆိုးဆေးများ ကင်းစင်သော အော်ဂဲနစ်စားသောက်ကုန်များအား စီးတီးမတ်၊ အောရင်းမတ်နှင့် အိုးရှင်းကဲ့သို့ဆိုင်များတွင် တင်ရောင်းပါက ကိုယ်ဝန်ဆောင်မိခင်များရော စားသုံးသူများအတွက်ပါ အလွယ်တကူဝယ်စားနိုင်တော့မည်ဖြစ်ကြောင်း အော်ဂဲနစ်စိုက်ပျိုးသီးနှံထုတ်လုပ်မှု အသိအမှတ်ပြုလက်မှတ်ရထားသည့် ရှမ်းမောမြေကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"Mart တွေမှာ အော်ဂဲနစ်ကောင်တာတွေ ဖွင့်ပြီး ရောင်းမယ်။ စိုက်ပျိုးထုတ်လုပ်သူတွေကလည်း စဉ်ဆက်မပြတ် ထုတ်လုပ်ပေးနိုင်ရင် ထုတ်လုပ်သူရော ရောင်းသူရော စားသုံးသူရော အားလုံးအတွက် အဆင်ပြေသွားမှာပါ"ဟု ၎င်းကပြောသည်။

အဆိုပါ အသင်းသည် လွန်ခဲ့သော ခြောက်နှစ်ကတည်းက အော်ဂဲနစ်နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သော သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်များ ထွက်ပေါ်လာစေရန် မြန်မာပြည်အနှံ့ ပညာပေးဟောပြောမှုများ လုပ်ဆောင်ခဲ့သည်။ ၎င်းတို့အသင်း၏ ထောက်ခံချက်လက်မှတ်နှင့် တံဆိပ်ပါမှသာ အော်ဂဲနစ်နည်းဖြင့် စိုက်ပျိုးထားသောသီးနှံ ဖြစ်ပြီး အသင်းမှအသိအမှတ်ပြုကာ တာဝန်ယူမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## အဖွဲ့ဝင်နိုင်ငံအနေဖြင့် ပံ့ပိုးမှုများ ပြန်ပေးရန် ILO ညီလာခံတွင် အကြံပြုလွှာတင်မည်

အိဖြူလွင်

ရန်ကုန်၊ မေ-၁၀

ဇွန်လတွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားညီလာခံ၌ မြန်မာနိုင်ငံနှင့် ပတ်သက်သည့်အချက်များ ချမှတ်မည်ဖြစ်ပြီး မြန်မာနိုင်ငံရှိ အလုပ်သမားထုနှင့်ပတ်သက်၍ ILOမှ အဖွဲ့ဝင်နိုင်ငံတစ်ခုအနေဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးနေသည်များကို ပြန်လည်ကူညီပေးရန် အကြံပြုလွှာကိုလည်း ILO ၏ မြန်မာနိုင်ငံဆိုင်ရာဆက်သွယ်ရေး အရာရှိက တင်သွင်းမည်ဖြစ်ကြောင်း အဆိုပါအရာရှိက ပြောကြားသည်။

"အပြည်ပြည်ဆိုင်ရာ အလုပ်သမားညီလာခံသို့ နိုင်ငံတစ်နိုင်ငံအနေဖြင့် အစိုးရကိုယ်စားလှယ်တစ်ဦး၊ အလုပ်ရှင်ကိုယ်စားလှယ်တစ်ဦး၊ အလုပ်သမားကိုယ်စားလှယ်တစ်ဦးတက်ရောက်ရန် သတ်မှတ်ထားပြီး တက်ရောက်မည့် အလုပ်သမားကိုယ်စားလှယ်၏ ကိုယ်ရည်ကိုယ်သွေးနှင့် ပြောဆိုဆက်ဆံမှုများသည် နိုင်ငံတော်နှင့်အလုပ်သမားထုအတွက် ILOမှ ချမှတ်မည့် ဆုံးဖြတ်ချက်များပေါ်တွင် အကျိုးသက်ရောက်မှုဖြစ်ပေါ်စေမည်"ဟုမြန်မာနိုင်ငံဆက်သွယ်ရေးအရာရှိ Mr.Steve Marshall က ပြောကြားသည်။

ILO သည် အဖွဲ့ဝင်နိုင်ငံအဖြစ် ပံ့ပိုးကူညီနေသည့် လုပ်ငန်းစဉ်အားလုံးကို ယနေ့အချိန်ထိမလုပ်ပေးနိုင်ခဲ့ကြောင်း အလုပ်သမားအဖွဲ့အစည်းများနှင့် တွေ့ဆုံစဉ် ၎င်းကပြောကြားသည်။

ILO အုပ်ချုပ်မှုအဖွဲ့ဥက္ကဋ္ဌ အပါအဝင် အရာရှိများသည် မြန်မာနိုင်ငံမှ အခြေခံအလုပ်သမားအဖွဲ့အစည်းများ ၂၇ ဖွဲ့နှင့် ယခုလ ၅ ရက်တွင် တွေ့ဆုံခဲ့ပြီး လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကိုမေးမြန်းဆွေးနွေးခဲ့ကြောင်း အစည်းအဝေးသို့ တက်ရောက်ခဲ့သော အဖွဲ့အစည်းများက ပြောကြားသည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားညီလာခံသို့ မြန်မာနိုင်ငံမှ အလုပ်သမားကိုယ်စားလှယ် အဖြစ်တက်ရောက်မည့်သူမှာအောင်ကြွေပြားစက်ရုံမှ ဦးသန့်ဇင်ဦးဖြစ်ကြောင်းသိရသည်။

အလုပ်သမားဖွဲ့စည်းခြင်းဥပဒေသည် မြန်မာနိုင်ငံတွင် ပထမဆုံးအဖြစ် မတ်လက ထွက်ပေါ်ခဲ့ပြီးနောက် ဥပဒေအရ အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းနိုင်ခဲ့သည်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.10 • MAY 17 , 2012

# အကူအညီပေးမည့်သူများ တိုင်းရင်းသားဒေသများ၏ ဖွံ့ ဖြိုးရေးပါ ထည့်သွင်းစဉ်းစားရန် ဒေါ်အောင်ဆန်းစုကြည်အကြံပြု

**အောင်သူရ**

**ရန်ကုန်၊ မေ - ၁၀**

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်သူများနှင့် ဖွံ့ဖြိုးရေးအကူအညီပေးမည့်သူများအနေဖြင့် တိုင်းရင်းသားဒေသများ၏ ဖွံ့ဖြိုးရေးကိုပါ ထည့်သွင်းစဉ်းစားသင့်ကြောင်း ဒေါ်အောင်ဆန်းစုကြည်ကပြောသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ဒေါ်အောင်ဆန်းစုကြည်နှင့် ပိုလန်နိုင်ငံခြားရေးဝန်ကြီးတို့သည် မေလ ၁၀ ရက် ညနေက သူမနေအိမ်တွင် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ပြီးပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါတွေ့ဆုံပွဲတွင် ဒေါ်အောင်ဆန်းစုကြည်က "မြန်မာနိုင်ငံကိုဖွံ့ဖြိုးရေးအကူအညီတွေ ပေးချင်သူတွေ၊ ဒါမှမဟုတ် ရင်းနှီးမြှုပ်နှံမှုတွေလုပ်ချင်တယ်ဆိုရင် မြန်မာလူမျိုးအများစုရှိတဲ့ ဒေသတွေမှာတင်မဟုတ်ဘဲနဲ့ တိုင်းရင်းသားလူနည်းစုဒေသတွေမှာ လုပ်မယ့် အစီအစဉ်တွေကိုလည်း စဉ်းစားသင့်ပါတယ်" ဟုပြောဆိုသည်။

ထို့အပြင်ပြည်မကြီး ဒေသကပြည်သူအများစုကဆင်းရဲသလို တိုင်းရင်းသားလူနည်းစုဒေသပြည်သူတွေက ပိုပြီး ဆင်းရဲသဖြင့် အကူအညီတွေလိုအပ်နေကြောင်း ထပ်လောင်းပြောကြားသည်။

ပိုလန်နိုင်ငံခြားရေးဝန်ကြီးနှင့်အတူသဘော်ကျင်းလုပ်ငန်းလုပ်ကိုင်သူ၊ ရထားပို့ဆောင်ရေးဆိုင်ရာလုပ်ငန်းလုပ်ကိုင်သူ၊ စွမ်းအင်လုပ်ငန်းလုပ်ကိုင်သူနှင့် စက်ရုံအလုပ်ရုံတည်ထောင်လိုသော လုပ်ငန်းရှင်များပါလိုက်ပါလာခဲ့သည်။

ပိုလန်နိုင်ငံခြားရေးဝန်ကြီးနှင့် သမ္မတဦးသိန်းစိန်တို့တွေ့ဆုံပြီး မြန်မာနိုင်ငံသားများနှင့် အစိုးရအဖွဲ့ဝင်များအတွက် ပိုလန်အစိုးရက ပညာသင်ဆုများချီးမြှင့်မည့် အစီအစဉ်ကိုလည်း နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

"ကရင်ပြည်နယ်က အရင်လိုမငြိမ်းချမ်းတာတွေ ရှိခဲ့တော့ မီးခဲပြာဖုံးလိုဖြစ်နေတယ်။ ပိုပြီးတော့ အကူအညီတွေလိုတယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းအောင် လုပ်ပေးတာတို့ အလုပ်အကိုင်အခွင့်အလမ်းများများရရှိပြီး သဘာဝပတ်ဝန်းကျင်ကိုမထိခိုက်တဲ့လုပ်ငန်းတွေလုပ်ပေးရင်ကောင်းမှာပဲ" ကရင်ပြည်နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တာဝန်ခံ ဒေါ်နန်းခင်ထွေးမြင့်ကပြောသည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၁၁ ဖွဲ့ရှိပြီးအင်အား ငါးသောင်းကျော်ရှိကာနယ်မြေ မငြိမ်းချမ်းမှုကြောင့် အိမ်ခြေရာခြေမဲ့သူ (IDP) လေးသိန်းကျော်ရှိသည်ဟုအစိုးရမဟုတ်သောအဖွဲ့အစည်းများက ပြုစုထားသည့် စာရင်းအရသိရသည်။

# ကေအင်န်ယူနှင့် မြန်မာအစိုးရတို့ကြား တတိယမြောက်ဆက်ဆံရေးရုံး ဘုရားသုံးဆူတွင် ဖွင့်မည်

**အောင်သူရ**

**ရန်ကုန်၊ မေ - ၁၀**

အပစ်အခတ်ရပ်စဲရေး သဘောတူထားသော ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် မြန်မာအစိုးရတို့ကြားတတိယမြောက်ဆက်ဆံရေးရုံးကို မေလ ၁၅ ရက်တွင် ဘုရားသုံးဆူမြို့၌ ထပ်မံဖွင့်လှစ်မည်ဟုသတင်းရရှိသည်။

"၁၄ ရက်ကို ရန်ကုန်က ထွက်မယ်။ ကားနဲ့ သွားလို့မရလို့ ရဟတ်ယာဉ်နဲ့သွားဖို့စီစဉ်ထားတယ်" ဟု ငြိမ်းချမ်းရေးအကျိုးဆောင်တစ်ဦးကပြောသည်။

အဆိုပါဒေသတွင် နှစ်ဖက် ဆက်ဆံရေးရုံးဖွင့်လှစ်ရန် ဧပြီလကတည်းကသဘောတူခဲ့ပြီး မိမိလာရောက်နိုင်သည့်ရက်ကိုစောင့်ဆိုင်းနေခြင်းသာဖြစ်ကြောင်းငြိမ်းချမ်းရေးခေါင်းဆောင်ဦးအောင်မင်းကနေပြည်တော်တွင်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ဆက်ဆံရေးရုံးများ ဖွင့်လှစ်ရခြင်းမှာ ထိုဒေသအတွင်းရှိနှစ်ဖက်တပ်များကြား အပြန်အလှန်ဆက်သွယ်ရန်နှင့် နားလည်မှုတည်ဆောက်ရန်တို့ဖြစ်သည်။

ဘုရားသုံးဆူဆက်ဆံရေးရုံးဖွင့်ပြီးနောက် ဒူးပလာယာခရိုင်၏ဆက်ဆံရေးရုံးချုပ်ကိုမူ ကျိုက်ဒုံမြို့တွင်ဆက်လက် ဖွင့်လှစ်သွားမည့်အစီအစဉ်ရှိသော်လည်း ဖွင့်လှစ်မည့် နေ့ရက်အတိအကျမပြောဆိုနိုင်သေးကြောင်း နယ်မြေခံကေအင်န်ယူ တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

ကရင်အမျိုးသားအစည်းအရုံးနှင့်မြန်မာအစိုးရကြား ဆက်ဆံရေးရုံး ၁၂ ရုံးဖွင့်ရန်သဘောတူခဲ့ပြီး ဧပြီ ၉ ရက်နှင့် ၁၀ ရက်များ၌ ကေအင်န်ယူမှ ဆက်ဆံရေးရုံးနှစ်ခုကိုပဲခူးတိုင်း၊ ကျောက်ကြီးမြို့နှင့် တနင်္သာရီတိုင်း၊ ထားဝယ် မြို့တို့တွင် ဖွင့်လှစ်ထားသည်။



7 DAY NEWS JOURNAL
Vol.11, No.10 • MAY 17 , 2012

## ရွှေးကောက်ခံ ရုပ်ရှင်အစည်းအရုံးဝင်များ ဝန်ကြီးနှင့် ပထမဆုံးအကြိမ်တွေ့

**အေးသူစံ**

**ရန်ကုန်၊ မေ-၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ရုပ်ရှင်လောကသားများ၏ ပြဿနာအခက်အခဲများအား လူပုဂ္ဂိုလ်တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းလိုက်ဖြစ်စေ စေတနာအမှန်ဖြင့် ၄င်းစတင်တာဝန်ယူစဉ်မှ ယနေ့အချိန်ထိ တစ်လျှောက်လုံး ဆောင်ရွက်ပေးခဲ့ကြောင်းဖြင့် ရွေးကောက်ခံ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အလုပ်အမှုဆောင်သစ်အဖွဲ့နှင့် မေလ ၁၄ ရက်နေ့က ပထမဆုံးအကြိမ် တွေ့ဆုံသည့်ပွဲတွင် ပြောကြားခဲ့သည်။

“ရုပ်ရှင်လောကသားတစ်ဦးချင်းဆိုလည်း သူ့ရဲ့လူမှုရေး၊ သူနဲ့ပုဂ္ဂိုလ်ချင်းဝိရောဓိဖြစ်တာ၊တရားရုံးနဲ့ပြဿနာဖြစ်တာ၊ အစိုးရအဖွဲ့အစည်းတွေနဲ့ဖြစ်တာတွေကိုကျွန်တော့်ဆီအကူအညီလာတောင်းတဲ့အခါမှုဘောင်နဲ့လည်းညီအောင်၊ အဆင်လည်းပြေအောင် ဆောင်ရွက်ပေးပါတယ်။ တစ်ခါမှ ငြင်းမထုတ်ခဲ့ဖူးဘူး။ တချို့ကြီးတာတွေငယ်အောင်၊ငယ်တာတွေပပျောက်သွားအောင်၊ တချို့ဆို ထောင်ကျသွားဖို့တောင်ရှိတယ်။ ကိုယ့်ကိုယ်ကိုယ်ဖော်တာမဟုတ်ဘူး။တကယ်ဖြစ်ခဲ့တာကို ပြောတာ” ဟု ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက တွေ့ဆုံပွဲ၏ အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ရွေးကောက်ခံမြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အမှုဆောင်သစ်အဖွဲ့မှ တွေ့ဆုံခွင့်ကို ဧပြီလဆန်းပိုင်းကတည်းက ဥက္ကဋ္ဌ ဦးဇင်ဝိုင်းဦးဆောင်၍ တောင်းခံခဲ့ပြီး ယနေ့တွင် ရန်ကုန်မြို့ရှိမြန်မာ့ရုပ်ရှင်လုပ်ငန်း၌ ဝန်ကြီးက တွေ့ဆုံခွင့်ပေးခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့သစ်နှင့် ပြည်ထောင်စုဝန်ကြီးတို့မတွေ့ဆုံသေးခင်စပ်ကြား ဝေဖန်မှုများ ထွက်ပေါ်ခဲ့ပြီး ၄င်းနှင့်ပတ်သက်၍ ဝန်ကြီးက “ကျွန်တော့်ကိုကိုဇင်ဝိုင်းတို့ တွေ့ခွင့်ပြုဖို့ စာတင်ချိန်မှာ နယ်ရောက်နေတယ်။ စာရပြီး ရန်ကုန်တစ်ခေါက်ရောက်တော့လည်း ကမ္ဘောဒီယားသွားဖို့လုပ်ရတယ်။ တွေ့ဖို့အခြေအနေမပေးဘူး။ ခုရန်ကုန်ကိုပြန်ရောက်မှကျွန်တော်တွေ့ဆုံတာပါ”ဟုပြောသည်။

## ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီဖွဲ့စည်း

**အားမာန်၊ အောင်သူရ**

**ရန်ကုန်၊ မေ - ၁၀**

နိုင်ငံတော်သမ္မတအပါအဝင် အစိုးရအဖွဲ့မှ အဆင့်အမြင့်ဆုံး ပုဂ္ဂိုလ် ၁၁ ဦးဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီကို မေလ၃ရက် ရက်စွဲဖြင့် ဖွဲ့စည်းလိုက်ပြီဖြစ်သည်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ဆွေးနွေးရာတွင် ဦးဆောင်ဦးရွက်ပြုရန် စတင်ဖွဲ့စည်းလိုက်သော ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဥက္ကဋ္ဌဖြစ်ပြီး အဖွဲ့ဝင်ကိုးဦးနှင့် အတွင်းရေးမှူးတစ်ဦးပါဝင်သည်။

အဖွဲ့ဝင်များမှာ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးခင်အောင်မြင့်၊ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထဲရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်တို့ဖြစ်ပြီး၊ အတွင်းရေးမှူးမှာသမ္မတရုံးညွှန်ကြားရေးမှူးချုပ်ဦးမင်းဇော်ဖြစ်သည်။ ထို့ကြောင့်အဆိုပါကော်မတီတွင်ပြည်ထောင်စုရှေ့နေချုပ်နှင့် သမ္မတရုံးညွှန်ကြားရေးမှူးမှအပ ကျန်ပုဂ္ဂိုလ် ၉ ဦးမှာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဝင်များဖြစ်သည်။ ကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဝင်ထဲမှ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့နှစ်ဦးသာထိုကော်မတီတွင် မပါရှိပေ။

ထို့အတူပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီကိုပါဖွဲ့စည်းလိုက်သည်။ လုပ်ငန်းကော်မတီတွင် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက ဥက္ကဋ္ဌဖြစ်ပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းဇော်တို့မှာ ဒုတိယဥက္ကဋ္ဌများဖြစ်သည်။

အဖွဲ့ဝင် ၅၂ ဦး ပါဝင်သော လုပ်ငန်းကော်မတီတွင် ကျန်အဖွဲ့ဝင်များမှာ ပြည်ထောင်စုဝန်ကြီး ၇ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ် ၁၀ ဦး၊ စစ်ဌာနချုပ်တိုင်းမှူး ၁၀ ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တိုင်းရင်းသား ၉ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တိုင်းရင်းသား ၉ ဦး၊ နယ်စပ်ရေးရာဒု-ဝန်ကြီး၊ ဒုတိယရှေ့နေချုပ်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်တို့ပါဝင်သည်။

စာ(၁၂)သို့



ချစ်သက် ၁၀၀ တိုင်တိုင်
မောင်အောင်မျိုးထက်(ခ)မောင်အောင်ကို
Technical Engineer(Electrical)
Jurong Shipyard Pte Ltd.(Singapore)နှင့်
မမိုးပပ
Deputy Marketing Manager (7Day News Journal)
Information Matrix တို့၏
၂၀၁၂၊ မေ ၁၂ ရက်က မင်းကွန်းတိပိဋကနိကာယ
ရွှေရတုမင်္ဂလာခန်းမတွင် ကျင်းပခဲ့သော
မင်္ဂလာဧည့်ခံပွဲ၊ မင်္ဂလာရက်မြတ်မှသည် ချစ်သက်၁၀၀တိုင်
အောင်မြင်ပြည့်စုံချမ်းသာသောဘဝခရီးပန်းတိုင်ကို
နှစ်ကိုယ်တူယှဉ်တွဲ လျှောက်လှမ်းနိုင်ကြပါစေကြောင်း.....
7Day News စီမံခန့်ခွဲမှုနှင့်
7Day News မိသားစု။

အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း...
Horizon ကျောင်းသားများ ကမ္ဘာ့စင်မြင့်ပေါ် သို့ရောက်ရှိပြီ။
INEPO EUROASIA
INTERNATIONAL ENVIRONMENTAL PROJECT OLYMPIAD

၂၀၁၂ ခုနှစ် ဧပြီလ ၄ ရက်မှ ၅ ရက်အထိ Azerbaijan နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော (၆) ကြိမ်မြောက် International Environment Project Olympiad ပြိုင်ပွဲတွင် Horizon International School မှ ကျောင်းသားများက မြန်မာနိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်ခဲ့ကြသည်။

• ရွှေတံဆိပ်ဆုရှင်များ


မသက်ထက်ငြိမ်းစု


မအိမ့်အိမ့်မြင့်မိုရ်စိုး

• ငွေတံဆိပ်ဆုရှင်များ


မောင်ပြည်ဟိန်းထက်


မောင်ဉာဏ်လင်းထူး




ယခုကဲ့သို့ မြန်မာနိုင်ငံ၏ ဂုဏ်ဒြပ်နှင့် Horizon International School ၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးခဲ့ခြင်းအတွက် ပြိုင်ပွဲဝင်ကျောင်းသား/သူများနှင့် မိဘများ၊ ပြုစုပျိုးထောင်ပေးခဲ့သော ဆရာ/မများအား ဂုဏ်ပြုအပ်ပါသည်။

Management Committee

Horizon International School
An IB World School
Broaden your horizons...
Ph : (01) 450396, 450397, 551795, 551796
www.horizonmyanmar.com

7DAY NEWS JOURNAL
Vol.11, No.10 ▪ MAY 17 , 2012

# ပိတ်ပင်ထားသော မြန်မာရုပ်ရှင်နှင့်ဗီဒီယို ၄၁ ကား ပြန်လည်စိစစ်ခွင့်ပြုမည်

**အေးသူစံ**

**ရန်ကုန်၊ မေ-၁၄**

၂၀၀၁ မှ ၂၀၁၂ ခုနှစ်အထိ ၁၂ နှစ်တာကာလအတွင်း ပိတ်ပင်ခံထားရသော မြန်မာရုပ်ရှင် ဗီဒီယိုဇာတ်ကား ၄၁ကားကို ဆင်ဆာအဖွဲ့မှ ပြန်လည်စိစစ်ကြည့်ရှုကာ သင့်လျော်သည့်ဇာတ်ကားများကို ပြန်လည်ခွင့်ပြုပေးမည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကပြောသည်။

"၂၀၀၀ ကနေ ၂၀၁၂ ထိ ပိတ်ထားတဲ့ ကား ၇၀ ရှိတယ်။ ဒီထဲက ၂၉ ကားကို ခွင့်ပြုပြီးပြီ။ ကျန်တဲ့ ၄၁ ကားကို ဆင်ဆာဘုတ်အဖွဲ့ကို ပြန်လည်ကြည့်ရှုစိစစ်စေပြီး လက်ရှိအချိန်ကာလအရ ပေးသင့်တာတွေပေးသွားပါမယ်။ ၄၁ ကားလုံးရမယ်လို့တော့ အာမမခံပါဘူး" ဟု ဝန်ကြီးက ပြောကြားသည်။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စသည့်အချက်များ နှင့်ငြိစွန်းမှုမရှိသော ဇာတ်ကားများအား ပြန်လည်ခွင့်ပြုပေးရန် တောင်းဆိုခဲ့ခြင်းအပေါ် ဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။


မြန်မာရုပ်ရှင်နှင့်ဗီဒီယိုပရိသတ်များ အချိန်ကာလအတော်ကြာ အရည်အသွေးပြည့်မီသည့် ဒရာမာကားများကို မျှော်လင့်ခဲ့ကြရသည်

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ယခုကဲ့သို့ပိတ်ပင်ထားသော ဇာတ်ကားများကို ပြန်လည်စိစစ်ခွင့်ပြုပေးမည့်အပေါ် ရှစ်နှစ်ကြာ ရုပ်ရှင်ဇာတ်ကားကြီးတစ်ကားနှင့် ဒီဗီဒီဇာတ်ကားတစ်ကားတို့ ပိတ်ပင်ခံထားရသည့် လပ်ကီးဆဲဗင်း ထုတ်လုပ်ရေးမှဒေါ်အေးအေးဝင်းက"ပိတ်ထားတဲ့ ကားတွေပြန်ခွင့်ပြုပေးတဲ့အပေါ် ကြိုဆိုပါတယ်။ ကျွန်မတို့ဆို ပိတ်ထားတာ အကြာကြီးဆိုတော့ အများကြီး နစ်နာပါတယ်။ ခုလို အချိန်အခါနဲ့လိုက်ပြီး ပြန်ခွင့်ပြုပေးလိုက်တဲ့အတွက် နောက်ပိုင်းဆို အနုပညာပိုင်းမှာ သာမန်က နေကွဲထွက်တဲ့ဇာတ်လမ်းတွေ၊ ဒါရိုက်တာတွေ ဖန်တီးပြချင်တဲ့ဇာတ်ကွက်တွေကို ကျွန်မတို့ထုတ်လုပ်သူတွေဘက်ကလည်း လိုက်လျောနိုင်မယ်လေ။ ပရိသတ်အတွက်လည်း အကျိုးရှိတာပေါ့" ဟုပြောကြားခဲ့သည်။ အဆိုပါထုတ်လုပ်ရေးမှ ၂၀၀၄ ခုနှစ်က ရိုက်ကူးခဲ့သော 'မော်ကင်းဥဒါန်း' ရုပ်ရှင်ဇာတ်ကားမှာ ရှစ်နှစ်ကြာပိတ်ထားခံရခြင်းမှ ယခုနှစ်ဇွန်လတွင် ရုံတင်ပြသခွင့်ရတော့မည်ဖြစ်သည်။

"ဆင်ဆာပိတ်ထားတဲ့ကားတွေ ပြန်ခွင့်ပြုပေးမယ့်သတင်းကြားရတာ ဝမ်းသာစရာကောင်းပါတယ်။ ထုတ်လုပ်သူတွေလည်း ရင်းနှီးထားရတဲ့ ငွေတွေပြန်ပေါ်တာပေါ့။ ဒါပေမဲ့ ဒီအပြောင်းအလဲကြောင့် နောက်ထပ်ရိုက်မယ့်ကားတွေက ချစ်ကြိုက်ကွဲညားကနေ ချက်ချင်းခွဲထွက်နိုင်မယ်မထင်ဘူး။ ကျွန်တော်တို့ရုပ်ရှင်က အစစအရာရာနောက်ကျကျန်ခဲ့တာလေ" ဟုကမ်းထရီးစတားထုတ်လုပ်ရေးမှ ဦးမြအေးကပြောသည်။

"နှစ်ဖက်အပေး အယူရှိဖို့လိုပါတယ်။ ပေးလို့ရနိုင်တာတွေပေးပါ့မယ်။ ဆင်ဆာဘက်က ပြင်ခိုင်းရင်လည်းပြင်ပေးပါ။ ဒါမှ ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ ဖြစ်မှာပါ"ဟု ဝန်ကြီးကပြောသည်။

# သတ္တုတွင်းဝန်ကြီးဌာနနှင့် The Voice Weekly ဂျာနယ်အမှု မေ ၂၃ တွင် အမိန့်ချမည်

**အောင်သူရ**

**ရန်ကုန်၊ မေ-၁၂**

သတ္တုတွင်းဝန်ကြီးဌာနနှင့် The Voice Weekly Journalတို့ကြားဖြစ်ပွားနေသော အမှုအား မေလ ၂၃ ရက်တွင် အမိန့်ချမှတ်မည်ဟု သတင်းရရှိသည်။

သတင်းရေးသားသူအားဖော်ထုတ်ပေးရန် တာဝန်ရှိမရှိကို အပြီးသတ်အမိန့်ချမှတ်မည်ဖြစ်ပြီး ကျန်ရှိနေသော ထုတ်ဝေသူနှင့် အယ်ဒီတာတို့အား စွဲဆိုထားသော အမှုမှာမူ အပြီးသတ်သေးမည်မဟုတ်ကြောင်းသတင်းရရှိသည်။

"သတင်းစာကျင့်ဝတ်မှာလည်းပါတယ်။ ၇၄ စီရင်ထုံးမှာလည်းပါတယ်။ တာဝန်ခံအယ်ဒီတာသာ တာဝန်အရှိဆုံးဆိုတာ၊ ဒါကြောင့် ဒီဖြစ်စဉ်မှာ တတိယမဏ္ဍိုင်ဖြစ်တဲ့ တရားရေးမဏ္ဍိုင်က စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ သတင်းမီဒီယာတွေကို ဘယ်လိုအကာအကွယ်ပေးမလဲ ဆိုတာကို အဖြေပေးမယ့်အမှုဖြစ်တယ်"ဟုအဆိုပါအမှုအားလိုက်ပါဆောင်ရွက်ပေးနေသူတရားလွှတ်တော်ရှေ့နေ ဦးသိန်းညွန့်ကပြောသည်။

The Voice Weekly ဂျာနယ်အနေဖြင့် သတင်းရေးသားသူအားမဖော်ပြနိုင်ကြောင်း အကျိုးအကြောင်းနှင့်တကွ ပြန်လည်ရှင်းပြခဲ့ပြီးဖြစ်သည်။

လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလကလည်း အိုးဝေမဂ္ဂဇင်းတွင် 'ငရဲခွေးကြီးလွတ်နေသည်' ဆောင်းပါးအားရေးသားသူကို မဖော်ထုတ်ပေးသဖြင့် တာဝန်ခံအယ်ဒီတာ ကိုအောင်ဆန်းအား ကျောင်းထုတ်ခဲ့ရာမှဒုတိယကျောင်းသားသပိတ်ဖြစ်ပေါ်ခဲ့သည်။

ဝန်ကြီးဌာနအချို့၏ ကျပ်သိန်းထောင်ချီ၍ အလွဲသုံးစားမှုများ စစ်ဆေးတွေ့ရှိ ခေါင်းစဉ်ဖြင့် သတင်းရေးသား ဖော်ပြခဲ့မှုကြောင့် အမှတ်(၁) သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်ကိုကိုကတရားလိုပြုလုပ်ကာ The Voice Weekly ဂျာနယ်အား မတ်လ ၁၆ရက်၌ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.11, No.10 • MAY 17 , 2012

## ၂၀၁၂ မေ ၁၆မှ ၂၂ရက်ထိ မိုးလေဝသနှင့် ဇလဗေဒသိန်းချက်

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေအနေ**

ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းမှာ လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်လာနိုင်ပါတယ်။ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း နဲ့ ကပ္ပလီပင်လယ်ပြင်တွေမှာ တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်မှာ အများအားဖြင့် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပါတယ်။ အနောက်တောင်မုတ်သုံလေဟာ မြန်မာနိုင်ငံတောင်ပိုင်းကို စတင်ဝင်ရောက်နိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ လှိုင်းအသင့်အတင့်(၃ ပေမှ ၅ပေခန့်) ရှိနိုင်ပြီး၊ ကျန်မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်(၁ ပေ မှ ၂ပေခန့်)သာ ရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

မိုးလေဝသဂြိုဟ်တုမှတိုင်းတာချက်အရပြီးခဲ့တဲ့ မေလ(၄)ရက်မှ မေလ(၁၀)ရက်နေ့အထိ ရက်သတ္တတစ်ပတ်အတွင်းမှာ မိုးမရွာသောဒေသများကတော့ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတို့ဖြစ်ကြပါတယ်။ မိုးအများဆုံးရွာတဲ့ဒေသတွေကတော့ တနင်္သာရီတိုင်းကမ်းရိုးတန်းဒေသဖြစ်ပြီး မိုးရေချိန် ၆-၈ လက်မအထိရခဲ့ပါတယ်။ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းကျန်ဒေသများတို့မှာ ၄-၆ လက်မအထိ ရခဲ့ကာ ကျန်ဒေသတွေမှာတော့ ၀. ၂လက်မမှ ၄ လက်မအထိ ရရှိခဲ့ပါတယ်။

**မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်**

ခန့်မှန်းကာလအတွင်း ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းတို့မှာ (၄)ရက်မှ (၅)ရက်ခန့်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ကယားပြည်နယ်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကယားပြည်နယ်တို့မှာ (၃)ရက်မှ(၄)ရက်ခန့်၊ ကျန်ဒေသတွေမှာ(၁)ရက်မှ(၂)ရက်ခန့် ထစ်ချုန်း ရွာသွန်း နိုင်ပါတယ်။

**မိုးတိမ်တောင်များဖြစ်ပေါ်နိုင်မှုအခြေအနေ**

အများအားဖြင့် တစ်ပြည်လုံးမှာ ထစ်ချုန်းမည့်အခြေအနေများ ပိုမိုဖြစ်ထွန်းလာနိုင်ပါတယ်။ တစ်ပြည်လုံးမှာ (၄)ရက်မှ(၅)ရက်ခန့် မွန်းလွဲညနေပိုင်း အချိန်အခါများတွင် မိုးတိမ်တောင်များ ဖြစ်ပေါ်မှုကြောင့် ထစ်ချုန်းမယ့်အခြေအနေများ ဖြစ်ပေါ်နိုင်ပါသည်။ အဆိုပါကာလများတွင် မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်းအပြင်လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးကြိုးပစ်ခြင်းတို့ကို အထူးဂရုစိုက်ရန်လိုအပ်ပါမည်။

**နေ့အပူချိန်များအခြေအနေ**

မြန်မာနိုင်ငံတစ်ဝန်းလုံး မိုးတိမ်များဖြစ်ထွန်းမှု များပြားလာမှုကြောင့် အပူချိန်များ၏ အတက်အကျ ပိုမိုများပြားနိုင်ပြီး အလယ်ပိုင်းဒေသများတွင် 38 - 42 °C ခန့်၊ မြေလတ်ပိုင်းနဲ့ မြစ်ဝကျွန်းပေါ် ဒေသများမှာ 34 - 36 °C ခန့်၊ ကျန်ဒေသများမှာ 24 - 30 °C ခန့်မှန်း ရပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်တို့တွင် လက်ရှိရေအမှတ်များထက် ရေအနည်းငယ် ပိုမိုမြင့်တက်လာနိုင်သော်လည်း၊ ချင်းတွင်းမြစ် နဲ့ ဧရာဝတီမြစ်တို့မှာ ပြည်တွင်းရေကြောင်းသွားလာရေးအတွက် ရေနည်းမှု အန္တရာယ်ကို ဆက်လက်ကြုံတွေ့ နေဖွယ်ရာရှိနေပါတယ်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်မှာ အခုလာမယ့် ရက်သတ္တ တစ်ပတ်အတွင်းမှာတော့ မုန်တိုင်းဖြစ်ဖို့မရှိသေးဘူးလို့ ခန့်မှန်းရပါတယ်။

**အရေးကြီးသောအခြေအနေ**

လာမယ့်ရက်သတ္တပတ်အတွင်း မိုးတိမ်တောင်များရဲ့အန္တရာယ်ကို ဆက်လက်သတိထားဖို့ လိုအပ်ပါတယ်။ မွန်းလွဲညနေပိုင်းအချိန်အခါများတွေမှာ မိုးတိမ်တောင်များကြောင့် မိုးကြိုးပစ်ခြင်း၊ မိုးသက်လေပြင်း တိုက်ခတ်ခြင်း စတာတွေကိုကြုံတွေ့နိုင်ပြီး၊ တစ်ခါတစ်ရံ လေဆင်နှာမောင်း တိုက်ခတ်ခြင်း၊ စိုက်ဆင်းလေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေခြင်း စတာတွေကိုလည်း ကြုံတွေ့နိုင်ပါတယ်။

လာမည့်ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှာ heat Index များ မြင့်မားနေနိုင်သော်လည်း မြစ်ဝကျွန်းပေါ် ဒေသများမှာတော့ နေအပူရှိန်ဒဏ် heat Index များ ကျဆင်းလာနိုင်မှုကြောင့် အပူရှိန်ဒဏ်မှ သက်သာရာရနိုင်ပါတယ်လို့ ခန့်မှန်း ရပါတယ်။ **ဒေါက်တာထွန်းလွင်**

# သိန်း ၁၀၀အထက် ကျပ်ငွေပေးချေမှုတွင် ချက်လက်မှတ်သာသုံးရန် ဘဏ်များဆွေးနွေးနေ

**ပြည်သိမ်း**

**ရန်ကုန်၊ မေ - ၁၂**

ပြည်တွင်း၌ ကျပ်သိန်း ၁၀၀ အထက်ငွေပေးချေမှုများတွင် ချက်လက်မှတ်ကိုသာ အသုံးပြုရန် ဘဏ်အချင်းချင်း ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်နေကြောင်း ဘဏ်လုပ်ငန်းပညာရှင်များထံမှသတင်းရရှိသည်။

"အစိုးရဌာနတွေကိုငွေသွင်းငွေထုတ်လုပ်ရင် ချက်နဲ့သွင်းဖို့ ဆွေးနွေးတာပါ။ အကောင်အထည်တော့ မပေါ်သေးဘူး" ဟု သမဝါယမဘဏ် လီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးဖေမြင့်က ဆိုသည်။

ဘဏ်လုပ်ငန်းဝန်ဆောင်မှုတစ်ခုဖြစ်သည့် ချက်လက်မှတ်များကို အသုံးပြုရာတွင် လက်ရှိအချိန်တွင် လိမ်လည်မှုများရှိပြီး ပြည်သူများက ယုံကြည်မှုနည်းပါးသဖြင့် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်မှုမရှိကြောင်းကို ဘဏ်လုပ်ငန်းပညာရှင်တစ်ဦးက ရှင်းပြသည်။

"ချက်လက်မှတ်မှာက အားနည်းချက်တွေ၊ အားသာချက်တွေနဲ့ဆိုတော့ ပြည်သူကြားမှာ သုံးစွဲမှုနည်းတာပါ" ဟုကမ္ဘောဇဘဏ် ဒုဥက္ကဋ္ဌ-၂ဦးသန်းလွင်ကဆိုသည်။

ချက်လက်မှတ်ကို အသုံးပြုရာတွင် အားသာချက်များမှာ ငွေကြေးပမာဏများစွာ ရောင်းဝယ်ရာတွင် ငွေသားများကို အမိကအသုံးပြုရန် မလိုအပ်ခြင်း၊ ဘဏ်အကောင့်အချင်းချင်း ငွေလွှဲရာတွင်လည်း လွယ်ကူစွာ အသုံးပြုနိုင်သည်။ အားနည်းချက်များကတော့ချက်လက်မှတ်ဖြင့် ငွေထုတ်ရာတွင် ဘဏ်စာရင်းတွင် ငွေမရှိခြင်း၊ လိမ်လည်ထွက်ပြေးမှုများပြုလုပ်နိုင်ခြင်းစသည်တို့ကြောင့် ပြည်သူအများစုက ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲခြင်းမရှိကြောင်း သိရသည်။ ချက်လက်မှတ် အသုံးပြုမှု တွင်ကျယ်ပါက ငွေပေးချေမှုများတွင် ငွေသားများကို အသုံးမပြုရသည့်အတွက် များစွာအဆင်ပြေသည်။ ချက်လက်မှတ်ဖြင့် လိမ်လည်မှုများကို ပြည်ပနိုင်ငံများတွင် ဥပဒေဖြင့် တားဆီးအရေးယူမှုများရှိသည်။ မြန်မာနိုင်ငံ၌လည်းယင်းသို့တားဆီးရန်ဥပဒေတစ်ခုပြဋ္ဌာန်းရန်လိုအပ်နေကြောင်း ဘဏ်လုပ်ငန်းပညာရှင်များက ရှင်းပြသည်။

# စွမ်းအင်က ဌာနဆိုင်ရာများသို့ ရောင်းချပေးသော ဒီဇယ်ဆီဈေးနှုန်းကို တစ်ဂါလန် ၃၅၀၀ ကျပ်နှုန်း တိုးမြှင့်

**ထူးသန့်**

**နေပြည်တော်၊**

**မေ - ၁၁**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ ဌာနဆိုင်ရာအဖွဲ့အစည်းများသို့ ဖြန့်ဖြူးရောင်းချလျက်ရှိသော ဒီဇယ်ဆီဈေးနှုန်းကို ယခုလ ၁၀ ရက်(ယမန်နေ့)မှစတင်၍ တစ်ဂါလန်လျှင် ၃,၅၀၀ ကျပ်နှုန်းသို့ တိုးမြှင့်၍ ပြင်ဆင်သတ်မှတ်လိုက်ကြောင်းသတင်းရရှိသည်။




စွမ်းအင်ဝန်ကြီးဌာနသည် အဆိုပါအဖွဲ့အစည်းများသို့ တစ်ဂါလန် ကျပ် ၃,၀၀၀ နှုန်းဖြင့် အရှုံးခံ ရောင်းချပေးခဲ့ခြင်းဖြစ်သော်လည်း ယခုဘဏ္ဍာရေးနှစ်မှစတင်၍ ကျင့်သုံးရမည့်မူအရ အရှုံးခံဖြန့်ဖြူးရောင်းချတော့မည် မဟုတ်ကြောင်း ဌာနဆိုင်ရာအဖွဲ့အစည်းများသို့ ယခုလ ၈ ရက် ရက်စွဲဖြင့် ထုတ်ပြန်အသိပေးခဲ့ခြင်းဖြစ်သည်။

"ဒီဇယ်ဆီဈေးနှုန်းမြင့်သွားတဲ့အတွက် ဌာနဆိုင်ရာတွေရဲ့ ဝန်ဆောင်မှုတွေလည်း လိုက်ပါပြောင်းလဲသွားလိမ့်မယ်လို့ယူဆတယ်။ အထူးသဖြင့် ဒီဇယ်ဆီ အဓိကသုံးစွဲပြီး ပြည်သူတွေကို သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ပေးနေတဲ့ မြန်မာ့မီးရထားလို ဝန်ဆောင်မှုအဖွဲ့အစည်းတွေ၊ ဌာနတွေမှာ သက်ရောက်လိမ့်မယ်ထင်တယ်"ဟုနေပြည်တော်ရှိ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးစိုးမြိုင်ကပြောကြားသည်။

ဒေသခံ စက်သုံးဆီလုပ်ငန်းရှင်တစ်ဦးကမူ "ဒီအတိုင်းဆိုရင်တော့ ကျွန်တော့်ဖောက်သည်တွေ နည်းသွားတော့မှာပဲ။ အရင်က အဲဒီဆီတွေနဲ့ ဈေးသက်သက်သာသာရောင်းခဲ့ရလို့ယာဉ်ပိုင်ရှင်တွေက ဆိုင်ကြီးတွေဆီမသွားဘဲ ကျွန်တော့်ဆီ လာအားပေးကြတာ။ အခုတော့ ကျွန်တော်လည်း ဈေးနှုန်းတူပဲ ရောင်းရတော့မယ်ထင်တယ်"ဟုတစ်ပိုင်တစ်နိုင်လုပ်ငန်းများ၏ အခြေအနေကိုပြောကြားခဲ့သည်။

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအစီအစဉ်များဖြင့် ဂုဏ်သတင်းကြီးလျက်ရှိသော အစိုးရသစ်လက်ထက်တွင်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအနေဖြင့်လည်း စီးပွားရေးဆန်ဆန်ဆောင်ရွက်နိုင်ရေး၊ မိမိငွေကြေးအင်အားအပေါ် မိမိရပ်တည်နိုင်ရေးမူနှင့်အညီ ငွေကြေးစီမံခန့်ခွဲမှုများ ကျင့်သုံးရမည်ဖြစ်ရာ ဌာနများ၏ လိုအပ်သော လည်ပတ်ရန်ပုံငွေများကိုလည်း မြန်မာ့စီးပွားရေးဘဏ်မှ သတ်မှတ်အတိုးနှုန်းဖြင့် ချေးယူကာ ဆောင်ရွက်ရမည်ဖြစ်ကြောင်းသိရသည်။

ယနေ့ဈေးကွက်အရ ပြည်တွင်းထုတ် ဒီဇယ်နှင့် ပြည်ပမှ ဝယ်ယူတင်သွင်းရသော ဒီဇယ်အမျိုးအစားနှစ်မျိုးတို့၏ ပျမ်းမျှ တစ်ဂါလန်တန်ဖိုးမှာ ၃,၇၀၀ ကျပ်ကျသင့်ကြောင်းသိရသည်။

# ဖယောင်းမဲလက်မှတ်ကိစ္စ ပါတီတာဝန်ရှိသူကို ကော်မရှင် ခေါ်ယူရှင်းလင်း

**ရန်ကုန်၊ မေ - ၁၀**

ဆန္ဒမဲလက်မှတ်များတွင်ဖယောင်းသုတ်ထားသည်ဆိုသည်မှာ လုံးဝဖြစ်ပွားခဲ့ခြင်းမရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယခုလ ၈ ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့ပြီး သက်ဆိုင်ရာ ပါတီအတွင်းရေးမှူးကိုလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ခေါ်ယူရှင်းလင်းအသိပေးပြောကြားပြီး ဖြစ်ကြောင်းသတင်းရရှိသည်။

ထိုကိစ္စနှင့်ပတ်သက်၍ ကြားဖြတ်ရွေးကောက်ပွဲကာလအတွင်း ဖြစ်ပွားခဲ့သော မဲမသမာမှုများကို ရွေးကောက်ပွဲကော်မရှင်သို့ တိုင်ကြားခဲ့ခြင်းသည် တရားမျှတသော ရွေးကောက်ပွဲဖြစ်ရန်အတွက် ရည်ရွယ်ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ အောင်နိုင်ရေးကော်မတီအတွင်းရေးမှူး ဦးဉာဏ်ဝင်းကပြောကြားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အောင်နိုင်ရေးအဖွဲ့သည် ကြားဖြတ်ရွေးကောက်ပွဲနေ့တွင် မြို့နယ် ၁၀ မြို့နယ်၌ ဆန္ဒမဲလက်မှတ်များကို ဖယောင်းသုတ်ထားသည့်ဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့၍ ရွေးကောက်ပွဲကော်မရှင်သို့ စစ်ဆေးအရေးယူပေးရန် တိုင်ကြားသည်။ ကော်မရှင်က အဆိုပါမြို့နယ်များရှိ မဲပေးပြီး မဲပုံးများကို သက်ဆိုင်ရာနိုင်ငံရေးပါတီနှစ်ခုမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ခရိုင်ကော်မရှင်အဖွဲ့များပါသော စုံစမ်းရေးအဖွဲ့များဖွဲ့ကာ စစ်ဆေးခဲ့ပြီး ဖယောင်းသုတ်ထားသည်ဆိုသည်မှာ ဖြစ်ပွားခဲ့ခြင်းမရှိဟု ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်ကို တိုင်ကြားခဲ့သော ဦးဉာဏ်ဝင်းက "မဲလက်မှတ်ကို ဖယောင်းမသုတ်ထားပေမယ့် ဖယောင်းသုတ်ထားသလို ပြောင်ချောနေလို့ ရေးခြစ်လို့ မရလို့ ပယ်မဲဖြစ်သွားတဲ့မဲလက်မှတ်တွေ အများကြီးတွေ့ရတယ်"ဟုပြောကြားခဲ့သည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ချက်တွင် ဖယောင်းသုတ်မှုဖြစ်စဉ်ကို ထင်မြင်ချက်စကားများဖြင့် တိုင်ကြားခြင်းဖြစ်ပြီး ထိုသို့ မမှန်မကန်တိုင်ကြားသူအား ဥပဒေအရ အရေးယူသင့်ကြောင်း စုံစမ်းစစ်ဆေးရေးအဖွဲ့များနှင့် နိုင်ငံရေးပါတီများက တင်ပြခဲ့သည်ဟုလည်း ပါရှိသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် ကြားဖြတ်ရွေးကောက်ပွဲတွင် မဲဆန္ဒနယ် ၄၄ ခု ပါဝင်ပြီး ၄၃ နေရာ အနိုင်ရရှိခဲ့သည်။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကို မဲပေးလိုသူများသည် ပါတီနေရာ၌ အမှန်ခြစ်၍ မရဘဲ ဖယောင်းသုတ်ထားသည် ဆိုသည့်သတင်းများသည် နေရာအနှံ့အပြားတွင်ထွက်ပေါ်ခဲ့သည်။



# ဘဝကြမ်းကြမ်း ယမ်းငွေ့ဝေဝေ

ဉာဏ်ကိုကို

**ကလိုထူးဘောတပ်ဖွဲ့ဝင် မိသားစုကလေးငယ်များ ဆော့ကစားနေစဉ်**

ဓာတ်ပုံ-ဉာဏ်ကိုကို

အစိမ်းနှင့် မီးခိုးကွက်များ ရောယှက်ထားသည့် ပျောက်ကြားဝတ်စုံကို ဝတ်ဆင်ကာ ခါးကြားတွင် ကိုးမီလီမီတာ ပစ္စတိုတစ်လက် ချိတ်ဆွဲထားသည့် အရပ်ပုပုပျပ်ပျပ်၊ မျက်နှာထား ခပ်တင်းတင်းနှင့် ကရင်အမျိုးသား ကိုအောင်မြင့်ကို ၂၀၁၂ မေလ ၁၀ ရက်နေ့ နံနက်ခပ်စောစောက မြင်တွေ့ရခြင်းဖြစ်၏။

ထော့နဲ့ထော့နဲ့ လမ်းလျှောက်ဟန်ကိုသေချာကြည့်ပါကကိုအောင်မြင့်၏ညာဘက်ခြေထောက်မှာခြေတုတပ်ဆင်၍ လှုပ်ရှားနေရခြင်း ဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ထိုအနီးတစ်ဝိုက်တွင်လည်းသူ့လိုပင်တူညီပျောက်ကြားဝတ်စုံများကို ဝတ်ဆင်ထားကြသည့် အရွယ်စုံလူများက မိမိတို့တာဝန်အလိုက် လှုပ်ရှားလျက်ရှိကြသည်။

သူတို့တည်ရှိနေသည့်နေရာမှာ မြဝတီမြို့မှ ကားဖြင့် လေးနာရီခန့်အကြာ တောလမ်းခရီးအတွင်း မောင်းနှင်ပြီးမှ ရောက်ရှိနိုင်သည့် ထိုင်း-မြန်မာ နယ်စပ်တစ်နေရာရှိ တောင်ပတ်လည် ဝန်းရံနေသော ကျေးရွာကြီးတစ်ရွာတွင် ဖြစ်သည်။

ကရင်ပြည်နယ်၊ မြဝတီမြို့ အပိုင်ရှိ ကရင်တိုင်းရင်းသားများ နေထိုင်ကြသော ထိုရွာကြီးကို ဆုံစည်းမြိုင်ဟု အမည်ပေးထားပြီး ကော်သူးမွဲ ခီးစခန်းဟုလည်း အမည်တွင်သည်။ ထိုနေရာသည် ကလိုထူးဘောတပ်ဖွဲ့ (ယခင် ဒီကေဘီအေတပ်ဖွဲ့)၏ ရှေ့တန်းစစ်စခန်းနယ်မြေတစ်ခုလည်းဖြစ်သည်။ ကိုအောင်မြင့်သည် ကလိုထူးဘောတပ်ဖွဲ့မှ ဗိုလ်မှူးအဆင့်အရာရှိတစ်ဦးဖြစ်ပြီး ဆက်သွယ်ရေးတပ်သားများကို တာဝန်ယူရသူဖြစ်သည်။

ကိုအောင်မြင့်လိုပင် တခြားအရာရှိများမှာလည်းပစ္စတိုကိုယ်စီ ခါးကြားချိတ်၍ မေလ ၁၀ ရက်နေ့ နံနက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို စီစဉ်ဆောင်ရွက်လျက်ရှိကြသည်။

AK-47 သေနတ်များ၊ RPG ငှက်ပျောဖူး လောင်ချာများကို အသင့်အနေအထားဖြင့် ကျည်အပြည့်ထိုးကာ ကိုင်ဆောင်ထားကြသည့်တပ်သားများမှာ သတင်းစာရှင်းလင်းပွဲသို့ ရောက်ရှိလာမည့်သူတို့၏ စစ်ဦးစီးချုပ်ဗိုလ်ချုပ်စောလားပွယ်ကို စောင့်ဆိုင်းရင်း မီဒီယာသမားများ၏ အထူးအဆန်း ဓာတ်ပုံဝိုင်းရိုက်နေမှုကို မျက်နှာမထားတတ်စွာ ခံယူလျက်ရှိကြသည်။

အဆိုပါ တပ်သားအများစုမှာ အသက် ၂၀ ဝန်းကျင်နှင့် ၂၅ ဝန်းကျင်အရွယ်များဖြစ်ကြသည်။ သူတို့အထဲတွင် စစ်သမီးဟု ခေါ်သည့် ပျောက်ကြားယူနီဖောင်းဝတ် မိန်းကလေးများကိုလည်း တွေ့မြင်ရသည်။ သူမတို့သည် အပြာရောင်တွင် ကြက်ခြေနီတံဆိပ် ရိုက်နှိပ်ထားသောလည်စည်းများကို သေသပ်လှပစွာ စည်းနှောင်ထားကြသည်။ ဖြူဖွေးသော အသားအရေနှင့် ပနံရလျက်ရှိသည့် ယူနီဖောင်းဝတ်မိန်းမပျိုများသည် ဆုံစည်းမြိုင်တွင် ဖွင့်လှစ်ထားသော စစ်သူနာပြုသင်တန်းကျောင်းတွင် တက်ရောက်နေကြသူများပင် ဖြစ်သည်။

အကြောင်းအမျိုးမျိုးဖြင့် ဤနေရာသို့ ရောက်ရှိလာကြသည့်စစ်သူနာပြုသင်တန်းသူများမှာ ကရင်လူမျိုးများဖြစ်ကြပြီး အချို့မှာ ဆေးပညာကို ဝါသနာကြီးလွန်း၍ ဝင်ရောက်ကြခြင်းဖြစ်ကာ သင်တန်းကာလ ပြီးဆုံးပါက ကလိုထူးဘောတပ်ဖွဲ့တွင် သုံးနှစ်ကြာ တာဝန်ထမ်းဆောင်ကြရဦးမည်ဖြစ်သည်။

တာဝန်ကုန်ဆုံးပါက မိမိတို့သဘောအလျောက် မိမိတို့ကျေးရွာများတွင်ဖြစ်စေ၊ အခြားကရင်ကျေးရွာများတွင်ဖြစ်စေ သူနာပြုဆရာမအဖြစ် ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ကြမည်ဟု သူတို့ကပြောပြသည်။

**စာ(၁၁)သို့**




## နွားနို့ခဲဟင်းလျာ



ဒီတစ်ပတ်ဝိုက်ဖီက အညာစာလေးပြင်ဆင်ထားပါတယ်။ ဒါကတော့နွားနို့ခဲဟင်းလျာပဲဖြစ်ပါတယ်။ နွားနို့ခဲချက်ဖို့ ခရမ်းချဉ်သီးပဲလိုပါတယ်။

အညာသူ အညာသားတွေ သိပ်ကြိုက်တဲ့ ဒီနွားနို့ခဲက နွားနို့ထဲကို တောတွေမှာ အလေ့ကျပေါက်တဲ့ မရိုးပင်အရိုးကအစေးနဲ့ မွှေပြီး ခဲထားတာဖြစ်ပါတယ်။

နွားနို့ခဲကို တချို့က အစိမ်းလိုက် ပါးပါးလှီးပြီး တခြားဟင်းတွေချက်သလိုပဲ ချက်ကြသလို တချို့ကလည်း အတုံးလေးတွေကို အရင်ကြော်၊ ပြီးမှ ချက်တာဖြစ်ပါတယ်။ ဝိုက်ဖီကတော့ နွားနို့ခဲကို ခရမ်းချဉ်သီးလေးနဲ့ ခပ်စိမ့်စိမ့်လေးချက်ထားတာပါ။ တကယ်လို့ အစပ်စားချင်ကြတယ်ဆိုရင်တော့ငရုတ်သီးစိမ်းနဲ့ ချက်လို့ရပါတယ်။ နောက်ဆုံးမှ နံနံပင်လေးအုပ်ပေ့ါ။


နို့နံ့လေးမွှေးပြီး စိမ့်နေတဲ့ နွားနို့ခဲချက်လေးကို ဒီတစ်ပတ်ဝိုက်ဖီပရိသတ်ကြီး ကျေနပ်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ဈေးဝယ် ထွက်မယ်

## ဆံသားတိုင်းအတွက် အဆင်ပြေမယ့် ခေါင်းလျှော်ရည်တွေ ဝယ်နိုင်မယ့်နေရာ

**အိဖြူလွင်**

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)



အမျိုးသမီးတို့ရဲ့ ကောင်းခြင်းငါးဖြာထဲမှာ ဆံပင်ရဲ့ကောင်းခြင်းဆိုတာလည်း တစ်ခုအပါအဝင်ပါ။ ဒီနေ့ခေတ်မှာ အမျိုးသမီးတွေကဆံပင်ကို ခေတ်မီနည်းလမ်းအမျိုးမျိုးနဲ့ ပြုပြင်ကြတာကြောင့် ဆံပင်တွေက ပျက်စီးလာတတ်ကြပါတယ်။

ပျက်စီးနေတဲ့ဆံပင်တွေကို ပြန်ကောင်းအောင်လုပ်ဖို့ရာမှာလည်းအမျိုးသမီးတွေက စိတ်အားထက်သန်ကြတာကြောင့် ဒီတစ်ပတ်မှာ ဆံကေသာတွေရဲ့ ကျန်းမာရေးအတွက် အထောက်အကူပြုမယ့်ခေါင်းလျှော်ရည်တွေရှိမယ့်နေရာကို လမ်းညွှန်ပေးလိုက်ပါတယ်။

ဒီဆိုင်မှာ ဓာတုဗေဒပစ္စည်း အနည်းငယ်သာပါဝင်တဲ့ sulphate free ဆိုတဲ့သဘာဝအသီး အနံ့နဲ့ ပန်းတွေကနေ အခြေခံထုတ်လုပ်ထားတဲ့ ခေါင်းလျှော်ရည်တွေကို ရနိုင်ပါတယ်။

နာမည်ကြီး အမှတ်တံဆိပ်တွေဖြစ်တဲ့ L'oreal, Garnier စတဲ့အမှတ်တံဆိပ်တွေကိုလည်း အာရှအတွက်ရည်ရွယ်တဲ့ပစ္စည်းမဟုတ်ဘဲ အမေရိကမှာ ရနိုင်တဲ့ပစ္စည်းတွေကို ရနိုင်တာပါ။

ခေါင်းလျှော်ရည်အမျိုးအစားစုံကို အမေရိကန်နဲ့ ထိုင်းနိုင်ငံထုတ်ပစ္စည်းတွေကိုပဲ သီးသန့်ရနိုင်ပြီး အမျိုးသားတွေအတွက် သီး သန့်ထုတ်ထားတဲ့ ခေါင်းလျှော် ရည်တွေကိုလည်း ဒီဆိုင်မှာ ရနိုင် ပါသေးတယ်။

ဆံကေသာကျန်းမာဖို့ ထိန်းသိမ်းဖို့ဆိုရင် ခေါင်းလျှော်ရည်တင် မကဘဲ တွဲဘက်အသုံးပြုလို့ရတဲ့ ဆံပင်ပျော့ဆေးနဲ့ ပေါင်းဆေးတွေကိုလည်း ဒီဆိုင်မှာ ရနိုင်ပါတယ်။ သင့်တင့်တဲ့ဈေးနှုန်းတွေနဲ့ ပစ္စည်းအမှန်ကိုသာ ရနိုင်တာကြောင့်ဝယ်ယူသူတွေလည်း အကြိုက်တွေ့မှာပါ။

ဒီဆိုင်ကို ဈေးဝယ်ထွက်ချင်သူတွေအတွက် လမ်းညွှန်လေးကတော့ ယုဇနပလာဇာ ပထမထပ်မှာရှိတဲ့လဝန်းရိပ် အလှကုန်ပစ္စည်းဆိုင်မှာပါလို့ . . . . ။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# နေဝင်ချိန်ရဲ့ ရောင်နီလေလား

**အိဖြူမွန်**

မြန်မာနိုင်ငံတွင် ဝင်ငွေအဆင့်အတန်းနိမ့်ကျခြင်းနှင့် ဆင်းရဲနွမ်းပါးမိသားစုများကြောင့် သက်ကြီးရွယ်အို ၁၀ ဦးလျှင် တစ်ဦးမှာ မိရိုးဖလာ မိသားစုစောင့်ရှောက်မှုကို မခံရဘဲ အသက် ၆၀ အထက် သက်ကြီးရွယ်အိုများသည် ဘဝရပ်တည်ရေးအတွက် အလုပ်လုပ်ကိုင်နေရင်း ထိုသက်ကြီးရွယ်အိုပမာဏသည် အခြားဒေသတွင်းနိုင်ငံများထက် များပြားလျက်ရှိသည်။

လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်က မြန်မာနိုင်ငံ၏ လက်ရှိဘိုးဘွားများ အခြေအနေကို ပွင့်လင်းစွာ ဖွင့်ဟဖော်ထုတ်ပြောကြားခြင်းဖြစ်သည်။

အစိုးရသစ်၏ ပထမဆုံး ခြေလှမ်းသစ်များအဖြစ် အာရှပစိဖိတ်ဒေသ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဆိုင်ရာညီလာခံကို မြန်မာနိုင်ငံတွင်ကျင်းပနိုင်ခဲ့သည်။

အာရှတိုက်တွင်းရှိနိုင်ငံများတွင် သက်ကြီးရွယ်အိုများအား စောင့်ရှောက်သည့် ယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်လာများရှိကြသည်။ ချမ်းသာသော မိသားစုများက မိဘများ ဘိုးဘွားများကို စောင့်ရှောက်ရာတွင် **စာ(၃၀)သို့**











## စာ-၉၊ ဘဝကြမ်းကြမ်း ယမ်းငွေ့ဝေဝေ မှ

လက်နက်ကိုင်ဆောင်၍ တိုက်ပွဲဝင်ခြင်းကို ထုသားပေသား ကျနေဟန်တူသည့် လူငယ်စစ်သားလေးများ၏ မျက်နှာတွင် အရွယ်နှင့်မမျှသော ရင့်ကျက်မှုကို မြင်တွေ့နေရသည်။ ပညာရေး စနစ်နိမ့်ပါးမှု လွှမ်းကဲနေသည့် တောတောင်များအတွင်းမှ ကျေးရွာသူ၊ ကျေးရွာသားများဖြစ်ကြသော သူတို့သည် ပညာကို ဆုံးခန်းတိုင်အောင် သင်ကြားလိုကြသည့်တိုင် နှစ်ပေါင်းများစွာ ဖြစ်ပွားလာသော ပြည်တွင်းစစ်နှင့် ဆင်းရဲနွမ်းပါးလွန်းသည့် အခြေအနေများကြောင့် ကရင်တပ်မတော်များသို့ ဝင်ရောက်တာဝန် ထမ်းဆောင်ကြရင်း ဘဝကိုဖြတ်သန်းလျက်ရှိကြသည်။

ထို့အပြင် သူတို့ မွေးဖွားကြီးပြင်းရာ တောကြားတောင်ကြား ကျေးရွာများတွင် အထက်တန်းကျောင်းလည်း မရှိချေ။ ထိုကဲ့သို့ ကလိုထူးဘော တပ်မတော်အတွင်း ဝင်ရောက်တာဝန် ထမ်းဆောင်ကြသည့်တပ်သားများသာမက ထိုဒေသအတွင်းရှိ ကျေးရွာသူ၊ ကျေးရွာသားများမှာ လိုအပ်လျှင်လက်နက်ဆွဲကိုင်၍ တိုက်ပွဲဝင်ရန် အသင့်ရှိနေကြသည်ဟု သူတို့ကပြောကြသည်။

သူတို့သည် သူတို့ဒေသကို အုပ်ချုပ်နေသော ဗိုလ်ချုပ်စောလားပွယ်ကို လေးစားကြသည်။ ချစ်ခင်ကြသည်။ ရွာသူရွာသားတိုင်းပင် အသက် ၅၂ နှစ်အရွယ်ရှိ ကလို့ထူးဘောတပ်မတော်စစ်ဦးစီးချုပ် ဗိုလ်ချုပ်စောလားပွယ်ကို 'အဘိုး'ဟု ချစ်စနိုးဖြင့် ခေါ်ဝေါ်ကြသည်။ အဘိုးသည်သာလျှင် သူတို့၏ အားကိုးအားထားပြုရာ အရှင်သခင်တစ်ဦးဖြစ်နေသည်။

၂၀၁၂၊ ဧပြီလ ၂၀ ရက်က ထိုင်းအစိုးရ ဒုတိယဝန်ကြီးချုပ် ချလိမ့်ယူဘမ်းရုန်းသည် မူးယစ်ရာဇာ ၂၅ ဦးကို ထိုင်းနိုင်ငံ၊ အမှတ်(၃) ရုပ်မြင်သံကြားမှ တစ်ဆင့် ဖမ်းဝရမ်းထုတ်ပြန် ကြေညာခဲ့သည်။ အဆိုပါမူးယစ်ရာဇာများစာရင်းတွင်မြန်မာနိုင်ငံသားသုံးဦး ပါဝင်နေခဲ့ရာ တစ်ဦးမှာ ဗိုလ်ချုပ်စောလားပွယ်ပင်ဖြစ်သည်။

ဗိုလ်နှုတ်ခမ်းမွေးဟု လူသိများသော ဗိုလ်ချုပ်စောလားပွယ်သည်ထိုင်းအစိုးရ၏ ကြေညာချက်အား ချက်ချင်းလိုပင် ပြန်လည်တုံ့ပြန်ခဲ့သည်။

ယင်းမှာ ချလိမ့်ယူဘန်းရုန်းသည် အခြေအမြစ်မရှိဘဲ စွပ်စွဲနေခြင်းဖြစ်ပြီး ကိုယ်တိုင် လာရောက်စစ်ဆေးရန်ဖိတ်ခေါ်လိုက်ပြီး နိုင်ငံတကာမှ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ အစည်းများကိုလည်း မိမိတို့နယ်မြေအတွင်းသို့ လာရောက်စစ်ဆေးပါရန် မေတ္တာရပ်ခံလိုက်ခြင်းဖြစ်သည်။

ချလိမ့်ယူဘန်းရုန်းကလည်း ဗိုလ်နှုတ်ခမ်းမွေးသည်သာလျှင် ထိုင်းနိုင်ငံအတွင်းသို့ လာရောက်အစစ်ဆေးခံရမည်ဖြစ်ကြောင်း ပြန်လည်ပြောဆိုခဲ့သည်ဟု မီဒီယာအချို့တွင် ဖော်ပြခဲ့သည်။ ထို့နောက် ဗိုလ်နှုတ်ခမ်းမွေးသည် ပြည်တွင်းမီဒီယာသမားများကို ၎င်းတို့နေထိုင်ရာ နယ်မြေဒေသများအတွင်းသို့ တရားဝင်ဖိတ်ခေါ်လိုက်လေသည်။

ရန်ကုန်မှ ကော့ကရိတ်မှ မြဝတီရှိ ဒီကေဘီအေ ကလိုထူးဘောဆက်ဆံရေးရုံးသို့ မေလ ၉ ရက် နေ့လယ်တွင် ရောက်ရှိလာကြသည့် သတင်းသမား ၄၀ ကျော်ကို လုံခြုံရေးယူကာ တောတွင်းစခန်းအထိ ခေါ်ဆောင်ရန် တာဝန်ကျသည့် အရာရှိများထဲတွင်ဗိုလ်မှူးအောင်မြင့်တစ်ယောက်လည်း ပါဝင်ခဲ့သည်။

အသက် ၃၅ နှစ်အရွယ်ဗိုလ်မှူးအောင်မြင့်မှာ ၁၉၉၁ ခုနှစ်ကတည်းက ကေအင်န်ယူလက်နက်ကိုင်တပ်ဖွဲ့သို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၁ ခုနှစ်တွင် ကေအင်န်ယူမှ ခွဲထွက်သော ဒီကေဘီအေတွင် ဆက်လက်ပါဝင်လာခဲ့သူဖြစ်သည်။

"ဗိုလ်ဖြစ်ဖို့ မျှော်လင့်ချက်မရှိပါဘူး။ ပေးအပ်တဲ့တာဝန်ကို ထမ်းဆောင်ရင်းနဲ့ပဲ ဖြစ်သွားတာ"ဟု သူက ဗမာသံဝဲဝဲဖြင့်ပြောပြသည်။ သူက ပညာရေးအရ ရှစ်တန်းဖြင့် ကျောင်းထွက်ကာ စစ်ထဲ ဝင်ခဲ့သူဖြစ်ပြီး စစ်သင်တန်းကျောင်းများ တက်ရောက်ရင်း တပ်ဖွဲ့၏လိုအပ်ချက်အရာဝတန်း အထိ ကျောင်းဆက်တက်ခဲ့ရသည်။ ယခုအခါတော့ ယခင်ဒီကေဘီအေမှ ကူးပြောင်းလိုက်သော ကလိုထူးဘောတပ်ဖွဲ့တွင် ဗိုလ်မှူးအဆင့်ဖြင့် နေရာရနေပြီဖြစ်သည်။ လက်နက်ကိုင်ချင်သည့်စိတ်ဖြင့် စစ်ထဲဝင်ခဲ့သည်ဟု ပြောလာသည့် ဗိုလ်မှူးအောင်မြင့်မှာ ၂၂ နှစ်အရွယ်တွင် အိမ်ထောင်ကျခဲ့ပြီး သားနှစ်ဦး၊ သမီးနှစ်ဦး ရှိနေပြီဖြစ်သည်။ သူ၏ ကလေးငယ်များ၏အနာဂတ်အပေါ် ဗိုလ်မှူးအောင်မြင့်က တွေးပူမိဟန်ရှိသော်လည်း လက်ရှိ အခြေအနေများအရ စိတ်တက်ကြွပုံတော့ သိပ်မရပေ။

"သမီးတွေကို သူနာပြုတို့ ဒေါက်တာတို့ ဖြစ်စေချင်တယ်။ သားတွေကိုတော့ ပြောနိုင်ဆိုနိုင်တဲ့ အဆင့်တစ်ခုရှိလာအောင် ဖြစ်စေချင်တယ်"ဟု သူကပြောသည်။ သူတို့ဒေသတွင် ပညာရေးအရ ရှစ်တန်းအထိသာရှိသည့်အတွက် ကျောင်းသားအများစုမှာ ယုံကြည်ရာ နီးစပ်ရာ တပ်ဖွဲ့များသို့ ရောက်ရှိကုန်ကြသည်ကများသည်။

ယခုအခါ ထိုင်း-မြန်မာ နယ်စပ်ရှိ ကလိုထူးဘော၏ ဝေါ်လေစစ်ဌာနချုပ်တွင် အထက်တန်းကျောင်းကြီးတစ်ကျောင်းကို ဗိုလ်ချုပ်စောလားပွယ်က တည်ဆောက်လျက်ရှိရာ လာမည့်နှစ်ပိုင်းများတွင် သူတို့ဒေသမှ တက္ကသိုလ်ဝင်တန်းကျောင်းသားများ ထွက်ရှိလာတော့မည်ဖြစ်သည်။

ကလိုထူးဘောတပ်ဖွဲ့များ လှုပ်ရှားရာဒေသ၊ ဗိုလ်ချုပ်စောလားပွယ် (ဒေသအခေါ် အဘိုး) အုပ်ချုပ်ရာဒေသအတွင်းရှိ ကျေးရွာများမှ ကရင်တိုင်းရင်းသားများမှာ တောင်ယာလုပ်ကိုင်ခြင်းကို အဓိကထား အသက်မွေးဝမ်းကျောင်းပြုကြပြီး ပြောင်းစိုက်ခင်းများမှာလည်းတစ်မျှော်တစ်ခေါ်ပင် ဖြစ်သည်။ မိမိတို့ တောင်ယာမှ ထွက်ရှိလာသော သီးနှံထွက်ကုန်များကို နယ်စပ်ဖြတ်ကျော်၍ ထိုင်းနိုင်ငံအတွင်းသို့ဝင်ရောက်ရောင်းချကြရသည်။

မြဝတီမှ ကလိုထူးဘောဌာနချုပ်အထိသွားရာ တောလမ်းတစ်လျှောက် မြင်တွေ့ရသည်မှာ သစ်ငုတ်တိုများဖြင့် တန်ဆာဆင်ထားသည့် တောင်ကုန်းများပင်ဖြစ်သည်။ ခုတ်လှဲထားသည့် သစ်အများစုမှာလည်း ကျွန်းနှင့် ပျဉ်းကတိုးများဖြစ်သည်ကို တွေ့ရသည်။ ဝေါ်လေစစ်ဌာနချုပ်ရှိ ဗိုလ်ချုပ်စောလားပွယ် နေထိုင်ခဲ့သည့် အိမ်ဟောင်းမှာလည်း ကျွန်းသစ်များဖြင့် ဆောက်လုပ်ထားပြီး အိမ်သစ်တစ်လုံးထက်ပင် ကြီးကျယ်ခမ်းနားလှသည်မှာ မန္တလေးနန်းတော်ရာမှ အိမ်တော်များနှင့် မခြားပင်။

ဆုံစည်းမြိုင်ရှိ ကော်သူးမွဲခီး စစ်ဌာနနှင့် ထိုင်းနိုင်ငံနယ်နိမိတ်မှာ ၁၅ ပေခန့်သာ ကွာဝေးသည့် ချောင်းငယ်တစ်ခုခြားထားသည်။ ထိုချောင်းငယ်ကို ဖြတ်သန်းရသည့် သစ်သားတံတားကိုတော့ အသေပိတ်ဆို့ထားကြသည်ကို မြင်ရသည်။

ယခုကဲ့သို့ မူးယစ်ရာဇာအဖြစ် စာရင်းသွင်းလိုက်သည့်အပေါ်တွင် ကလိုထူးဘောတပ်ဖွဲ့နှင့် ထိုင်းအစိုးရတို့ နှစ်ဦး နှစ်ဖက် အနည်းငယ်တင်းမာစပြုလာနေပြီဖြစ်သည်။

ဖြူဖွေးနေပြီဖြစ်သော နှုတ်ခမ်းမွေးနှင့် မုတ်ဆိတ်မွေးများပိုင်ရှင် ကရင်ဗိုလ်ချုပ်သည် သတင်းစာရှင်းလင်းပွဲပြုလုပ်သည့် ဓမ္မာရုံသို့ ယာဉ်တန်းငယ်ဖြင့် ရောက်ရှိလာချိန်တွင် ၎င်း၏ လက်နက်ကိုင်တပ်သားများက ဂုဏ်ပြုကြိုဆိုအလေးပြုခဲ့ကြသည်။ ၁၉၆၂ ခုနှစ်တွင် မွေးဖွားခဲ့ပြီး အသက် ၁၄ နှစ်အရွယ် ၁၉၇၆ ခုနှစ်တွင် ကေအင်န်ယူတပ်ဖွဲ့သို့ဝင်ရောက်ခဲ့သည့် ဗိုလ်ချုပ်စောလားပွယ်မှာ ၁၉၈၀ တွင် စစ်မြေပြင်၌ နာမည်ကျော်လာခဲ့ပြီး မြန်မာ့တပ်မတော်ဘက်မှ သူ့ကို ဗိုလ်နှုတ်ခမ်းမွေးဟု အမည်ပေးခဲ့ကြသည်။ သူကလည်း ဒီအမည်ကိုပင် ကျေကျေနပ်နပ် လက်ခံထားဆဲဖြစ်သည်။

"ကျွန်တော်နာမည်ကတော့ စောလားပွယ်ပါပဲ။ အခု ကျွန်တော့်ကို နိုင်ငံတော်က ပေးထားတဲ့ နှုတ်ခမ်းမွေးဆိုတာပဲရှိတော့တယ်"ဟုသူကပြောသည်။ ဗိုလ်ချုပ်စောလားပွယ်အုပ်ချုပ်သည့် ကလိုထူးဘော (ယခင် ဒီကေဘီအေ)တပ်ဖွဲ့၊ စစ်ဌာနချုပ် လက်အောက်တွင်ကလိုထူးဝါးနှင့်ကလိုထူးလားဟူ၍ တပ်မနှစ်ခုရှိပြီး အရာရှိနှင့် စစ်သည်အင်အားကိုမူ ရေရာစွာ သိရှိခဲ့ခြင်း မရှိခဲ့ပေ။

ရင်ဆိုင်တိုက်ပွဲများ ဖြစ်ပွားချိန်များမှာတော့ မိမိတို့ဘက်မှ အသေအပျောက်နည်းပါးကြောင်း ကလိုထူး ဘောတပ်ဖွဲ့ဝင်များက ပြောကြသည်။ "ဒီ ၂နှစ်ကျော် သုံးနှစ်အတွင်းမှာ ကျွန်တော်တို့ဘက်က ၁၀ ယောက်လောက်ပဲ ကျတယ်"ဟု အရာရှိတစ်ဦးကဆိုသည်။ အကျအဆုံး နည်းပါးသည်ဟုဆိုသော်ငြားလည်း အထိအခိုက်များကတော့ နှစ်ဦးနှစ်ဖက် စလုံး ရှောင်လွှဲမရခဲ့ကြသည်မှာ အမှန်ပင်။

"တိုက်ပွဲတွေတော့ ဘယ်နှကြိမ် မမှတ်မိဘူး။ တစ်ချက်ထိဖူးတယ်"ဟု ဗိုလ်ချုပ်စောလားပွယ်၏ နေအိမ်ကို လုံခြုံရေးတာဝန်ယူရသည့် ကြာအင်းဆိပ်ရွာသားရဲဘော်တစ်ဦးက ညာဘက်ပေါင်ကို ပုတ်ပြရင်းပြောသည်။

ဗိုလ်မှူးအောင်မြင့်ကတော့ သူ၏ ညာဘက်ခြေထောက်တစ်ချောင်းဆုံးရှုံးခဲ့ရသည့်နေ့ကို ဘယ်တော့မှ မမေ့နိုင်ခဲ့ပေ။ နေ့ရက်အရ အတိအကျပြောရပါက ၂၀၀၈ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့ဖြစ်သည်။

ထိုနေ့တွင် သူတို့စစ်ကြောင်းတစ်ခုက ကေအင်န်ယူဗိုလ်မြ၏ သားဖြစ်သူ နော်သန်းမြ၏ သူတော်စင်ကုန်းစခန်းကို တက်သိမ်းပြီး အောင်ပွဲဆင်နိုင်ခဲ့သည်။ ဆက်သွယ်ရေး တာဝန်ယူထားသည့် ဗိုလ်မှူးအောင်မြင့်မှာ သူတို့တပ်ခွဲ အနိုင်ရရှိပြီး တိုက်ပွဲပြီးဆုံးချိန်တွင် အဆိုပါ သူတော်စင်ကုန်းပေါ်သို့ ရောက်ရှိလာခဲ့သည်။ ထိုအချိန်တွင် နော်သန်းမြတို့ ထောင်ထားသည့် မိုင်းတစ်လုံးကို တက်နင်းမိခဲ့သည်က ဗိုလ်မှူးအောင်မြင့်အတွက် မေ့မရသော အတိတ်ဆိုးကြီးတစ်ခုဖြစ်လာခဲ့သည်။

မည်သို့ပင်ဖြစ်စေ ယခင်ဖြစ်ပွားခဲ့သော နှစ်ပေါင်းကြာရှည်ခဲ့သည့် ပြည်တွင်းစစ်များ၊ နောင်ဖြစ်လာနိုင်သည့် တိုက်ပွဲများအားလုံးကို သူတို့အနေနှင့် ရှောင်ရှားလိုကြသည်ပင်ဖြစ်သည်။ ဗိုလ်ချုပ်စောလားပွယ်ကိုယ်တိုင်က စစ်၏ အနိဋ္ဌာရုံများကို ငြီးငွေ့စက်ဆုပ်နေဟန်ရှိသည်။

"ကျွန်တော်ကတော့ တိုက်တာပဲ။ အဲဒီတုန်းက ကျွန်တော် အမြဲပြောတယ်။ သနားတယ်လို့။ ဒါပေမဲ့ ခု ကျွန်တော် တိုက်ပွဲမဖြစ်ချင်တော့ဘူး။ ရုပ်ဆိုးတာလည်း သူများ သားသမီး၊ မျက်လုံးကန်းတာလည်း သူများ သားသမီးပဲ။ ကိုယ်ချင်းစာတယ်။ ဒါကြောင့် ကျွန်တော် အေးအေးဆေးဆေး နေချင်တယ်။ ကျွန်တော်နိုင်ငံတော်ကို သစ္စာမဖောက်ချင်ဘူးလို့လည်း အမြဲပြောတယ်"ဟု ဗိုလ်ချုပ်စောလားပွယ်က ဆုံစည်းမြိုင်ကျေးရွာရှိ သူ၏ နေအိမ်တစ်အိမ်အတွင်း မေလ ၁၁ ရက်နေ့က ပြောကြားခဲ့သည်။

လစာမရရှိဘဲ သာရေးနာရေးနှင့် ထောက်ပံ့ကြေးလောက်သာရရှိသော်လည်း လက်နက်ကိုင်လမ်းစဉ်ကို ယုံယုံကြည်ကြည် ဆက်လက်ကိုင်စွဲနေကြသည့်တောတွင်းလက်နက်ကိုင်အဖွဲ့ အစည်းတစ်ခုဖြစ်သည့် ကလိုထူးဘောတပ်ဖွဲ့သည် ငြိမ်းချမ်းရေးဖော်ဆောင်မှုတွင် ပထမဆုံး လက်မှတ်ရေးထိုးခဲ့ကြသူများဖြစ်သည်။ နိုင်ငံတော်ကို ယုံကြည်အားကိုး၍ ငြိမ်းချမ်းရေး လက်မှတ်ရေးထိုးထားခြင်းဖြစ်သည်ဟုလည်း ထိုတပ်ဖွဲ့မှ အရာရှိများက ဆိုကြသည်။

ပညာရေးစနစ် နောက်ကျနေသည့်နိုင်ငံမှ ပညာရေးစနစ်ကင်းမဲ့နေသည့် နယ်မြေဒေသ။ ဆင်းရဲနွမ်းပါးမှုများဖြင့် ဖွံ့ဖြိုးမှုနောက်ကျနေသည့်နိုင်ငံမှ ဆင်းရဲနွမ်းပါးမှုများ၊ ဖွံ့ဖြိုးတိုးတက်မှုများကင်းမဲ့နေသည့် နယ်မြေဒေသ။ ထိုဒေသတွင် နေထိုင်ကြသူများသည် မြန်မာနိုင်ငံတော်ကြီးရှိ တိုင်းရင်းသားလူမျိုးစုများထဲမှ တစ်စုပင်ဖြစ်ကြသည်။ သူတို့သည်လည်း တခြားတိုင်းရင်းသား လူမျိုးများနှင့်အတူ ပြည်တွင်းစစ်ဘေးဒဏ်ကို ခါးစည်းခံစားခဲ့ကြရသည်။ သူတို့သည်လည်း အခြားတိုင်းရင်းသားများနည်းတူ ပညာသင်ယူလိုကြသည်။ အခြားတိုင်းရင်းသားများနည်းတူ လူ့အခွင့်အရေးကို ခံစားလိုကြသည်။ မြန်မာနိုင်ငံသားအားလုံး၏ ဆန္ဒနှင့်ထပ်တူပင် သူတို့သည်လည်း အေးအေးချမ်းချမ်း နေထိုင်လိုကြသည်သာဖြစ်သည်။

ထို့အတွက် လိုအပ်သည်မှာတော့ 'ထာဝရငြိမ်းချမ်းရေး'ပင် ဖြစ်ပေလိမ့်မည်။

"ကျွန်တော်ကတော့ အမျိုး၊ ဘာသာ၊ သာသနာ ထွန်းကားဖို့နဲ့ ထာဝရ ငြိမ်းချမ်းရေးရဖို့ကိုပဲ မျှော်လင့်တယ်"ဟု လူမျိုးချင်း ပြန်လည်တိုက်ခိုက်ခဲ့ရသော တိုက်ပွဲတစ်ခုအတွင်း ခြေတစ်ဖက်ဆုံးရှုံးခဲ့ရသည့် ကလိုထူးဘောတပ်ဖွဲ့မှ ဗိုလ်မှူးအောင်မြင့်က ပင်ကိုဟန်မျက်နှာထားမာမာအောက်မှ ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ပြောလေသည်။




ဓမ္မ

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏

## မေတ္တာပို့တာ တဏှာမဖြစ်ဖို့လိုတယ် ...

မေတ္တာပို့တယ်ဆိုတာ သဗ္ဗေသတ္တာကို သွားရမှာဖြစ်တယ်။ မသွား တဲ့အခါ မေတ္တာပို့လား၊ တဏှာပို့လားဆိုတာ စဉ်းစားကြည့်ရင် တဏှာပို့ တာပဲဖြစ်တယ်။ တဏှာဖြင့် မပိုနဲ့။ တဏှာဆိုတာ အကုသိုလ်ဖြစ်တယ်။ မေတ္တာထင်ပြီး အသံကျယ်ကျယ်နဲ့ မေတ္တာပို့ရွတ်နေတာဟာ တဏှာက ရွတ်နေတာလို့ သိဖို့လိုတယ်။ တဏှာဆိုတာ မျှဝေစရာမလိုပါဘူး။ လူတိုင်းမှာရှိပါတယ်။ ပုထုဇဉ်တစ်ယောက်ဟာ ဒါကို အမျှဝေနေတဲ့အခါ တဏှာနည်းနဲ့ ကိုယ်က တစ်ဝက်ပို့သလိုဖြစ်နေပါတယ်။ တဏှာ အရိုင်းဝင်လာတာဟာ မေတ္တာသက်သက်မဟုတ်တော့ပါဘူး။ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အန္တရာယ်ကင်းလို့ ဘေးရှင်းပါစေဆိုပြီးတော့ မေတ္တာပို့နေတာပါပဲ။ ပထမတော့ မေတ္တာပို့မယ်ဆိုတုန်းက ဟုတ်သလိုလိုနဲ့ နောက်မှ တဖြည်းဖြည်း နီးစပ်ရာကို ငဲ့ညှာပြီး သွားလိုက်မိသလား ကိုယ့်ကိုယ်ကိုယ် ကြည့်ဖို့လိုတယ်။

အဲဒီလို ကိုယ့်ဟာကိုယ် ငဲ့ညှာမိတယ်ဆိုတာ သက္ကာယဒိဋ္ဌိက ပါနေတော့ တဏှာဆိုတာ သေချာသွားပါတယ်။ အဲဒါကို ခင်မင်မှုတွေလွှန်ကဲပြီး မေတ္တာလို့ထင်နေတယ်။ မေတ္တာလို့ထင်တော့ မေတ္တာပို့ပေမယ့် တဏှာပို့တယ်ဆိုတာကို သတိမရတော့ဘူး။ မေတ္တာပို့ရင်းက တဏှာဝင် ပြီး မေတ္တာယောင်ဆောင်နေခြင်းပဲဖြစ်တယ်ဆိုတာ မသိတော့ဘူး။ မေတ္တာပို့တဲ့အခါ ရှင်းရှင်းပို့ဖို့လိုတယ်။ ပျမ်းမျှခြင်းအားလုံးကို မေတ္တာဖြန့် ဝေဖို့လိုတယ်။ မေတ္တာဆိုတာ မေတ္တာသမထဖြစ်တယ်။ မေတ္တာသမထဆိုတာ အကုန်ပြန့်ရတယ်။ တစ်တန်းတည်းဖြစ်ရမယ်။ ဟိုလူလည်း ဒီမေတ္တာပဲ၊ ဒီလူလည်း ဒီမေတ္တာပဲ။ အဲလိုမဟုတ်ရင် ကိုယ့်အစွဲလေးတွေနဲ့ ကိုယ့်ရင်းနှီးပတ်သက်ရာ ပုဂ္ဂိုလ်အတွက် မေတ္တာပို့သတာတွေ စောင်းသွားရင် တဏှာပဲဖြစ်တယ်။



ရည်ညွှန်း-အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ဘုရားကြီး၏ 'မေတ္တာပို့'မှ

ရ ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.10 • MAY 17 , 2012

# မတော်တဆမှု အဖြစ်များခြင်းကြောင့် မြို့ပတ်ရထားလမ်း ဇလီဖားတုံးများ ပြောင်းလဲတပ်ဆင်မည်

**မေဝင်းမွန်**
**ရန်ကုန်၊**
**မေ-၁၄**

လမ်းကြံ့ခိုင်မှုအားနည်းခြင်းကြောင့် မတော်တဆမှုအဖြစ်များသည့်အတွက် ရန်ကုန်မြို့တွင်းပြေးဆွဲလျက်ရှိသည့်မြို့ပတ်ရထားလမ်းများအတွက် ဇလီဖားတုံးများကို အတုံးရေတစ်သိန်း သတ်မှတ်လဲလှယ်သွားမည်ဖြစ်ကြောင်း ယခုလ ၄ ရက်က ပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ လမ်းပန်းဆက်သွယ်ရေးကြီးကြပ်မှု ကော်မတီအစည်းအဝေးတွင် မြန်မာ့မီးရထားမှ တာဝန်ရှိသူက ပြောကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

မတော်တဆမှုဖြစ်ပွားရခြင်းအကြောင်းအရင်းကို စစ်ဆေးရာတွင် လမ်းကြံ့ခိုင်ရေးအားနည်းမှုကြောင့် မတော်တဆမှုမှာ ၆၀ ရာခိုင်နှုန်း အထက်တွင်ရှိပြီး ကျန်အပိုင်းမှာ စက်မှုနှင့် တွဲချို့ယွင်းမှုများ၊ အခြားဖြစ်စဉ်များကြောင့် ဖြစ်ပွားရသည်ဟု ဆိုသည်။

ဇလီဖားတုံး အတုံးရေတစ်သိန်းသတ်မှတ်လဲလှယ်သွားမည်ဖြစ်ပြီး လက်ရှိတွင် အတုံးရေ ၄၈,၀၀၀ လဲလှယ်ပြီးဖြစ်ရာ ကျန်သည်များကိုခြောက်လအတွင်း အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

လက်ရှိတွင် အင်းစိန်-ကြည့်မြင်တိုင်လမ်းပိုင်း၊ ပုရွက်ဆိတ်ကုန်းနှင့် မလွှကုန်းလမ်းပိုင်းအား လဲလှယ်နေဆဲဖြစ်ပြီး ကျန်ရှိသည့် ကြည့်မြင်တိုင်-ရန်ကုန်လမ်းပိုင်း၊ အင်းစိန်-ဒညင်းကုန်းလမ်းပိုင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် မတော်တဆမှု ၃၅ ကြိမ်ဖြစ်ပွားခဲ့ပြီး ပျမ်းမျှတစ်လလျှင် ၃ ကြိမ်ဖြစ်ပွားကာ ၁၀ ရက်လျှင်တစ်ကြိမ်ဖြစ်ပွားသည့် အနေအထားရှိသည်ဟု သိရသည်။

ရထားများသည် တစ်နေ့လျှင် ခေါက်ရေ ၂၀၀ ပြေးဆွဲခြင်းကြောင့် ခေါက်ရေ ၂၀၀၀ တွင် တစ်ကြိမ်ဖြစ်ပွားသည့် အနေအထားရှိပြီး မီးရထားမတော်တဆမှုလျော့နည်းပပျောက်စေရန် လမ်းကြံ့ခိုင်ရေးအတွက်မြို့ပတ်ရထားလမ်းတစ်လျှောက် ကွန်ကရစ်ဇလီဖားတုံးများ လဲလှယ်ဆောင်ရွက်နေခြင်းဖြစ်သည်။

# အခန်းရှင်များနှင့် မြေရှင်ကြား ရေမီးနှင့် ဓာတ်လှေကားသုံးစွဲမှု အဆင်မပြေဖြစ်

**သန်းဌေး**
**ရန်ကုန်၊ မေ - ၁၁**

မြေနီကုန်း၊ ခနလှိုင်တာဝါတွင် တိုက်ခန်းဝယ်ယူနေထိုင်ကြသူများနှင့်မြေရှင်တို့အကြားတွင် ရေမီးနှင့်ဓာတ်လှေခါးသုံးစွဲမှုအပေါ် အဆင်မပြေဖြစ်နေကြကြောင်း သတင်းရရှိသည်။

“မီးပျက်ရင် ရေမလောက်ဘူး။ မီးစက်ရှိတာ ပေးမသုံးဘူး။ တိုက်ခန်းအားလုံးအတွက် သုံးနေတဲ့ တိုက်ခေါင်မိုးပေါ်က ရေတိုင်ကီတွေ ပေါက်နေတာ အသစ်လဲဖို့ခွင့်မပြုဘူး။ အရေးပေါ် ဆင်းရမယ့် မီးသတ်လှေကားနင်းပျဉ်ပြားတွေဆွေးနေတာ လဲခွင့်မပြုဘူး။ ဓာတ်လှေကားနှစ်ခုကူးတဲ့ ခေါင်းမိုးပေါ်က သံတံခါးတွေ သော့ခတ်ပြီး သိမ်းထားတယ်” ဟုခနလှိုင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်သန်းက ပြောသည်။

အဆိုပါခနလှိုင်တာဝါ၏ မြေပိုင်ရှင်သည် တိုက်လုံခြုံရေး၊ ရေ၊ မီးပေးရေးနှင့် ပြုပြင်ရန်ကိစ္စများအတွက် ဝန်ထမ်းများခန့်အပ်ထားပြီး ၎င်းပိုင်းအခန်းများအား ဝန်ဆောင်စရိတ်ကောက်ခံရယူသည်။

“အမကြီးနေတဲ့တိုက် အမကြီးအုပ်ချုပ်မှာပေါ့။ သူတို့က ဝယ်နေတာပဲ။ အမကြီးပိုင်တဲ့မြေပေါ်မှာ အခန်းပေးအခန်းယူ ဆောက်ထားတာ ဒီတိုက်ကြီးက ကွန်ဒိုတိုက်မဟုတ်ဘူး။ သာယာရေးကော်မတီဖွဲ့တဲ့ဝါဒကိုလည်း မကြိုက်ဘူး။ အမကြီးရမယ့် လခတွေကိုအဲဒီသာယာရေးကော်မတီနဲ့ ကန်ထရိုက်က ယူထားတယ်။ အမကြီးပိုက်ဆံတွေမရရင်နို့တစ်ပေးတောင်းမယ်။ တရားစွဲမယ်”ဟု ခနလှိုင်တာဝါ၏ မြေရှင်အသက် ၈၁ နှစ်ရှိ ဒေါ်သန်းသန်းက ပြောသည်။

ထို့ကြောင့် အဆိုပါ တိုက်တွင်ပြီးခဲ့သော မေလဆန်းက နှစ်ရက်ဆက်တိုက် မီးပျက်သောအခါ အထပ်မြင့်တွင်နေသူများ ရေမီးနှင့်ဓာတ်လှေကားသုံးစွဲမှု အခက်တွေ့ခဲ့ကြရသည်။

“ကျွန်တော်တို့နေတဲ့ သုံးနှစ်အတွင်းမှာ ဓာတ်လှေကားထဲ သုံးကြိမ် ပိတ်မိဖူးတယ်။ မီးအားကျရင် ဓာတ်လှေကားက ရပ်သွားရော၊ ဒါကြောင့် မီးအားမြင့်စက်ကိုကိုယ့်ဘာသာတပ်မယ်ဆိုတော့လည်းအတပ်မခံဘူး” ဟုခနလှိုင်တာဝါကိုးထပ်ရှိ အခန်းရှင်တစ်ဦးကပြောသည်။

၂၀၁၁ ခုနှစ်တွင် မြေရှင်ဦးသိန်းဖေ+ဒေါ်သန်းသန်းနှင့် ခန လှိုင်ဆောက်လုပ်ရေးတို့ လေးခန်း တွဲ ၁၂ ထပ်တိုက်အား အခန်းပေး၊ အခန်းယူစနစ်ဖြင့် ဆောက်လုပ်ခဲ့ကာ မြေရှင်မှ ၂၂ ခန်း၊ ကန်ထရိုက်မှ ၂၆ခန်း ခွဲဝေရယူခဲ့ကြသည်။ ၂၀၀၇ ခုနှစ်အောက်တိုဘာ ၁၂ ရက်တွင် စမ်းချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မြေရှင်နှစ်ဦးအပါအဝင် တိုက်ခန်းရှင်ကိုးဦးဖြင့် ခနလှိုင်တာဝါ တိုက်သာယာရေးကော်မတီအား ဖွဲ့စည်းပေးခဲ့သည်။

ယခုအချိန်တွင် အထပ်မြင့်နှင့်ကွန်ဒိုဥပဒေပေါ် ပေါက်လာမှသာ ယင်းကဲ့သို့ ပြဿနာများ ပြေလည်နိုင်ကြောင်း ဆောက်လုပ်ရေး ကန်ထရိုက်တာတစ်ဦးက ပြောသည်။

## မျက်နှာဖုံး - မြစ်ဆုံအနီး တိုက်ပွဲငယ်များ ဖြစ်ပွားမှ

တန်ဖဲရွာအနီးတွင် တိုက်ပွဲများဖြစ်ပွားသဖြင့် ဥယျာဉ်ခြံစိုက်ပျိုးရေးပြုလုပ်လျက်ရှိသောဒေသခံများသည် ၁၀ မိုင်ကွာဝေးသော အောင်မြေသာကျေးရွာသစ်သို့ထွက်ပြေးတိမ်းရှောင်ခဲ့ကြောင်းဒေသခံတစ်ဦးက 7Day News သို့ပြောသည်။

“အခု တိုက်ပွဲတွေက ကချင်ပြည်နယ်ထဲက နေရာအနှံ့မှာနေ့စဉ်လိုလိုဖြစ်နေတယ်။ လူတွေလည်းဒုက္ခရောက်လှပြီ။ တိုက်ပွဲတွေ မြန်မြန်ပြီးစေချင်ပြီ”ဟု အသက် ၅၀အရွယ် ကချင်အမျိုးသားတစ်ဦးကပြောသည်။ကချင်ပြည်နယ်အတွင်း တိုက်ပွဲများအရှိန်မြင့်လာသည်မှာ ဧပြီလဆန်းပိုင်းကတည်းက ဖြစ်ပြီး သင်္ကြန်ကာလတွင် ပိုမိုပြင်းထန်လာကာ ဧပြီလဆန်းမှ ယခုအချိန်ထိ တိုက်ပွဲကြီး၊ ငယ်ပေါင်း၁၄၀ကျော် ဖြစ်ပွားခဲ့ကြောင်း ကချင်လွတ်မြောက်ရေးတပ်မတော် (ကေအိုင်အေ)က ပြောကြားထားသည်။

## မျက်နှာဖုံး-မြန်မာနိုင်ငံလူမှုစီးပွားရေးကောင်စီ ဖွဲ့စည်းတော့မည် မှ

ထိုကောင်စီကိုလွန်ခဲ့သောတစ်လကျော်ကတည်းကဖွဲ့စည်းရန်စီစဉ်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်သမ္မတဦးသိန်းစိန်မှာမေ ၁၀ရက်တွင်၎င်း၏ လယ်တောရုံးခန်း၌ လျာထားသော ကောင်စီဝင်များနှင့် ပထမအကြိမ်တွေ့ဆုံပြီး စီးပွားရေး၊ လူမှုရေးစသော ကဏ္ဍပေါင်းစုံအတွက် ပြုပြင်ပြောင်းလဲသင့်သည်များကို ဆွေးနွေး၍ အကြံဉာဏ်များလည်း ရယူခဲ့ကြောင်း အထက်ပါပုဂ္ဂိုလ်များကပြောသည်။

လူမှုစီးပွားရေးအကြံပေးကောင်စီလျာထားစာရင်းတွင် ဦးမော်သန်း၊ ပါမောက္ခဒေါ်ခင်စမ်းရီ၊ ဦးသန်းလွင်၊ ဒေါက်တာအောင်ထွန်းသက်၊ ဒေါက်တာကျော်ရင်လှိုင်၊ ဦးတင်ထွဋ်ဦး၊ ဦးသောင်းတင်၊ ဦးတင်မောင်သန်း၊ ဦးဝင်းမြင့်၊ ဦးလှမောင်ရွှေ၊ ဦးကိုကိုကြီးစသော ပညာရှင်နှင့် လုပ်ငန်းရှင်များ ပါဝင်သည်။

နိုင်ငံတော်သမ္မတက နိုင်ငံရေးနှင့် စီးပွားရေး သမ္မတအကြံပေးအဖွဲ့နှစ်ဖွဲ့ကို ၂၀၁၁ တွင် ဖွဲ့စည်းထားပြီး လူမှုစီးပွားရေးအကြံပေးကောင်စီကို ထပ်မံဖွဲ့စည်းရန် စီစဉ်ခြင်းဖြစ်သည်။

“ပြည်သူတို့၏ လူမှုစီးပွားရေးဘဝတိုးတက်ရေးအတွက် လူမှုရေးအဖွဲ့အစည်းများကို ပုဂ္ဂလိကကဏ္ဍအချင်းချင်း ပေါင်းစပ်ညှိနှိုင်းနိုင်ရန်နှင့် အစိုးရသို့အကြံပြုပူးပေါင်းဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံလူမှုစီးပွားရေးအကြံပေးကောင်စီဖွဲ့စည်းပြီး ဆောင်ရွက်သွားမည်ဖြစ်ရာ ပုဂ္ဂလိက လူမှုရေး၊ စီးပွားရေး အသင်းအဖွဲ့များက နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုတွင် ပြည်သူတစ်ရပ်လုံးပူးပေါင်းပါဝင်ဆောင်ရွက်လာအောင် ကြိုးပမ်းရမည်ဖြစ်ကြောင်း” နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မေ ၁၁ ရက်တွင် ကျင်းပသော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို ပိုမိုထိရောက်စွာ ပြုပြင်ပြောင်းလဲ ကြိုးပမ်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

“ပညာရှင်တွေရဲ့ အကြံပြုချက်ကို သမ္မတကြီးကိုယ်တိုင် စိတ်ဝင်တစားနားထောင်တာက တကယ့် Change(အပြောင်းအလဲ)ပဲ။ အံ့သြစရာကောင်းတာက သမ္မတက ပညာရှင်တွေ ပြောတာကို ပြန်လည်ဆွေးနွေးတာတော်တော်မြန်တယ်။ သူက အကြောင်းအရာတော်တော်များသိတယ်။ ဒါကို ကျွန်တော်သိပ်အံ့သြတယ်”ဟု အထက်ပါကောင်စီလျာထားစာရင်းတွင် ပါဝင်သော ဘဏ်ပညာရှင် ဦးသန်းလွင်က ပြောသည်။

မေ ၁၀ ရက်တွင် သမ္မတနှင့် အဆိုပါကောင်စီဝင်လျာထားပညာရှင်များနှင့် တွေ့ဆုံရာ၌ ဦးသန်းလွင်က ပြည်ပရောက်မြန်မာပညာရှင်များနှင့် မြန်မာနိုင်ငံသားများ နေရပ်ပြန်လာရာတွင် အဆင်ပြေရန် ကြိုဆိုရေးနှင့် နေရာချထားရေးကော်မတီများ သီးခြားဖွဲ့စည်းပြီး ၎င်းတို့၏ အတွေ့အကြုံပညာနှင့် လုပ်အားများ ရရှိရေး စနစ်တကျစီမံခန့်ခွဲလုပ်ကိုင်ရန် အကြံပြုခဲ့သည်။

## စာ-၄၊ မူးယစ်ရာဇာအဖြစ် ထိုင်းနိုင်ငံဘက်မှ ဖမ်းဝရမ်းထုတ်ခံရခြင်းအပေါ် ဗိုလ်နှုတ်ခမ်းမွေးရှင်းလင်း မှ

“၂၀၀၃ ခုနှစ်ကတည်းက ဒီကိစ္စဖြစ်ခဲ့တယ်လို့ဆိုပါတယ်။ အဲဒီကတည်းက စုံစမ်းမေးမြန်းခြင်းမလုပ်ဘဲ ဘာလို့ ခုလို ငြိမ်းချမ်းရေးဖော်ဆောင်နေတဲ့အချိန် မှာမှ တရားစွဲရတာလဲ”ဟု သူက ပြောသည်။

မူးယစ်ရာဇာအဖြစ် အလိုရှိကြောင်း ကြေညာချက်ကို ထုတ်ပြန်ခဲ့သည့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ချလိမ့်ယူဘမ်းရုန်းအနေဖြင့် ၎င်း၏ထုတ်ပြန်ချက်ကြောင့် ဖြစ်လာမည့် အကျိုးဆက်များအတွက် တာဝန်ယူဖြေရှင်းရန် တာဝန်ရှိပြီး၊ အမှန်တရားကိုဖော်ထုတ် နိုင်ရန်အတွက် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး(DEA)နှင့် နိုင်ငံတကာမှ မူးယစ်ဆေးဝါးတိုက်ဖျက်သည့်အဖွဲ့အစည်းများမှ လာရောက်ကြည့်ရှုစစ်ဆေးပေးကြပါရန် မေတ္တာရပ်ခံကြောင်းစာကို ကလို့ထူးဘော ကရင်အစည်းအရုံးက ဧပြီ ၂၇ ရက်တွင် ထုတ်ပြန်ခဲ့သည်။

“လွန်ခဲ့တဲ့နှစ်တွေက ဝန်ကြီးချုပ်သက်ဆင်ကိုသူ့အစိုးရက စွဲချက်တွေတင်ခဲ့ပြီး မိအောင်တော့ မဖမ်းနိုင်ဘဲနဲ့ အခု ဘာလို့ ကျွန်တော့်ကို လာဖမ်းနေရတာလဲ။ ကျွန်တော် ဘာမှမလုပ်ဘူး။ မူးယစ်ဆေးနဲ့ ပတ်သက်ပြီး ကျွန်တော့်မှာ အပြစ်မရှိဘူး။ ကျွန်တော့်လူမျိုးကို ဆေးရောင်းပါလို့ မတိုက်တွန်းဘူး။ ကိုယ့်တပ်သားတွေကိုလည်း ဒီအလုပ်မလုပ်ခိုင်းဘူး။ ဘာလို့ ဖမ်းချင်ရတာလဲဆို တာ သူတို့မှာ အကြောင်းရင်းရှိမယ်။ ကျွန်တော်တို့တိုင်းပြည်နဲ့ အေးအေးချမ်းချမ်းနေဖို့ကြိုးစားနေတာကို ဖျက်လိုဖျက်ဆီးလုပ်ချင်လို့လားလို့ မေးချင်တယ်”ဟု ဗိုလ်နှုတ်ခမ်းမွေးက ထိုင်းမီဒီယာတစ်ခု၏ မေးမြန်းမှုတစ်ခုကို ပြန်လည်ဖြေကြားခဲ့သည်။

ရှမ်းပြည်နယ် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ကလည်း ယခုကိစ္စနှင့်ပတ်သက်၍ မိမိနိုင်ငံသားတစ်ဦးအပေါ် အခြားနိုင်ငံက အချုပ်အခြာအာဏာဖြင့် ရာဇသံပေး ဖမ်းဆီးအရေးယူခြင်းသည်နိုင်ငံ၏ အချုပ်အခြာအာဏာကိုမထီမဲ့မြင်ပြုစော်ကားရာရောက်ပြီး၊ မိမိနိုင်ငံ၏ အချုပ်အခြာအာဏာကို လုံးဝအထိပါးမခံရစေရန် အတွက်ချက်ချင်းပြန်လည်တုံ့ပြန်ရမည်ဖြစ်ကြောင်းမေလ ၉ ရက်နေ့ရက်စွဲဖြင့် ကြေညာချက်တစ်စောင်ထုတ်ပြန်လိုက်သည်။

ကလို့ထူးဘောတပ်ဖွဲ့(ယခင်DKBA)သည် KNU အဖွဲ့မှ ၁၉၉၄ ခုနှစ်တွင် ခွဲထွက်ခဲ့သည့် ကရင်လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုဖြစ်သည်။ နယ်ခြားစောင့်တပ်အဖြစ် မြန်မာအစိုးရက ဖွဲ့စည်းပေးခဲ့သော်လည်းပြန်လည်ဆန့်ကျင်ကာ တိုက်ခိုက်ခဲ့ပြီး သမ္မတဦးသိန်းစိန် အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးပြုလုပ်၍ ငြိမ်းချမ်းရေးဖော်ဆောင်မှု ပြုလုပ်နေဆဲဖြစ်သည်။

မူးယစ်ရာဇာအဖြစ် ထိုင်းအစိုးရက ဝရမ်းထုတ်ခဲ့သည့် ၂၅ ဦးတွင် မြန်မာနိုင်ငံမှ စိုင်းနော်ခမ်း (ရွှေတြိဂံဒေသ)၊ တာချီလိတ်-နမ့်ပုံ ပြည်သူ့စစ်ခေါင်းဆောင်ယီဆေး၊ ကလို့ထူးဘောစစ်ဦးစီးချုပ်ဗိုလ်ချုပ်စောလားပွယ်(ခ) ဗိုလ်နှုတ်ခမ်းမွေးတို့ ပါဝင်ခဲ့သည်။

## စာ(၆) ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီဖွဲ့စည်း မှ

ထိုကော်မတီတွင် ငြိမ်းချမ်းရေး ဆွေးနွေးဖော်ဆောင်ရေး ခေါင်းဆောင်ဟောင်းတစ်ဦးဖြစ်သော လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းမပါဝင်ပေ။

အစိုးရသစ်လက်ထက် တွင် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးဖော်ဆောင်ရေးအဖွဲ့နှစ်ဖွဲ့ ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခြောက်ဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးဖော်ဆောင်ရန် ဦးအောင်မင်းခေါင်းဆောင်သော အဖွဲ့ကို တာဝန်ပေးခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ငါးဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးဖော်ဆောင်ရန် ဦးအောင်သောင်းခေါင်းဆောင်သောအဖွဲ့ကို တာဝန်ပေးခဲ့သည်။

ယခုအခါလက်နက်ကိုင်အဖွဲ့ ကိုးဖွဲ့နှင့်ပြည်ထောင်စုအဆင့်အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုရပြီဖြစ်သည်။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP) နှင့် ပြည်ထောင်စုအဆင့် လက်မှတ်ရေးထိုးရန်ကျန်ရှိသေးပြီးKIO/KIAနှင့်မူ အပစ်အခတ်ရပ်စဲရေးကိုပင် သဘောတူညီမှုမရသေးခြင်းဖြစ်သည်။ ထို့ကြောင့် အစိုးရသစ်၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်တွင်KIA နှင့်ငြိမ်းချမ်းရေးရအောင် ဖော်ဆောင်နိုင်ရန်မှာ အဓိကဖြစ်နေသေးသည်။ ထို့ပြင် ယခုဖွဲ့စည်းလိုက်သော ကော်မတီနှစ်ခုတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သော ဒေါ်အောင်ဆန်းစုကြည်ပါဝင်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က ဆန္ဒရှိနေကြောင်း သတင်းရရှိသည်။

## ကချင်စစ်ဘေးဒုက္ခသည် ကလေးငယ်များ
## ဝမ်းပျက်ဝမ်းလျှောနှင့် ငှက်ဖျားရောဂါအဖြစ်များ

**အေးမြကျော်** **ရန်ကုန်၊ မေ-၇**

ကချင်ပြည်နယ်တွင်း ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် တရုတ်နိုင်ငံနယ်စပ်အနီး ထွက်ပြေးတိမ်းရှောင်သူများထဲမှ ကလေးငယ်အများစုတွင် မိုးရာသီရောက်ရှိလာသည်နှင့် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ငှက်ဖျား ရောဂါများဖြစ်ပွားလျက်ရှိကြောင်း တရုတ်နယ်စပ်တွင် စစ်ဘေးဒုက္ခသည်များကို အနီးကပ်ကူညီပေးနေသူများထံမှသိရသည်။

"မိုးက စရွာနေပြီဆိုတော့ ရာသီအကူးအပြောင်းမှာ ကလေးတွေဝမ်းပျက်ဝမ်းလျှောဖြစ်ကြတယ်။ နောက်ပြီး ရာသီဥတုက ဒီဘက်မှာအရမ်းကြမ်းတော့ ငှက်ဖျားအဖြစ်များလာတယ်"ဟုတရုတ်နယ်စပ်ရှိစစ်ဘေးဒုက္ခသည်စခန်းတစ်ခုတွင် အကူအညီပေးနေသော ခရစ်ယာန်ဓမ္မဆရာတစ်ဦးက ပြောသည်။

လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး သွားလာရခက်ခဲသော တရုတ်နိုင်ငံနယ်စပ်အနီးရှိ မိုင်တိုင် ၆၊ မိုင်တိုင် ၇၊ မိုင်တိုင် ၈ စသည့်နေရာများနှင့် မဂ့ါရမ်၊ မွန်ဂါဇွပ် စသည့် ဒေသများ၌ နေသူများတွင် အဆိုပါရောဂါနှစ်မျိုး အဖြစ်များလျက်ရှိပြီး ဆေးဝါးအကူအညီများလည်း လိုအပ်လျက်ရှိကြောင်း အကူအညီပေးရေးအဖွဲ့အစည်းများထံမှ သိရသည်။

ယခုရက်ပိုင်း တရုတ်နယ်စပ်နှင့်နီးသော ဒေသများတွင် မိုးများသည်းထန်စွာရွာသွန်းလျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်မြို့များရှိ စစ်ဘေးဒုက္ခသည် စခန်းများတွင်မူ ရာသီဥတုပူပြင်းသည့်အတွက် လူကြီးများတွင် သွေးတိုးခြင်းများ ဖြစ်ပွားပြီး လူလတ်ပိုင်းနှင့် ကလေးငယ်များတွင် ရာသီအကူးအပြောင်းကြောင့် နှာစေးချောင်းဆိုးခြင်းများဖြစ်ပွားလျက်ရှိကြောင်း ကချင်စစ်ဘေးဒုက္ခသည်များကို ကျန်းမာရေးစောင့်ရှောက်မှု ကူညီပေးနေသည့် ကချင်နှစ်ခြင်းခရစ်ယာန် အသင်းတော်(KBC)မှ သိရသည်။

အကူအညီများ ထိရောက်စွာပေးနိုင်သော နေရာများတွင် ရောဂါဝေဒနာတစ်ခုခု ခံစားရသော စစ်ဘေးဒုက္ခသည်များကို နီးစပ်ရာဆေးရုံများနှင့် ပြင်းထန်သော ဝေဒနာရှင်များကို တရုတ်နိုင်ငံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ သိရသည်။ အချို့ဝေးလံသောနေရာများတွင် နေထိုင်သူ များနှင့် မြို့နှင့် နီးသော်လည်း အကူအညီ အရောက်နည်းသော နေရာများတွင် နေထိုင်နေရသူများမှာ ကျန်းမာရေးစောင့်ရှောက်မှုများ လိုအပ်နေဆဲဖြစ်သည်။

## ကိုရီးယားတွင် တရုတ်မှတင်သွင်းသည်ဟု ယူဆရသော အားဆေးတောင့်များ၌
# ကလေးအသားမှုန့်များ ပါဝင်ခြင်းကို တွေ့ရှိ

**ဆိုးလ်၊ မေ - ၈**

တောင်ကိုရီးယားအစိုးရသည်တရုတ်နိုင်ငံမှတင်သွင်းလာသည်ဟုယုံကြည်ရသော အားဆေးတောင့်များတွင်ကလေးအလောင်းများမှအသားစများဖြင့် ထုတ်လုပ်သော အမှုန့်များ ပါဝင်နေသည်ကို မကြာသေးမီက ရှာဖွေတွေ့ရှိခဲ့ရကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ သတင်းများအရကလေးအသားမှုန့်များဖြင့် ထုတ်လုပ်သော ယင်းအားဆေးတောင့်များမှာ တရုတ်နိုင်ငံ မြောက်ပိုင်းတွင် ထုတ်လုပ်ဖွယ်ရှိပြီး အသားကို ကြိတ်ထားသောအမှုန့်များမှာ ဆေးဖက်ဝင်သဘော ထည့်သွင်းထားခြင်းဖြစ်သည်ဟု လူအချို့က ယုံကြည်နေကြောင်း သိရသည်။

တရုတ်အာဏာပိုင်များသည် ယမန်နှစ်ကလည်း မွေးကင်းစ ကလေးများ(သို့မဟုတ်)ပျက်ကျထားသော သန္ဓေသားများမှ ထုတ်လုပ်သည်ဆိုသော ဆေးဝါးများကိုစုံစမ်းစစ်ဆေးသွားရန် အမိန့်ထုတ်ပြန်ခဲ့သည်။ တောင်ကိုရီးယားအာဏာပိုင်များ၏ ယခုထုတ်ပြန်သောကြေညာချက်ထဲတွင် ၎င်းတို့သည်ယမန်နှစ် ဩဂုတ်လမှစ၍ သက်လုံခွန်အားတိုးဆေးဟု အမည်တပ်ထားသော ဆေးတောင့် ပေါင်း ၁၇,၄၅၀ တောင့်တွင် ကလေးအသားမှုန့်များ တွေ့ရကြောင်းဆိုထားသည်။ ထိုဆေးတောင့်များကို မှောင်ခိုတင်သွင်းမှု ၃၅ ကြိမ်တွင် ရှာတွေ့ခဲ့ခြင်းဖြစ်သည်။ သို့သော် အာဏာပိုင်များက ထိုဆေးဝါးများမှာ အရေအတွက် နည်းပါးလွန်းပြီး တိုက်ရိုက်ရောင်းချရန် ရည်ရွယ်သောဆေးများ မဟုတ်ကြောင်းဆိုသည်။ မှောင်ခိုတင်သွင်းခဲ့သူများကမူ ထိုဆေးတောင့်များတွင် လူ့အသားမှုန့်များ ပါဝင်ခြင်းကို မသိရှိဘဲ သာမန်သက်လုံအားကောင်းစေသည့် အားဆေးများအဖြစ် မှတ်ယူတင်သွင်းခဲ့ကြောင်း ပြောဆိုထားသည်။ —Ref: AFP

# ရေသောက်နည်းသောအခါ . . .

**ဝတ်ရည်အောင်**



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**လူကြီးတစ်ယောက်၏ ခန္ဓာကိုယ်တွင် ရေဓာတ်သည် ၅၀ ရာခိုင်နှုန်းမှ ၆၀ရာခိုင်နှုန်းနှင့် ကလေးတစ်ဦးတွင် ၇၅ ရာခိုင်နှုန်းအထိ ပါဝင်ဖွဲ့စည်းထားသည်။**

ပါဝင်မှုများပြားသည့် ရေသည်ခန္ဓာကိုယ်တစ်ခုလုံး၏အင်္ဂါအစိတ်အပိုင်းများ ဟန်ချက်ညီစွာလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် အရာတစ်ခုလည်းဖြစ်သည်။ ရေရှိနေ၍ သာဦးနှောက်မှအစ အသည်း၊ ကျောက်ကပ်၊ နှလုံးနှင့် အင်္ဂါအစိတ်အပိုင်းများသည် ခန္ဓာကိုယ်၏ လုပ်ငန်းများအားဆောင်ရွက်နေနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

ထိုအရေးပါသည့် ရေအား လုံလောက်စွာဖြည့်တင်းပေးနိုင်ရန်လိုအပ်ပြီး မကြာသေးမီက နိုင်ငံတကာအဖွဲ့အစည်းတစ်ခု၏ လေ့လာသုတေသနဆောင်ရွက်မှုတစ်ခုတွင် ရေသောက်သုံးမှုနည်းပါးနေကြောင်း လေ့လာချက်တစ်ခုအား ဖော်ပြထားသည်ကို နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့ကြသည်။

ခန္ဓာကိုယ်တွင် ရေသည် ပုံမှန်ရာသီဥတုအရ တစ်နေ့လျှင် လူကြီးတစ်ယောက်အတွက် 2000 ml-3000 ml (ပုံမှန်ရေဖန်ခွက် ၁၀ ခွက်ခန့်) အထိလိုအပ်ပြီး ပူပြင်းသည့်အချိန်တွင် ထိုထက်ပိုမိုလိုအပ်ကြောင်း အထွေထွေရောဂါကုဆရာဝန် ဒေါက်တာလှိုင်စိုးဝယ်က ပြောသည်။

"ကျန်းမာတဲ့လူတစ်ဦးက ဆီးကနေ ရေစွန့်ထုတ်မှု တစ်နေ့ကို 1000-1500ml လောက်ရှိတယ်။ ဒ့ါအပြင် အရေပြားကနေ ထွက်သွားတာတွေ၊အသက်ရှူရာကနေ ထွက်သွားတာတွေ၊ မျက်ရည်အဖြစ်ထွက်သွားတာတွေ စတာတွေပေါင်းလိုက်ရင် 500-1000ကြားလောက်နေ့စဉ်ဆုံးရှုံးနေတယ်" ဟု ဒေါက်တာလှိုင်စိုးဝယ်က ပြောသည်။

ထို့အတွက် ရေဓာတ်သည် ခန္ဓာကိုယ်အတွင်းမဖြစ်မနေ လိုအပ်သည့်အရာတစ်ခုဖြစ်ပြီး ရေဓာတ်နည်းပါးခြင်းကြောင့် ရေတိုတွင် ချက်ချင်း ကျန်းမာရေး ထိခိုက်မှု များမဖြစ်နိုင်သော်လည်း ရေရှည်တွင်ရေဓာတ်နည်းပါးခြင်း၏ နောက်ဆက်တွဲ ဆိုးကျိုးများ ခံစားရရှိစေနိုင်သည်များလည်းရှိကြောင်း သိရသည်။

စာ(၁၄)သို့



7DAY NEWS JOURNAL
Vol.11, No.10 • MAY 17 , 2012

# အိတ်ချ်အိုင်ဗီ ကူးစက်ခံရသူ တစ်နှစ်အတွင်း ၈,၀၀၀ ခန့်ရှိ

**ဝတ်ရည်အောင်**
**ရန်ကုန်၊ မေ - ၁၂**

၂၀၁၁ အတွင်း တစ်နိုင်ငံလုံး ခုခံအားကျဆင်းမှုရောဂါပိုးကူးစက်ခံရသူ ၈,၀၀၀ ဦးခန့်ရှိကြောင်း UNAIDS မှတာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုရောဂါပိုးအား ထိန်းချုပ်သည့်ဆေးဝါး (ARV) ရရှိရန် နိုင်ငံတကာ အဖွဲ့အစည်းများမှ အဓိကပံ့ပိုးကူညီနေခြင်းဖြစ်ပြီး ၂၀၁၁ ခုနှစ်အတွင်းလိုအပ်သည့်ဆေးဝါး မရရှိခဲ့ခြင်းကြောင့် ရောဂါပိုးကူးစက်ခံထားရသူ ၁၀၈,၀၀၀ နီးပါးလည်း သေဆုံးခဲ့ကြောင်း အဆိုပါ တာဝန်ရှိသူက ဆက်လက်ပြောသည်။မြန်မာနိုင်ငံတွင် စာရင်းများအရ HIV/ AIDS ရောဂါပိုးဖြင့် နေထိုင်သူ၊ နှစ်သိန်းကျော်ခန့် ရှိပြီး ထိုအထဲမှ ထက်ဝက်ခန့်သည် ARV ဆေးရရှိရန်လိုအပ်နေသော်လည်း ဆေးဝါးကုသမှု မရရှိသည့် အခြေအနေတွင် ရှိနေကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတ်မှတ်ထားသော စံနှုန်းအရ ရောဂါပိုးကူးစက်ခံထားရပြီး ခန္ဓာကိုယ်ထဲတွင် ကိုယ်ခံအားစနစ် ၃၅၀ အောက်ဖြစ်နေသူတိုင်း ဆေးဝါးစတင်အသုံးပြုရန် လိုအပ်သည်ဟု ဆိုထားသော်လည်း ပြည်တွင်းတွင်ဆေးဝါးလိုအပ်ချက် အခက်အခဲကြောင့် ကိုယ်ခံအားစနစ် ၁၀၀-၁၅၀ ရှိသည့် မဖြစ်မနေလိုအပ်သူတိုင်းကိုသာ ဆေးပေးနိုင်သေးကြောင်း နယ်စည်းမထား ဆရာဝန်များအဖွဲ့ တာဝန်ရှိသူတစ်ဦးက ယနေ့ပြုလုပ်သည့် မြန်မာနိုင်ငံ HIV ဆိုင်ရာလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်နေကြသော ရပ်ရွာအခြေပြုကွန်ရက်များနှင့် မူဝါဒဆိုင်ရာ ပုဂ္ဂိုလ်များ တွေ့ဆုံမှုဟောပြောပွဲ၌ ပြောကြားခဲ့သည်။

"ခုနစ်သောင်းကျော်တဲ့ လူနာတွေက ARV ကိုချက်ချင်း လိုအပ်နေတယ်။ အားလုံးကဆေးလိုနေတဲ့အခါ ဘယ်လိုအခြေအနေအဆိုးဆုံးဖြစ်နေတဲ့သူကိုဆေးပေးရမလဲဆိုတဲ့ ခက်ခဲတဲ့ရွေးချယ်မှုတွေကို လုပ်နေရတယ်" ဟု အဆိုပါ တာဝန်ရှိသူက ဆက်လက်ပြောသည်။

အဆိုပါ ရောဂါပိုးအား မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ်က စတင်တွေ့ရှိခဲ့ပြီး ၁၉၉၁ ခုနှစ်တွင်ခုခံအားကျဆင်းမှု ရောဂါခံစားနေရသည့် လူနာများစတင်တွေ့ရှိခဲ့သည်။ ၂၀၀၂ ခုနှစ်တွင်မှ ကျယ်ပြန့်သော ကုသမှုများရှိလာခြင်းဖြစ်ကြောင်း သိရသည်။

## စာ - ၁၃၊ ရေသောက်နည်းသောအခါ မှ

ရေသောက်နည်းသူများတွင် အရည်ဆုံးရှုံးခြင်း လက္ခဏာများဖြစ်သည့် အစာမစားချင်ဖြစ်ခြင်း၊ အော့အန်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ မူးမော်ခြင်း၊ မျက်တွင်းကျခြင်း၊ ဆီးနည်းခြင်း၊ နှလုံးတုန်ခြင်း ဝေဒနာများအား ခံစားကြရလေ့ရှိပြီး အကြောင်းအမျိုးမျိုးကြောင့် ရေဓာတ်ခန်းခြောက်မှု အလွန်များပြားသွားပါက သွေးလန့်ခြင်း၊ သတိလစ်မေ့မြောခြင်းများကိုပါ ခံစားကြရမည်ဖြစ်ကြောင်း သိရသည်။ ရေသောက်နည်းသူများရေရှည်တွင် ကြုံတွေ့ရသည့် ကြီးမားသည့်ပြဿနာတစ်ခုမှာ ဆီးနှင့်ပတ်သက်သည့် ရောဂါများဖြစ်ကြောင်း အများသိရှိပြီးဖြစ်သည်။

ရေသောက်နည်းခြင်းကြောင့် ဆီးသွားမှုနည်းပါးသည့်အခါဆီးလမ်းကြောင်းတွင် ဆီးထဲမှအနည်များ စုပြုံလာသည့်အတွက် ယနေ့အချိန်တွင် အဖြစ်များလာသည့် ကျောက်ကပ်တွင် ကျောက်တည်ခြင်းရောဂါသည် ရေသောက်နည်းခြင်းကြောင့် ဖြစ်လာသည့်အကျိုးဆက်ရောဂါတစ်ခုလည်းဖြစ်သည်။

"အခု ဆီးနဲ့ပတ်သက်တဲ့ ရောဂါတွေထဲမှာ ကျောက်ကပ်မှာကျောက်တည်တဲ့လူနာတွေကတော့ အရမ်းများနေတယ်"ဟု ရန်ကုန်ဆေးရုံကြီးသစ်မှ ဆီးနှင့်ကျောက်ကပ်အထူးကုဆရာဝန်တစ်ဦးကပြောသည်။

"ကျွန်တော်ဆီးလမ်းကြောင်းမှာကျောက်တည်တုန်းက ဆရာဝန်ကမေးတယ်။ဆေးလိပ်သောက်လား၊ကွမ်းစားလားဆိုတော့တစ်ခုမှမလုပ်ဘူးဆိုတဲ့အခါ ဒါဆို ရေသောက်နည်းလို့ဖြစ်တာလို့ပြောတယ်။ ကျွန်တော်က အိမ်မှာနေတဲ့အချိန်ပဲ ရေနွေးသောက် ဖြစ်တာ။ ကျန်တာတစ်နေ့လုံး အပြင်ရောက်နေတဲ့အချိန်ဆိုရင် ရေမသောက်ဖြစ်သလောက်ဘဲ" ဟု အသက် ၃၀ ခန့်ကုမ္ပဏီဝန်ထမ်းအမျိုးသားတစ်ဦးက ပြောသည်။

ရေသောက်နည်းသည့်အခါတွင် အင်္ဂါအစိတ်အပိုင်းများသို့ ရေမှ ပို့ဆောင်ပေးရသည့် အစာထဲတွင် ပါဝင်သော ပရိုတိန်းဓာတ်များ၊ ကာဗိုဟိုက်ဒရိုက်များ၊ အဆီများ၊ ဗီတာမင်များ သွေးနှင့်အတူ လိုအပ်သည့်ဓာတ်များရောက်ရှိမှု နှေးကွေးကာ လှုပ်ရှားမှုစနစ်များ ကောင်းစွာအလုပ်မလုပ်နိုင်ခြင်း ပြဿနာများ ဖြစ်ပွားလာနိုင်ကြောင်းသိရသည်။

"ခန္ဓာကိုယ်ထဲမှာ လိုအပ်တဲ့ ရေဓာတ်ပြည့်ဝနေရင်တော့ အများပြောကြတဲ့ အသားအရေလှတာအပြင် ခန္ဓာကိုယ်ထဲက အင်္ဂါအစိတ်အပိုင်းတွေအတွက် ပါပိုပြီးကျန်းမာစေတဲ့ အကျိုးတွေရနိုင်ပါတယ်။ ဒါပေမဲ့အဲဒီအတွက် ရေကိုတစ်နေ့ ဆယ်ခွက်မပြည့်ပြည့်အောင်သောက်ရမယ်လို့မဆိုလိုဘူး။ မပြည့်ပြည့်အောင်သောက်စရာအထိလည်းမလိုပါဘူး။ အတတ်နိုင်ဆုံး သောက်နိုင်သလောက်လေးပဲ ပုံမှန်သောက်ရင်တော့ ပိုကောင်းတာပေါ့" ဟု ဒေါက်တာလှိုင်စိုးဝယ်က ဆက်လက်ပြောသည်။

ခန္ဓာကိုယ်အတွင်း ရေဓာတ်လုံလောက်စွာ ဖြည့်တင်းရန် အရေးကြီးသည်ဆိုသည်မှာ ပုံမှန်ကျန်းမာနေသူများအတွက် မှန်ကန်သော နည်းလမ်းတစ်ခုဖြစ်သော်လည်းသောက်ခြင်းသည် ရောဂါဝေဒနာအချို့ခံစားနေရသူများအတွက် ထိုခံစားနေရသည့်ဝေဒနာအားပိုမိုဆိုးရွားသွားစေနိုင်သည်ဆိုသည်အားလည်း မမေ့လျော့သင့်ကြောင်း အဆိုပါဆရာဝန်ကပြောသည်။

ခန္ဓာကိုယ်ထဲတွင် ရေနှင့်ဓာတ်ဆားအချိုးအဆညီမျှစေရန် ထိန်းချုပ်ပေးသည့် အစိတ်အပိုင်းများလည်းရှိပြီး နှလုံးကောင်းစွာ ပုံမှန်အလုပ်မလုပ်သူများ၊ အသည်းကောင်းစွာ အလုပ်မလုပ်သူများနှင့်ကျောက်ကပ်အလုပ်ကောင်းစွာမလုပ်သည့်အတွက် ရောဂါဝေဒနာခံစားနေရသူများသည် ပိုလျှံလွန်းသည့် ရေဓာတ်ကြောင့် ရောဂါများအား ဆိုးရွားသွားစေနိုင်ကြောင်းသိရသည်။

"အဲလိုလူနာတွေမှာ ရေဓာတ်ပမာဏများရင် ပိုပြီးဖောရောင်လာမယ်။ အသက်ရှူကျပ်မယ်။ နှလုံးခုန်မြန်တာတွေ၊ ကျောက်ကပ်ကြောင့် ဖောရောင်တဲ့ရောဂါတွေကိုခံစားရနိုင်တယ်။ ဒါကြောင့် ရေအရမ်းသောက်တာကောင်းတယ်ဆိုပြီးတော့လည်း အလွန်အကျွံမလုပ်ဖို့လိုတယ်။ တချို့က ရေသောက်တာကောင်းတယ်ဆိုတာကိုပဲ ကြည့်ပြီးဆိုးကျိုးတွေလည်း သိပ်ဂရုမပြုဘဲ ရေတွေကိုမဖြစ်မနေသောက်နေကြတာမျိုးလည်း ကြုံဖူးတယ်" ဟု အဆိုပါဆရာဝန်ကပြောသည်။

တစ်ညလုံး ခန္ဓာကိုယ်သည် အိပ်စက်အနားယူနေသော်လည်း အင်္ဂါအစိတ်အပိုင်းများမှာ အနားယူခြင်းမရှိကြပေ။ ထို့ကြောင့် မနက်မိုးလင်းသည့်အခါတွင် ထိုအစိတ်အပိုင်းများအတွက် လိုအပ်သည့်ရေအားပြန်လည်ဖြည့်တင်းပေးခြင်းသည် သင့်လျော်သည့်အတွက် အိပ်ရာထပြီးရေသောက်ခြင်းသည်လည်း ကျန်းမာရေးအရကောင်းမွန်သည့် အမူအကျင့်တစ်ခုဖြစ်ကြောင်း သိရသည်။ ထို့ပြင် ထမင်းမစားခင် တစ်နာရီခန့်ကြိုပြီး ရေသောက်ခြင်းသည်လည်း အစာကြေလွယ်သည့် အာနိသင်ကို ခံစားရနိုင်ကြောင်း နိုင်ငံတကာရှိကျန်းမာရေးဆိုင်ရာ ပညာရှင်များက အကြံပြုထားသည်များလည်းရှိသည်။

ထိုခန္ဓာကိုယ်အတွက် အရေးကြီးလှသည့်ရေသည်သန့်ရှင်းရန်လည်းလိုအပ်ပြီး မသန့်ရှင်းသည့်ရေများကြောင့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများဖြစ်ပေါ်ပြီး ရောဂါများခံစားကြရသည်များလည်းရှိသဖြင့်သောက်သုံးရေသန့်ရှင်းစေရန်လည်း ဂရုပြုသင့်ကြောင်း ဒေါက်တာလှိုင်စိုးဝယ်က ဆက်လက်ပြောသည်။

## အရွယ်ရောက်သူ အမေရိကန်လူမျိုး သုံးပုံနှစ်ပုံခန့် သာမန်ထက်ဝလွန်းနေဟု ပညာရှင်များ သတိပေး

**ဝါရှင်တန်၊ မေ - ၉**

အရွယ်ရောက်သူအမေရိကန်လူမျိုးသုံးပုံနှစ်ပုံခန့်သည်သာမန်ထက်ပိုဝလွန်းနေပြီး ယင်းရောဂါ ကပ်ဆိုးကို ဖြေရှင်းရန်အတွက် ကျောင်းများမှသည် စားသောက်ဆိုင်များအထိ အကျုံးဝင်သော မြို့ပြကျန်းမာရေးစီမံချက်တစ်ခု ရေးဆွဲကာ နိုင်ငံတော်မူဝါဒများ ချမှတ်သင့်ကြောင်း အမေရိကန် ဆေးပညာအင်စတီကျူဒ်Insiti-tute of Medicine (IOM) က တိုက်တွန်းလိုက်သည်။ ယင်းအဖွဲ့သည် အမျိုးသားအဆင့်အဝလွန်မှုတိုက်ဖျက်ရေးအတွက် စာမျက်နှာ ၄၀၀ ခန့်ပါဝင်သော အစီရင်ခံစာတစ်စောင်ကို ထုတ်ပြန်ခဲ့ပြီး အဝလွန်မှုများကြောင့် ဆေးကုသမှုကုန်ကျစရိတ်အဖြစ် တစ်နှစ်လျှင် ဒေါ်လာ ၁၉၀ ဒသမ ၂ ဘီလီယံခန့် ကုန်ကျနိုင်ကြောင်း တင်ပြထား သည်။

အစီရင်ခံစာတွင် လူငယ်များအကြား အဝလွန်မှုတိုက်ဖျက်ရန်ကျောင်းများ၌ ကျွေးသော နေ့လယ်စာတွင် အသီးအရွက်များများပါဝင်စေရန် အသက်ခြောက်နှစ်မှ ၁၈ နှစ်အရွယ်အတွင်း ကလေးများကို သကြားဓာတ်ပါဝင် သည့် အချိုရည်သောက်သုံးမှုများ ကန့်သတ်ရန် အကြံပေးထားသည်။

မကြာသေးမီက မြို့တော်ဝါရှင်တန်တွင် ပြုလုပ်ခဲ့သော အဝလွန်ခြင်းဆိုင်ရာဆေးပညာညီလာခံတစ်ခု၌လည်း အမေရိကန်မှ အရွယ်ရောက်သူ စုစုပေါင်း၏ ၄၂ ရာခိုင်နှုန်းသည် စားသောက်နေထိုင်ပုံစလေ့ ပြောင်းလဲခြင်းမရှိပါက ၂၀၃၀ပြည့်နှစ်အရောက်တွင် အဝလွန်သူများဖြစ်လာနိုင်ကြောင်း၊ ယင်းမှာ အမေရိကန်လူဦးရေ၏ ငါးဆယ်ရာခိုင်နှုန်းကျော်ဖြစ်ကြောင်း သိရသည်။

—Ref: Asiaone

**မွန်မြတ်ဆေးခန်း** မိသားစုဘဝ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ

**ဆေးခန်းသုံး တိုင်းရင်းဆေးများသာ**

**လိပ်ခေါင်းရောဂါကုသခြင်း**
- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။

**သွေးတိုးနှင့်ဆက်နွယ်သောနလုံးရောဂါ၊ သွေးထဲအဆီများသူများ ကုသခြင်း**
- (၁)ရက်တစ်ကြိမ်သောက်သုံးခြင်းဖြင့် သွေးဖိအားကို (၂၄)နာရီတည်ငြိမ်အောင် ထိန်းထားပေးနိုင်သည်။
- (၇)ရက်သောက်သုံးပါက ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ နားအူခြင်း၊ နားလေထွက်ခြင်း၊ မူးမော်ခြင်း၊ စိတ်ဆိုးလွယ်ခြင်း စသည့်ရောဂါလက္ခဏာများကို ဖယ်ရှားပေးသည်။
- (၆)လသောက်သုံးပါက နှလုံးနှင့်ဦးနှောက်သွေးကြောရောဂါ ပြဿနာများကို ဖြေရှင်းတားဆီးကာကွယ်ပေးပါသည်။ 30% Discount

**ဆီးချို၊ သွေးချိုရောဂါကုသခြင်း**
- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကို သာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။

( ဆေးခန်းဖွင့်ချိန် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ )

လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊ လမ်းမတော်မြို့နယ် ၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၂၂၅၃၃၂၊ ၀၉ ၇၃၁ ၇၁၀၃၃
အမှတ်-၁၈၇(A)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်။ ဖုန်း-၀၉ ၄၀၁ ၅၈၅၉၄၅

**ခိုင်ခိုင်ကျော် မြန်မာထမင်းဆိုင်**
**တက္ကသိုလ်ရိပ်သာလမ်း (ဆိုင်ခွဲ) ကို**
**စားသုံးသူများ ပိုမိုအဆင်ပြေစေရန်**



**၂၄-၅-၂၀၁၂ ရက်နေ့မှစ၍**

ပြည်လမ်း၊ (၅မိုင်ခွဲ)၊ မာလာဆောင်မှတ်တိုင်
ကမ္ဘာ့ဗောဓိဘော၊ သုခကမ္ဘာဆေးရုံအဝင်လမ်း၊
ပြည်လမ်းမမှ တတိယခြံ၊ အမှတ် (၆၁၇/A)သို့ပြောင်းရွှေ့၍

- ကျယ်ဝန်းသောကားရပ်နားရန်နေရာ
- အဲယားကွန်းပါရှိသော သီးသန့်အခန်းများ
- ကျေးလက်သဘာဝသုံးဆောင်နိုင်ရန် နေရာများဖြင့် ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ် ပါသည်။

ပါရမီဆိုင်ခွဲ - အမှတ်(၄၂/က)၊ ပါရမီလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ ပါရမီဂုံးကျော်တံတားကြီးအနီး။
ကုက္ကိုင်းဆိုင်ခွဲ - အမှတ်(၂၀/ခ)၊ တက္ကသိုလ်ရိပ်သာလမ်းဟောင်း၊ ကုက္ကိုင်းမီးပွိုင့်အနီး။
ဖုန်း ၀၉-၅၁၅၉၀၀၄၊ ၀၉-၇၃၀၀၀၇၀၇၊ ၀၉-၇၃၀၀၆၄၂၂
ဂန္ဓမာဆိုင်ခွဲ - Gandamar Wholesale ၊ (တောင်ဥက္ကလာဂေါက်ကွင်းအနီး)။

# Regional

7DAY NEWS JOURNAL

Vol.11, No.10 • MAY 17 , 2012


## ပညာရေးဘော်ဒါနှင့် ပုဂ္ဂလိကကျောင်း နေပြည်တော်တွင် လာဖွင့်

**ထူးသန့်**

**နေပြည်တော်၊ မေ-၆**

တက္ကသိုလ်ဝင်တန်းကျောင်းသားတစ်ယောက်အတွက် ငွေကျပ် ၂၅ သိန်းခန့်ဖြင့်လက်ခံသင်ကြားပေးမည့် ပညာရေးဘော်ဒါနှင့် ပုဂ္ဂလိကစာသင်ကျောင်းဟုဆိုသော ဝန်ဆောင်မှုလုပ်ငန်းတစ်ခု နေပြည်တော်ဒက္ခိဏသီရိမြို့နယ်တွင် ယနေ့ဖွင့်လှစ်ခဲ့သည်။

OIAC-2 ဟု အမည်ရသော အဆိုပါဝန်ဆောင်မှုလုပ်ငန်းကို နာမည်ကျော်စီးပွားရေးလုပ်ငန်းစုဖြစ်သည့် 'အော်ရီဂျင်နယ်ဂရု'၏ အကြီးအကဲဖြစ်ပြီး နေပြည်တော် ပုဗ္ဗသီရိမဲဆန္ဒနယ်မှ (ကြားဖြတ်ရွေးကောက်ပွဲတွင်) ဝင်ရောက်အရွေးခံရာတွင် အရေးနိမ့်ခဲ့သူဦးသာဌေး၏ မိသားစုဝင်များက ရန်ကုန်မြို့ရှိရုံးချုပ်၏လုပ်ငန်းခွဲအဖြစ် လာရောက်ဖွင့်လှစ်ခြင်းဖြစ်ကာ ဖွင့်ပွဲအခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ဟိုတယ်/ခရီးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် နေပြည်တော်ကောင်စီမှ တာဝန်ရှိသူအချို့ တက်ရောက်ခဲ့ကြသည်။ ဆင်းရဲနွမ်းပါးမှု ၂၆ ရာခိုင်နှုန်းမှ လျှော့ချရန် ကြိုးစားနေရသော မြန်မာနိုင်ငံတွင် အခြေခံလူတန်းစားများ၏ ပညာရေးအတွက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၊ ပရဟိတ ပညာရေးကဲ့သို့သော ကျောင်းများက ဝိုင်းဝန်းထောက်မ ကူညီနေရကြောင်း နေပြည်တော် ပျဉ်းမနားမြို့ရှိပရဟိတကျူရှင်ဆရာတစ်ဦးကပြောကြားသည်။ "ဒီမှာနှစ်ဆယ့်ငါးသိန်းမပြောနဲ့ နှစ်သိန်းခွဲတောင်မိဘတွေမတတ်နိုင်လို့ ကျွန်တော်တို့လိုလူတွေဝိုင်းကူနေရတယ်" ဟူ၍ ၎င်းက ပြောကြားသည်။

OIAC-2 တွင် ၁၀ တန်းကျောင်းသားတစ်ဦးအတွက် ဘော်ဒါဆိုလျှင် ၂၅ သိန်း၊ နေ့ကျောင်းတက်လျှင် ၁၇ သိန်း၊ ၉/၈တန်းကျောင်းသားတစ်ဦးအတွက်ဘော်ဒါ ၂၃ သိန်းနှင့်နေ့ကျောင်းတက်လျှင် ၁၅ သိန်း၊ ၅၊၆၊၇ တန်းကျောင်းသားအတွက် ဘော်ဒါ ၂၁ သိန်းနှင့် နေ့ကျောင်းတက်လျှင် ကျပ် ၁၂ သိန်းနှုန်းဖြင့် အသီးသီးသတ်မှတ်ထားကြောင်း သိရှိရသည်။

## နှစ်သိန်းတန်ဂျီအက်စ်အမ်ဖုန်းများ စစ်ကိုင်းနှင့် မန္တလေးဒေသအချို့တွင် လိုင်းမမိ

**ရန်နိုင်ကျော်**

**မုံရွာ၊ မေ - ၁၀**

မုံရွာမြို့တွင် ရောင်းချပေးလျက်ရှိသော ကျပ်နှစ်သိန်းတန် ဂျီအက်စ်အမ်မိုဘိုင်းတယ်လီဖုန်းအချို့ကို စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နေရာအချို့၌လိုင်းမိခြင်းမရှိခြင်းကြောင့် သုံးစွဲ၍မရသေးကြောင်း နှစ်သိန်းတန် မိုဘိုင်းဖုန်းသုံးစွဲသူများကပြောသည်။

"မုံရွာကနေ ချောင်းဦးမြို့တောင်ဘက် နတ်ရေကန်ကျေးရွာအထိတော့ ဂျီအက်စ်အမ်ဖုန်းလိုင်းတွေက မိသေးတယ်။ နတ်ရေကန် တောင်ဘက်ကနေ ထီးဆောင်းကျေးရွာအထိ ဖုန်းလိုင်းလုံးဝမမိသေးဘူး။ ထီးဆောင်းမှာ ဖုန်းလိုင်းမိတယ်ဆိုပေမယ့် တက်လိုက်ကျလိုက်ပဲ။ စစ်ကိုင်းဘက်မှာတော့ ဖုန်းလိုင်းတွေက အားလုံးကောင်းတယ်။ မန္တလေးဘက်မှာ ကျပ်နှစ်သိန်းတန် ဂျီအက်စ်အမ်ဖုန်းတွေက သုံးလို့ရတဲ့ဖုန်းတွေရှိသလို လုံးဝသုံးမရတဲ့ ဖုန်းတွေလည်း ရှိနေသေးတယ်။ ကျပ်နှစ်သိန်းတန် မိုဘိုင်းဖုန်းတွေက အသုံးတွင်ကျယ်နေချိန်မှာ ဖုန်းလိုင်းမမိလိုက်၊ မိလိုက်နဲ့ဆိုတော့ သုံးစွဲသူတွေ အခက်ကြုံနေရတယ်" ဟု မုံရွာမြို့ဒေသခံ မိုဘိုင်းဖုန်းအရောင်းဆိုင်ရှင် တစ်ဦးက ပြောသည်။



ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

"မန္တလေးမြို့ပေါ်မှာကျပ်နှစ်သိန်းတန် ဂျီအက်စ်အမ်ဖုန်းတွေက အုပ်စုလိုက် ဝယ်သူတွေထဲမှာ လိုင်းမတက်လို့ သုံးမရသူတွေလည်းရှိတယ်။ ဆက်သွယ်ရေးကွန်ရက်တွေ တိုးချဲ့တပ်ဆင်နေတဲ့ အချိန်မှာ ဆက်သွယ်ရေးစနစ်က မိတဲ့ဖုန်းရှိသလိုမမိတဲ့ဖုန်းတွေလည်းရှိတယ်။ အများစုက နယ်အတွက်ချထားပေးတဲ့ဖုန်းတွေ အသုံးပြုလို့မရတာဖြစ်နေပါတယ်။ ဆက်သွယ်ရေးတိုင်တွေ တိုးချဲ့တပ်ဆင်ပေးပြီးတဲ့အချိန်မှာတော့ နှစ်သိန်းတန် ဂျီအက်စ်အမ်ဖုန်းတွေ အသုံးပြုရတာပိုအဆင်ပြေလာမှာပါ"ဟု မန္တလေးမြို့ဒေသခံမိုဘိုင်းဖုန်းရောင်းသူတစ်ဦးက ပြောသည်။

"မြင်းမူမြို့နဲ့ မုံရွာမှာ ချထားပေးတဲ့ ကျပ်နှစ်သိန်းတန် ဂျီအက်စ်အမ်ဖုန်းလိုင်းတွေက မမိသေးဘူး။ ကျပ်နှစ်သိန်းတန် ဂျီအက်စ်အမ် တာဝါတိုင်တွေ တပ်ဆင်တာ နည်းသေးတာရော ဆက်သွယ်ရေးကွန်ရက်တွေ တိုးချဲ့တပ်ဆင်မှုတွေရော လိုအပ်နေသေးတယ်။ မြင်းမူမြို့နယ်အတွင်းက အလ္လကပ္ပကျေးရွာ၊ ထီးဆောင်းကျေးရွာ၊ ညောင်ပင်ဝန်းကျေးရွာ စတဲ့ကျေးရွာကြီးတွေမှာတောင် နှစ်သိန်းတန် ဂျီအက်စ်အမ်မိုဘိုင်းဖုန်းတွေ သုံးစွဲခွင့်မရသေးဘူး"ဟု မြင်းမူမြို့နယ် ဒေသခံ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

*စာ(၁၈) သို့*

## ဖိုလ်ဝင်တောင်နှင့် အင်ကြင်းတောင်အနီး ဒေသခံများ အင်ကြင်းကျောက် ရောင်းဝယ်သူ များပြားလာ

**ရန်နိုင်ကျော်**

**မုံရွာ၊ မေ - ၁၀**

မုံရွာခရိုင်၊ ယင်းမာပင်မြို့နယ်ဖိုလ်ဝင်တောင်နှင့် အင်ကြင်းတောင်အနီး ကျေးရွာများတွင် ယခုနှစ် မတ်လကုန်ရက်ပိုင်းမှစ၍ အင်ကြင်းကျောက် ရှာဖွေရောင်းချသူများရှိခဲ့သဖြင့် မေလဆန်းတွင် အင်ကြင်းကျောက်အဝယ်ဒိုင်များ ဖွင့်လှစ်ဝယ်ယူသူပိုမိုများပြားလာကြောင်း အဆိုပါဒေသခံများ ပြောကြားချက်အရသိရှိရသည်။

"အများစုကတော့ အင်ကြင်းတောင်ခြေမှာ အင်ကြင်းကျောက်သိုက်ရှာပြီး ရောင်းကြတာပါ။ ဖိုလ်ဝင်တောင်လမ်းခွဲမှာလည်း အင်ကြင်းကျောက်သိုက်ရလို့ ပုံမှန် ဝင်ငွေတွေရတဲ့သူရှိတယ်။ အင်ကြင်းကျောက်က လတ်တလော ကျောက်အရည်အသွေးပေါ် မူတည်ပြီး တစ်ပိဿာ ကျပ်နှစ်ရာကနေ ကျပ်ရှစ်ရာ အထိဈေးပေးဝယ်တယ်။ ဝယ်တဲ့ သူတွေကလည်း ကျေးရွာအရောက် အင်ကြင်းကျောက်အဝယ်ဒိုင်တွေ ဖွင့်ပြီးဝယ်တယ်" ဟု ယင်းမာပင်မြို့နယ်၊ ဖိုလ်ဝင်တောင် လမ်းခွဲတွင်နေထိုင်သော ဒေသခံတစ်ဦး ကပြောသည်။

"အင်ကြင်းကျောက်ကို အရင်တုန်းက ယာကြီးလမ်းခွဲအထိ သွားရှာကြသလို အလောင်းတော်တောင်ခြေမှာ ချောင်းတွေနဲ့ တောတောင်တွေမှာ လိုက်ရှာကြတယ်။ အခု မုံရွာမြို့ရဲ့ အနောက်ဘက်ကမ်း အင်ကြင်းတောင်နဲ့ ဖိုလ်ဝင်တောင်အနီးမှာ အရည်အသွေးကောင်းတဲ့ ကျောက်တွေရတော့ ဒေသခံတွေ ပုံမှန် ဝင်ငွေရတာပေါ့။ အင်ကြင်းကျောက်ကို အိမ်တွင်း အလှဆင်လုပ်ငန်း၊ လက်ဝတ်ရတနာတွေအဖြစ် အများဆုံး အသုံးပြုတဲ့နောက်ပိုင်း ပြီးခဲ့တဲ့ ဧပြီလအတွင်းကစပြီး အင်ကြင်းကျောက်၊ ထန်းကျောက်လက်ဝတ်ရတနာနဲ့ အိမ်တွင်းအလှဆင်လုပ်ငန်း လုပ်ကိုင်သူတွေကို ကျောက်မျက်ရတနာလုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားလုပ်ကိုင်ရတယ်။ ဒါကြောင့်တချို့ဝါသနာအရကျောက်မျက်ရတနာလုပ်ကိုင်သူတွေနဲ့ အရင်းအနှီး နည်းနည်းနဲ့ အင်ကြင်းကျောက်ပန်းပုလုပ်ငန်းလုပ်ကိုင်သူတချို့ လုပ်ငန်းတွေ နားထားရတယ်။ အင်ကြင်းကျောက်ကို ပြည်တွင်းပြည်ပဝယ်လိုအားတွေကြောင့် ချင်းတွင်းမြစ် အနောက်ဘက်ကမ်း ဖိုလ်ဝင်တောင်နဲ့ အင်ကြင်းတောင်တွေမှာ အင်ကြင်းကျောက်အဝယ်ဒိုင်တွေ ဖွင့်လှစ်ဝယ်ယူတာဖြစ်ပါတယ်"ဟု မုံရွာမြို့ဒေသခံ အင်ကြင်းကျောက်ပန်းပုဝါသနာရှင်တစ်ဦးကပြောသည်။

ဆားလင်းကြီးမြို့နယ်နှင့် ယင်းမာပင်မြို့နယ်အတွင်း ကျေးရွာများတွင် အင်ကြင်းကျောက် ဝယ်ယူသူများ လာရောက်ကြသည့်နောက်ပိုင်း ဖိုလ်ဝင်တောင်နှင့် အင်ကြင်းတောင် အနီးတစ်ဝိုက် တောတောင်များတွင် အင်ကြင်းကျောက် ရှာဖွေတူးဖော်သူ ပိုမိုများပြားလာကြောင်း အဆိုပါဒေသခံများ၏ ပြောကြားချက်အရ သိရှိရသည်။




7 DAY NEWS JOURNAL
Vol.11, No.10 • MAY 17 , 2012

# နေပြည်တော်တွင် ကျေးရွာမီးလင်းရေးနှင့်ပတ်သက်၍ အငြင်းပွားမှုဖြစ်ပေါ်

ထူးသန့်

နေပြည်တော်၊ မေ - ၁၁

**နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်း ပါဝင်သော နတ်သူရဲကျေးရွာတွင် ကျေးရွာလျှပ်စစ်မီးရရှိရေး ကိုယ်ထူကိုယ်ထ ဆောင်ရွက်ကြရာမှ အပြန်အလှန်အငြင်းပွားမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရသည်။**

ဂျာမနီနိုင်ငံအခြေစိုက်ပြည်သူလူထုအကျိုးပြု လူငယ့်ရိပ်မွန် YIC အဖွဲ့နှင့် ပြည်တွင်းလူမှုရေးအဖွဲ့များ ရှိနေရုံသာမက ၂၀၁၀ အတွင်း တောင်ကိုရီးယားနိုင်ငံသို့ စိုက်ပျိုးရေးဆိုင်ရာ လေ့လာရေးခရီးစဉ်ကို လိုက်ပါခွင့်ရသည်အထိ ညီညွတ်ပြီးဖွံ့ဖြိုးခဲ့သော အိမ်ခြေ ၃၈၅ အိမ်ရှိ အဆိုပါကျေးရွာ၌ လျှပ်စစ်မီးရရှိရေး ကိုယ်ထူကိုယ်ထ ဆောင်ရွက်ရာမှ ယခုကဲ့သို့ အငြင်းပွားမှုများ စွပ်စွဲတိုင်တန်းမှုများဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း ကျေးရွာသားများထံမှ သိရသည်။

၎င်းကျေးရွာ အပါအဝင် အခြားရွာလေးရွာဖြင့် ဖွဲ့စည်းထားသော နတ်သူရဲအုပ်စုတစ်စုလုံး လျှပ်စစ်မီးရရှိရေးအတွက် ကျေးရွာအလိုက် ကော်မတီများ ဖွဲ့စည်းခဲ့ကြောင်း၊ နတ်သူရဲကျေးရွာတွင် ယခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့က အစည်းအဝေးခေါ်ပြီး မီးလင်းရေးကော်မတီဖွဲ့စည်းခဲ့ကြောင်း ယင်းနောက်မိသားစု တစ်ခုချင်းစီ၏ မြေယာကွဲ့နွား၊ စက်ပစ္စည်းပိုင်ဆိုင်မှုအလိုက် ကျပ်ငါးသိန်း၊ လေးသိန်း၊ သုံးသိန်း၊ နှစ်သိန်းနှင့် တစ်သိန်းခွဲနှုန်းဖြင့် သတ်မှတ်ကာ ကောက်ခံခဲ့ခြင်းဖြစ်ကြောင်း ရပ်မိရပ်ဖဖြစ်သူ ဦးညွန့်တင်က ပြောသည်။

"ဒီငွေတွေကို ကျွန်တော်တို့ တွက်တာမဟုတ်ပါဘူး။ ပညာရှင်တွေကတွက်ပေးတာပါ။ ပစ္စည်းကိုလည်း ကုမ္ပဏီနဲ့ တိုက်ရိုက်ချိတ်ဆက်ပြီး လုပ်တာပါ။ ကော်မတီအနေနဲ့ ငွေကြေးကိစ္စကို တာဝန်ယူပေးတာပဲရှိပါတယ်" ဟူ၍ ကော်မတီဝင်တစ်ဦးကပြောကြားသည်။ ကျပ်သိန်း ၇၀၀ ခန့်ကုန်ကျမည့် အဆိုပါကျေးရွာအတွက် လောလောဆယ် ကျပ်သိန်း ၅၀၀ ခန့်ရရှိထားပြီး သိန်း ၂၀၀ ခန့်မှာ ကောက်ခံရရှိရန် ခက်ခဲလျက်ရှိကြောင်းလည်း သိရသည်။

"၂၀၁၅ မှာဒို့ပါတီနိုင်ရင် လျှပ်စစ်မီးက အလကားရမှာဆိုပြီး သူတို့က လိုက်ပြောတော့ကျန်တဲ့ သူတွေက မပေးချင်တော့ဘူး။ သူတို့ကိုယ်တိုင်ကတော့ အကျေပေးပြီးပြီ။ ဒါပေမဲ့ ၁၃ ရက်တနင်္ဂနွေနေ့မှာ မီးလင်းမှာဆိုတော့ မီးရပြီးမှပဲ လိုက်စည်းရုံးရဦးမယ်" ဟူ၍ အင်န်အယ်လ်ဒီပါတီဝင်နှစ်ဦး၏ စည်းရုံးမှုများကြောင့် ဖြစ်ပေါ်လာရသည့် အခြေအနေကို ဦးညွန့်တင်ကပင် ဆက်လက်ရှင်းပြသည်။ ပျဉ်းမနားမြို့မှ အင်န်အယ်လ်ဒီပါတီဝင်တစ်ဦးကမူ "၂၀၁၅ မှာ ပါတီကနိုင်လည်း နိုင်ငံက ဆင်းရဲနေတော့ဘယ်လိုလုပ် အလကားပေးနိုင်မှာလဲ" ဟူ၍ ပြောဆိုသည်။

အဆိုပါကျေးရွာနေ အင်န်အယ်လ်ဒီပါတီဝင်နှစ်ဦးဖြစ်သော ဦးခင်မောင်တင့်နှင့်ဦးကျော်နိုင်တို့ကမူ မီးလင်းရေး ကော်မတီအဖွဲ့ဝင်များကို ရွာသူရွာသားများ မသိရှိကြကြောင်း၊ လမ်းမီး၊ အိမ်မီးအားလုံး လင်းမည်ဟုဆိုသော်လည်း လမ်းကြားအချို့နှင့် အိမ်ခြေ ၄၀ ခန့်မီးလင်းရန် ခက်ခဲနေကြောင်း၊ မီးတိုင်များ စိုက်ထူရာတွင် အုပ်ချုပ်ရေးမှူးနှင့်ကော်မတီဝင်များ၏ နီးစပ်ရာအိမ်၊ လမ်းများအား ဗဟိုပြု၍ စိုက်ထူထားကြောင်းစသည်ဖြင့် နေပြည်တော်ကောင်စီသို့ လိပ်မူတိုင်ကြားခဲ့ကြောင်းသိရသည်။

# တောင်သူစုဆောင်းငွေများ ပြန်ထုတ်ပေးပြီ

ထူးသန့်

နေပြည်တော်၊ မေ - ၁၁

လယ်သမားများ၏ နှစ်ပေါင်းများစွာစုထားခဲ့သော စုဆောင်းငွေများကိုမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တောင်သူလယ်သမားများသို့ ပြန်လည်ထုတ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။


"မနေ့ကပဲ အဲဒီဘဏ်ကနေ အစည်းအဝေးဖိတ်လို့သွားတာ။ တောင်သူစုဆောင်းငွေပြန်ထုတ်ပေးမယ်ပေါ့။ ဦးတို့အုပ်စုကတော့ ၁၄ ရက် (တနင်္လာ) မှာ ထုတ်ရမှာပါ။ တောင်သူတစ်ဦးချင်းကို လယ်ကေအနည်းအများအလိုက် တစ်သိန်းနီးပါးအထိထုတ်ရမှာပါ" နေပြည်တော်ပျဉ်းမနားမြို့နယ်မှ ရပ်/ကျေးအုပ်ချုပ်ရေးမှူးတစ်ဦးဖြစ်သူ ဦးကိုကိုက ပြောသည်။

ယခုကဲ့သို့စုဆောင်းငွေများပြန်လည်ထုတ်ပေးရာတွင် တစ်ဦးချင်းအလိုက် ဘဏ်တွင် နှစ်ထောင်ကျပ်စီခွဲတာငွေအဖြစ်ပြန်လည်ထားရှိခဲ့ရကြောင်း၊ အချို့အုပ်စုများမှာပြီးခဲ့သည့်ရက်ပိုင်းကတည်းက ထုတ်ယူခဲ့ကြောင်း ၎င်းကပြောသည်။ ထုတ်ယူရာတွင် ငွေစုစာအုပ်နှင့် မှတ်ပုံတင်ယူဆောင်သွားရကြောင်းနှင့် အချို့သောတောင်သူများ၏ ငွေစုစာအုပ်များမှာမူ ပယ်ဖျက်ခံရကြောင်းလည်း သိရှိရသည်။ "ဒီစု ငွေကမိုးစပါးစိုက်ပျိုးချိန်ထုတ်ချေးတဲ့အမတော်ကြေးပေးတဲ့အချိန်မှာ တစ်ဆယ်ရာခိုင်နှုန်းဆီပြန်ချန်ပြီးစုထားခဲ့ရတယ်။ အဲဒါ ၂၀၀၅ ခုနှစ်နောက်ပိုင်းချေးငွေမထုတ်တဲ့ လယ်သမားတွေရဲ့ ငွေစုစာအုပ်တွေကတော့ ပယ်ဖျက်ခံရတယ်" ဟူ၍လည်း လယ်သမားကြီးတစ်ဦးက ပြောသည်။

အဆိုပါစုဆောင်းငွေများ ပြန်လည်ထုတ်ပေးရန်အတွက် ပြီးခဲ့သည့်မတ်လ ၈ ရက်က ကျင်းပပြုလုပ်ခဲ့သော အမျိုးသားလွှတ်တော်အစည်းအဝေးတွင်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က လယ်/ဆည်ဝန်ကြီးဌာန၊ ပြည်ထောင်စုဒုတိယဝန်ကြီးဦးအုန်းသန်းကို ပြောကြားခဲ့ခြင်းဖြစ်သည်။ "စုငွေဆိုတာငွေပိုငွေလျှံ ရှိမှရနိုင်တာ။ ငွေပိုငွေလျှံမရှိဘဲ စုခိုင်းတာ အဓိပ္ပာယ်မရှိဘူး" ဟူ၍လည်း ဦးခင်အောင်မြင့်ကပင် ထိုစဉ်ကပြောကြားခဲ့သည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်တွင် ၁၉၉၃ ခုနှစ်မှစတင်၍ ယင်းစနစ်ကို ကျင့်သုံးလာခဲ့ရာ ယနေ့အချိန်တွင် တောင်သူ သုံးသန်းကျော်တို့၏ စုဆောင်းငွေသန်းခြောက်သောင်းကျော် (၆၄၃၃၇ ဒသမ ၁၂ သန်း) ရှိကြောင်း သိရသည်။ ယခုကဲ့သို့ စုဆောင်းငွေပြန်လည်ထုတ်ပေးချင်းအပေါ် "တကယ်ကို အံ့အားသင့်မိပါတယ်။ ရမယ်လို့တောင်မထင်ခဲ့ပါဘူး" ဟူ၍ စုဆောင်းငွေခြောက်သောင်းကျော်ပြန်လည်ထုတ်ယူရမည့် ကံဦးအုပ်စုမှ လယ်သမားကြီးတစ်ဦးကပြောသည်။

စာ(၁၈) သို့



7DAY NEWS JOURNAL
Vol.11, No.10 • MAY 17 , 2012

# မုံရွာ – စစ်ကိုင်းလမ်းနှင့် ရွှေဘို – စစ်ကိုင်းလမ်းပိုင်း ထပ်ပိုးကတ္တရာလမ်းအဆင့် တိုးမြှင့်ဖောက်လုပ်

**ရန်နိုင်ကျော်**

**မုံရွာ၊ မေ - ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မော်တော်ယာဉ်သွားလာမှု အများဆုံးလမ်းမကြီးများဖြစ်သော စစ်ကိုင်း-မုံရွာလမ်းပိုင်းနှင့် စစ်ကိုင်း-ရွှေဘိုလမ်းပိုင်းတွင်း လမ်းပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသော နေရာအချို့၌ ကျောက်ကြီးစီလမ်းကြမ်းအဖြစ် ယာယီထပ်ပိုးဖောက်လုပ်ထားချိန်က ယာဉ်မောင်းများအားလုံးက လမ်းဆိုးကြီးဟု သတ်မှတ်ခဲ့သောနေရာများအား ယခုနှစ် မေလဆန်းပိုင်းတွင် ထပ်ပိုးကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ဖောက်လုပ်လျက်ရှိကြောင်း မုံရွာမြို့ခံယာဉ်မောင်းများပြောကြားချက်အရ သိရှိရသည်။

စစ်ကိုင်း-မုံရွာလမ်းပိုင်းနှင့် ရွှေဘို-စစ်ကိုင်းလမ်းပိုင်းအား ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိပြီး ယခင်က အဆိုပါလမ်းပိုင်း၏ပေါက်ပြဲနေရာများအား ဖာထေးပြုပြင်သည့်စနစ်မှ လမ်းပိုင်းအလိုက် ထပ်ပိုးကတ္တရာခင်းခြင်း၊ မူးမြစ်ရေကျော်သော ညောင်ပင်ဝန်းကျေးရွာအနီးတစ်ဝိုက်တွင် လမ်းရေကျော်မှုမရှိစေရန် လမ်း မြေသားမြှင့်တင်ခြင်း၊ ရေစီးရေလာကောင်းမွန်စေရန် လမ်းတံတားများ တိုးချဲ့ဖောက်လုပ်ခြင်း လုပ်ငန်းများအား ယခုနှစ်အတွင်း အကောင်အထည်ဖော်တည်ဆောက်လျက်ရှိကြောင်း သိရှိရသည်။



*မုံရွာ–စစ်ကိုင်းလမ်းပိုင်းတွင် ထပ်ပိုးကတ္တရာလမ်း ခင်းနေစဉ်*

# ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းရေး ရန်ပုံငွေအဖွဲ့၏အရေးတကြီး ထိန်းသိမ်းရန်လိုအပ်သော အာရှ ၁၀ နေရာတွင် မြောက်ဦးလည်း ပါဝင်

**မောင်မိုးသက်(စစ်တွေ)**

**စစ်တွေ၊ မေ-၉**

ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်များထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့(GHF) အဖွဲ့၏ အရေးတကြီး ထိန်းသိမ်းရန် လိုအပ်သော အာရှနိုင်ငံဆယ်နိုင်ငံစာရင်းတွင် မြန်မာနိုင်ငံမှ မြောက်ဦးမြို့လည်း အပါအဝင်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ဆယ်နိုင်ငံစာရင်းတွင် ပါဝင်သော အချိန်မီထိန်းသိမ်းရန်လိုအပ်သည့် တန်ဖိုးမဖြတ်နိုင်သော သမိုင်းယဉ်ကျေးမှုအမွေအနှစ်ထွန်းကားရာ နိုင်ငံများမှာ တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ အာဖဂန်နစ္စတန်၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်အတူ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ရှိ မြောက်ဦးမြို့မှာလည်းအရေးတကြီးပျောက်ကွယ်မသွားရေးထိန်းသိမ်းရန် လိုအပ်သည်ဟု သိရှိရသည်။

အဆိုပါ ပျောက်ကွယ်ပျက်စီးလုနီးပါးဖြစ်နေသောရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ဤကဲ့သို့ ဖြစ်ရခြင်းမှာ ကမ္ဘာလှည့်ခရီးသွားများ တစ်ဟုန်ထိုး ဝင်ရောက်လာမှု၊ ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းမှုမရှိခြင်း၊ လုံလောက်သော စီမံခန့်ခွဲမှုမရှိခြင်းအပြင် ခိုးဝှက်လုယက်မှုများနှင့် လက်နက်ကိုင်ပဋိပက္ခစစ်ပွဲများ ဖြစ်ပွားသောင်းကျန်းမှုများ ဖြစ်ကြောင်း GHF ၏ ၂ နှစ်တာ အစီရင်ခံစာများအရသိရှိရသည်။

စစ်တွေမြို့တွင်နေသူ ရှေးဟောင်း သမိုင်းပညာလေ့လာသူတစ်ဦးက လည်း "မြောက်ဦးမှာရှိတဲ့တချို့ဘုရားပုထိုးလက်ရာတွေဟာပျက်စီးနေတာတွေ့ရတယ်။ အချိန်မီ ထိန်းသိမ်းဖို့လိုတယ်။ တန်ဖိုးမဖြတ်နိုင်တဲ့ဗိသုကာလက်ရာတွေ ပျောက်ကွယ်သွားမယ်ဆိုရင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေ ထိန်းသိမ်းတာ အားနည်းလို့ပဲဖြစ်လိမ့်မယ်"ဟု သုံးသပ်ပြောကြားသည်။

# လေးမြို့မှမောင်တောနယ်စပ်သို့ ဝါးတင်ပို့မှု လျော့နည်းလာ

**မင်းသိန်းအောင်**

**မောင်တော၊ မေ-၁၀**

မောင်တောနယ်စပ်သို့ နှစ်စဉ်အမြောက်အမြားတင်ပို့လျက်ရှိသော လေးမြို့ဒေသထွက် ဝါးများမှာ ယခုနှစ် ဝါးရာသီအတွင်း တင်ပို့မှုများစွာ လျော့နည်းကျဆင်းသွားကြောင်း လေးမြို့ဒေသ ဝါးလုပ်ငန်းရှင်များကပြောသည်။

လေးမြို့ဒေသထွက် ဝါးများမှာ မောင်တောနယ်စပ်နှင့် စစ်တွေခရိုင်၏ ဝါးလိုအပ်ချက်ကို အဓိကဖြည့်ဆည်းပေးလျက်ရှိကြောင်း သိရသည်။ သို့ရာတွင် ယခုနှစ်များအတွင်း လေးမြို့ဒေသ၌ သဘာဝအလျောက် ဝါးတောကြီးများ ပြုန်းတီးလာခဲ့ပြီး ဝါးအထွက်နှုန်းမှာလည်း သိသာစွာလျော့နည်း ကျဆင်းလာခြင်းကြောင့် မောင်တောနယ်စပ်သို့တင်ပို့နိုင်မှုလျော့နည်းခဲ့ရခြင်းဖြစ်ကြောင်း ဝါးလုပ်ငန်းရှင်များကဆိုသည်။

"အရင်နှစ်တွေတုန်းကဆိုရင်နွေရာသီမကုန်ခင်မောင်တောနယ်စပ်ဘက်ကို လေးငါးခေါက်လောက်ပို့ပြီးပြီ။ ဒီနှစ်တော့ သုံးခေါက်ပဲ ရောက်နိုင်လိုက်ပါတယ်။ ဝါးတောကြီးတွေ ပြုန်းတီးသွားတော့ပင်ရင်းမှာဝါးစုဆောင်းရတာက အချိန်တွေ ပိုကြာလာတယ်။ အခက်အခဲတွေ ပိုများလာတယ်။ အရင်နှစ်တွေတုန်းကလိုလို သလောက်မရနိုင်တော့ဘူး။ အဲဒါကြောင့်ဒီနှစ်မှာ မောင်တောနယ်စပ်ဘက်ကို ဝါးတင်ပို့နိုင်မှုလျော့နည်းခဲ့ရတာ ဖြစ်ပါတယ်" ဟုလေးမြို့ဒေသ အထက်လေညင်းတောင်ကျေးရွာမှ ဝါးလုပ်ငန်းရှင် ဦးကျော်သာက ပြောသည်။



*လေးမြို့ဒေသ၏ ဝါးလုပ်ငန်းခွင်နေရာတစ်ခုကို မြင်တွေ့ရစဉ်*

လေးမြို့ဒေသသည် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဝါးအဓိကထွက်ရှိရာ ဒေသတစ်ခုဖြစ်ပြီး တစ်ဘက်ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်မောင်တောနယ်စပ်သို့ နှစ်စဉ်ဝါးအလုံးရေ သိန်းရာကျော် တင်ပို့ရတတ်ကြောင်း သိရသည်။ ဒေသခံဝါးလုပ်ငန်းရှင်များအနေဖြင့် ယခင်က ဒေသတွင်း ပင်ရင်းနေရာ၌ ဝါးအလုံးရေ ၁၀၀ လျှင် ကျပ် ၈,၀၀၀ ခန့်ဖြင့် လုပ်ကိုင်ခွင့် ရရှိခဲ့ကြသော်လည်း ယခုနှစ်တွင်မူ ဝါးအလုံးရေ ၁၀၀ လျှင် ပင်ရင်းနေရာ၌ပင် ကျပ် ၁၈,၀၀၀ ခန့် ဈေးပေါက်လျက်ရှိသည်။

# ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ တစ်ခွေထောင့်ငါးရာကျပ်ဖြင့် ရောင်းသူကို ရဲစခန်းတိုင်ကြား

**မြတ်စုမွန်**

**သံတွဲ၊ မေ-၇**

အင်န်အယ်လ်ဒီရုံး ရန်ပုံငွေအတွက်ဟုဆိုကာ ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိဗီဒီယိုခွေအား တစ်အိမ်တက်ဆင်း ရောင်းချနေသူတစ်ဦးကို လိမ်လည်မှုဖြင့် တိုင်ချက်ဖွင့်ထားကြောင်း ရခိုင်ပြည်နယ်၊ သံတွဲမြို့ရှိ အင်န်အယ်လ်ဒီရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အင်န်အယ်လ်ဒီရုံး နေရာအသစ်မှာ ဖွင့်မယ်ဆိုတာ မဟုတ်ဘူး။ အဲဒီလူကို ရဲစခန်းမှာ တိုင်ထားတယ်။ ရန်ပုံငွေအတွက်ရောင်းဖို့ အဲလိုတစ်ယောက်တည်း လွှတ်တာမျိုးလည်း မရှိဘူး။ အဖွဲ့လိုက်ကားတွေနဲ့ သွားကြတာ"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိ ဗီဒီယိုခွေ တစ်ခွေလျှင် ၁,၅၀၀ ကျပ်နှုန်းဖြင့် လိုက်လံရောင်းချနေသူသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်အောင်ဆန်းစုကြည်ပုံရိုက်နှိပ်ထားသည့် တီရှပ်ကို ဝတ်ဆင်ထားပြီး သံတွဲမြို့ရှိ ရပ်ကွက်များသို့ ဆိုင်ကယ်တစ်စီးဖြင့် တစ်ဦးတည်း လှည့်လည်သွားလာနေခြင်းဖြစ်ကြောင်း သံတွဲဒေသခံများထံမှသိရသည်။

"တစ်ခွေကို ၁,၅၀၀ ဆိုတာ မများဘူးလားမေးတော့ အခွေဝယ်တဲ့လူတိုင်းကို ဗိုလ်ချုပ်ပုံပါတဲ့ တီရှပ်တစ်ထည်စီ လက်ဆောင်ပြန်ပေးမှာမို့လို့ပါတဲ့။ ပြီးတော့ အင်န်အယ်လ်ဒီရုံးသစ် ဖွင့်ရင်လည်း ရုံးဝန်ထမ်းတွေ ခန့်ဖို့လိုတယ်။ အင်န်အယ်လ်ဒီထဲကိုဝင်ရင် ယိုးဒယားဆိုင်ကယ် တစ်စီးပေးမယ်ဆိုပြီး ပြောသွားသေးတယ်"ဟု သံတွဲမြို့၊ အမှတ် ၄ ရပ်ကွက်မှ ဒေသခံ ဒေါ်စန်းစန်းဝင်းကပြောသည်။

"ညနေကျရင် တီရှပ်တစ်ထည်စီ လက်ဆောင်ပြန်လာပေးမယ်ဆိုပြီး ဒီနေ့ထိ ပေါ်မလာလေဘူး။ အမှန်အကန် ရန်ပုံငွေအတွက်ဆိုရင် ငါးထောင်ဆိုလည်း ထည့်ဖို့ ဝန်မလေးပါဘူး။ အခုတော့အလိမ်ခံလိုက်ရတာပေါ့"ဟု ၎င်းကဆက်လက်ပြောသည်။

သံတွဲမြို့၊ အမှတ် ၁ ရပ်ကွက်၊ မြို့နယ်တရားရုံးအနီးတွင် အင်န်အယ်လ်ဒီရုံး ဖွင့်လှစ်ရန် မြေနေရာရရှိထားပြီး အဆောက်အအုံဆောက်လုပ်ရန်အတွက် ရန်ပုံငွေလိုအပ်နေကြောင်းလည်း ထိုသူက ပြောဆိုရောင်းချကြောင်း သံတွဲမြို့၊ အမှတ် ၄ ရပ်ကွက်မှ ဒေသခံတစ်ဦးက ပြောသည်။

"စိတ်ထဲမှာ ဒီလူ လိမ်နေတာလားလို့ ထင်လိုက်တယ်။ ဒါပေမဲ့ စစ်စစ်ပေါက်ပေါက် မေးဖို့ကျတော့ အားနာလို့ ၅၀၀ ပဲတန်တဲ့ ကော်ပီခွေကို ၁,၅၀၀ နဲ့ ဝယ်ထားလိုက်ရတယ်"ဟု အမှတ်(၄) ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းမှ ဒေသခံတစ်ဦးကပြောသည်။

**PRIVATE ENGLISH CLASSES**
**(ILBC ဆရာဖြစ်သင်တန်း တက်ရောက်ပြီး)**
အသက်(၅)နှစ်မှ (၁၈)နှစ် လူငယ်များအတွက်
Grammar, Reading, Writing, Speaking, Listening, Study Guide
အထူးသင်ကြားပေးသည်။
***အချိန်ညှိပေးသည်။***
*ဖုန်း-၅၃၇၃၃၇၊ ၀၉၅၀ ၄၂၅၄၇၊ ၀၉ ၅၄၁ ၉၄၆၂*

**ဝန်ထမ်းအလိုရှိသည်**
**ယာဉ်မောင်း (ကျွမ်းကျင်) - ကျား (၃) ဦး**
- အသက် ၂၅ - ၃၅ နှစ်အတွင်း
- အခြေခံပညာအထက်တန်းအဆင့်
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၃ နှစ် ရှိရမည်။
**အထွေထွေ ဝန်ထမ်း - ကျား (၁၀)ဦး**
- အသက် ၂၀ - ၃၅ နှစ်အတွင်း
- အခြေခံပညာ အထက်တန်းအဆင့်
- ကျန်းမာရေးကောင်းမွန်ပြီး သွက်လက်တက်ကြွသူဖြစ်ရမည်။
- နေစရာပေးမည်။
**အမှတ်(၄၃)သမ္မာဒိဋ္ဌိလမ်း၊တာမွေမြို့နယ်။ (ဖုန်း ၀၉ -၇၃၀၂၇၇၃၃)**

**တိုက်ခန်းရောင်းမည်**
47'x27' ပေ၊ HK ၂ လွှာ၊ အခန်းတွင်း အဆင့်မြင့်ပြင်ဆင်ပြီး အဲကွန်း၊ ရေပူရေအေးစနစ်၊ စလောင်း၊ ကြိုးဖုန်းအပါအဝင် မြေညီထပ်၊ ကားဂိုထောင်ပါဝင်သည်။
အမှတ်(၆၉-၇၀)၊ တတိယထပ်၊ ဗဟိုရ်ရိစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်။
ဆက်သွယ်ရန်ဖုန်း - ၀၉၅၁၇၈၀၁၉၊ ၂၂၉၃၃၅

7 DAY NEWS JOURNAL
Vol.11, No.10 · MAY 17 , 2012

# မြောက်ဦး ကံလှချောင်း တိမ်ကောပျောက်ကွယ်စပြုလာ

**မင်းသိန်းအောင်**

**မြောက်ဦး၊ မေ-၁၀**

ရခိုင်လူမျိုးတို့၏ ရှေးဟောင်းယဉ်ကျေးမှု မြို့တော်ဖြစ်သည့် မြောက်ဦးမြို့အား ဖြတ်သန်းစီးဆင်းလျက်ရှိသည့် ကံလှချောင်းမှာ တိမ်ကောပျောက်ကွယ်စပြုနေပြီ ဖြစ်ကြောင်း မြောက်ဦးမြို့ခံများက ပြောသည်။

ကံလှချောင်းသည် ယခင်က မော်တော်ဘုတ်ကြီးများ ဝင်ထွက်သွားလာ အသုံးပြု၍ ရခဲ့သော ချောင်းတစ်ခုဖြစ်ပြီး ရေလမ်းဆက်သွယ်ရေးလုပ်ငန်းများ၌တွင်ကျယ်စွာအသုံးပြု၍ ရခဲ့သော ချောင်းတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

"အရင်တုန်းကဆိုရင် စစ်တွေကို တင်ပို့မယ့် ကုန်စည်တွေ၊ မြောက်ဦးမြို့ကို တင်သွင်းလာတဲ့ ကုန်စည်တွေကို ဒီချောင်းကပဲ အတင်အချပြုလုပ်ခဲ့ကြတာ" ဟု မြောက်ဦးမြို့မှ ရှေးမီနောက်မီ ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ ကံလှချောင်းမှာ အမှိုက်သရိုက်များနှင့် စွန့်ပစ်ပစ္စည်းများအား မဆင်မခြင် စွန့်ပစ်ခဲ့ခြင်းကြောင့် နှစ်ပေါင်းများစွာကြာလာသည်နှင့်အမျှ တိမ်ကောလာရခြင်း ဖြစ်ကြောင်း သိရသည်။

"အဓိကကတော့ ဒီအနီးတစ်ဝိုက်မှာ ဆန်စက်ကြီးတွေတည်ခဲ့တယ်။ ဆန်စက်ကထွက်တဲ့ ဖွဲခွံတွေကို ဒီချောင်းထဲကိုပဲ နှစ်ပေါင်းများစွာ စွန့်ခဲ့ကြတာ။ အဲဒီဖွဲခွံတွေဟာ နှစ်ပေါင်းများစွာ အနည်ထိုင်ပြီးတော့ တဖြည်းဖြည်းနဲ့ တိမ်ကောလာခဲ့တာဖြစ်တယ်။ အခုဆိုရင် ဒီချောင်းကို လုံးဝအသုံးပြုလို့ မရတော့တဲ့အခြေအနေထိတောင် ရောက်သွားခဲ့ပါပြီ"ဟု မြောက်ဦးမြို့မှ မြို့မိမြို့ဖတစ်ဦးကပြောသည်။

မြောက်ဦးမြို့၌ မြို့တွင်းသို့ ကွေ့ကောက်စီးဆင်းလျက်ရှိသော အချို့ချောင်းများမှာလည်း တိမ်ကောလာမှုများရှိနေပြီး ယင်းတို့၏ အကျိုးသက်ရောက်မှုများအဖြစ် မိုးရာသီအတွင်း မြို့တွင်း၌ ရေလျှံမှုများကို နှစ်စဉ်ကြုံတွေ့လာရကြောင်း မြောက်ဦးမြို့ခံများကပြောသည်။



*တိမ်ကောပျောက်ကွယ်စပြုနေပြီဖြစ်သည့် ကံလှချောင်းကို ယခုနှစ်ဧပြီလ နောက်ဆုံးပတ်က တွေ့ရစဉ်*

# ကယားပြည်နယ်တွင် အများပိုင် ကုမ္ပဏီတစ်ခု ဖွဲ့စည်းတည်ထောင်မည်

**ကြီးမြင့်နိုင်(လွိုင်ကော်)**

**လွိုင်ကော်၊ မေ-၇**

ကယားပြည်နယ်တွင် အများပိုင်ကုမ္ပဏီတစ်ခု ဖွဲ့စည်းထူထောင်နိုင်ရေးအတွက် ကုမ္ပဏီဖွဲ့စည်းရေးနှင့်စပ်လျဉ်းသည့် ဆုံးဖြတ်ချက်များကို ယခုလ ၁ ရက်က ကော်မတီအစည်းအဝေး ပြုလုပ်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

တရားဝင် ဖွဲ့စည်းသွားမည့် ကယားပြည်နယ် အများပိုင်ကုမ္ပဏီသည် အစုရှယ်ယာတန်ဖိုးတစ်စုလျှင် ၁၀,၀၀၀ ကျပ် သတ်မှတ်ပြီး တစ်ဦးချင်း ဝယ်ယူနိုင်သည့် အများဆုံးအစုရှယ်ယာ အရေအတွက်မှာ ၁၅,၀၀၀စုဖြစ်ကြောင်း၊ အစုရှယ်ယာအရေအတွက်စုစုပေါင်း၅၀,၀၀၀ စုနှင့် အထက်အကန့်အသတ်မရှိလက်ခံသွားမည်ဖြစ်ကြောင်း အစည်းအဝေးမှတ်တမ်းအရ သိရသည်။

အဆိုပါအစည်းအဝေးတွင် အစုရှယ်ယာတန်ဖိုးသတ်မှတ်ခြင်း၊ အစုရှယ်ယာ အရေအတွက်သတ်မှတ်ခြင်း၊ တစ်ဦးချင်း အစုရှယ်ယာ ဝယ်ယူနိုင်သည့် အရေအတွက် သတ်မှတ်ခြင်း၊ အစုရှယ်ယာဝင် သတ်မှတ်ခြင်း၊ အစုရှယ်ယာ အဆိုပြုလွှာခေါ် ယူမည့်နည်းလမ်းသတ်မှတ်ခြင်း၊ ဒါရိုက်တာရွေးချယ်ရန် သတ်မှတ်ခြင်း၊ ထိုင်းနိုင်ငံမှ ကုန်သွယ်မှုပြုလုပ်မည့် လမ်းကြောင်းရွေးချယ်ခြင်း၊ အဖွဲ့ဝင် ၁၀ ဦးပါ အစုရှယ်ယာ အဆိုပြုလွှာခေါ် ယူလက်ခံရေးအဖွဲ့ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း စသည့် လုပ်ငန်းများအပေါ် ဆုံးဖြတ်အတည်ပြုခဲ့ကြပြီး မေ ၃၁ ရက်နောက်ဆုံးထား၍ အစုရှယ်ယာအဆိုပြုလွှာများ လက်ခံခေါ်ယူသွားမည်ဖြစ်ကြောင်း အဆိုပါ အစည်းအဝေးမှတ်တမ်းအရ သိရသည်။

ယခု ဖွဲ့စည်းဆောင်ရွက်မည့် အများပိုင်ကုမ္ပဏီသည် ကယားပြည်နယ်၏ ပထမဦးဆုံးအများပိုင် ကုမ္ပဏီတစ်ခုဖြစ်လာမည်ဖြစ်ပြီး ကုမ္ပဏီနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ဆက်သွယ်လိုပါက ဖုန်း ၀၈၃-၂၁၀၀၅/ ၂၂၂၇၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

# စာ(၁၆) နေပြည်တော်တွင် ကျေးရွာမီးလင်းရေးနှင့်ပတ်သက်၍ အငြင်းပွားမှုဖြစ်ပေါ် မှ

နေပြည်တော် ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်တင့်ကမူ "နေပြည်တော်ကောင်စီက ညွှန်ကြားထားလို့ပြီးခဲ့တဲ့ရက်ပိုင်းကပဲ တိုင်တဲ့သူရော၊ လက်မှတ်ထိုးထားတဲ့ ရွာသူရွာသားတွေကိုပါ ဆင့်ခေါ်ပြီး စစ်ဆေးပြီးပါပြီ။ လက်မှတ်ထိုးထားတဲ့သူ အများစုကရေရေရာရာမသိဘူး။ အချို့ဆိုရင် ဘာအကြောင်းအရာအတွက် ထိုးပေးထားတယ်ဆိုတာတောင် မသိဘူး" ဟူ၍ အဆိုပါ အကြောင်းအရာနှင့် ပတ်သက်ပြီးရှင်းလင်းပြောကြားသည်။

အဆိုပါတိုင်တန်းသူ ဦးခင်မောင်တင့်နှင့် တိုင်တန်းခံရသူ အုပ်ချုပ်ရေးမှူး ဦးဘသန်းတို့မှာ ညီအစ်ကိုအရင်းအချာများဖြစ်ကြပြီး ၎င်းတို့၏ ဖခင်ဖြစ်သူကလည်း "ဒီလိုတွေဖြစ်တာ စိတ်တော့မချမ်းသာပါဘူး။ ညီညီညွတ်ညွတ် လုပ်ဆောင်ကြရင် ကောင်းတာပေါ့။ အဲဒီအကြီးကောင်း (ဦးခင်မောင်သန်း)ဆိုအဘအိမ်ကိုတောင် မလာဘူး" ဟူ၍ ပြောဆိုသည်။

ထိုကဲ့သို့ပင် ကိုယ့်အားကိုယ်ကိုးဖြင့် မီးလင်းလျက်ရှိသော နေပြည်တော် လယ်ဝေးမြို့နယ် အောင်ချမ်းသာ ကျေးရွာမှ ရွာခံတစ်ဦးကလည်း "ကျွန်တော်တို့ရွာတုန်းကလည်း ရှိခဲ့တာပဲ။ အကွာအဝေး တစ်ညီတည်းမီးတိုင်စိုက်ရမှာ သူ့အိမ်ရှေ့ကျတော့ တိုင်စိုက်တယ်။ ငါ့အိမ်ရှေ့ကျတော့ တိုင်မစိုက်ဘူးဆိုပြီး ပြဿနာရှာကြတယ်။ အခုတော့လည်း ဘာမှမဟုတ်ပါဘူး။ ပြီးသွားတာပဲ" ဟု၎င်းတို့ရွာ၏ အတွေ့အကြုံကိုပြန်လည်ပြောကြားသည်။

အဆိုပါ နတ်သူရဲကျေးရွာသို့ ယခုလ ၁၀ ရက်က ဥတ္တရသီရိမြို့နယ်မှ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသူ၊ ပျဉ်းမနားမြို့နယ်မှ NLD ပါတီဝင် ဦးအေးသောင်း ဒီမိုကရက်တစ်မြန်မာအသံမှ သတင်းထောက် အပါအဝင် အဖွဲ့များ သွားရောက်ရာမှ NLD ပါတီဝင် ဦးကျော်နိုင်၏သားကို ခဲမှန်ပြီး လူပ်လူပ်ရှားရှားဖြစ်သွားခဲ့ကြောင်း၊ ယင်းခဲမှန်မှုနှင့် ပတ်သက်ပြီး စွပ်စွဲတိုင်တန်းထားကြောင်းလည်း ကျေးရွာသားများက ပြောကြားသည်။ အစွပ်စွဲခံရသူ ဦးစောဝင်း (၅၃နှစ်) ကမူ "ဘာမှမသိဘဲ အစွပ်စွဲခံရတော့ ပူစပ်ပူလောင်နေတာပေါ့" ဟူ၍ဆိုသည်။ ဒေသခံအငြိမ်းစား ကျောင်းအုပ်ဆရာကြီးတစ်ဦးကမူ "အဲဒီဘက်က ရွာတွေက အလုပ်အရမ်းကြိုးစားပြီး ညီညွတ်ကြတာ။ အခုလိုကြားရတော့ စိတ်မကောင်းဘူး။ အခြေခံလူတန်းစားတွေ သဘောထားကွဲပြီး ပြိုကွဲမသွားဖို့အတွက် သက်ဆိုင်ရာ အကြီးအကဲတွေအနေနဲ့လည်း ဂရုတစိုက် ထိန်းသိမ်းစောင့်ရှောက်ကြဖို့ပဲ ပြောချင်တယ်" ဟူ၍ ၎င်း၏ အမြင်ကို ပြောကြားသည်။

# စာ(၁၅) နှစ်သိန်းတန်ဂျီအက်စ်အမ်ဖုန်းများ စစ်ကိုင်းနှင့် မန္တလေးဒေသအချို့တွင် လိုင်းမမိ မှ

တန်ဖိုးနည်း မိုဘိုင်းဖုန်းများချထားပေးသည့်နောက်ပိုင်း မြို့ပြဒေသသာမက ကျေးလက်ဒေသများတွင်ပါ သုံးစွဲမှု သိသိသာသာမြင့်တက်လာသည့်အတွက် ဆက်သွယ်ရေးနည်းစနစ်များ ပိုမိုကောင်းမွန်လာကြောင်း သိရှိရသည်။ ယခင်က မြို့ကြီးများတွင်သာ ဆက်သွယ်ရေးတာဝါတိုင်များ တပ်ဆင်သည့်စနစ်မှ ယခုနှစ်အတွင်း ကျေးလက်ဒေသများတွင်ပါ ဆက်သွယ်ရေးတာဝါတိုင်များ တိုးချဲ့တပ်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

## ASP.NET (C#) Developer များအလိုရှိသည်

- ASP.NET (C#) နှင့် Microsoft SQL Database များ ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ကိုင်နိုင်ရမည်။
- HTML and CSS ကို ကောင်းမွန်စွာ အသုံးပြုနိုင်ရမည်။
- Ajax and jQuery ကို သိရှိနားလည်ရမည်။
- ပေါင်းသင်းဆက်ဆံရေးပြေပြစ်ရမည်။
- Project အနေအထားပေါ်မူတည်၍ ခရီးသွားလာနိုင်သူ ဖြစ်ရမည်။

လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူတို့နှင့်အတူ (၃၀.၅.၁၂)ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

Room No. G-12, Ground Floor, Building (B), Diamond Center, Pyay Road, Kamaryut Township, Yangon.
Tel: +95-1 513515~519, 09 7322 5851, 09 7316 5287 Fax: +95-1 513519

ဒူဘိုင်း(U.A.E) နိုင်ငံရှိ အဆင့်မြင့် Super Market တွင်လုပ်ရန်

| | | |
|---|---|---|
| 1.Cashier /-(အရောင်း/ငွေကိုင်) | (၁၀)ဦး | US$ 600 |
| 2.Bakery /-(မုန့်ဖုတ်လုပ်သား) | (၁၀)ဦး | US$ 600 |
| 3.Portor /- (သယ်ပေးသူ) | (၁၀)ဦး | US$ 600 |

Housing Allowance: Dhs 800 ပုံမှန်အလုပ်ချိန် U.A.E Labor Law စုစုပေါင်းလစာခံစားခွင့်
အလုပ်စာချုပ်သက်တမ်း(၂၂)လပြီးတိုင်းလေယာဉ်လက်မှတ်အသွားအပြန်ပေးပြီး၊(၂)လ၊လစာပြည့်မြန်မာပြည်တွင်နားခွင့်ပေးသည်။
ယူနီဖောင်း၊ဖိနပ်၊အလုပ်ခွင်ကားအကြိုအပို့နှင့် ကုမ္ပဏီဝန်ထမ်း၁၅%Discount နေစရာနှင့်အသုံးစရိတ်ကြိုတင်လစာငွေအတွက်
(၂)လစာ ကြိုတင်ပေးမည်။
အင်တာဗျူးရက်မှာ ၂၀၁၂ ခုနှစ် ဇွန်လ ၁ ရက် မှ ၇ ရက် ထိ။

ကောင်းလာဘ်စံ ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ
KAUNG LUCK SAN
Licence No.023/2012
အမှတ် (၃၀၅/ ၃၀၉)၊(၃)လွှာ(ညာ)ပန်းဆိုးတန်းလမ်းနှင့်မဟာဗန္ဓုလလမ်း(ထောင့်)၊Global(Tower) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၊၊ ၀၁-၃၉၀၂၉၉၊ ၃၉၁၆၉၃၊ ၃၇၇၁၃၃၊ ၀၉-၅၁၇ ၃၉၇၉၊ ၀၉-၈၆၁၀၄၆၄၊E-mail: agencykls@gmail.com
S'pore Contact - HP: 65-90019420/Fax :65 65668784/ E-mail: sseagency@gmail.com

# မသန်စွမ်းသူများ ပညာသင်ရန် အခွင့်အလမ်းနည်းပါး

**အိဖြူလွင်**

**ရန်ကုန်၊**

**မေ-၈**

မသန်စွမ်းသူများသည် ပညာသင်ကြားရန်အတွက် အခွင့်အလမ်းများ လွန်စွာနည်းပါးနေသည့်အတွက် အသိပညာနည်းပါးကာ အလုပ်အကိုင်မရရှိသည့်အတွက် ဆင်းရဲနွမ်းပါး၍ မိသားစုပတ်ဝန်းကျင်ကို မှီခိုနေရကြောင်း မသန်စွမ်းသူများကို ကူညီဆောင်ရွက်ပေးနေသည့် ရွှေမင်းသားဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမြတ်သူဝင်းကပြောကြားသည်။

မြန်မာနိုင်ငံတွင် မသန်စွမ်းသူအရေအတွက် ၂ ဒသမ ၃၂ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းထိ ရှိနေပြီး၊ မသန်စွမ်းသူအများစုသည် မူလတန်းပညာထိသာ သင်ကြားနိုင်ပြီး အလယ်တန်းနှင့် အထက်တန်း ပညာရေးကို ပြီးဆုံးနိုင်အောင် သင်ကြားနိုင်သူ အရေအတွက်နည်းပါးကြောင်းသိရသည်။

မသန်စွမ်းသူများကို ကူညီရန်အတွက် မသန်စွမ်းသူများလုပ်နိုင်သည့် အားသာချက်များကို အခြေခံ၍ ထုထောင်ရေးလုပ်ငန်းများကို အမြင်သစ်ဖြင့် လုပ်ပေးရန်လိုကြောင်းလည်း ဦးမြတ်သူဝင်းက ပြောကြားသည်။

ရန်ကုန်မြို့တွင်မသန်စွမ်းသူများ သွားလာနိုင်ရန်အတွက် ဆင်ခြေလျှောပါပလက်ဖောင်းများကို ယခုနှစ်တွင် မြို့တော်စည်ပင်သာယာရေးကော်မီတီက စတင်ခင်းပေးခဲ့သော်လည်း ဆင်ခြေလျှောများသည် လက်တွေ့အသုံးပြုနိုင်ရန် မလွယ်ကူဘဲ လွန်စွာ မတ်စောက်နေသောကြောင့် ဗီးချဲမှာ နောက်မှ တွန်းပေးမည့်သူပါလျှင်ပင် ဖောက်ထိုးကျနိုင်သည့် ဆင်ခြေလျှောများသာဖြစ်နေသည်ဟု လက်တွေ့အသုံးပြုရသူမသန်စွမ်းများကပြောကြားသည်။



**မသန်စွမ်းအားကစားပွဲတစ်မြင်ကွင်း**

မသန်စွမ်းသူများသည် လိုအပ်ချက်များကို မတွေးသော သူများသည် မသန်စွမ်းသူများသာဖြစ်ပြီး လူနည်းစု၏ လိုအပ်ချက်ကို ထည့်သွင်းမစဉ်းစားသောကြောင့်ဖြစ်သည်ဟု ရွှေမင်းသားဖောင်ဒေးရှင်းနာယက ဒေါ်အောင်ဆန်းစုကြည်ကလည်း ယနေ့ပြောသည်။ ထို့ပြင် မြန်မာနိုင်ငံတွင် မြေမြှုပ်မိုင်းများကြောင့် မသန်စွမ်းသူများလည်း ရှိနေသည့်အတွက် မြေမြှုပ်မိုင်း မြှုပ်သူများနှင့် ထိုသို့ မြေမြှုပ်မိုင်း မြှုပ်ရသည့်ပြဿနာများကို မဖြေရှင်းနိုင်သည့်သူများသည်လည်း မသန်စွမ်းသူများဖြစ်လားဆိုသည်မှာ မေးခွန်းထုတ်ရမည်ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးလည်းဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်ကပြောကြားသည်။

မသန်စွမ်းသူများအတွက် ပညာရည်မြင့်မားရေး၊ လူမှုအသိုင်းအဝန်းတွင် ဝင်ဆန့်ရေးစသည်တို့အပါအဝင် ကူညီမှုများ ပေးနေသော အဖွဲ့အစည်းတစ်ခုဖြစ်သည့် ရွှေမင်းသားဖောင်ဒေးရှင်း၏ စတုတ္ထအကြိမ် နှစ်ပတ်လည်အခမ်းအနားကို ယနေ့ကျင်းပခဲ့ပြီး သီတဂူဆရာတော်နှင့် ဆရာတော်များ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ကြီးများအပါအဝင် မသန်စွမ်းမိသားစုများ တက်ရောက်ခဲ့ကြကာ မသန်စွမ်းသူများက ဖျော်ဖြေမှုများဖြင့် တင်ဆက်ခဲ့ကြသည်။

## Free Classified

## ဝန်ထမ်းအလိုရှိသည်

## အခမဲ့ကြော်ငြာကဏ္ဍ

ဝန်ထမ်းအလိုရှိသည်

1. Site Engineer
-AGTI (civil) သို့ BE (civil) Auto CAD 2D, working drawing ကျွမ်းကျင်စွာရေးဆွဲနိုင်သူကို ဦးစားပေးမည်။
2. Design & Estimate Engineer
- AGTI သို့ BE civil လုပ်ငန်းအတွေ့အကြုံ (၃) နှစ်ရှိရမည်။ အသက် ၃၀ ထက်မကျော်ရ။ Auto CAD 2D, Sketch up, 3D Max ကျွမ်းကျင်စွာရေးဆွဲနိုင်သူ၊ Estimate ကို Computerize ကျွမ်းကျင်စွာ တွက်ချက်နိုင်သူ။

**ဖုန်း- ၀၁-၅၄၆၃၀၆**

-------------------------

ဝန်ထမ်းအလိုရှိသည်

ယာဉ်မောင်း ကျား (၂) ဦး

**ဖုန်း - ၅၄၆၃၀၆၊ ၅၅၀၄၇၆**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

အကင်စားသောက်ဆိုင်အတွက်
၁။ မန်နေဂျာ ကျား (၁) ဦး
၂။ ကြီးကြပ်ရေးမှူး ကျား (၁) ဦး
အမှတ် (၄၈)၊ ကန်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း - ၅၃၄၈၆၈**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

**LIN YAUNG CHI**

တရုတ်စကားပြန်ကျွမ်းကျင် မ (၂) ဦး (ပညာအရည်အချင်းမလို၊ နေရေးစားရေးစီစဉ်ပေးမည်)
No. (6/99) The Front Roll of Bgyoke Market, Yangon.

**ဖုန်း - ၀၉၅၁-၁၇၁၅၂**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

ဂန္ထဝင်ဗိသုကာကုမ္ပဏီ (Classical Architect Co.,Ltd)
1. Architect ကျား/မ (၃) ဦး
2. Structure Engineer ကျား/မ (၂) ဦး
3. Site Engineer ကျား (၂) ဦး
4. Receptionist မ (၂) ဦး
5. Graphic Designer ကျား/မ (၁) ဦး
6. Marketing မ (၃) ဦး
အမှတ် (၄၀၂)၊ ၄ လွှာ၊ တိုက်အမှတ် (၃၅၁)၊ သိမ်ဖြူကွန်ဒို၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ (သိမ်ဖြူမှတ်တိုင်အနီး)

**ဖုန်း - ၀၁-၃၉၉၂၀၂**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

အကြော်ဆရာ တရုတ်အစားအစာကျွမ်းကျင် (၁) ဦး လစာ (၇,၀၀၀ ကျပ် ညှိနှိုင်း)

**ဖုန်း - ၀၉၅၀၀၈၄၇၄**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

25th Group Construction Co.,Ltd
General Manager (2) M
Deputy General Manager (2) M
Project Engineer (2) M
HR Manager (5) M
Site Manager (10) M
Admin Manager (5) M
Driver (10) M

**ဖုန်း - ၅၂၆၆၄၈**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

Deputy General Manager (2) M
Manager (3) M
Security Head (15) M
Security (80) M

**ဖုန်း - ၅၂၆၆၄၈**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

Four Rivers Travels & Tours Co.,Ltd
Skillfull for Tourism Management (2 ) Post (Closing Date Withing Two Weeks)
Ph: 508110, 095064410
email: 4rivers.2012@gmail. com

-------------------------

**ဝန်ထမ်းအလိုရှိသည်**

Lin Technical Services
Assistant Operation Manager (2) F
Accountant (1) F
Office Staff (3) F

**ဖုန်း - ၀၁-၅၄၃၀၅၄**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

Hein Thuzar Travels and Tours
Tour Operator (1) M/F
Reservation (1) M/F
အမှတ် (၅၃- A)၊ မိုးကောင်းလမ်း၊ (၁၄) ရပ်ကွက်၊ ရန်ကင်းမြို့နယ်။ **ဖုန်း - ၀၁-၅၇၈၃၇၀**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

Exotic Myanmar Travels & Tours
Driver (2) Males
#225, Room No.1502, 15th Floor, Olympic Tower, Bo Aung Kyaw Street, Kyauktada Tsp.

**Ph: 95-1-392886**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

B.L.ACTY Co.,Ltd
Japanese Language Trainner (2) Post
Room (506). 5th Floor, La Pyayt Wun Plaza, Dagon.

**Tsp. Ph: 01-382529**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ Chinese-Myanmar Translator ကျား/မ (၁၀) ဦး
၂။ Accountant ကျား/မ (၁၀) ဦး
၃။ ယာဉ်မောင်း ကျား (၁၀) ဦး (ဘတ်ဖိုး (မြေတူးစက်)၊ မြေညှိစက်၊ ထရပ်ကုန်ကား၊ ကရိန်းကားများမောင်းနိုင်သူ၊ ကျန်းမာရေးကောင်းမွန်ပြီး လိုင်စင်အနီ)

**ဖုန်း - ၀၉၄၃၀၆၃၅၀၆**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ Asst:Engineer ကျား (၁) ဦး
၂။ Sales Asst: မ (၁) ဦး
(၉၀၁)၊ အိုလံပစ်တာဝါ (၁)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်။

**ဖုန်း - ၃၈၄၉၆၆**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

Zawgyi House Cafe'
1. Driver (1) M
2. Waiter (5) M/F
3. Cook (3) M/F
4. Steward (2) M
အမှတ် (၃၇၂)၊ ဗိုလ်ချုပ်လမ်း၊ ပန်းဘဲတန်းမြို့နယ်။ FMI Center ဘေး

**ဖုန်း- ၃၈၀၃၉၈၊ Ext:3027**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

ယာဉ်မောင်း ကျား (၁) ဦး
စာရေးဝန်ထမ်း ကျား (၁) ဦး
အမှတ် (၃၈)၊ ၅လွှာ၊ ရွှေသရဖီရိပ်မွန်အိမ်ရာ၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်။

**ဖုန်း- ၅၃၀၇၁၃၊ ၅၃၀၇၁၄**


-------------------------

နေပြည်တော်တွင် တာဝန်ထမ်းဆောင်ရန် စာရင်းကိုင်တစ်ဦး အမြန်အလိုရှိသည်
စာရင်းနှင့်ပတ်သက်သော ဘွဲ့ ဒီပလိုမာတစ်ခုခုရထားပြီး လုပ်ငန်းအတွေ့အကြုံရှိသူ နေပြည်တော်တွင် နေထိုင်နိုင်သူဖြစ်ရမည်။ အင်္ဂလိပ်စာ ရေး၊ ဖတ်၊ ပြောနိုင်ရမည်။ ကွန်ပျူတာနားလည်သုံးစွဲတတ်ရမည်။
ဖုန်း(နေပြည်တော်)။

**၀၆၇-၄၁၇၃၆၄၊**
**၀၉-၈၇၆၁၃၂၄**

-------------------------

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


NELSON
NIEC
International Education Center
NIEC
International
For Better Education
Opening in June
Nursery to IGCSE
Get 5 to 10 %
Off Until May 25th
အမှတ်(၂၇)၊ မွှောရုံလမ်း၊ ကံဘဲ့၊
(၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၀၁ ၈၅၅၀၇၂၇၊ ၈၅၅၀၇၂၈
Website : www.niecinternational.com Email : niecinternational@gmail.com


Vivir Cream
ရေယုန်လိမ်းဆေး
Vivir Cream
WHO-GMP 5g
Vivir Cream
WHO-GMP
5g
Manufactured for
PACIFIC Pharmaceuticals Pte Ltd.


SHINE CONSTRUCTION COMPANY LTD.
(Member of Shine Group of Companies)
မိုးရာသီအကြို အိမ်ရာအရောင်းပွဲတော်
Special Discount
သိန်း ၃၀ မှ သိန်း ၃၀၀ အထိ အထူးသက်သာမည့် အခွင့်အရေး
Special Payment
၁ နှစ်မှ ၃ နှစ် အထိ KBZ Bank ၏ပံ့ပိုးမှု
Lucky Draw
ဗလာမပါကံစမ်းမဲအစီအစဉ်
LCD 42"
Washing Machine
Air Conditioner
Refrigerator
Special Chance
Discount + Discount
အစီအစဉ်
Limit
ကျင်းပမည့်နေရာ
SHINE Housing Showroom
No.29, Ground Floor, Gyo Phyu Street, Mingalar Taung Nyunt Township.
www.shinegroupofcompanies.com
ကျင်းပမည့်ရက်
20 . 5 . 2012 မှ
31 . 5 . 2012 ထိ

Education

7 DAY NEWS JOURNAL

Vol.11, No.10 • MAY 17 , 2012



# ကျောင်းကောင်းကောင်းမှာ ကျောင်းဝင်ခွင့်ရရေး ...

**နေလင်းထွန်း**

လာမယ့် ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများတွင် ကျောင်းအပ်ရာသီ ရောက်ရှိလာတော့မည်ဖြစ်၍ မိမိရင်သွေးအား နာမည်ကြီးကျောင်းများ၌ အပ်နှံလိုသော မိဘများအနေဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေကြပြီဖြစ်သည်။ ငွေကြေးပြည့်စုံတတ်နိုင်သော မိဘအုပ်ထိန်းသူများသည်ကျောင်းနေအရွယ် ရောက်ရှိလာသော ကလေးငယ်များကို မိမိတို့ နေထိုင်ရာ မြို့နယ်အတွင်းရှိ မထင်မရှား ကျောင်းများထက် နာမည်ကြီး ထင်ရှားသည့်ကျောင်းများတွင် ကျောင်းဝင်ခွင့်ရရှိစေလိုကြသည်။

ရန်ကုန်မြို့နှင့် နယ်မြို့များရှိ သက်ဆိုင်ရာ ဒေသအလိုက် နာမည်ကြီးနေသော အခြေခံပညာကျောင်းများသည် ကျောင်းဝင်ခွင့်လျှောက်ထားသော ကျောင်းသားဦးရေနှင့် ကျောင်းသားလက်ခံနိုင်မှု အချိုးကွာဟချက် ကြီးမားလာခဲ့သည်။ ထို့ကြောင့် ဦးစားပေးသတ်မှတ်ချက်တွင် ပါဝင်ခြင်းမရှိသော ကျောင်းသားများအနေဖြင့် မိမိနေထိုင်ရာ မြို့နယ်ပြင်ပရှိ နာမည်ကြီးကျောင်းများတွင် ကျောင်းဝင်ခွင့်ရရှိလိုပါက နည်းလမ်းအမျိုးမျိုး အသုံးပြုရမည်ဖြစ်သည်။

ယေဘုယျအားဖြင့် အခြေခံပညာကျောင်းဝင်ခွင့် အတွက် သက်ဆိုင်ရာရပ်ကွက်၊ မြို့နယ်တွင် နေထိုင်ခြင်း၊ မိမိအပ်နှံမည့်ကျောင်းတွင် ညီအစ်ကိုမောင်နှမများရှိနေခြင်းပေါ် မူတည်၍ ဦးစားပေးစဉ်းစားကြောင်း အထက်တန်းကျောင်းအုပ်ကြီးတစ်ဦးက ဆိုသည်။

"ဒီရပ်ကွက်ထဲက လူပဲဖြစ်ရမယ်။ မြို့နယ်တွင်း နေတဲ့သူတော့ ဖြစ်ကို ဖြစ်ရမယ်။ နောက်ပြီး ဒီကျောင်းမှာ ညီအစ်ကိုမောင်နှမတွေ တက်နေတာရှိရမယ်။ အဲ့ဒါကတော့ ဦးစားပေးအဆင့်ပေါ့။ ပြင်ပမြို့နယ်တွေကတော့ ခွဲတမ်းနဲ့ စဉ်းစားတာပေါ့"ဟု ၎င်းကဆိုသည်။

နိုင်ငံတော်အနေဖြင့် ငွေကြေးအမြောက်အမြား အကုန်အကျခံ၍ မသင်မနေရ မူလတန်းပညာရေးစနစ် အကောင်အထည်ဖော်ဆောင်ရွက်နေချိန်တွင် ဆရာ၊ ဆရာမများအနေဖြင့် ဤလုပ်ငန်းစဉ်ကို ထိခိုက်စေမည့် အခြားခေါင်းစဉ်ဖြင့် ငွေကြေးကောက်ခံခြင်း၊ ပြင်ပမှ ထုတ်ဝေသည့် ကျောင်းသားလမ်းညွှန်များ၊ မှတ်စုတိုများ၊ လေ့ကျင့်ခန်းစာအုပ်များရောင်းချခြင်း စသည့်လုပ်ရပ်များကို ရှောင်ကြဉ်ပြီး ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကျောင်းရန်ပုံငွေများနှင့် ကျောင်းလခကောက်ခံရန် သတ်မှတ်ထားသည့်နှုန်းအတိုင်းသာ ကောက်ခံဆောင်ရွက်ကြရန် အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈၀)ဖွင့်ပွဲတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က အလေးအနက် မှာကြားထားသည်။

လက်ရှိအချိန်၌ ကျောင်းဝင်ခွင့်အတွက် မည်သည့်အလှူငွေကြေးမျှ ကောက်ခံခြင်း မပြုရန် ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားချက် ထုတ်ပြန်ထားပြီး ငွေကြေးကောက်ခံသည့် ကျောင်းများကို အရေးယူသတိပေးမှုများ ရှိနေပြီဖြစ်သည်။

"နှစ်စဉ်နှစ်တိုင်း ညွှန်ကြားနေတာပဲလေ။ ကျောင်းဝင်ချိန်မှာ မည်သည့်အလှူငွေမှ မကောက်ခံရ၊ မည်သည့်စာအုပ်၊ စာရေးကိရိယာမျှ မရောင်းချရ။ မိဘတွေအနေနဲ့ ကျောင်းအပ်တဲ့အခါမှာ ဝန်ထုပ်ဝန်ပိုး မဖြစ်အောင်လို့ပါ။ ပညာသင်နှစ်စမှာ တိုင်တာတောတာတွေ မဖြစ်ဖို့ဌာနဆိုင်ရာ ညွှန်ကြားချက်တွေနဲ့အညီဆောင်ရွက်ကြဖို့ ထပ်တလဲလဲ မှာနေပါတယ်။

စာ(၂၂)သို့

## ပညာရေးသတင်းတိုများ

### ဘွဲ့လွန်ဒီပလိုမာသင်တန်းလျှောက်လွှာ နောက်ဆုံးရက်ကြေညာ

**ရန်ကုန်၊ မေ - ၁၁**

ရန်ကုန်တက္ကသိုလ်တွင် ဘွဲ့လွန်ဒီပလိုမာသင်တန်းများ တက်ရောက်နိုင်ရန်အတွက် မေလ ၁၈ ရက် နောက်ဆုံး လျှောက်ထားနိုင်ကြောင်း နိုင်ငံပိုင်သတင်းစာတွင် ကြေညာထားသည်။ အင်္ဂလိပ်စာသင်ကြားရေး၊ အသုံးချစိတ်ပညာ၊ အသုံးချရူပဗေဒ၊ ရှေးဟောင်းသုတေသနပညာ၊ ကုန်ထုတ်ဓာတုဗေဒ၊ စာကြည့်တိုက်နှင့် သုတေသနပညာ၊ မနုဿဗေဒ၊ လူမှုရေးပညာသင်တန်းများအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူများ လျှောက်ထားနိုင်မည်ဖြစ်သည်။

### ပညာရေးဟောပြောပွဲကျင်းပမည်

**ရန်ကုန်၊ မေ - ၁၁**

ထိုင်းနိုင်ငံရှိ Webster University ပညာရေးဟောပြောပွဲကို မေလ ၁၉ ရက်၊နံနက် ၁၀နာရီ မှ ၁၂နာရီထိ မန္တလေးမြို့ရှိ မန္တလေးဟိုတယ်နှင့် မလေးရှားနိုင်ငံရှိ International Medical University ပညာရေး ဟောပြောပွဲ ကို မေလ ၂၄ ရက် ညနေ ၃ နာရီမှ ၅ နာရီထိ ရန်ကုန်မြို့ရှိ ပါ့ခ်ရွိုင်ရယ်ဟိုတယ်တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း MSI ပညာရေးဝန်ဆောင်မှုလုပ်ငန်းမှသိရသည်။

### စီမံခန့်ခွဲမှုဘာသာရပ်အကြောင်း ပညာရေးဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန်၊ မေ - ၁၁**

စင်ကာပူနိုင်ငံရှိ James Cook တက္ကသိုလ်တွင် ပညာသင်ယူလိုသူများအတွက် စီးပွားရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်များအကြောင်း ပညာရေးဆွေးနွေးပွဲကို မေလ ၁၉ ရက်၊ နံနက် ၁၀ နာရီမှ ၁၂ နာရီထိ ဆန်းမစ်ပါ့ခ်ဗျူးဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ စီးပွားရေးနှင့် စီမံခန့်ခွဲမှုဘာသာရပ် လေ့လာသင်ယူလိုသော ကျောင်းသားများအနေဖြင့် လိုအပ်သော ပညာအရည်အချင်းနှင့် ကြိုတင်ပြင်ဆင်ထားရမည့် အချက်များကို ဆွေးနွေးပြောကြားမည်ဖြစ်ပြီး စိတ်ဝင်စားသူများ တက်ရောက်လေ့လာနိုင်သည်။

### ယူကေအသိအမှတ်ပြု ပညာရပ်များအကြောင်း ဆွေးနွေးမည်

**ရန်ကုန်၊ မေ - ၁၁**

ပြည်တွင်း၌တက်ရောက်နိုင်သော ယူကေအသိအမှတ်ပြုပညာရပ်များအကြောင်း ပညာရေးဆွေးနွေးပွဲကို မေလ ၂၀ရက်၊ နေ့လယ် ၂နာရီမှညနေ၄နာရီထိကုန်သည်ကြီးများဟိုတယ်၌ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း Myanmar Imperial College မှ သိရသည်။ ယူကေအသိအမှတ်ပြု စီးပွားရေးဆိုင်ရာဒီပလိုမာနှင့် မီဒီယာဆိုင်ရာဒီပလိုမာ သင်တန်းများအကြောင်း ဆွေးနွေးပြောကြားမည်ဖြစ်ပြီး စိတ်ဝင်စားသူများ တက်ရောက်လေ့လာနိုင်သည်။



# Technology

7 DAY NEWS JOURNAL

Vol.11, No.10 • MAY 17 , 2012


## ဆက်သွယ်ရေး ကွန်ရက်များ တိုးချဲ့ရန် စင်ကာပူ ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်မည်

**ယုဇနကိုကို**

**ရန်ကုန်၊ မေ - ၅**

ဆက်သွယ်ရေးကွန်ရက်များ တိုးချဲ့တည်ဆောက်ရန်အတွက် အစိုးရအနေဖြင့် စင်ကာပူနိုင်ငံရှိ နည်းပညာကုမ္ပဏီကြီး တစ်ခုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ အကြီးတန်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

စင်ကာပူနိုင်ငံ၏ နည်းပညာကုမ္ပဏီကြီးတစ်ခုဖြစ်သည့် International Telecommunication Holding Ltd (ITHL) နှင့် ပြည်တွင်းတွင်ဆက်သွယ်ရေးကွန်ရက်များ တည်ဆောက်ရာတွင် အင်တာနက်ဆိုင်ရာ အချက်အလက်များ လျင်မြန်စွာ အသုံးပြုနိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် Optical Fiber Cable Network များ၊ တယ်လီဖုန်းဆက်သွယ်မှုများပိုမိုကောင်းမွန်စွာ အသုံးပြုနိုင်ရေးအတွက် လိုအပ်သည့် နည်းပညာများနှင့် စက်ပစ္စည်းများအစရှိသည့် လိုအပ်နေသည့် ကဏ္ဍတစ်ခုချင်းစီအလိုက်ကို နှစ်နိုင်ငံတာဝန်ရှိသူများက အကျိုးတူ ဆောင်ရွက်ပေးမည်ဟု သိရသည်။

ယင်းစီမံကိန်းကို ယခုနှစ်မကုန်မီတွင်ပင် စတင်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်း၏ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စင်ကာပူနိုင်ငံ၏ အဆိုပါ ITHL ကုမ္ပဏီနှင့်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ယင်းစီမံကိန်းပြီးဆုံးသည့်အချိန်တွင် မြန်မာနိုင်ငံ၏ အင်တာနက် ဆက်သွယ်မှုကဏ္ဍနှင့် တယ်လီဖုန်းဆက်သွယ်ရေးကဏ္ဍတို့တွင် ယခုထက်ပိုမိုတိုးတက်ပြောင်းလဲလာမည်ဟု အထက်ပါအကြီးတန်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

စီမံကိန်းကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ဆီးဂိမ်းမတိုင်မီအချိန်အတွင်းပြီးစီးနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးနှင့် နီးစပ်သည့်စီးပွားရေးလုပ်ငန်းအသိုင်းအဝိုင်းမှ စုံစမ်းသိရှိရသည်။

**စာ(၂၄)သို့**





## iPad မူပိုင်ခွင့်အရေး တရုတ်ကုမ္ပဏီနှင့် Apple တရားရုံးပြင်ပတွင် ညှိနှိုင်းနေကြ

**ရှန်ဟိုင်း၊ မေ - ၇**

အမေရိကန်ကွန်ပျူတာ ကုမ္ပဏီ Apple အား iPad ကုန်အမှတ်တံဆိပ်ကို အသုံးပြုမှုဖြင့် မူပိုင်ခွင့် တရားစွဲထားသော တရုတ်ကုမ္ပဏီသည် ယခုအခါ Apple နှင့် တရားရုံးပြင်ပ သဘောတူညီချက်ရရန် ညှိနှိုင်းလျက်ရှိကြောင်း သိရသည်။ တရုတ်နိုင်ငံတောင်ပိုင်း ရှန်ဇင်းမြို့အခြေစိုက် Proview နည်းပညာကုမ္ပဏီသည် iPad အမှတ်တံဆိပ်အားပိုင်ဆိုင်မှုနဲ့ပတ်သက်၍ Apple အား တရားစွဲဆိုထားခြင်းဖြစ်ကာ Apple ဘက်ကလည်း iPad အမည်၊ အမှတ်တံဆိပ်မှာ ၎င်းတို့ကိုယ်ပိုင်သာဖြစ်ကြောင်း ငြင်းဆိုထားသည်။

အဆိုပါတရုတ်ကုမ္ပဏီသည် ဘဏ်ကြွေးဒေါ်လာသန်း ၄၀၀ တင်ရှိနေရာ ယုအခါ Apple နှင့် တရားရုံးပြင်ပတွင် မူပိုင်ခွင့်အတွက်သဘောတူညီချက် တစ်ခုရအောင် ညှိနှိုင်းဖွယ်ရှိလာသည်ဟု ဂလိုဘယ်တိုင်းမ်စ်သတင်းစာက ရေးသားသည်။ Proview ကုမ္ပဏီ၏တိုင်ပေကုမ္ပဏီခွဲသည် ၂၀၀၀ ပြည့်နှစ်ခန့်မှစ၍ တရုတ်အပါအဝင် နိုင်ငံများစွာတွင်လည်း iPad အမှတ်တံဆိပ်ကို မူပိုင်ခွင့်မှတ်ပုံတင်ခဲ့ပြီး ယင်းမှာ Apple မှ iPad သင်ပုန်းကွန်ပျူတာကို ဈေးကွက်တွင်းမရောင်းချခင်နှစ်များစွာစောခဲ့ကြောင်း သိရသည်။

Apple သည် iPad အမှတ်တံဆိပ်ကို တိုင်ပေကုမ္ပဏီခွဲထံမှ မူပိုင်ခွင့်ပေးဝယ်ယူခဲ့သော်လည်း စာချုပ်တွင် တရုတ်ပြည်မကြီးအတွက် မူပိုင်ခွင့်မပါ၍ တရုတ်ကုမ္ပဏီက တရားစွဲခဲ့ခြင်းဖြစ်သည်။

*—Ref: AP*

## ကြိုတင်ငွေဖြည့်ကတ်ကို ကိုယ်တိုင်ငွေဖြည့်ရန်မလိုသည့် ဝန်ဆောင်မှုပေးမည်

**ယုဇနကိုကို**

**ရန်ကုန်၊ မေ - ၈**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ယခုလက်ရှိ မိုဘိုင်းဖုန်းများတွင် အသုံးပြုသော ကြိုတင်ငွေဖြည့်ကတ်စနစ်အပြင် e-Topup ဟူသောအီလက်ထရွန်နစ်နည်းပညာသုံးဖုန်း အသုံးပြုခ ထည့်သွင်းသည့်ဝန်ဆောင်မှုတစ်ခုကို လအနည်းငယ်အတွင်း ပေးသွားမည်ဟု ယင်းလုပ်ငန်း၏ မိုဘိုင်းအင်ဂျင်နီယာချုပ် ဦးသိန်းဝင်းက ပြောသည်။

အဆိုပါ e-Topup Card ငွေဖြည့်စနစ်သည် ဖုန်းအသုံးပြုသူက ကိုယ်တိုင်ငွေဖြည့်ရန်မလိုဘဲ ယင်းကတ်ကိုဝယ်ယူသည့်ဆိုင်များက ကွန်ပျူတာစနစ်ဖြင့် ချိတ်ဆက်ကာဖုန်းဘေလ်များကို ဖြည့်သွင်းပေးမည့် ဝန်ဆောင်မှုတစ်ခုဖြစ်ကြောင်း သိရသည်။

မကြာမီ ဝန်ဆောင်မှုအသစ်တစ်ရပ်အနေဖြင့် ပေးလာမည့် မိုဘိုင်းဖုန်းများအတွက် e-Topup ကတ်စနစ်သည် ယခုလက်ရှိကြိုတင်ငွေဖြည့်ကတ်များကဲ့သို့ပင် ကျပ်တစ်သောင်းတန်နှင့် ကျပ်သုံးသောင်းတန်ကတ်ဟူ၍ ထွက်ရှိလာမည်ဟု အထက်ပါ တာဝန်ရှိသူက ဆက်လက်ပြောသည်။


e-Topup စနစ်ကို လာမည့်လအတွင်း စတင်ဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်နေကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၏ ပြောကြားချက်အရသိရသည်။


အရောင်း၊အကြွေးနှင့်ကုန်စာရင်းထိန်းကွန်ပျူတာစနစ်




အရောင်းအဝယ်၊အကြွေးနှင့်ကုန်ပစ္စည်းစာရင်းများကိုမျက်ခြေမပြတ်သိရှိလိုသောလုပ်ငန်းရှင်များအတွက်ကုန်ရောင်းနှင့်အကြွေးစာရင်းထိန်းကွန်ပျူတာစနစ် iLedger® ကို iNTEGRA Systems Company ၄၂-ဒီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ဗဟန်း၊ရန်ကုန်မြို့တွင်ရရှိနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်းမှာ **01-557638, 09-73085653**



# ဖေ့စ်ဘွတ်ခ်အသုံးပြုသူအများစု ကြိုတင်သတိပေးချက်များ လိုက်နာမှုမရှိဟုဆို




**ဝါရှင်တန်၊ မေ - ၇**

ဖေ့စ်ဘွတ်ခ် လူမှုကွန်ရက်အသုံးပြုသူအများစုသည် ဝက်ဘ်ဆိုက်အသုံးပြုရာတွင် ကြိုတင်သတိပေးချက်များ လိုက်နာရန်နှင့် ပုဂ္ဂိုလ်ရေး အချက်အလက်များ ဆုံးရှုံးမှုဆိုင်ရာ အန္တရာယ်များတွေ့နိုင်သည်ကို သတိပြုမိလေ့မရှိကြောင်းConsumer Reports နည်းပညာအဖွဲ့က ပြောကြားလိုက်သည်။

အဖွဲ့၏ လေ့လာမှုတွင် အမေရိကန်မှ ဖေ့စ်ဘွတ်ခ်အသုံးပြုသူဆယ့်သုံးသန်းနီးပါးခန့်သည် ဖေ့စ်ဘွတ်ခ်ဆိုက်မှ သတ်မှတ်ထားသောပုဂ္ဂိုလ်ရေး အချက်အလက်များလုံခြုံရေးလမ်းညွှန်ချက်များကို သတိမပြု၊ အသုံးမပြုတတ်ကြကြောင်း တွေ့ရသည်ဟုဆိုသည်။ အစီရင်ခံစာအရ ဖေ့စ်ဘွတ်ခ် အသုံးပြုသည့် အိမ်ထောင်စုပေါင်း ခုနစ်သန်းခန့်သည်လည်း ၎င်းတို့၏ဖေ့စ်ဘွတ်ခ်အကောင့်ကို ခွင့်ပြုချက်မရဘဲ အခြားသူတစ်ဦးက သုံးစွဲခြင်း၊ ၎င်းတို့ကိုခြိမ်းခြောက်ခြင်းစသည့် ပြဿနာများကြုံတွေ့ခဲ့ရကြောင်း ဆိုသည်။

လေ့လာမှုတွင် ဖေ့စ်ဘွတ်ခ်အသုံးပြုသူ ၃၇ ရာခိုင်နှုန်းကသာ ဆိုက်မှ သတ်မှတ်ထားသော ကိုယ်ရေးအချက်အလက် လုံခြုံမှုဆိုင်ရာ Privacy tools များကို အသုံးပြုကြကြောင်းတွေ့ရသည်။ Consumer Reports နည်းပညာအဖွဲ့၏ အယ်ဒီတာ ဂျတ်ဖောက်စ်က "ဖေ့စ်ဘွတ်ခ်ဟာ ကမ္ဘာမှာလူမှုရေးအရဆက်သွယ်ပုံနည်းလမ်းကိုတကယ်ပဲပြောင်းလဲပေးနေပါတယ်။ အောင်မြင်တဲ့ဝန်ဆောင်မှုတစ်ခုလည်း ဖြစ်နေပြီး အသုံးပြုသူတွေရဲ့ ကိုယ်ရေးအချက်အလက်တွေကို လုံခြုံမှုရှိအောင်ပြု လုပ်ပေးနေပါတယ်" ဟုပြောသည်။

ယခုနှစ် ပထမသုံးလပတ်ကာလအပြီးတွင် ကမ္ဘာတစ်ဝန်း၌ ဖေ့စ်ဘွတ်ခ်အသုံးပြုသူဦးရေမှာ ၉၀၁ သန်းအထိရှိလာပြီ ဖြစ်ကြောင်းအဖွဲ့၏ မှတ်တမ်းများအရသိရသည်။

*—Ref: AF*




# ဖေ့စ်ဘွတ်ခ်ပူးတွဲတည်ထောင်သူက အခွန်မဆောင်ရရန် အမေရိကန်နိုင်ငံသားခံယူထားခြင်းကိုစွန့်လွှတ်

**နယူးယောက်၊ မေ-၁၂**

အမေရိကန်ဒေါ်လာသန်းထောင်ချီ ချမ်းသာသူနှင့် ဖေ့ဘွတ်ခ်လူမှုရေးဆိုက်ကို ပူးတွဲတည်ထောင်သူ အက်ကွာဒိုဆဗာရင်သည် ဖေ့စ်ဘွတ်စ်ကုမ္ပဏီ၏ ကနဦးရှယ်ယာရောင်းချမှု (IPO)မတိုင်မီ အမေရိကန်နိုင်ငံသားအဖြစ်ကို စွန့်လွှတ်လိုက်ကြောင်းသိရသည်။ ဖေ့စ်ဘွတ်ခ်တွင်ပါဝင်သော၎င်း၏ရှယ်ယာ ဝေစုများအပေါ် အခွန်မကောက်ခံရစေရန် ယင်းသို့နိုင်ငံသားအဖြစ်ကို စွန့်လွှတ်ခြင်းဖြစ်သည်ဟု ဘလွန်းဘာ့ဂ်သတင်းက ဖော်ပြသည်။

အင်တာနက်ကုမ္ပဏီတစ်ခုအတွက် အကြီးမားဆုံး ကနဦးရှယ်ယာရောင်းချမှုတွင် ဖေ့စ်ဘွတ်ခ်သည် ကန်ဒေါ်လာ ၉၆ ဘီလီယံအထိ ရှာဖွေနိုင်မည်ဟု မျှော်လင့်ရပြီး ဖေ့စ်ဘွတ်ခ်တွင် ၄ ရာခိုင်နှုန်းခန့် ရှယ်ယာပါဝင်ထားသူ ဆဗာရင်အတွက် ကန်ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံ ဝေစုရရှိနိုင်မည်ဖြစ်သည်။


ဝင်ငွေအမြောက်အမြားရရှိသူများအပေါ် အခွန်တိုးကောက်ရန် အမေရိကန်နိုင်ငံက စီစဉ်နေသည့်အတွက် အမေရိကန်နိုင်ငံသား အများအပြားပင် နိုင်ငံသားအဖြစ်ကို စွန့်လွှတ်နေကြရာ ယခုအခါ ဆဗာရင် (၃၀ နှစ်)လည်း ပါဝင်လာခြင်းဖြစ်သည်။ ဘရာဇီးနိုင်ငံတွင် မွေးဖွားပြီး လက်ရှိတွင် စင်ကာပူနိုင်ငံ၌ နေထိုင်ခွင့်ရရှိထားသူ ဆဗာရင်သည် ဟားဗတ်တက္ကသိုလ်ကျောင်းသားအဆောင်တွင် နေထိုင်ရင်း မာ့ခ်ဇူကာဘတ်အား ဖေ့စ်ဘွတ်ခ် လူမှုရေးဝက်ဘ်ဆိုက်တည်ထောင်နိုင်ရန် ကူညီပေးခဲ့သူ အများအပြားထဲမှ တစ်ဦးဖြစ်သည်။

*—Ref: Bloomberg*

## စာ(၂၃) - ဆက်သွယ်ရေး ကွန်ရက်များ တိုးချဲ့ရန် စင်ကာပူကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်မည် မှ

မြန်မာ့ဆက်သွယ်ရေးနှင့်စင်ကာပူနိုင်ငံအခြေစိုက် ယင်းကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းကို နှစ်နိုင်ငံမှ တာဝန်ရှိသူများကပြီးခဲ့သည့်ဧပြီလဒုတိယပတ်က သဘောတူစာချုပ် ချုပ်ဆိုပြီးဖြစ်သည်။

စင်ကာပူနိုင်ငံ၏ ITHL သည်တရုတ်နှင့်ကမ္ဘောဒီးယားနိုင်ငံများနှင့်လည်း ဆက်သွယ်ရေးကွန်ရက်များ တည်ဆောက်သည့် စီမံကိန်းများကို လုပ်ဆောင်နေသည့် နည်းပညာကုမ္ပဏီတစ်ခုဖြစ်သည်။



# ရွှေပြည်တော် ရောက်ချင်လှပါပြီ

ရွှေဖြိုးမောင်

မြန်မာ့နိုင်ငံရေး အခင်းအကျင်းက ပျော်ရွှင်အားရ ကျေနပ်စရာများတောက်လျှောက်ဖြစ်ပေါ်နေခဲ့သလို ပြည်သူများအတွက် ရှေးရှုလာပြီဟု ဆိုနိုင်ပါသည်။ ပြည်သူလူထုအနေဖြင့် နစ်နာခဲ့ရသည့်အချိန်၊ ခေါင်းငုံ့ခံခဲ့ရသည့်အချိန်၊ စိတ်ဒဏ်ရာရခဲ့ရသည့်အချိန်၊ အဆင်မပြေမှုများ၊ ကျပ်တည်းမှုများကို ခါးစည်းကြိတ်မှိတ်ကြိုးစားခဲ့ရသည့်အချိန်များမှာ နှစ်ကာလ သက်တမ်းကြာမြင့်ခဲ့တာ အားလုံးအသိပင်ဖြစ်ပါသည်။ မြန်နိုင်သမျှ မြန်မြန်၊ စောနိုင်သမျှ စောစော စိတ်ချမ်းသာချင်ကြပြီဖြစ်ပါသည်။ ရုပ်လုံးအကောင်အထည်တွေ ဘာမျှမည်မည်ရရ ပြည်သူများအတွက် ပီပီပြင်ပြင်ပေါ် ထွက်မလာသေးသော်လည်း အနည်းငယ်သော အောင်မြင်မှု ခြေလှမ်းများကို မျက်ဝါးထင်ထင်မြင်တွေ့ကြားသိရရုံမျှဖြင့်ပင် ပြည်သူအများစုမှာ တက်ကြွပီတိဖြစ်လျက်ရှိပါသည်။

ရွှေပြည်တော် ဘယ်ဆီမှန်းမသိအနေအထားမှ ရွှေပြည်တော်သို့ ဦးတည်နေပြီဟု ပြည်သူများက ယုံကြည်မျှော်လင့်နေကြပါသည်။ မျက်စိတွေ ဖွင့်နေကြပါပြီ။ နားတွေ စွင့်နေကြပါပြီ။ အိပ်မက်တွေ မက်နေကြပါပြီ။ တစ်ထစ်ပြီးတစ်ထစ်၊ တစ်ဆင့်ပြီးတစ်ဆင့်ဖြစ်ထွန်းနေသော ကောင်းကျိုးရလဒ်များကို အောင့်အည်းသည်းခံစောင့်စားကာ လက်ခံလိုလားလျက်ရှိနေကြပါသည်။ နောက်ထပ်၊ နောက်ထပ် အများကြီးကျန်သေးသလို၊ ဆက်တိုက် ဆက်တိုက် အများကြီး ဖြစ်ထွန်းလာဦးမည်ဟု မှတ်ယူကိုးစားလျက်ရှိနေကြပါသည်။ ဖိနှိပ်မှု အမျိုးမျိုးကြားတွင် ရပ်တည်ကြီးပြင်း ရုန်းကန်အသက်ရှင်ခဲ့ကြရသဖြင့် ထိုဒုက္ခအပေါင်းမှ အလျင်အမြန်ပင် လွတ်မြောက်လိုကြပြီဖြစ်ပါသည်။

ယနေ့အထိ လျှပ်စစ်မီးသုံးခွင့် မရကြသည့် ပြည်သူများ၊ သုံးစွဲခွင့်ရသည့်နေရာများတွင်လည်း ပုံမှန်ဗို့အားပြည့် အချိန်မှန်မှန် မရသည့်အတွက် အဆင်မပြေဖြစ်ကြရသူများ၊ အခြားသူများ လက်ကိုင်၊ ခါးချိတ်ထားကြသည့် မိုဘိုင်းဖုန်းများကို ငွေကြေးမတတ်နိုင်သေးသဖြင့် ထိတွေ့ခွင့်မရကြသေးသူများ၊ ဖုန်းပိုင်ဆိုင်ပြီးသားသူများမှာလည်း ယခင်အစိုးရလက်ထက်ကတည်းက ရှိနေခဲ့ကြသည့်မတော်လောဘ ကိုယ်ကျိုးရှာသမားများကြောင့် ဖုန်းစောစောဝယ်မိလေ ငွေများများ ရှုံးလေဖြစ်ကြရမှုများ၊ စက်သုံးဆီများကိုအချိန်များစွာအကုန်ခံ၍ စောင့်ဆိုင်းတန်းစီဝယ်ယူနေရမှုများ၊ ထိုသို့ တန်းစီစောင့်ဆိုင်းနေကြသူများထဲတွင် နိုင်ငံ့ဝန်ထမ်းများပါနေခြင်း၊ ပြည်သူများအတွက် ကောင်းကျိုးမရှိ၊ နစ်နာမှုသာရှိသော အခမ်းအနားများ၊ ထိုအခမ်းအနားများ ကျင်းပသည့်အတွက် ဟန်ပြအလှသက်သက် အဆင်တန်ဆာ ခြယ်သမှုကုန်ကျစရိတ်များ၊ နိုင်ငံ့ဝန်ထမ်းများအတွက် အပိုငွေ ကုန်ရုံသက်သက် ထိရောက်မှု မရှိသော သင်တန်းများ စသည်ဖြင့် ခြုံပြောရလျှင် နိုင်ငံတော်အနေဖြင့် မဖြစ်ပေါ်အောင် စီမံဖန်တီးလျှင် ရနိုင်သည့် လိုအပ်ချက်များ၊ မလိုလားအပ်သော ဆုံးရှုံးမှုများမှာ များစွာရှိနေပါသေးသည်။

အခြေခံပညာမူလတန်းဖတ်စာကိုပင် ကောင်းကောင်းမွန်မွန် သယ်ယူတတ်မြောက်ခွင့်မရကြသေးသူ ကလေးငယ်များ၊ ကွန်ပျူတာ၊ အင်တာနက်ကို မမြင်ဖူး၊ မကြားဖူး၊ ဘာမှန်း မသိသေးသူ ကလေးငယ်များ၊ အချိန်အား၊ ငွေအား၊ လူအား အများအပြားဖြင့် လုံခြုံရေးစနစ်အဆင့်ဆင့် အသုံးပြုကာ ဆောင်ရွက်နေသော်လည်း ကျောင်းသားလူငယ်များ၏ ပင်ကိုယ်စွမ်းရည်လုံးဝတိုးတက်မြင့်မားမှု မဖြစ်ထွန်းနိုင်သည့် တက္ကသိုလ်ဝင်စာမေးပွဲအပါအဝင် အခြေခံပညာ၊ အဆင့်မြင့်ပညာစာမေးပွဲစစ်ဆေးမှုများ၊ ဘွဲ့တစ်ခုရပြီးသော်လည်း အလုပ်အတွက် မျှော်လင့်ချက်ကင်းမဲ့နေရမှုများ၊ စာတွေ့လက်တွေ့ပေါင်းစည်းမှုမရှိ ကွာခြားနေမှုများ၊ အရက်သေစာ၊ လောင်းကစားနှင့် အခြားကြိတ်ပုန်းလုပ်ငန်းအမျိုးမျိုးကို ထိထိရောက်ရောက် မထိန်းချုပ်နိုင်မှုများ စသည်ဖြင့် ထိုအရာများသည်လည်း နိုင်ငံတော်အား နောက်ကျကျန်ရစ်စေသော အကြောင်းရင်းအချို့ဖြစ်ပါသည်။ ပြည်သူအများစုနှင့် နီးစပ်သော စီမံချက်၊ မှန်ကန်သောမူ၊ ပီပြင်သော လုပ်ဆောင်ချက်၊ မြန်ဆန်သော အကောင်အထည်ဖော်မှုများဖြင့် ထိုအခက်အခဲများအား ပြေလည်စေနိုင်မည်ဟု ယုံကြည်ပါသည်။

ပြည်သူများသည် လက်တွေ့ကျမှုကို လိုလားနှစ်ခြိုက်ကြပါသည်။ ကောင်းလည်းကောင်း၊ မှန်လည်းမှန်၊ တကယ်လည်း အောက်ခြေအထိ ဆင်း၍ ဖြည်းဖြည်းချင်းဖြစ်စေ ဖြေရှင်းပေးမှုများကို အားကိုးမျှော်လင့်ကြပါသည်။ လက်ခံယုံကြည်ကြပါသည်။ ကြည်ညိုလေးစားကြပါသည်။ ထိုအခြေအနေမျိုးတွင် ပြည်သူအများစုအနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုများအောက်တွင် တက်တက်ကြွကြွ ပါဝင်ပူးပေါင်းရန် အဆင်သင့်ဖြစ်နေပါလိမ့်မည်။ ယနေ့ခေတ်သည် အပြောဖြင့်သာ စည်းရုံး၍ မရနိုင်တော့ပါ။ ဟန်ပြဖြင့်လည်း နာမည်ကောင်းဟစ်၍ မရနိုင်တော့ပါ။ လိမ်ညာလှည့်ဖြားခြင်း၊ အခွင့်အာဏာသုံးခြင်း၊ ခြိမ်းခြောက်ခြင်းများဖြင့်သော်လည်းကောင်း မည်သို့မျှ ပြည်သူများအပေါ် ကန့်သတ်ချုပ်ချယ်မှုများ ပြုလုပ်၍ မရနိုင်တော့ပါ။

လုပ်ပိုင်ခွင့်များကို မတရားသောနည်းလမ်းများဖြင့် ရယူထားကြပြီး ပြည်သူလူထုအပေါ် စာနာမှုမရှိဘဲ လက်တစ်လုံးခြား လှည့်ပတ်မှု အမျိုးမျိုးလုပ်ကိုင်နေကြသူများအား သတိပေးရုံသာ ပြုလုပ်နေချိန်တွင် နေ့ဖို့ညစာ ရရန်အတွက် လမ်းဘေးခတ်ဆီရောင်းနေသူများကို ဖမ်းဆီးခြင်းသည် စစ်မှန်သောဖြေရှင်းမှုမဟုတ်ပေ။ တရားမဝင် ခိုးထုတ်မှု၊ ခိုးလုပ်မှုများကို နာမည်ကောင်းအရခြုံလျက် ခွင့်ပြုချက်အမျိုးမျိုးဖြင့် အချိုးကြီးအုပ်နေကြချိန်တွင် ရပ်ထဲရွာထဲ၌ ကျပ်ငွေရာဂဏန်း၊ ထောင်ဂဏန်းပမာဏမျှ လောင်းကစားပြုလုပ်သူများကို အရေးယူရုံမျှဖြင့်လည်း တိုင်းပြည်သည် ထောင်တက်လာမည်မဟုတ်ပေ။ တစ်မျိုးသားလုံး၏ အကျိုးစီးပွားကို ရှေးရှုသည်ဆိုပါလျှင် 'ဥပဒေအထက်တွင် မည်သူမျှ မရှိရ'ဆိုသလို မည်သူ့ကိုမျှ ငဲ့ညှာထောက်ထားမနေသင့်ပါ။

ဒေသတွင်းဖြစ်စေ၊ နိုင်ငံတကာနှင့်ယှဉ်၍ဖြစ်စေ နှိုင်းချိန်ကြည့်ပါက မိမိတို့သည် များစွာနောက်ကျနေပါသည်။ ဆက်၍ဆက်၍ နောက်ကျနေဦးမည်ဆိုပါက နောင်နှစ်ပေါင်းများစွာ ကြာသည်အထိ လိုက်မမီအောင် ဖြစ်နေပါလိမ့်မည်။ ရေခံ၊ မြေခံနှင့် သမိုင်းကြောင်း ကောင်းခဲ့သော အမိမြန်မာနိုင်ငံတော်သည် စနစ်တစ်ခု၊ လူတစ်စု မကောင်းမှုကြောင့် မျက်နှာပင် ငယ်ခဲ့ကြရပါသည်။ အချိန်မီပြင်ဆင်ကြမည်ဆိုလျှင် ပြည်သူများအနေဖြင့် ခံခဲ့ရသည်များကိုမေ့ပျောက်စေနိုင်ပါသည်။ အချိန်ဆွဲမနေကြပါနှင့်။ နိုင်ငံနှင့်လူမျိုးအတွက် ဦးဆောင်ချင်သည်ဆိုသည့် ခေါင်းဆောင်များအချင်းချင်း စိတ်ဝမ်းမကွဲကြပါနှင့်။ အယူအဆတွေကို ပေါင်းစပ်ဖလှယ်ကာ တစ်ချောင်းတည်းသော စိတ်မျိုးထားကြပါ။ ခေါင်းဆောင်လုပ်ချင်သူ အချင်းချင်း စွပ်စွဲမှုများ၊ ပါတီအစွဲထားမှုများ၊ စကားလုံးစစ်ပွဲများ၊ လက်နက်စစ်ပွဲများ အမြန်ဆုံးရပ်ကာ ပြည်သူများ၏ ဆန္ဒကို ဖြည့်ဆည်းပေးကြပါဟု လေးလေးနက်နက်ပန်ကြားအပ်ပါသည်။ ပြည်သူတွေအားလုံးက ရွှေပြည်တော်သို့ ရောက်ချင်လှပါပြီ။ ။

# ရင်ခွင်ပြောင်း ဇာတ်ကြောင်းလေးများ

တင့်နိုင်



(၁)

သမီးကြီး ရွှေအိမ်သူသည် အင်္ဂလိပ်စာဖြင့် ဘွဲ့ရပြီးကတည်းက ကျူရှင်ပြသည်။ သမီး ကျူရှင်ပြသည့်အထဲတွင် မူလတန်းမှ တက္ကသိုလ်ဝင်တန်းအထိပြရသော ကျောင်းသားငယ်များပါသည်။ ငွေကြေးတတ်နိုင်သောမိဘများဖြစ်၍ ကလေး၏အနာဂတ်ကိုစနစ်တကျဖန်တီးတည်ဆောက်ကာ အင်္ဂလိပ်စာကို အခြေခံမှ စတင်သင်ယူခိုင်းသည်။ ထူးခြားသည်မှာ ထိုကလေးများအားလုံးလိုလိုပင် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အင်္ဂလိပ်စာဂုဏ်ထူးဖြင့် အောင်ကြသည်။ သမီးကြီးတော်၍ မဟုတ်။ ထိုကလေးများကိုယ်တိုင် တော်၍ဖြစ်သည်။ အင်္ဂလိပ်တစ်ဘာသာတည်းလားဆိုတော့။ မဟုတ်။ ဘာသာစုံ ဂုဏ်ထူးထွက်ကြသည်။ တော်လိုက်ကြသည့်ကလေးတွေ၊ ကျွန်တော့်ကို အဖြေစာအုပ်များ ဖွင့်ရေးခွင့်ပေးပြီး ဖြေဆိုခိုင်းလျှင်သော်မှ သူတို့လို ဘာသာစုံဂုဏ်ထူးထွက်မည်ဟုမထင်။ ဉာဏ်ရည်ထက်မြက် ထူးချွန် သွက်လက်သော ထိုကလေးများ၊ ဘယ်ဘာသာရပ်များ၊ ဘယ် အသက်မွေးမှုများကိုများ ဆက်လက်သင်ကြားမည်နည်းဟု ကျွန်တော်စိတ်ဝင်စားသည်။ သို့နှင့်သမီးကိုမေးကြည့်မိသည်။ သူတို့က မြန်မာပြည်တွင် ပညာဆက်လက်မသင်။ စင်ကာပူပိုလီတက်တွင် ကျောင်းဆက်နေကြသည်။ "သြ. . တတ်နိုင်ကြသူတွေကော" ဟု စိတ်ဖြေရပြန်သည်။ သို့ရာတွင် ဘဝင်မကျလှ။

ကျွန်တော်တို့နိုင်ငံတွင် သူတို့တက်ရန် ကျောင်းမရှိတော့ပြီလား။ ရှိသည်။ သူတကာ သည်းခြေကြိုက် ဆေးကျောင်း၊ ရေကြောင်းတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ် စသည် စသည်တို့ရှိသည်။ သို့ရှိပါလျက်နှင့် သူတို့တစ်တွေ စင်ကာပူသို့ ဘယ်အတွက် ကျောင်းသွားတက်ရပါသနည်း။ အဖြေကမူ ရှင်းပါ၏။ မြန်မာပြည်မှ ကျောင်းများကို သူတို့ စိတ်မဝင်စား၍ဖြစ်ပါသည်။ စိတ်မဝင်စားဟုဆိုရာတွင် စိတ်ဝင်စားစရာမကောင်း၍လည်းဖြစ်နိုင်ပါသည်။

(၂)

လွန်ခဲ့သောနှစ်ပေါင်း ၆၀ ခန့်က အရှေ့တောင်အာရှတွင် ရန်ကုန်တက္ကသိုလ်သည်ထိပ်တန်းတက္ကသိုလ်တစ်ခုဖြစ်ခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ရသူများကိုလည်း နိုင်ငံတကာမှ အသိအမှတ်ပြုလက်ခံကြသည်။ သို့သော် ယခု တက္ကသိုလ်များက ယခင် တက္ကသိုလ်များကို ဘာကြောင့် မမီပါသနည်း။ မြန်မာတွေညံ့၍တော့ ဟုတ်မည်မထင်။ ပညာရေးကို ဖန်တီးသူများ၏ အားနည်းချက်ဖြစ်သလို ထိုစဉ်က အစိုးရအဆက်ဆက်က ပညာရေးအပေါ် စိတ်ဝင်စားမှုထက် တက္ကသိုလ်ကျောင်းသားများအပေါ် စိုးရိမ်ထိတ်လန့်မှုများကပို၍များနေသောကြောင့်ဖြစ်မည်။ ၁၉၆၄ ခုနှစ်မှ ယနေ့အထိ ပညာရေးစနစ်သည် တည်ငြိမ်မှုမရှိသေး။ ထိုစဉ်က အစိုးရများသည် နိုင်ငံရေးမတည်ငြိမ်မှုကြောင့် အာဏာတည်မြဲရေးကို အထူးတလည် ဂရုစိုက်ခဲ့ကြပြီး ပညာရေးကိုလျစ်လျူရှုခဲ့ကြသဖြင့်လည်း ကျွန်တော်တို့၏ တက္ကသိုလ် ပညာရေးသည် အရှေ့တောင်အာရှတွင် အောက်သို့ ရောက်ခဲ့ရသည်။ ယခင်က မြန်မာနိုင်ငံ တက္ကသိုလ်ကို မမီခဲ့သော ထိုင်း၊ စင်ကာပူတို့သည်ပင် ယခုတော့ မြန်မာပြည်မှ ထူးချွန်ထက်မြက် ကျောင်းသားလေးများကို သူတို့ရင်ခွင်သို့သွင်းကာ ပညာရည်နို့သောက်စို့ခွင့်ပေးနေလေပြီ။ မြန်မာ ကလေးငယ်များ အမိ၏ နို့ရည်ကို သောက်သုံးခွင့်ရရှိနေပါလျက်နှင့် သူတစ်ပါးရင်ခွင်သို့ ခိုဝင် သောက်စို့နေကြရလေပြီ။ တစ်ရင်ခွင်မကောင်း၍ တစ်ရင်ခွင်သို့ ပြောင်းသွားသူကို သစ္စာမရှိဟုမြင်တတ်ကြသည်။ ဟုတ်ပါလိမ့်မည်။ လောကလူမှုရေးရာများမှာတော့ ရင်ခွင်ပြောင်းဇာတ်လမ်းများသည် သစ္စာတရားနှင့် ဆက်နွှယ်ပတ်သက်နေပါလိမ့်မည်။ သို့ရာတွင် ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးမှုကိုလည်း ပညာတတ်တဲ့အရေအတွက်ဖြင့် တွက်ချက်သတ်မှတ်နိုင်ပါသည်။ သို့ရာတွင် ကျွန်တော်တို့နိုင်ငံမှ ထူးချွန်ထက်မြက်သော ကျောင်းသားလူငယ်များ ရင်ခွင်ပြောင်းဇာတ်ကြောင်းလေးများက သစ္စာမရှိ၍မဟုတ်။ အမိနိုင်ငံကို မချစ်၍လည်းမဟုတ်။ ပညာခေတ်တွင် သူတို့ ထူးချွန်ရာ ပညာအခြေခံဖြင့် ထိုက်တန်သော အသက်မွေးဝမ်းကျောင်းမှုများကို သူတို့ကိုယ်တိုင် ဖန်တီးတည်ဆောက်ချင်ကြ၍သာဖြစ်လေ၏။ ထိုကလေးများကို အပြစ်မဆိုသာ။ ဆိုရန်လည်း မသင့်ဟုထင်သည်။

အဆင့်မြင့်ပညာ သင်ကြားရေးတွင် အရင်းအနှီးများပါဝင်နေသည်။ ထိုအထဲတွင် အဆိုးရွားဆုံးမှာ ငွေကြေးအရင်းအနှီးဖြစ်သည်။

စာ(၂၆) သို့

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.10 • MAY 17 , 2012


အင်္ဂတေကိုင်ထားသော ရေပူတွင်းလေးများ


ဆားကွင်းများ

# ပျူမြို့တော်ဟောင်း ဟန်လင်း၌ ရေပူချိုးခြင်း

**မောင်သာချို**

(တစ်)

မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနဌာနက ပညာရှင်များ၊ မြန်မာ့သမိုင်းပညာရှင်များ၏ ခေတ်အဆက်ဆက် တူးဆွဖော်ထုတ်ချက်များအရ ပုဂံမတိုင်မီက ကျွန်တော်တို့၏ အမိမြေပေါ်တွင် ပျူခေတ်ကြီးတစ်ခေတ်ထွန်းကားခဲ့ဖူးကြောင်းကိုယခုအခါ အားလုံးက လက်ခံထားပြီး ဖြစ်ပါသည်။ မြေကြီးကိုတူးဆွ၊ စာပေအထောက်အထားများကို တူးဆွနှင့် ဗိဿနိုး၊ တကောင်း၊ ဟန်လင်း၊ သရေခေတ္တရာစသော မြို့ပြနိုင်ငံများကပြန်လည်၍ နိုးထလာခဲ့ကြပေရာပုဂံမတိုင်မီနှစ်၁၀၀၀လောက်က(သို့မဟုတ်)ယခု ၂၀၁၂ ခုနှစ်မှတွက်ရေသော်လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀လောက်က ကျွန်တော်တို့၏ ဘိုးဘွားများသည် ဤမြေပေါ်၌ အခြေချနေထိုင်ခဲ့ကြကြောင်း သိခွင့်ရခဲ့ပေရာ တကယ့်ကိုသွေးကြွဖွယ်ဖြစ်ပါသည်။

ဗိဿနိုး၊ တကောင်း၊ ဟန်လင်း၊ သရေခေတ္တရာ စသော ပျူမြို့တော်ဟောင်းများရှိရာသို့ ကျွန်တော် မကြာခဏ ရောက်ရောက်သွားတတ်ပါသည်။ သည်မြို့တွေထဲမှာ ရေပူချိုး၍ရသော မြို့ကတစ်မြို့တည်းပဲရှိရာ ယင်းမှာ ဟန်လင်းမြို့ပဲဖြစ်ပါသည်။ ရှေးဟောင်းသချိုင်းရာထဲက လူအရိုးစုများ၊ ပျူပုတီးစေ့များ၊ ပျူလက်ကောက်များ၊ ပျူအိုးခြမ်းပဲ့များ၊ မြို့ရိုးအကြွင်းအကျန်များ၊ ပျူကျောက်စာအကျိုးအပဲ့များကြားထဲက ဟန်လင်းသို့ရောက်သွားရသည်မှာ စိတ်လှုပ်ရှားစရာ ကောင်းလှပါသည်။

(နှစ်)

ဟန်လင်းက ရွှေဘိုခရိုင် ဝက်လက်မြို့နယ်ထဲမှာ ရှိပါသည်။ မန္တလေးကနေ ရောဝတီကို စစ်ကိုင်းတံတားပေါ်ကနေ ဖြတ်ကူး၊ ရွှေဘိုဘက်သို့အလာ စိုင်နိုင်ကွေ့သို့ ရောက်သည်နှင့် ရွှေဘိုဘက်သို့ ဆက်မသွားဘဲ အရှေ့သို့ ကွေ့ချလိုက်သောအခါ ၁၀ မိုင်ကျော် ကျော် ၁၁ မိုင်အရောက်၌ ဟန်လင်းက ဆီးကြိုနေပါသည်။

ရေဒီယိုကာဗွန် ၁၄ စမ်းသပ်ချက်များအရ ခရစ်နှစ် ၂ ရာစုခန့်တွင် ဟန်လင်း၌ ပျူတို့အခြေချနေထိုင်ခဲ့ကြပုံရပြီး ခရစ်နှစ် ၃ ရာစုနှင့် ၆ ရာစုကြား၌ စည်ပင်ဖွံ့ဖြိုးခဲ့ဟန်တူသည့် ထိုပျူမြို့တော်က ယခုအခါမှာတော့ ရွာကြီးတစ်ရွာလိုဖြစ်၍နေပါပြီ။

ဆားကွင်းတွေကနေရာတိုင်းနေရာတိုင်းမှာ။ မြေကြီးက ဆားဖြစ်သော ဒေသဖြစ်သဖြင့် ထိုမြေကို ထွန်ယက်ကာ ဆားမြေကို ရယူပြီး ဆားချက်ကြခြင်းပင် ဖြစ်ပါသည်။

သဘာဝရေလျှံတွင်းများက ၂၄ နာရီ စက္ကန့်မလပ် ရေချိုများလျှံထွက်နေကြရာ ယင်းတို့ကို အုတ်ကန်နှင့်သိုလှောင်ကာ ရေပိုက်များဖြင့် သွယ်တန်းပြီး အများသုံးရေကန်များအဖြစ် တည်ဆောက်ထားသည်ကို တွေ့ရပါသည်။

ညောင်ရမ်းခေတ်သမိုင်းဆရာ ဦးကုလားကမူ သူ့မဟာရာဇဝင်ကြီးထဲ၌ ဟန်လင်းကို **ဟင်းလင်း** ဟု ဖော်ပြထားခဲ့ပါသည်။ ပုဂံဘုရင်နောင်တော်မင်းယဉ်နရသိင်္ခက နားကျယ်သည်ဟုဆိုကာ မိမိမနှစ်သက်၍ ငြင်းပယ်ပြီးလိုက်ကာမှ ညီတော်နရပတိစည်သူနှင့် လက်ဆက်သော ခယ်မတော် ဝေဠုဝတီကို နောင်မှ ပြန်လည်၍ သဘောကျ နှစ်သက်သွားလေသောအခါ ထိုဝေဠုဝတီကို သိမ်းပိုက်ရန်အတွက်ညီတော်နရပတိစည်သူအား နန်းတော်မှ ခေတ္တပထုတ်ရန်အတွက် ငဆောင်ချမ်းသို့ စစ်ရေးကိုအကြောင်းပြပြီး လွှတ်လိုက်ပါသည်။

သို့ဖြင့် ဝေဠုဝတီကို နောင်တော်မင်းယဉ်နရသိင်္ခ သိမ်းပိုက်လေသောအခါ နားခံတော်ငပြည့်က သူ၏ အရှင်နရပတိစည်သူနောက်သို့ လိုက်၍ သတင်းပို့ရာ ဟန်လင်းကို ဖြတ်သွားရကြောင်း ဆိုပါသည်။ ဤနေရာ၌ ဦးကုလားက **ဟင်းလင်း** ဟု သုံးထားခဲ့ခြင်းဖြစ်ပါသည်။

ထို့နောက် ပုဂံပျက်လုပျက်ခင်မှာလည်း ဟန်လင်းဟူသောအမည်ကိုတွေ့ရပြန်ပါသည်။ တရုတ်တို့၏ တိုက်ခိုက်မှုကြောင့် ၃ ဒီဇင်ဘာ၊ ၁၂၈၃ တွင် ဗန်းမော်အနီးက ငဆောင်ချမ်းကျ၊ ၉ ဒီဇင်ဘာ ၁၂၈၃တွင် ကောင်းစင်ကျ၊ ၁၂၈၄ ဇန်နဝါရီတွင် တကောင်းကျပြီးနောက် ကျူးကျော်စစ်သည် ဟန်လင်းနှင့် သစ်ဆိမ့်အထိ ရောက်လာပြီး တရုတ်က ဟန်လင်းကို ဗဟိုစခန်းလုပ်ကာ ပုဂံကို သိမ်းယူခြင်း ဖြစ်ပါသည်။ တရုတ်နှင့် စစ်ပြေငြိမ်းစာချုပ်ချုပ်ဆိုရန် ငြိမ်းချမ်းရေးသံတမန်လွှတ်လိုက်သော ရှင်ဒိသာပါမောက်၏ ကျောက်စာ၌ **ဟန်လင်** ဟု ဖော်ပြထားသည်ကို တွေ့နိုင်ပါသည်။

ထိုပျူမြို့ဟောင်း ဟန်လင်းသည် ပုဂံမတိုင်မီ ခရစ်နှစ် ၈ ရာစု ၉ ရာစုလောက်ကပင် ပြာပူမိုးများရွာသွန်းကာ မီးလောင်၍ ပျက်ခဲ့သော မြို့ဟုလည်း သမိုင်းဆရာတို့က ဆိုခဲ့ပါ၏။

(သုံး)

ကျွန်တော်တို့ဆီမှာက ရေပူချိုး၍ရသော နေရာကလေးတွေ ရှိတတ်ပါသည်။

ဥပမာ ထားဝယ်ဆိုပါစို့။ ထားဝယ်ကနေ မောင်းမကန်ဘက်သို့ အသွား မောင်းမကန် မရောက်မီ ယာဘက်သို့ ချိုးချလိုက်သောအခါ ရေပူစမ်းကိုရောက်နိုင်ပါသည်။ ရိုးရိုးခပ်ချိုးလျှင် လူတစ်ယောက် ငွေ ၁၀၀။ သီးသန့်အခန်းကလေးများထဲ၌ စိမ်၍ချိုးလျှင် လူတစ်ယောက် ငွေ ၅၀၀။ လားရှိုးမြို့က ရေပူစမ်းကလည်း သည်အတိုင်းပဲ ဖြစ်ပါသည်။

သို့သော် ဟန်လင်းမှာက အခမဲ့။ ဟန်လင်းမြို့လယ်၌ ရေပူတွင်းကလေးတွေ ဆယ့်လေးငါးတွင်းခန့် ရှိရာ ၄/၅ တွင်းကို တစ်အုပ်စုလုပ်ပြီး ရေပူတွင်းကိုလည်း အင်္ဂတေကိုင်၊ အောက်ခံကြမ်းပြင်ကိုလည်း အင်္ဂတေကိုင်ကာ ထားသော ရေပူတွင်းကလေးများ ဖြစ်ပါသည်။ ရေပူတွင်းအကျယ်က ယောက်ျား တစ်ဖက်စာမရှိတရှိ။

ကျွန်တော်တို့ရောက်သွားတော့ ဟန်လင်းသူတချို့ အဝတ်လျှော်သူလျှော်နေကြပါသည်။ ရေချိုးနေသူတွေကလည်း လေးငါးခြောက်ယောက်။ ကိုယ့်တွင်းနှင့်ကိုယ်။ ဒေသခံဦးကြီးတစ်ယောက်က အပူရှိန်အနည်းအများကို စမ်းကြည့်ပြီး ကြိုက်ရာတွင်းမှာ ချိုးဖို့ စာရေးဆရာအဖွဲ့ကိုဖိတ်မန္တကပြုပါသည်။

ဟုတ်ပါသည်။ ရေပူတွင်းတွေက အပူဒီဂရီမတူ။ တချို့က နွေးသည်ဆိုရုံကလေး။ တချို့က ရေနွေးပူပူနှင့် လောင်းချလိုက်သလိုလူကိုတွန့်သွား၊ရွံ့သွားစေသည်အထိ အပူဒီဂရီမြင့်ပါသည်။

အော်. . . ဟိုးလွန်ခဲ့သည့် အနှစ် ၁၅၀၀ ကျော် ၂၀၀၀ လောက်ကရော သည်ပျူမြို့ဟောင်း ဟန်လင်းမှာ ရေပူတွင်းတွေရှိခဲ့ပါလေစ။ ပျူအမျိုးသား၊ အမျိုးသမီးတွေကတဲ့ရော သည်ရေပူတွင်းတွေဆီမှာ ရေချိုးခဲ့ကြပါလေစ။ အခုတော့ ဆရာကြီးဦးအောင်သင်းမှ တစ်ပါး ကျွန်တော်နှင့် ကိုနေဝင်းမြင့်တို့ကတော့ ဟန်လင်းက ရေပူတွင်းတွေဆီမှာ တစ်ပုံးပြီးတစ်ပုံး တဝုန်းဝုန်းနှင့် ချိုးဖြစ်ခဲ့ကြပါလေပြီ။ ပူပူလေးနှင့် ကောင်းလိုက်ပါဘိ ပျူမြို့တော် အို ဟန်လင်း။ ။

## စာ-၂၅၊ ရင်ခွင်ပြောင်း ဇာတ်ကြောင်းလေးများ မှ

ရွှေပြည်သာကမ်းနားတွင် စာသင်ခန်းမမှ ထွက်ကျသွားပြီး ပခုံးထမ်းဘဝဖြင့် ဝမ်းရေးဆက်ရသော ကလေးငယ်များ များစွာ ရှိနေပါသည်။ သူတို့အထဲတွင် အိုင်ကျူမြင့်သူမပါဟု မည်သူမျှ မပြောရဲ။ ထို့အတူ မြန်မာပြည်၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်၌လည်း အိုင်ကျူမြင့်သူမရှိပါဟု မည်သူပြောရဲပါမည်နည်း။ ပညာရေးသည် ငွေနှင့် ဝယ်နေရသမျှ ထူးချွန်ထက်မြက်သူများလည်း ကျဆုံးပျောက်ကွယ်နေဦးမည်ဖြစ်သည်။

(၃)

တစ်လောက အခြေခံပညာသင်ရိုးညွှန်းတမ်းဌာနတွင် အလုပ်လုပ်ခဲ့ဖူးသော ပန်းချီယဉ်မင်းပိုက်နှင့် စကားလက်ဆုံကျစဉ် သူငယ်တန်းကလေးများ စာစသင်သည့် အကြောင်းအရာကို ဆွေးနွေးကြသည်။ 'ကကြီးကန်စွန်းပင်၊ ရေမှာရှင်'နှင့် 'က ကညစ် ပေမှာခြစ်' ကိစ္စပင်ဖြစ်သည်။ ကျွန်တော်တို့ အောက်ပြည်အောက်ရွာမှ မူလတန်းကလေးများသည် ကညစ်ကို မသိ။ ပေကိုမသိ။ ကန်စွန်းပင်ကိုတော့ သိလည်းသိသည်။ စားလည်း စားနေရသည်။ စာစသင်သော ကလေးငယ်လေးတစ်ဦးအား သူနှင့်ရင်းနှီးကျွမ်းဝင်သော ပစ္စည်းများဖြင့် စတင်မိတ်ဆက်သင်ကြားခြင်းသည်ပင် အထိရောက်ဆုံးသော သင်ကြားရေးနည်းကောင်းတစ်ခုဖြစ်ပါသည်။ ဘာကြောင့်များ သင်ရိုးမှ ပညာရှိကြီးများသည်ထိုသို့ပြောင်းလိုက်ပါသနည်း။ ကျွန်တော် တွေး၍မရ။

သူငယ်တန်းအား စာစသင်သောလုပ်ငန်းသည် ခက်ခဲ၏။ နက်နဲ၏။ သိမ်မွေ့နက်ရှိုင်း၏။ အနုပညာဆန်၏။ ကလေး၏ရင်ထဲသို့ ရောက်သွားစေရန် ဆက်သွယ်ဆောင်ရွက်သောအလုပ်သည် သာမန်အလုပ်မျိုးမဟုတ်။ ပညာရှင်များ အထူးသတိထားဆောင်ရွက်ရမည့် ပညာရေးဆိုင်ရာလုပ်ငန်းကြီးတစ်ခုဖြစ်ပါသည်။ ကျောင်းကို မုန်းမသွားအောင်၊ ပညာရေးကို ကြောက်မသွားအောင် ပြုလုပ်ရမည်ဖြစ်သည်။ ထိုအခါ ကလေးများ ပျော်ရွှင်စွာ စာသင်ကြားနိုင်ရေးတွင် 'သင်ရိုး' သည် အရေးကြီးလာပါ၏။ သင်ရိုးသည် ကလေး၏စိတ်ကို နှိုးဆွမှုပေးနိုင်သည့် အပြင် စာစသင်သောကလေးနှင့် ရင်းနှီးကျွမ်းဝင်မှုတို့သည်လည်း လိုအပ်ပါသည်။ ပညာရှင်များကိုယ်တိုင်သုတေသနစနစ်တကျပြုလုပ်၍ ယနေ့အခြေအနေနှင့်လိုက်ဖက်သော သင်ရိုးများကို ပြုစုပြဋ္ဌာန်းသင့်ပါသည်။

(၄)

ရေကြည်ရာ၊ မြက်နုရာကို ရှာဖွေကာ ပညာသင်ကြားနေသော မြန်မာပြည်မှ ထူးချွန်သော ကလေးများ၏ အနာဂတ်ဘဝရပ်တည်မှုကို လှမ်းကြည့်လိုက်ပါ။ သူတို့သည် သူတို့ တတ်လာမည့် ပညာဖြင့် သူတို့နှင့် ထိုက်တန်သောအသက်မွေးမှုကိုပြည်ပနိုင်ငံများတွင်လုပ်ကိုင်ကြပါတော့မည်။ ထိုအခါ မြန်မာနိုင်ငံအနေဖြင့် ဦးနှောက်ယိုစီးမှုဖြစ်လာမည်။ အမိမြေမှ မွေးခဲ့၊ ကျွေးခဲ့၊ ပြုစုပျိုးထောင်ခဲ့သမျှတို့သည် ခုတော့ အလကားဖြစ်ခဲ့လေပြီ။ ဘာကြောင့် ဤသို့ဖြစ်ရပါသနည်း။

နိုင်ငံခြားတိုင်းပြည်က ထူးချွန်ထက်မြက်သူများကို ပို့၍ အရောင်ထွက် လင်းလက်သွားစေရန် ပြုစုပျိုးထောင်ပေးသည်။ သူတို့တက္ကသိုလ်များက ကမ္ဘာ့တက္ကသိုလ်များနှင့် ရင်ပေါင်တန်းနိုင်စေရန်ကြိုးပမ်းသည်။ ပညာသင်ကြားရေးစနစ်ကို ခေတ်မီအောင် စီစဉ်သည်။ ကလေးများ၏ ကိုယ်စွမ်းကိုယ်စကို မရအရ ဖော်ထုတ်သည်။ ပြီးမှ ထိုက်ထိုက်တန်တန် ချီးမြှောက်ကာ လုပ်ပိုင်ခွင့်များပေးအပ်သည်။ ကျွန်တော်တို့အဖို့ ရင်နာရုံမျှအပ အခြားမရှိ။

တရုတ်နိုင်ငံမှ ကျောင်းသားလူငယ်များသည် ကမ္ဘာအရပ်ရပ်သို့ထွက်ကာ ပညာသင်ကြားကြသည်။ ပညာတတ်လာသောအခါ သူတို့သင်ကြားရာနိုင်ငံအပါအဝင် အခြားနိုင်ငံများမှ ချီးမြှောက်သည်ထက် တရုတ်အစိုးရက ပိုမိုချီးမြှောက်ပြီး အမိမြေသို့ ပြန်လည်ခေါ်ယူသည်။ ဦးနှောက်ယိုစီးမှုမရှိတော့သဖြင့် တရုတ်သည် အရှိန်မြန်စွာ တိုးတက်လာခြင်းဖြစ်သည်။

(၅)

ယခုအခါ ဒီမိုကရေစီနိုင်ငံသစ်ကိုတည်ဆောက်နေကြပြီဖြစ်သည်။ နိုင်ငံသစ်နှင့်အညီ အရေးတကြီး ပြုပြင်ပြောင်းလဲရမည့်ကဏ္ဍမှာ ပညာရေးကဏ္ဍဖြစ်ပါသည်။

ကျောင်းကောင်းပါမှ ပညာရေးစနစ်ကောင်းပါမှ ကျွန်တော်တို့၏ ထူးချွန်ထက်မြက်သော ကလေးငယ်များကို ကျွန်တော်တို့နှင့် ရင်အုပ်မကွာ ပညာသင်ကြားနိုင်မည်ဖြစ်ပါသည်။ အဆိုပါကိစ္စသည် အနာဂတ်အတွက် မြန်မာနိုင်ငံ၏ အရေးတကြီးကိစ္စဟု ကျွန်တော်ထင်ပါသည်။ ။

7DAY NEWS JOURNAL

# Current Affairs

Vol.11, No.10 … 012



မျက်နှာဖုံးသတင်း

## ရွေးရိုးစွဲများနှင့် ခေတ်နောက်ပြန်ဆွဲသူများကို ချန်ထားခဲ့မည်ဟု နိုင်ငံတော်သမ္မတပြောကြား

နိုင်ငံတော်ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး တာဝန်မှ အနားယူရန် နုတ်ထွက်ခွင့်တင်ပြထားကြောင်းနှင့် ပြည်ထောင်ဝန်ကြီးအချို့ အစားထိုးလဲလှယ်မည်ဆိုသော သတင်းများ မေလဆန်းမှစတင်၍ထွက်ပေါ်နေသည်။ ထိုသို့ သတင်းထွက်ပေါ်နေချိန်တွင် သမ္မတက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ၂၀၁၁ ခုနှစ် မတ်လကုန်နှင့် ဧပြီလဆန်းပိုင်းတွင် ပြောကြားခဲ့သော ၎င်း၏ ပထမဆုံးနှင့် ဒုတိယ၊ တတိယမိန့်ခွန်းများမှာ ထူးခြားမှုများနှင့် သတင်းစကားများစွာပါဝင်သည့်အတွက် ပြည်တွင်း ပြည်ပမှ စိတ်ဝင်စားမှုများခဲ့သည်။ နိုင်ငံတော်သမ္မတရုံးတွင် မေ ၁၁ ရက်က ကျင်းပသော အထက်ပါအစည်းအဝေးတွင်လည်း သမ္မတ၏ပြောကြားချက်များတွင် ထူးခြားမှုနှင့် သတင်းစကားများစွာပါဝင်သည်ကို တွေ့ရသည်။

ပြီးခဲ့သည့် ဧပြီ ၁ ရက်တွင် ကျင်းပသည့်ကြားဖြတ်ရွေးကောက်ပွဲမှာ ပြည်သူများက အပြောင်းအလဲကိုလိုချင်နေသည်အားပြသသက်သေပြခြင်းပင်ဖြစ်ကြောင်း သမ္မတက အဓိပ္ပာယ် ဖွင့်သည်။

"ပြီးခဲ့တဲ့ ကြားဖြတ်ရွေးကောက်ပွဲ အတွေ့အကြုံမှာ ဒီနေ့ ပြည်သူတွေရဲ့ ဆန္ဒကအပြောင်းအလဲကို လိုချင်ပြီး ကျွန်တော်တို့အစိုးရရဲ့အောက်ခြေ ရပ်ကွက်၊ ကျေးရွာအဆင့်မှ မြို့နယ်၊ တိုင်းဒေသကြီး၊ပြည်နယ်မှပြည်ထောင်စုအဆင့်ထိ ရှေးယခင် လုပ်နည်းလုပ်ဟန်တွေအတိုင်း လုပ်ကိုင်ဆောင်ရွက်နေကြတာကိုမကြိုက်တော့ဘူးဆိုတဲ့ အနေအထားကို ပြသခဲ့ခြင်းဖြစ်ပါတယ်။ ဒါကြောင့် Reform ကို ထိထိရောက်ရောက် ပြောင်းလဲလုပ်ရမယ်ဆိုတဲ့သဘောဖြစ်ပါတယ်"

ဆက်လက်၍ သမ္မတက အောက်ပါအတိုင်း ထပ်ပြောသည်။ "ကျွန်တော်တို့က လမ်းကြီးတွေဖောက်၊ တံတားကြီးတွေဆောက်၊ စက်မှုဇုန်၊ စီးပွားရေးဇုန်တွေ၊ တစ်ဖက်က တည်ဆောက်နေပေမယ့် ဒီတည်ဆောက်မှုတွေ ထက် ပြည်သူတစ်ဦးချင်း ထိတွေ့ခံစားနေရတဲ့ နေ့စဉ်တွေ့ကြုံနေတဲ့ စားဝတ်နေရေး၊ သွားလာနေထိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ပြောင်းလဲတိုးတက်အောင်၊ တစ်နည်းအားဖြင့် ပြည်သူတစ်ဦးချင်းရဲ့ လူထုစီးပွားရေးဘဝကို ထိထိရောက်ရောက် တိုးတက်အောင် ဆောင်ရွက်ပေးနိုင်မယ့် အစီအမံတွေကို ကျေးရွာမှ အစ ကျေးရွာဖွံ့ဖြိုးမှု အစီအမံ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အစီအမံ၊ ဒေသဖွံ့ဖြိုးတိုးတက်မှုအစီအမံတွေ ထိထိရောက်ရောက် စီမံကြဖို့ အရေးတကြီး လိုအပ်လာပါတယ်။ ဥပမာအားဖြင့် နေထိုင်စရာ နေအိမ်အဆောက်အအုံနဲ့ လိုအပ်ချက်၊ မီးလိုအပ်ချက်၊ သွားလာစရာ ဘက်စ်ကားကျပ်တည်းမှု၊ အဆင်မပြေမှု၊ လိုအပ်ချက်တွေ၊ အလုပ်အကိုင်အခွင့်အလမ်းတွေ၊ စီမံဖန်တီးပေးဖို့ သိသိသာသာ ပြောင်းလဲတိုးတက်အောင် ဆောင်ရွက်ပေးဖို့ လိုမှာဖြစ်ပါတယ်"

သမ္မတဦးသိန်းစိန်၏ ပြောကြားချက်များမှာ လွန်စွာအားရစရာကောင်းကြောင်း၊ သို့သော် ပြောသည့်အတိုင်း လက်တွေ့အကောင်အထည်ဖော်ရန် အရေးကြီးကြောင်း သမ္မတ၏ ပြောကြားချက်များကို ဖေ့စ်ဘွတ်အွန်လိုင်း စာမျက်နှာ၌တင်ပြရာ စာဖတ်သူအများစုက အထက်ပါအတိုင်း မှတ်ချက်ပြုသည်။

၂၀၁၁-၁၂၊ ၂၀၁၂-၁၃ ဘဏ္ဍာနှစ်ကို အခြေပြု၍တွက်ချက်သော မြန်မာနိုင်ငံ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး(GDP)မှာ ၄၄၇၃၃ ဒသမ ၃ ကျပ်၊ (အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၉ ဘီလီယံ)ရှိသည်ဟု ဆိုသည်။ လက်ရှိတိုးတက်မှုနှုန်းအရ လာမည့် ၅ နှစ်အထိ ၁ ဒသမ ၅ ဆတိုးတက်မည်ဖြစ်ပြီး၊ လက်ရှိလူတစ်ဦးဝင်ငွေ တစ်နှစ်ဒေါ်လာတစ်ထောင်ရှိလျှင် နောက် ၅ နှစ်ကြာပါက ဒေါ်လာ ၁၅၀၀ ခန့်သာ ရှိမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတကာ အကူအညီနှင့် အထောက်အပံ့များ၊ ချေးငွေများ၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုးချဲ့လုပ်ကိုင်နိုင်လျှင် လူတစ်ဦးဒေါ်လာ ၃၀၀၀ ရောက်အောင်ကြိုးပမ်းနိုင်လိမ့်မည်ဟု ရည်းမှန်းထားကြောင်းလည်း သမ္မတက ပြောသည်။

သမ္မတမိန့်ခွန်းအပြည့်အစုံကို မေ ၁၀ ရက်တွင်မှ စတင်လွှင့်တင်ထားသော သမ္မတရုံး၏ တရားဝင်ဝက်ဘ်ဆိုက်ဖြစ်သော www.president-office.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

### သမ္မတ၏လမ်းညွှန်မိန့်ခွန်းမှ ကောက်နုတ်ချက် -

■ မြန်မာနိုင်ငံမှာ လူဦးရေအများဆုံးဖြစ်တဲ့ ရန်ကုန်မြို့တော်ဟာ တစ်နိုင်ငံလုံး လူဦးရေရဲ့ ၁၀ ပုံ ၁ ပုံရှိပြီး ထိုင်းနိုင်ငံ၊ ဘန်ကောက်နဲ့ နှိုင်းယှဉ်ရင် များစွာ ကွာဟနေမှုအပေါ် အားမလို အားမရဖြစ်တဲ့ လူတန်းစားအလွှာတွေရှိသလို ထက်ဝက်ကျော်သော မြို့လူထုရဲ့ နေထိုင်ရာရပ်ကွက်တွေဟာ ပျဉ်ကာ၊ ထရံကာ မီးဘေး စိုးရိမ်ရတဲ့အဆင့်ကနေတိုက်တာပေါ် မတင်နိုင်သေးတဲ့အနေအထားတွေ၊ သူတို့ရဲ့ ရေလိုအပ်ချက်၊ မီးလိုအပ်ချက်တွေ၊ သွားလာရေးမှာလည်း ဘတ်စ်ကားကျပ်တည်းမှုနဲ့ လုပ်ငန်းခွင်သွားဖို့ မနက်ပိုင်းမှာ နှစ်နာရီလောက်သွားလာရေး အတွက် အချိန်ကုန်ရသလို၊ လုပ်ငန်းခွင်က အပြန်မှာလည်း ညမိုးချုပ်မှ အိမ်ပြန်ရောက်၊ မနက်မိုးလင်း အစောကြီး ပြန်သွား၊ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးလို့ မကျေမနပ် အားမလိုအားမရဖြစ်နေတဲ့ လူတန်းစားအလွှာတွေရှိနေတာ တွေ့ရမှာဖြစ်ပါတယ်။

ဈေးကွက်နေရာ ဖန်တီးမပေးနိုင်လို့ဖြစ်စေ၊ လမ်းဘေးဈေးသည်များနဲ့ အာဏာပိုင်များရဲ့ အပြန်အလှန် တားမြစ်နေမှုမြင်ကွင်း များ၊ မြို့တွင်းကားရပ်နားရန် နေရာရှားပါးလာတဲ့ ပြဿနာကအစ ဒီမြင်ကွင်းအားလုံးကို ပြောင်းလဲသွားအောင် ကျွန်တော်တို့စီမံရမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဟာလူဦးရေများပြား၍ သိသာထင်ရှားပြီး နိုင်ငံရေး၊ စီးပွားရေးအချက်အချာ၊ထင်ရှားတဲ့ ဥပမာဖြစ်လို့မြင်သာအောင် ဥပမာပေးရခြင်းဖြစ်ပါတယ်။ အခြားတိုင်းဒေသကြီး၊ပြည်နယ်များလည်း အလားတူဖြစ်စဉ်များ သူ့နေရာနဲ့သူရှိကြပါတယ်။ တစ်နည်းအားဖြင့်ပြောရရင် ပြည်သူတစ်ဦးချင်း နေ့စဉ်ကြုံတွေ့နေရတဲ့ အခက်အခဲတွေ ပြေလည်ပြီး ပြည်သူတို့ရဲ့ လူမှုစီးပွားရေးဘဝသိသိသာသာ ပြောင်းလဲသွားအောင် Reform လုပ်ရမှာဖြစ်ပါတယ်။ Reform လုပ်ရာမှာ ငါးပွက်ရာ ငါးစာချ၊ မြေပုံ ကြည့်ပြီး ကြုံသလို နေရာချ ဆောင်ရွက်မှုမျိုး ရှောင်ကြဉ်ပြီး မြို့ပြဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းကို နောင်ရေရှည်အတွက် တိုးတက်လာမယ့် လူဦးရေနဲ့ ဖွံ့ဖြိုးလာမယ့် မြို့ပြစီးပွားရေးအခြေအနေတွေကိုပါ ထည့်သွင်းတွက်ချက်ပြီး ခပ်မြန်မြန်ဆောင်ရွက်နိုင်မယ့် အစီအမံများကို ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

■ လက်ရှိလူတစ်ဦးကျဝင်ငွေ ဒေါ်လာ ၁၀၀၀ ရှိရင် နောင် ၅ နှစ်ကြာရင် တစ်ဦးကျ ဝင်ငွေ ဒေါ်လာ ၁၅၀၀ ခန့်သာရှိမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့နိုင်ငံတကာ အကူအညီအထောက်အပံ့များ၊ ချေးငွေများ၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများကို တိုးချဲ့ဖိတ်ခေါ် လုပ်ကိုင်နိုင်မယ်ဆိုရင် လူတစ်ဦးကျဝင်ငွေဒေါ်လာ ၃၀၀၀ တန်းကို ရောက်အောင် ကြိုးစားနိုင်လိမ့်မယ်လို့ ရည်မှန်းထားပါတယ်။ တစ်နည်းအားဖြင့် လက်ရှိအခြေအနေတွက်ချက်မှုအရ တိုးတက်မှုနှုန်း ၁ ဒသမ ၅ ဆအစား တိုးတက်မှုနှုန်း ၃ ဆတိုးတက်အောင်ကြိုးစားမယ်လို့ ဆိုလိုရင်းဖြစ်ပါတယ်။

■ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွေထဲမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှု လျှော့ချရေးစီမံကိန်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွေဟာ နိုင်ငံခြား အကူအညီ အထောက်အပံ့တွေနဲ့ ဆောင်ရွက်ရမယ့် Development Plan တွေဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်များရဲ့ လူမှုစီး ပွားရေးညွှန်းကိန်းများ အချိုးကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနဲ့ ပြည်ထောင်စုဝန်ကြီးဌာနများညှိနှိုင်းတွက်ချက်ပြီး နိုင်ငံခြားအကူအညီ အထောက်အပံ့များ စီမံခန့်ခွဲရေး ဗဟိုကော်မတီသို့ မေလကုန်အပြီး တင်ပြရန်ဖြစ်ပြီး မေလ နောက်ပိုင်းမှာ Donors Meeting တွေကို ကျင်းပတဲ့အခါ မိမိတို့လိုအပ်တဲ့ လုပ်ငန်းကဏ္ဍနဲ့ နယ်ပယ်ကိုချပြဆွေးနွေးတောင်းဆိုနိုင်မှာ ဖြစ်ပါတယ်။

■ ရှေးယခင်ကာလများကဲ့သို့အထက်ဌာနများက မြေပုံကြည့်ပြီးနေရာချထားသတ်မှတ်ပေးရုံသက်သက်စီမံခန့်ခွဲရင်တော့ ရှေးယခင်လိုပဲ ထွေ/အုပ်က တစ်မျိုး၊ သစ်တောက တစ်မျိုး၊ စည်ပင်က တစ်မျိုး၊ မြေစာရင်းက တစ်မျိုးအောက်ခြေမှာ အမိန့်မျိုးစုံ၊ နားလည်မှုမျိုးစုံနဲ့ ဆောင်ရွက်ခဲ့ကြတဲ့အတွက်ရေရှည်မှာ ယခုလိုတံခါးဖွင့်ပြီး ရင်းနှီးမြှုပ်နှံမှု လက်ခံတဲ့အခါ မြေယာပြဿနာ အခက်အခဲဟာတိုင်းဒေသကြီး၊ပြည်နယ်တိုင်းမှာ ဖြစ်ပေါ်နေတာကိုတွေ့ရမှာဖြစ်ပါတယ်။ ဒါနဲ့ စပ်လျဉ်းပြီး မြို့ပြစီမံကိန်းရေးဆွဲ စီမံခန့်ခွဲအုပ်ချုပ်လုပ်ကိုင်မှုတွေကို ပြန်လည်လေ့လာကြည့်စေတဲ့အခါ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ(Code of Conduct) များဟာ အသီးသီးရေးဆွဲထားရှိခဲ့ကြပေမယ့် လက်တွေ့နယ်ပယ်မှာ အသုံးပြုစီမံခန့်ခွဲနိုင်ခြင်း မရှိတော့တာ တွေ့ရပါတယ်။ ဘာကြောင့်လည်းဆိုတော့ ဥပဒေစည်းမျဉ်းနဲ့ အုပ်ချုပ်ခြင်းအစား အမိန့်ပေးစနစ်၊ အစည်းအဝေးဆုံးဖြတ် ချက်စနစ်တွေနဲ့ဦးစားပေးလုပ်သွားတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ နောင်အခါမှာ ဥပဒေ၊ စည်းမျဉ်းနဲ့အညီ(Rule of Law)နဲ့ လုပ်မှသာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု(Sustainable Development) ကို ရရှိစေနိုင်မှာ ဖြစ်ပါတယ်။

■ ပြည်တွင်းပြည်ပရင်းနှီး မြှုပ်နှံမှုများကတော့ ကန့်သတ်မှုမရှိဘဲ ဥပဒေနဲ့အညီ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာ ဖိတ်ခေါ် တိုးချဲ့ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ပြည်တွင်းတိုင်းရင်းသား ရင်းနှီးမြှုပ်နှံမှုများနဲ့ စပ်လျဉ်းပြီး စည်ပင်သာယာလုပ်ငန်းလိုင်စင်၊ အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းလိုင်စင်၊ ဆက်သွယ်ရေး၊ စာတိုက်ကြေးနန်းဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ သစ်တောရေးရာ ဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနစတဲ့ ဝန်ကြီးဌာနတွေမှာ ခွင့်ပြုမိန့်ပေးပြီးလုပ်တဲ့လုပ်ငန်းများစွာနဲ့ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်သလို ရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့ အခွန်အခသက်သာခွင့်များ ရယူဆောင်ရွက်နိုင်တဲ့ MIC ခွင့်ပြုမိန့် လုပ်ငန်းများများစွာရှိပါတယ်။ ဒီခွင့်ပြုမိန့်တွေ အပေါ်မှာ ပြည်ထောင်စု အစိုးရဝန်ကြီးဌာန များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအကြား ဆွေးနွေးညှိနှိုင်းခြင်း၊ ခေတ်နှင့် မလျော်ညီသောလုပ်ထုံးလုပ်နည်းများကို ညှိနှိုင်းပြင်ဆင်ရေးဆွဲခြင်း၊ လူတစ်စုသာ လုပ်ကိုင်ခွင့်ရရှိနေသော လုပ်ငန်းများကို ပြည်သူအများစု ပါဝင်ဆောင်ရွက်ခွင့်ရရှိစေခြင်းဖြင့် တိုးချဲ့ပေးခြင်း၊ ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်အစိုးရများအကြား အခွန်အခဆိုင်ရာများ ညှိနှိုင်းခြင်းတို့ကို လုပ်ငန်းနယ်ပယ်တစ်ခုချင်းအလိုက် Case Study များပြုလုပ်ခြင်း၊ Survey ပြုလုပ်ခြင်း၊ အားသာချက်၊ အားနည်းချက်များနှင့် ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် နည်းလမ်းများကို သမ္မတရုံး၊ အစိုးရအဖွဲ့ရုံးနှင့် သက် ဆိုင်ရာ စီမံကိန်းလုပ်ငန်းဗဟို ကော်မတီများသို့ပေးပို့၍ ယခုကျင်းပသော အစည်းအဝေးများတွင် မူဝါဒချမှတ်ဆောင်ရွက်သွားရန် လိုအပ်ပါတယ်။

### မျက်နှာဖုံး- ဝါရင့် အမေရိကန်ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်မည် မှ

၎င်းအသင်းသည်မြန်မာနိုင်ငံအပေါ် တွင် ချမှတ်ထားသည့်စီးပွားရေးအရပိတ်ဆို့မှုများကိုရုပ်သိမ်းပေးရန် သမ္မတအိုဘားမားထံသို့ဧပြီလ ၂၀ ရက်တွင် တင်ပြထားသည့်အသင်းဖြစ်သည်။ ယခုလာရောက်သည့် အမေရိကန်ကုန်သည်ကြီးများအသင်းကို ၁၉၁၂ ခုနှစ်တွင် စတင်တည်ထောင်ပြီး ဝါရှင်တန်ဒီစီတွင် အခြေစိုက်ဖွင့်လှစ်ထားရှိကြောင်း ၎င်းအသင်းဝက်ဘ်ဆိုက်စာမျက်နှာတွင် ဖော်ပြထားသည်။ ၎င်းအသင်းတွင် အဖွဲ့ဝင် သုံးသန်းကျော်ပါဝင်ပြီး ကမ္ဘာ့အကြီးဆုံးစီးပွားရေးဆိုင်ရာအဖွဲ့ အစည်းတစ်ခုဖြစ်သည်။

အဆိုပါခရီးစဉ်အတွင်း မြန်မာနိုင်ငံမှ သက်ဆိုင်ရာအစိုးရဌာနအချို့မှ ဝန်ကြီးများ၊ သမ္မတအကြံပေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ အဖွဲ့ဝင် များနှင့် တွေ့ဆုံမှုများပြုလုပ်မည်ဖြစ်သည်။စီးပွားရေးပညာရှင်တစ်ဦးက "အမေရိကန်ရင်းနှီးမြှုပ်နှံမှုကိုကြည့်ရင်နှေးတယ်လို့ ပြောရမယ်။ မြန်တာက ဂျပန်နဲ့ဥရောပနိုင်ငံတွေက ပိုပြီးမြန်တယ်။ ဗီယက်နမ်မှာဖွင့်တော့လည်း ၂၀၀၃ လောက်ကတည်းက ဂျပန်က တော်တော်ဝင်လာတာ။ အမေရိကန်က ၂၀၀၆ ခုနှစ်ရောက်မှ ဝင်လာတယ်။ ဖွင့်လိုက်ရင်ဝင်လာတာများတာက အာရှဘက်ကများတယ်။ နောက်ဥရောပကုမ္ပဏီတွေလာကြတာ။ စီးပွားရေးပိတ်ဆို့မှုက ရုပ်လိုက်ရင်တောင်မှ ဒီမှာအမေရိကန်ကုမ္ပဏီတွေဝင်တာ နှေးလိမ့်မယ်" ဟု သုံးသပ်ပြောသည်။

7 DAY NEWS JOURNAL
Vol.11, No.10 • MAY 17 , 2012

# ပြည်သူချစ်သော တပ်မတော်အဖြစ်

ငြိမ်းငြိမ်းနိုင်



မေ ၂ ရက်တွင် လွှတ်တော်တက်သည့် ဒေါ်အောင်ဆန်းစုကြည်နှင့်တပ်မတော်သားကိုယ်စားလှယ်များ ဓာတ်ပုံ - Getty Image

“တစ်ချိန်တုန်းက ပြည်သူတွေက တပ်မတော်သားတွေကို တအားချစ်ကြတယ်။ ကျွန်မတို့က တပ်မတော်ကို သိပ်ကိုဂုဏ်သိက္ခာ ရှိစေချင်တယ်။ ပြည်သူလူထုတို့က လိုလိုလားလားလက်ခံတဲ့ တပ်မတော်လောက် ဂုဏ်သိက္ခာရှိတဲ့ တပ်မတော်မရှိဘူး”

ထိုစကားကို၂၀၁၂ကြားဖြတ်ရွေးကောက်ပွဲအကြိုနေပြည်တော်ပုဗ္ဗသီရိမဲဆန္ဒနယ်မဲဆွယ်စည်းရုံးရေးခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့ခြင်းဖြစ်သည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေအရ လွှတ်တော်အတွင်း တပ်မတော်သား ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း တည်ရှိနေမှုနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန်အင်တိုက်အားတိုက်ပြောဆိုနေကြသည့်နိုင်ငံရေးအင်အားစုများ ရှိသလိုအချိန်အတိုင်းအတာတစ်ခုအထိ လွှတ်တော်အတွင်း တပ်မတော်သားများ ရှိနေသင့်သည်ဟုကျားကန်ပြောဆိုနေကြသူများလည်းရှိသည်။

မြန်မာ့နိုင်ငံရေးအတွင်းတပ်မတော် ပါဝင်နေခြင်းကို တပ်မတော်က မိမိသဘော ဆန္ဒအလျောက် နောက်ဆုတ်သွားခြင်းကသာလျှင် အကောင်းဆုံး နည်းလမ်းတစ်ခုဖြစ်မည်ဟုလွှတ်တော်ကိုယ်စားလှယ်အချို့က သုံးသပ်သည်။

ယင်းကဲ့သို့ တပ်မတော်က လက်ရှိပြောင်းလဲနေသော နိုင်ငံရေးအခြေအနေတို့အပေါ် မူတည်သဘောပေါက်ပြီး လျှော့ချခဲ့ပါက တပ်မတော်အပေါ် ဝေဖန်နေမှုများ ဆုံးခန်းတိုင်သွားနိုင်ပြီး တစ်ချိန်က တပ်မတော်အပေါ် ပြည်သူတို့ယုံကြည်အားကိုးသည့်အနေအထားမျိုးပြန်လည်ရရှိနိုင်လိမ့်မည်ဟု သုံးသပ်သူတို့က ဆိုသည်။

ရခိုင်တိုင်းရင်းသား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်က “ဒီပါဝင်မှုကလိုအပ်သေးရဲ့လားဆိုတာ တပ်မတော်သားတွေကိုယ်တိုင်က နားလည် သဘောပေါက်ရမှာ။ သူတို့ကိုယ်တိုင် နုတ်ထွက်သွားရင် ပိုကောင်းမယ်။ ဒါမှလည်း အရပ်ဘက်နဲ့ တပ်မတော်ဘက် ဆက်ဆံရေး ကောင်းလာမယ်။ ပြည်သူနဲ့ ဆက်ဆံရေးကလည်း အရင်လိုပြန်ရောက်လာမယ်” ဟု သုံးသပ်သည်။

လတ်တလောတွင် တပ်မတော်က အထိန်းအကွပ်အနေဖြင့် ပါဝင်နေခြင်းဖြစ်ပြီး နိုင်ငံရေးပြုပြင်ပြောင်းလဲနေသည့် ကာလတစ်ခုဖြစ်သည့်အတွက် တဖြည်းဖြည်းနှင့် တပ်မတော်က နောက်ဆုတ်သွားလိမ့်မည်ဟု သုံးသပ်သူတို့က ယုံကြည်ယူဆကြသည်။

သို့သော်လည်း ပြီးခဲ့သည့် တပ်မတော်နေ့က တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး သရေစည်သူမင်းအောင်လှိုင်ပြောကြားသော မိန့်ခွန်းက နိုင်ငံရေးအသိုင်းအဝိုင်းတွင် ဆွေးနွေးစရာတစ်ခုဖြစ်လာခဲ့သည်။

ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကိုကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်ဟုဖွဲ့စည်းပုံအခြေခံဥပဒေပါအပိုဒ်ကိုပြန်လည်ကိုးကားပြောဆိုခဲ့သည်။ လွှတ်တော်အသီးသီးတွင် တပ်မတော်သားကိုယ်စားလှယ်များ ပါဝင်ဆောင်ရွက်နေရခြင်း အကြောင်းတစ်ရပ်ကိုလည်း ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်သည် ပါတီနိုင်ငံရေး ကင်းရှင်းစွာဖြင့် လူမျိုးစွဲ၊ ဒေသစွဲများ မပါရှိဘဲတစ်နိုင်ငံလုံးတစ်မျိုးသားလုံး၏အကျိုးစီးပွားကိုဖော်ဆောင်နိုင်မည့် အမျိုးသားနိုင်ငံရေးသက်သက်ကိုသာ ဖော်ဆောင်နေခြင်းဖြစ်ကြောင်း ထည့်သွင်းပြောဆိုသည်။

ထိုမိန့်ခွန်းနှင့် ပတ်သက်၍ တပ်မတော်အရေးကျွမ်းကျင်သူ ဦးဝင်းမင်းက “ဒီအချက်က ရှင်းရှင်းလင်းလင်း ပြသနေတာကတော့ တပ်ထိပ်တန်းခေါင်းဆောင်ပိုင်းက သူ့တို့ရဲ့ နိုင်ငံရေးအာဏာကိုအနည်းဆုံးတော့လတ်တလောကာလမှာ လက်လွှတ်မခံချင်ကြတာကို ပြသနေပါတယ်” ဟု သုံးသပ်သည်။

လက်ရှိ လွှတ်တော်အတွင်း တပ်မတော်သားကိုယ်စားလှယ် ၁၆၆ ဦးရှိပြီး၊ ပြည်သူ့လွှတ်တော်တွင် အရပ်သား ၃၂၂ဦးနှင့် တပ်မတော်သား ၁၁၀ ဦး၊ အမျိုးသားလွှတ်တော်တွင် အရပ်သား ၁၆၈ ဦးနှင့် တပ်မတော်သား ၅၆ ဦးရှိသည်။ ဧပြီ ၂၂ ရက်က ရာထူးအဆင့်မြင့်သည့် တပ်မတော်သားကိုယ်စားလှယ် ၅၉ ဦးကို အစားထိုးလဲလှယ်မှုလည်းပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းလဲလှယ်မှုကကြားဖြတ်ရွေးကောက်ပွဲပြီး၍ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားလှယ်များ လွှတ်တော်ထဲမရောက်မီ ပြောင်းလဲမှုတစ်ရပ်ဖြစ်ခဲ့ပြီး ထိုအပြောင်းအလဲနှင့် ပတ်သက်၍ ဝေဖန်မှုများရှိခဲ့သော်လည်း လွှတ်တော်အတွင်းကိုယ်စားလှယ်အများစုက ထိုပြောင်းလဲမှုကို အပြုသဘောအဖြစ် ကြိုဆိုခဲ့ကြသည်။

“အခုတပ်မတော်အတွင်းက ပိုမြင့်တဲ့ရာထူးတွေ ရောက်လာခြင်းက ကျွန်တော်တို့ လွှတ်တော်

စာ(၂၉)သို့



## စာ-၂၇၊ ပြည်သူချစ်သော တပ်မတော်အဖြစ် မှ

ကိုယ်စားလှယ်တွေရဲ့အခန်းကဏ္ဍကိုမြှင့်တင်ပေးတယ်လို့ တွေးလို့ရသလို၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဂုဏ်နဲ့လိုက်ဖက်ညီအောင် အဆင့်မြှင့်တင်ပေးလိုက်တာ ဖြစ်တယ်"ဟုပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်က အပြုသဘောဆောင် သုံးသပ်သည်။

ကြားဖြတ်ရွေးကောက်ပွဲကာလတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြည်သူလူထုသို့ မဲဆွယ်စည်းရုံးရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးက အဓိကအချက်တစ်ချက် အနေဖြင့် ပါဝင်ခဲ့သည်။

"ရွေးကောက်ပွဲဝင်တဲ့ မူဝါဒတွေထဲမှာ ရှေ့တန်းတင်ထားတာ သုံးချက်ရှိတယ်။ တတိယအချက်က ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူတွေအကျိုးရှိအောင် ပြင်ဆင်ရေးဖြစ်တယ်"ဟုပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က မဲဆွယ်စည်းရုံးရေးကာလများအတွင်း ပြောကြားခဲ့သည်။

တပ်မတော်သားများ လွှတ်တော်အတွင်း တည်ရှိနေခြင်းကြောင့် အခြားကိုယ်စားလှယ်များ အနေဖြင့် တစ်စုံတစ်ရာ ပြဿနာမရှိဟုဆိုကြသော်လည်း လွှတ်တော်အတွင်း ဥပဒေများ ပြင်ဆင်ပြောင်းလဲရေးတွင် တပ်မတော် သားကိုယ်စားလှယ်များ၏ သဘောတူညီမှုမပါဘဲ ပြုပြင်ပြင်ဆင်ရန် အဆင်မပြေသည့်ကိစ္စမျိုးများ ရှိလာနိုင်ကြောင်း ကိုယ်စားလှယ်များက သုံးသပ်သည်။

"တချို့ကိစ္စတွေမှာ တပ်မတော်သားကိုယ်စားလှယ်တွေမပါရင်မဖြစ်တဲ့ကိစ္စတွေရှိနေပါတယ်။ တပ်မတော်သားကိုယ်စားလှယ်တွေ တစ်ယောက်ချင်းဖဲ့ထုတ်လို့မရတဲ့အတွက် တစ်ဖွဲ့လုံးပါမှ ဖြစ်မယ့် အနေအထားမျိုးမှာ ပြုပြင်ပြောင်းလဲမှုကိစ္စတွေလုပ်မရနိုင်ဘူးဆိုတာဖြစ်လာနိုင်ပါတယ်"ဟု ဦးခိုင်မောင်ရည်က ဆိုသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထွန်းကမူ လက်တလော တပ်မတော်သား ကိုယ်စားလှယ်များ ပါဝင်နေသင့်သေးသည်ဟု ယူဆသည်။

"တပ်မတော်သားကိုယ်စားလှယ်တွေ လက်တလောမှာတော့ ပါဝင်နေသင့်တယ်ဆိုတဲ့ဘက်မှာ ကျွန်တော်ရပ်တည်ပါတယ်" ဟု ခိုင်ခိုင်မာမာပြောဆိုသည်။

ဦးသန်းထွန်းကပင် ဆက်လက်၍ လက်ရှိတပ်မတော် အနေအထားကိုလည်း ထင်မြင်သုံးသပ်ချက်ပေးသည်။

"အရင်တပ်မတော်အစိုးရလက်ထက်က ပြောမှားဆိုမှားလုပ်မှားကိုင်မှားတွေက အခုတပ်မတော်အပေါ်မှာ တွဲပြီးဆက်မြင်နေသလို အခုတပ်မတော်ပေါ်မှာလည်း ပုံကျနေတယ်လို့မြင်တယ်"

ဦးသန်းထွန်းကဲ့သို့ ထင်မြင်ယူဆသူ အသက် ၂၈ နှစ်အရွယ်ပြီး လုပ်သက် ၇ နှစ်ရှိ ဗိုလ်ကြီးအဆင့် တပ်မတော်အရာရှိတစ်ဦးကလည်း "ကျွန်တော်တို့ အပေါ်မှာ အမြင်မကြည်တာတွေ အများကြီးပါ။ တစ်စုံတစ်ယောက်၊ အချို့အပေါ်မှာ အမြင်စောင်းတာကနေ အကုန်လုံးက လိုက်ပြီးရောသွားတယ်လို့မြင်ပါတယ်။ တကယ်တော့ တပ်မတော်သားတွေ ဘဝမှာ ပေးဆပ်ရတာတွေက အများကြီးပါ။ အဲဒါတွေကိုလူငယ်တွေသဘောပေါက်သွားမယ်၊ ကိုယ်ချင်းစာသွားမယ်ဆိုရင် ဟိုတုန်းကလိုမျိုး လူတွေချစ်တဲ့တပ်မတော် ဖြစ်စေ ချင်ပါတယ်"ဟု သူ့ခံစားချက်ကို ဖွင့်ဟပြောဆိုသည်။

လွှတ်တော်အတွင်း တပ်မတော်သား ၂၅ ရာခိုင်နှုန်းကိစ္စကို မေးမြန်းရာတွင်တော့ယင်းဗိုလ်ကြီးက "ဒီကိစ္စကတော့ လူကြီးတွေ အဖြေထုတ်စဉ်းစားရမှာပါ။ ကျွန်တော်တို့ကတော့ တပ်မတော်ကို တခြားနိုင်ငံတွေက တပ်မတော်လို နိုင်ငံကာကွယ်ရေးမှာပြီးပြည့်စုံတဲ့ ပုံစံမျိုးနဲ့ မြင်ချင်ပါတယ်"ဟု ဆိုသည်။

ဦးဝင်းမင်းကလည်း တပ်မတော်သားကိုယ်စားလှယ်များ မိမိတာဝန် အခန်းကဏ္ဍတွင်သာ ဦးဆောင်မည်ဆိုပါက ပြည်သူတို့၏ စိတ်နှလုံးကိုပြန်လည်ရယူ ပိုင်ဆိုင်နိုင်လာလိမ့်မည်ဟု ဆိုလေသည်။




**လွှတ်တော်အတွင်း စက်ခလုတ်နှိပ် မဲပေးချိန်တွင် ဆန္ဒမဲများပြသထားမှုကို တွေ့ရစဉ်**

ထို့ကြောင့်လည်း လွှတ်တော်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များသည် တပ်မတော်ခေါင်းဆောင်ပိုင်းကို ၎င်းတို့၏ အခွင့်ထူးများ ရုပ်သိမ်းလိုက်ခြင်းသည် တပ်မတော်အတွက် အကောင်းဆုံးဖြစ်ကြောင်း နားလည်သဘောပေါက်လက်ခံလာအောင် နှစ်သိမ့်ပေးနိုင်ရန် အရေးကြီးသည်ဟု ဦးဝင်းမင်းက ဆက်ပြောသည်။ တပ်မတော်အစိုးရမှ အရပ်ဘက်သို့ ကူးပြောင်းရာတွင် စံနမူနာဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံကို ၎င်းကပင် ယခုကဲ့သို့ဥပမာပေးပြောဆိုသည်။

"သဘောထားပျော့ပျောင်းတဲ့ စစ်ဘက်ခေါင်းဆောင်တွေဟာ အရင်ဆုံး နိုင်ငံရေးမှာ လွှတ်တော်အတွင်းက သူတို့ရဲ့နေရာတွေကို တစ်ဆင့်ချင်း လျှော့ချပေးတယ်။ နောက်အခုဆိုရင်စီးပွားရေးမှာပါ တစ်ဆင့်ချင်း ဘေးထွက်ပေးဖို့ အရပ်ဘက်ခေါင်းဆောင်ပိုင်းက ဆွဲဆောင်နှစ်သိမ့်နိုင်ခဲ့တာဖြစ်ပါတယ်"

တပ်မတော်ကို ယခင်ကလို ပြည်သူချစ်သည့် တပ်မတော်ဖြစ်လာရေးအတွက် လွှတ်တော်အတွင်းက တပ်မတော်နေရာများ လျှော့ချနိုင်ရေးသာ မဟုတ်ဘဲ စီးပွားရေးဆိုင်ရာ အခန်းကဏ္ဍတွေမှာပါ လျှော့ချနိုင်ရေးကလည်း အရေးပါနေသည်။

"တပ်မတော်က လိုလိုလားလားနဲ့ နောက်ဆုတ်ခဲ့ပြီးတော့ ကြီးမားတဲ့စီးပွားရေးလုပ်ငန်းတွေမှာ ပါဝင်နေမှုကိုပါ လျှော့ချခဲ့မယ်ဆိုရင်တပ်မတော်နဲ့ပြည်သူ့ဆက်ဆံရေး အရင်အချိန်ပြန်ရောက်လာမှာပါ"ဟု ဒေါက်တာအေးမောင်ကဆိုသည်။

လက်ရှိအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်ဖြစ်ပြီး ၂၀၀၅ ခုနှစ်တွင် တပ်မတော်မှ အနားယူခဲ့ကာ တပ်မတော်ထဲတွင် ၁၁ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သော ဗိုလ်ကြီးနေမျိုးဇင်(ငြိမ်း)ကတော့ ယခုကဲ့သို့ယုံကြည်မျှော်လင့်သည်။

"လွှတ်တော်ထဲမှာ စနစ်တကျ လုပ်ဆောင်လာနိုင်ပြီဆိုရင် တပ်မတော်ခေါင်းဆောင်တွေက ရိုးသားမယ်ဆိုရင် လူထုချစ်မြတ်နိုးတဲ့ နိုင်ငံ့လုံခြုံရေးကိုပဲ လုပ်ဆောင်သွားမယ်လို့ ကျွန်တော်ကတော့ ယုံကြည်တယ်ဗျ"

ထို့ကြောင့်လည်းတပ်မတော်သား ကိုယ်စားလှယ်များ လွှတ်တော်အတွင်းရှိနေခြင်းကိုလတ်တလောတွင်တစ်သဘောတည်းလက်ခံနေသူများရှိသလို တပ်မတော်သားများကိုယ်တိုင် နားလည်သဘောပေါက်ပြီး လျှော့ချနုတ်ထွက်သွားရန် ယုံကြည်ဆန္ဒရှိနေသူများလည်းရှိသည်။



# Current Affairs

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.10 • MAY 17 , 2012

## စာ-၁၀၊ နေဝင်ချိန်ရဲ့ ရောင်နီလေလား မှ

ဝန်ထုပ်ဝန်ပိုးမဖြစ်သော်လည်း ဆင်းရဲသော မိသားစုများက မိဘဘိုးဘွားများကို ရေရှည်စောင့်ရှောက်မှုပေးရခြင်းအတွက် ဝင်ငွေနိမ့်ကျမှုက ပြဿနာတစ်ရပ်ဖြစ်သည်။

ထို့ကြောင့် ဆင်းရဲနွမ်းပါးမှုသည် သားသမီးများက မိဘများကို စောင့်ရှောက်ရသည့် ပြဿနာများနှင့် တိုက်ရိုက်ဆက်စပ်သည်ဟု နိုင်ငံတကာ သက်ကြီးရွယ်အို စောင့်ရှောက်ရေးအဖွဲ့မှ မြန်မာနိုင်ငံဆိုင်ရာ ဒါရိုက်တာ Tapan Kumar Barman ကဆိုသည်။

"ဆင်းရဲတဲ့ မိသားစုတွေဆိုရင် ကိုယ့်မိဘဘိုးဘွားတွေကို စောင့်ရှောက်ဖို့ထက် ကိုယ့်သားသမီးတွေရဲ့ ပညာရေးကို ဦးစားပေးရတယ်။ ဒါကြောင့် ဆင်းရဲတဲ့ မိသားစုတွေများလာရင် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးက တိုင်းပြည်အတွက် စဉ်းစားရမယ့် ပြဿနာဖြစ်တယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

မြန်မာနိုင်ငံတွင် အသက်၆၀ နှင့်အထက် သက်ကြီးရွယ်အိုအရေအတွက်မှာ ၂၀၀၇ ခုနှစ်တွင် နိုင်ငံလူဦးရေ၏ ၈ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၀ ပြည့်နှစ်တွင်၉ဒသမ၁ရာခိုင်နှုန်းသို့တိုးလာခဲ့သည်။

နိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် သက်ကြီးရွယ်အိုများ လုပ်အားမှာ သုံးပုံတစ်ပုံခန့် ပါဝင်နေကြောင်း လူမှုဝန်ထမ်းဦးစီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။

နိုင်ငံလူဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့်ရှိသော သက်ကြီးရွယ်အိုရွယ်များကို နိုင်ငံတော်အစိုးရနှင့် ပြည်တွင်းရှိလူမှုရေးအဖွဲ့အစည်းများ ထိန်းသိမ်းစောင့်ရှောက်မှုသည် ၃၀ ရာခိုင်နှုန်းခန့်ရှိပြီး ယင်းပမာဏသည် တစ်နိုင်ငံလုံးနှင့် နှိုင်းယှဉ်ပါက အလွန်နည်းပါးသည့် ပမာဏဖြစ်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်က ပြောသည်။

သက်ကြီးရွယ်အိုများ အတွက် ဘိုးဘွားရိပ်သာများ ဖွင့်လှစ်၍ စောင့်ရှောက်မှု ဦးရေ ၂,၃၀၀ ကျော်နှင့် အိမ်တိုင်ရာရောက် ပြုစုစောင့်ရှောက်မှုမှာ ၁၆,၀၀၀ ကျော်၊ နိုင်ငံတကာ လူမှုအဖွဲ့အစည်းများနှင့် ပြည်တွင်းလူမှုအဖွဲ့အစည်းများ၏ စောင့်ရှောက်မှုသည် ၄၀,၀၀၀ ကျော်ရှိကြောင်းသိရသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ၁၉၁၅ ခုနှစ်ကတည်းက ဘိုးဘွားရိပ်သာတွေတည်ထောင်ပြီး သက်ကြီးရွယ်အိုတွေကို စောင့်ရှောက်ခဲ့ပါတယ်။ ဒါပေမဲ့ အနာဂတ်ကာလမှာ ရေရှည်အကျိုးစီးပွားကို ပြည့်စုံအောင် ဖြည့်စွမ်းမပေးနိုင်ဘူးဆိုတာ လေ့လာတွေ့ရှိရတဲ့အတွက် အခြားသော နိုင်ငံတကာ ပြုစုစောင့်ရှောက်မှုစနစ်သစ်များကို ရွေးချယ်အသုံးပြုခဲ့ပါတယ်"ဟုလူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ယင်းညီလာခံတွင် မြန်မာနိုင်ငံရှိ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့် ပတ်သက်၍ အမှာစကားပြောကြားခဲ့သည်။

နိုင်ငံတကာတွင် သက်ကြီးရွယ်အို စောင့်ရှောက်ရေးကို အိမ်တိုင်ရာရောက် ပြုစုစောင့်ရှောက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခြင်းနှင့် လူမှုရေးဆိုင်ရာ စောင့်ရှောက်ခြင်း၊ လူမှုစီးပွားစောင့်ရှောက်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ယင်းစောင့်ရှောက်မှုများကို ကျယ်ပြန့်စွာ မစောင့်ရှောက်နိုင်သေးသော်လည်း ယနေ့အချိန်တွင်ကျယ်ပြန့်စွာ စောင့်ရှောက်မှုပြုလုပ်ရန် နိုင်ငံတကာနှင့် ဆွေးနွေး ညှိနှိုင်းဆောင်ရွက်မှုပြုလုပ်နေကြောင်း နိုင်ငံတကာအသက်ကြီးရွယ်အို စောင့်ရှောက်ရေးအဖွဲ့မှ မြန်မာနိုင်ငံဆိုင်ရာ ဒါရိုက်တာကပြောသည်။

သက်ကြီးရွယ်အို စောင့်ရှောက်ရေးကို နိုင်ငံအဆင့် စောင့်ရှောက်ရန် ဆယ်စုနှစ်များစွာ လျစ်လျူရှုခဲ့သော နိုင်ငံရေးဆုံးဖြတ်ချက် ချခွင့်ရှိသောသူများသည် သက်ကြီးရွယ်အို စောင့်ရှောက်ခြင်းကို နိုင်ငံတော်အဆင့် ပြုလုပ်ရန် စိတ်ဝင်စားလာကြသည်။

ယင်းသည် မြန်မာနိုင်ငံရှိ သက်ကြီးရွယ်အိုများအတွက် အနာဂတ်ရောင်နီ ဖြစ်လာမည်လားဆိုတာကို စောင့်ကြည့်ရမည်ဖြစ်သည်။

"နိုင်ငံရေးသမားတွေ စိတ်မဝင်စားတာတော့ မဟုတ်ဘူး။ ဘာကြောင့် မလုပ်နိုင်လဲဆိုတော့ မတတ်နိုင်လို့ပဲ။ ဘိုးဘွားရိပ်သာတွေနဲ့ စောင့်ရှောက်တာ ကောင်းလား၊ မကောင်းလားဆိုတော့ အတိုင်းအတာ တစ်ခုအထိတော့ ကောင်းတာပေါ့။ ဘိုးဘွားရိပ်သာကို ထောက်ပံ့တာအပြင် တခြားလူအဖွဲ့အစည်းမှာရှိတဲ့ ဘိုးဘွားတွေကို စောင့်ရှောက်ဖို့ ဥပဒေပြဋ္ဌာန်းမှာပါ"ဟု လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြောသည်။

မြန်မာနိုင်ငံတွင် ပထမဆုံး ပြဋ္ဌာန်းရန် ရွယ်ထားသော သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဥပဒေနှင့် လူမှုဖူလုံရေးဥပဒေတွင်လည်း အခြေခံလူမှုအဖွဲ့အစည်းအထိ စောင့်ရှောက်မှုရရှိစေရန် နည်းလမ်းများကို နိုင်ငံရေး ဆုံးဖြတ်ချခွင့်ရှိသောသူများက စဉ်းစားလာကြသည်။

ယခုလက်ရှိတွင် သက်ကြီးရွယ်အို စောင့်ရှောက်မှုများကို သားသမီးများက ယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာအရ စောင့်ရှောက်ကြပြီး ကျန်းမာရေးစောင့်ရှောက်မှုများမှာလည်း အသင်းအဖွဲ့အလိုက် အမျိုးအစားအတန်းအစားခွဲ၍ ကုသမှုများရှိနေကြသေးသည်။

ကျော်ကျော်နိုင် မိသားစုနည်းပညာဝန်ဆောင်မှုများ ကုမ္ပဏီလီမိတက်ပိုင်
ဆေးဆိုင်အများအပြားနှင့် သူနာပြုအကူ မြောက်များစွာ မွေးထုတ်ပေးခဲ့သည့်

**အောင်ချမ်းမြေ့**

**ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူ သင်တန်း**

**အမှတ်(၂၄၉)၊(2B,3B,5B,6B,7Bထပ်)၊ဗားဂရာလမ်းမကြီး၊**
**အမှတ်(၂၅၁)၊ (3A, 6B, 7B ထပ်)၊ဗားဂရာလမ်းမကြီး၊** } ကပ်လျက်တိုက်၊
**မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊**
**(မြေနီကုန်း၊-ဂမုန်းပွင့်ကုန်တိုက်အနီး) ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉-၅၁၅၉၈၇၀**
(Open 7:00 am To 7:00 pm)**ပိတ်ရက်မရှိပါ။**

- ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ ဝါရင့်ဆရာဝန်များ၊ ဝါရင့်သူနာပြုဆရာမကြီးများ ဦးစီးသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သော သူနာပြုအကူဖြစ်စေရန် သီအိုရီနှင့် လက်တွေ့တွဲ၍ သင်ကြားမည်။ စီးပွားရေးသက်သက်ကို ရှေ့မရှုပါ။
- ဝန်ဆောင်ခပေးစရာ မလိုဘဲ အလုပ်ရရန် ကူညီမည်။ နိုင်ငံတကာအသိအမှတ်ပြုအောင်လက်မှတ်ထုတ်ပေးမည်။
- နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိပါသည်။
- တယ်လီဖုန်းဖြင့် နာမည်စာရင်းကြိုတင်သွင်းထားပြီး တက်ရောက်မည့်နေ့မှ ငွေသွင်းလျှင်လည်း ဖြစ်ပါသည်။
- ဓာတ်လှေခါးဖြင့် အဆင်းအတက်ပြုလုပ်နိုင်ပြီး၊ အမှတ်(၂၄၉)၊ 2B အထပ်တွင် စုံစမ်းစာရင်းသွင်းနိုင်သည်။ လူဦးရေကန့်သတ်ထားပါသည်။

**အောင်** ပြီး **ချမ်းမြေ့** မှုတွေရရှိရန် **အောင်ချမ်းမြေ့** ကိုလာခဲ့ပါ။

**(I) တစ်လပြတ်အထူး (တစ်ပတ်ငါးရက်) ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ**
**တနင်္လာ မှ သောကြာနေ့အထိ**

စဉ် (၂၀၉၄) ၂၁-၅-၁၂ စဉ် (၂၀၉၇) ၂၈-၅-၁၂
စဉ် (၂၀၉၅) ၂၃-၅-၁၂ စဉ် (၂၀၉၈) ၃၀-၅-၁၂
စဉ် (၂၀၉၆) ၂၄-၅-၁၂ စဉ် (၂၀၉၉) ၃၁-၅-၁၂

**(II) နှစ်လပြတ်အထူး (တစ်ပတ်နှစ်ရက်) ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ**

စဉ်(၂၁၀၀) ၁၇-၅-၁၂(Thur & Fri) စဉ်(၂၁၀၃) ၂၃-၅-၁၂ (Wed & Thur)
စဉ်(၂၁၀၁) ၁၉-၅-၁၂ (Sat & Sun) စဉ်(၂၁၀၄) ၂၄-၅-၁၂ (Thur & Fri)
စဉ်(၂၁၀၂) ၂၂-၅-၁၂ (Tue & Wed) စဉ်(၂၁၀၅) ၂၆-၅-၁၂ (Sat & Sun)

**(III) သုံးလပြတ်အထူး(တစ်ပတ်တစ်ရက်) ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ**

စဉ် (၂၁၀၆) ၂၆-၅-၁၂ (Sat) စဉ် (၂၁၀၇) ၂၇-၅-၁၂ (Sun)

**(IV)နိုင်ငံတကာအဆင့်မီ ဒီပလိုမာသင်တန်းများ (တနင်္လာ မှ သောကြာနေ့အထိ)**
(I) **သုံးလ၊** (II) **ခြောက်လ၊** (III) **တစ်နှစ်** (IV) **နှစ်နှစ်** (V) **သုံးနှစ်**

စဉ် (၂၁၀၈) ၂၂-၅-၁၂ စဉ် (၂၁၁၀) ၂၉-၅-၁၂
စဉ် (၂၁၀၉) ၂၄-၅-၁၂ စဉ် (၂၁၁၁) ၃၁-၅-၁၂

**(V) သားဖွားမီးယပ်(၃)လဒီပလိုမာ** (Sat, Sun, Mon, Tue, Wed)

စဉ် (၂၁၁၂) ၂၈-၅-၁၂ စဉ် (၂၁၁၃) ၄-၆-၁၂

**သင်တန်းအားလုံးအတွက် သင်ကြားနိုင်သည့် အချိန်များ**

(I) 8:00 am to 11:00 am (IV) 01:00 pm to 04:00 pm
(II) 9:00 am to 12:00 pm (V) 05:30 pm to 07:30 pm
(III) 11:00 am to 02:00 pm

TIGER BALM® THUKHA DANA

***Vacancy Announcement***
***(For Local Service Only)***

*Thukha Dana Co.,Ltd*, a well established pharmaceutical company, is looking for candidates of highly motivated, team players and qualified individuals to join the company expansion programs (Consumer products - Tiger Balm) for the following positions:

***Business Development Manager*** ***Male/Female (1) Post***
* Age between 30 and 40 years old.
* MBA degree holder is preferred. Must have market analytic skills, leadership skills, managing skills. At least 5 years experience in Consumer products marketing field.
* Fluency in written and spoken English. Computer literate.

***Merchandising Manager*** ***Male/Female (1) Posts***
* Age between 30 to 40 years old
* Must be a degree holder. Must have at least 3 years experience in Consumer Products field.
* Must be interested in promotion and advertising field. Good dealing skill with customer is needed.
* Computer literate.

***Marketing Executive*** *Yangon - **Male/Female (10 ) Posts*** *Mandalay - **Male/Female (5 ) Posts***
***Each branches for Myitkyina, Lashio, Taunggyi, Nay Pyi Taw, Magwe, Taungoo, Pyay, Pathein, Myeik and Mawlamyaing*** ***Male/Female (2) Posts***
* Age between 20 to 30 years old
* Must be a degree holder. Must have at least 2 years experience in Consumer products marketing field.
* Must be interested in Promotion and advertising. Good dealing skill with customer is needed.
* Computer Literate

***Merchandising Assistant*** ***Male/Female (5) Posts***
* Age between 20 to 30 years old
* Must be a degree holder. Must have at least 2 years experience in Consumer products marketing field.
* Must be interested in Promotion and advertising. Good dealing skill with customer is needed.
* Computer Literate


***Sales Representative***
***Each branches for Myitkyina, Lashio, Taunggyi, Nay Pyi Taw, Magwe, Taungoo, Pyay, Pathein, Myeik and Mawlamyaing*** ***Female (10) Posts***
* Age between 20 to 30 years old.
* Must be degree holder. Must have at least 2years experience in Consumer products field.

**All candidates above must have:**
* Good communications skills, Good interpersonal skills. Able to work with team, can take responsibility.
* Be energetic and highly motivated. Able to travel the provinces.

Interested Candidates can submit CV with 2 recent photos, copies of relevant qualifications, Labor Registration, Copy of NRC, within two weeks of this announcement to the following address: (Only the person who meets the above criteria will be informed to interview).

***Thukha Dana Co., Ltd.*** **E-mail: sales@thukhadana.com.mm**

***Yangon:*** *No.(84), 12th St, Lanmadaw T/S,* ***Mandalay:*** *No (141,) 34th St, 78th+ 79th St, Chan Aye Thar Zan T/S,* ***Taungoo:*** *No.(2/307), Bo Hmu Phoe Kun St, In front of Kandawgyi,* ***Myitkyina:*** *No.(B/2), Nawarat Construction Bld, Sumparabum St,* ***Lashio:*** *No.(69), Theinni St, Qtr(2),* ***Mawlamyaing:*** *No.(381-A), Lower Main Rd, Mayangone Qtr,* ***Pathein:*** *No.(12-A), Mahabandoola St,* ***Pyay:*** *No.(1/2) Kan St, In front of Tun Thiri Cinema,* ***Myeik:*** *No.92(B), Bogyoke St, Seitnge Blk,* ***Magway:*** *No.(44), Myoma 6th St, Myoma Oh Bo Qtr,* ***Pyinmana:*** *No.(6/3), Bogyoke St, Mingalar Qtr,* ***Taunggyi:*** *No.(273), Zawtika St, Thit Taw Qtr.*


ဓာတ်ပုံ-ဇေမောင်မောင်(အမရပူရ)

# ရန်ကုန်ကို ရန်ကုန်လိုသာ ဖြစ်စေချင်သည်

■ ချမ်းငြိမ်း

(၁)

လွန်ခဲ့သောလပိုင်းက ပြည်ထောင်စုဝန်ကြီးတစ်ဦး၏ "ရန်ကုန်ကို စင်ကာပူလိုဖြစ်အောင်လုပ်မည်"ဟူသောစကားကို စာနယ်ဇင်းများတွင် ဖတ်ရှုခဲ့ရသည်။ ထို့အတူ မျက်မြင်တွင်လည်း ရန်ကုန်မြို့တော်ကြီးကို လှပသစ်လွင်အောင် ဖန်တီးတည်ဆောက်လာခြင်းကို မြင်တွေ့လာရသည်။ ပလက်ဖောင်းအဟောင်းများဖော်ထုတ်၍ အသစ်ပြန်လည်ခင်းခြင်း၊ အဓိကလမ်းမကြီးများကို ကတ္တရာပိုးခြင်း၊ လမ်းမကြီးများကို ပိုင်းခြားရာ၌ မြင့်မားသောအုတ်အကာများဖြင့် ကာရံလာခြင်း စသည့်ပြုပြင်ပြောင်းလဲမှုများကို နေရာအနှံ့မြင်တွေ့လာရသည်။ ထို့အတူ ယာဉ်ကြောရှင်းလင်းရေးအတွက် လမ်းမကြီးများ ချဲ့ထွင်ရာ၌ မလွတ်ကင်းသော အပင်များကို ခုတ်ပစ်ဖြိုလှဲခြင်း၊ နေရာအချို့၌ ပလက်ဖောင်းများအား တစ်ကိုယ်စာလမ်းကလေးများသဖွယ်ပြုပြင်တည်ဆောက်ခြင်း စသဖြင့် လုပ်ငန်းများကို ရန်ကုန်မြို့အနှံ့ သွားလေတိုင်း မြင်တွေ့လာရသည်။

ပြည်ထောင်စုဝန်ကြီး ပြောသည့်ဆိုလိုရင်းကို သဘောပေါက်ပါသည်။ စင်ကာပူသည် အာဆီယံဒေသတွင်းသာမက ကမ္ဘာ၌ပါ သန့်ရှင်းသပ်ရပ်မှုဖြင့် ကျော်ကြားသောမြို့တော်ဖြစ်ပါသည်။ မိမိတို့ရန်ကုန်မြို့တော်ကိုလည်း ထိုမြို့တော်လို သန့်ရှင်းသပ်ရပ်စေချင်သည့် စကား၏ အတိမ်အနက်ကို သဘောပေါက်ရပါ၏။

သို့ရာတွင်. . .

(၂)

အချို့သောကိစ္စရပ်တွေ၏ အရင်းအမြစ်မှာ အတော်လည်း ရယ်စရာကောင်းပါသည်။ ဆိုရလျှင် လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်ကျော်ခန့်က အိမ်နီးချင်းနိုင်ငံများသာမက ဒေသတွင်းနိုင်ငံများကပါ အတုယူစံပြဖြစ်ခဲ့သည်မှာ ရန်ကုန်မြို့တော်ဖြစ်ပါသည်။ ထိုစဉ်က ရန်ကုန်မြို့တော်သည် သန့်ရှင်းသပ်ရပ်မှုဖြင့် အထင်ကရ ထင်ရှားကျော်ကြားသောမြို့ ဖြစ်ခဲ့သည်။ အိမ်နီးချင်းနိုင်ငံများက ရန်ကုန်မြို့တော်ကို အတုယူ၍ ပြုပြင်တည်ဆောက်ခဲ့ကြသည်။ နှစ်ငါးဆယ်ကျော်ကြာသောအခါ မိမိတို့က အခြားတစ်နိုင်ငံ၏ မြို့တော်ကို အတုယူရမည်ဆိုရသော် စိတ်ပျက်ရခြင်းနှင့်အတူ ရယ်ဖို့လည်း ကောင်းပါသည်။ သို့သော် ဒီဖြစ်ရပ်တွေသည် အမှန်တကယ် ကြုံတွေ့နေရခြင်းဖြစ်ပါသည်။ ကျွန်တော်တစ်ဦးတစ်ယောက်တည်း၏ သဘောကိုပြောရလျှင် 'ရန်ကုန်ကို ရန်ကုန်လိုသာဖြစ်စေချင်ပါသည်' အဘယ်ကြောင့်ဆိုသော် ရန်ကုန်မြို့သည် အလောင်းဘုရားလက်ထက် ဒဂုံမြို့အဖြစ် စတင်တည်ခဲ့သည်မှ ၁၇၅၅ ခုနှစ်တွင် ရန်ကုန်ဟု အမည်ပြောင်းလဲ ခေါ်ဝေါ်ခဲ့သည်ဖြစ်ရာ ယခုဆိုလျှင် မြို့သက်နှစ်ပေါင်း ၂၅၀ ကျော်ပါပြီ။ ၁၈၅၂ ခုနှစ်တွင် ဗြိတိသျှတို့ သိမ်းယူခဲ့ရာမှ တစ်စထက်တစ်စ ဖွံ့ဖြိုးတိုးတက်လာပြီး ရန်ကုန်မြို့တော်ဟု ပီပြင်လာခဲ့သည်။ ခေတ်အဆက်ဆက် ဖြတ်သန်းခဲ့ရပြီး ဒုတိယကမ္ဘာစစ်ဒဏ်လည်း ကြုံခဲ့ရသည်။ ဖက်ဆစ်ဂျပန်တို့၏ ဗုံးကြဲခြင်း၊ မဟာမိတ်တို့၏ ဗုံးကြဲခြင်းတို့ကြောင့် စိစိညက်ညက်ကြေခဲ့သော်ငြား မီးပုံကြားမှ ဖီးနစ်ငှက်လို တစ်ဖန်ပြန်လည် ရှင်သန်နိုင်ခဲ့သည်။ လွတ်လပ်ရေးရပြီး ရောင်စုံလက်နက်ကိုင်တပ်ဖွဲ့များ၏ တိုက်ခိုက်ခြင်းကို ခံရသော်ငြားလုံးလုံးကျဆုံးမသွားရလေအောင် ကြံ့ကြံ့ခံနိုင်ခဲ့သည်။ သည့်နောက်တော့ ရန်ကုန်သည် အရှေ့တောင်အာရှဒေသ၌ထင်ရှားလာပါသည်။

ထိုကာလသည် ဆယ်စုနှစ်တစ်စုမျှ ကြာမြင့်ခဲ့သည်။ သည့်နောက်ပိုင်း မြို့တော် ရန်ကုန်သည် တိုင်းပြည်စီးပွားကျဆင်းမှုနှင့်အတူ အဘက်ဘက်မှ ဆုတ်ယုတ်ခဲ့သည်မှာ ဆယ်စုနှစ်များစွာကြာခဲ့သည်။ သို့ရာတွင် ရန်ကုန်မြို့တော်မှာ ယနေ့တိုင် စိမ်းလန်းစိုပြည်သော သဘာဝအရင်းအမြစ်တွေ အများကြီးကျန်ရှိပါသေးသည်။ ဘာသာရေးဝတ်ပြုကျောင်းများ၊ ဘုရားရှိခိုးကျောင်းများ၊ စေတီပုထိုးများဖြင့် လှပစွာတည်ရှိနေပုံမှာ အခြားမည်သည့်မြို့တော်နှင့်မျှမတူပါ။ အထူးသဖြင့် ကမ္ဘာပေါ်တွင် တွေ့မြင်ခွင့်နည်းနေပြီဖြစ်သော ကိုလိုနီခေတ်ရှေးဟောင်း ဗိသုကာလက်ရာ အဆောက်အအုံများစွာကို မြင်တွေ့နိုင်ပါသေးသည်။

ရန်ကုန်မြို့၏ ကျက်သရေဆောင် ကြည်ညိုဖွယ်ရာ ရွှေတိဂုံစေတီတော်မြတ်ကြီးသည် တင့်တယ်နေမြဲဖြစ်ပါသည်။ ထို့အတူ ဆဋ္ဌသင်္ဂါယနာတင်မဟာပါသာဏလိုဏ်ဂူနှင့် ကမ္ဘာအေးစေတီသည်လည်းကောင်း၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ကိုးထပ်ကြီး စသဖြင့် ဘုရားစေတီများသည်လည်းကောင်း၊ အခြားသော ဘာသာရေးအဆောက်အအုံများဖြစ်ကြသည့် ခိန့်ဟုတ်တရုတ်ဘုရားကျောင်း၊ ကွမ်တုံဘုရားကျောင်း၊ Sri-Durga ဟိန္ဒူဘုရားကျောင်း၊ ကာလီမယ်တော်ဘုရားကျောင်း၊ ဗိုလ်အောင်ကျော်လမ်းရှိစိန့်မေရီကက်သလစ်ဘုရားကျောင်း၊ ဗိုလ်ချုပ်ဈေးအနီးရှိ သုံးပါးတစ်ဆူဘုရားကျောင်း၊ မောရွေလခရစ်ယာန်နှစ်ခြင်းဘုရားကျောင်း၊ ရွှေဘုံသာလမ်းနှင့် မဟာဗန္ဓုလလမ်းဝန်းကျင်ရှိ အစ္စလာမ်ဘာသာဝင်တို့၏ ဗလီများသည်လည်းကောင်း ရန်ကုန်မြို့၌ တည်ရှိသဖြင့် ဘာသာပေါင်းစုံ၏ပြယုဂ်တစ်ခုအဖြစ် မြင်တွေ့နိုင်ပါသည်။ ရန်ကုန်သည်ကိုယ်ပိုင်ဟန် ကိုယ်ပိုင်ဖြစ်တည်မှုနှင့် သမိုင်းခေတ်အဆက်ဆက်ဖြတ်သန်းခဲ့ရာ မြို့တော်ဖြစ်ပါသည်။

(၃)

ထေရဝါဒဗုဒ္ဓသာသနာ ထွန်းလင်းခြင်းကြောင့် ရန်ကုန်မြို့တော်တွင်ဗုဒ္ဓတက္ကသိုလ်၊ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်၊ မစိုးရိမ်စာသင်တိုက်လို စာသင်တိုက်ကြီးတွေရှိသလို ပရိယတ္တိနှင့် ပတ်သက်၍လည်း မိုးကုတ်ဝိပဿနာ၊ အင်းလျားမြိုင်အပြည်ပြည်ဆိုင်ရာ ပရိယတ္တိဌာန၊ မဟာစည်သာသနာ့ရိပ်သာ၊ ချမ်းမြေ့ရိပ်သာကျောင်း၊ ပဏ္ဍိတာရာမရိပ်သာစသဖြင့် တရားဘာဝနာစခန်းများ အများအပြားတည်ရှိပါသည်။ ထိုနည်းတူ နွမ်းပါးချို့တဲ့သည့်ကလေးငယ်များ ပညာသင်ကြားရေးအတွက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ရှိသလို သက်ကြီးရွယ်အိုများအတွက်လည်း အစဉ်အဆက် စောင့်ရှောက်လာခဲ့သော လူအိုရုံများရှိပါသည်။ ထို့အပြင် နှစ်ပေါင်းကိုးဆယ်ကျော်ခဲ့ပြီဖြစ်သော ရန်ကုန်တက္ကသိုလ်ကြီးသည် အင်းလျားကန်အနီး၌ ခန့်ခန့်ထည်ထည်ကြီးတည်ရှိတုန်း ဖြစ်ပါသည်။ ထိုနည်းတူ ဆယ်စုနှစ်များစွာကြာမြင့်ခဲ့ပြီဖြစ်သော ဗိုလ်ချုပ်ဈေးကြီးသည် ရှေးဟောင်းအဆောက်အအုံတစ်ခုအဖြစ် တန်ဖိုးထား စောင့်ရှောက်ထားသည့်ဈေးဖြစ်ပါသည်။ အခြားမကြည့်ပါလေနှင့်၊ ဗိုလ်ချုပ်ဈေးနှင့် ယောမင်းကြီးလမ်းကို ဆက်သွယ်ထားသော ခုံးကျော်တံတားသည်ပင် နှစ်တစ်ရာနား ကပ်နေလေပြီ။ စိမ်းစိုသောသစ်ပင်များနှင့်အတူ ရေပြင်ရှုခင်းကြည့်လိုပါက အင်းလျား၊ ကန်တော်ကြီးနှင့် ကန်တော်မင် ဥယျာဉ်များသို့ သွားရောက်နိုင်ပါသေးသည်။ ဤသို့ သဘာဝအရင်းအမြစ်များနှင့် လိုက်လျောညီထွေစွာ ဖန်တီးတည်ဆောက်ထားသော ရန်ကုန်မြို့တော်ကို အခြားမည်သည့်မြို့တော်နှင့်မျှ မတူညီစေလိုပါ။ ရန်ကုန်ကို ရန်ကုန်လိုပဲ မြင်ချင်ပါသည်။ ယခုလို မြို့တော်ကြီးကို သန့်ရှင်းသပ်ရပ်လှပအောင်တည်ဆောက်နေချိန်တွင် အခြေခံရုပ်ဝတ္ထုသက်သက်ချည်း ပြောင်းလဲရုံမျှဖြင့် မပြောင်းလဲနိုင်ပါ။ ဤသို့ သဘာဝအရင်းအမြစ်များဖြင့် လှပနေသော မြို့တော်တွင် တွေ့ရာမြင်ရာမှာ ကွမ်းတပျစ်ပျစ်ထွေးကြသည်။ လူမြင်ကွင်းမှာ အပေါ့စွန့်ကြသည်။ ဆိုင်ရာက တားမြစ်ထားသည့်နေရာများတွင် လစ်သည်နှင့် ဈေးထွက်ရောင်းကြသည်။ အိမ်နောက်ဖေး အမှိုက်စွန့်ကြသည်။ ဘတ်စ်ကားများ အလွယ်တကူ ယာဉ်စည်းကမ်းချိုးဖောက်ကြသည်။ သတ်မှတ်ထားသော ကစားကွင်း အတိအကျမရှိ၍ လမ်းပေါ်ထွက် ဘောလုံးကန်ကြသည်။ အသက်ကန့်သတ်ထားခြင်းမရှိ၍ အရက်ဆိုင်တွေမှာ ကျောင်းသားလူငယ်တွေ တဂွပ်ဂွပ်မော့ကြသည်။ အနေ့ယာဉ်များ စည်းကမ်းမဲ့နင်းကြသည်။ ပြဿနာတစ်စုံတစ်ရာဖြစ်ပါက အုပ်စုလိုက်၊ အဖွဲ့လိုက် မိုက်ကြသည်။ မြို့တော်ကြီးမှာ အသံလွှင့်စက်၊ အသံချဲ့စက်များ မတရားဖွင့်ကာ စည်းကမ်းမဲ့ သုံးစွဲကြသည်။ အညှော်နံ့တွေ ပလူပျံ့နေတာ ဒီမြို့တော်ကြီးပဲဖြစ်သည်။ ရေဆိုး မြောင်းများ. . . ခွေးလေခွေးလွင့်များဖြင့် စည်ကားနေတာ ဒီမြို့တော်ကြီးပဲဖြစ်ပါသည်။ ထိုသို့သော အကြောင်းတရားများ၏ နောက်တွင် အကျိုးဆက်တွေ အများကြီးပါလာသည်။

ဆိုလိုသည်မှာ ရန်ကုန်မြို့တော်ကြီးကို တကယ်တမ်း သာယာလှပစေချင်လျှင် သန့်ရှင်းသပ်ရပ်စေချင်လျှင် ကြော်ငြာဆိုင်းဘုတ်တွေဖြုတ်၊ လမ်းတွေချဲ့၊ လမ်းတွေပိုး၊ ပလက်ဖောင်းတွေ ပြုပြင်ရုံဖြင့် မလုံလောက်ပါ။ မြို့တော်နေ မြို့တော်သူ မြို့တော်သားများ၏ အခြေခံစိတ်ဓာတ်ကို ပြုပြင်နိုင်ကာမှ၊ မြှင့်တင်ပေးနိုင်မှ၊ စွဲမြဲသည့်အသိပညာပေးမှုရှိကာမှ မြို့တော်ကို တကယ်တမ်းထိန်းသိမ်းနိုင်မည် ဖြစ်ပါသည်။

မြို့တော်ရှိ အင်္ဂါအစိတ်အပိုင်းများကို မိမိတို့ပိုင် ပစ္စည်းသဖွယ်ရိုသေစွာထိန်းသိမ်းတတ်ပါမှ လှပသစ်လွင်သောမြို့တော်အဖြစ် ရေရှည်တည်တံ့ပေါ်ထွန်းလာပါမည်။ ရန်ကုန်ကိုရန်ကုန်လိုသာလှပစေချင်သည်။ ရန်ကုန်ကို ရန်ကုန်လိုသာ ဖြစ်စေချင်ပါသည်။ ။

## စာ(၃၂) အမေ့ခံ အာဇာနည်များ မှ


ရဲရင့်စွာကျဆုံးခဲ့သော အာဇာနည် ၁၇ဦးတို့မှာ(၁)ဦးပဏ္ဍိတကုသိန္ဓာရုံတိုက်၊(၂)ဦးပညာဇောတ-၂၅နှစ်ငွေးချိုတိုက်၊(၃)ဦးဝေပုလ္လ-၂၇ နှစ် တူမောင်း တိုက် အမရပူရမြို့၊(၄)ဦးဇနိတ-၃၅ နှစ် စကုတိုက်၊(၅)ဦးအာလောက-၃၀နှစ်ငွေတောင်တိုက်၊(၆)ဦးကေလာသ-၂၅နှစ်ခင်မကန်တိုက်၊(၇)ဦးကေတု-၄၀နှစ်ဆင်တဲတိုက်၊(၈)ဗိုလ်ဘဒွေး-၁၈နှစ်ဝတ်စလီယံကျောင်း၊(၉)ဗိုလ်လှမောင်-၁၅နှစ်ဦးနိုဗိန္ဒကျောင်း၊(၁၀)ဗိုလ်တင်အောင်-၁၂နှစ် အမျိုးသားကျောင်းယခု အ. ထ. က(၂)မန္တလေး၊(၁၁)ဗိုလ်မူ-၂၆နှစ် ခုံတော်မင်းဝင်းကြေးနန်းရုံမြောက်ဘက်၊(၁၂)ဗိုလ်ထွန်းအောင်-၁၈နှစ် ဆိုင်း တန်းရပ်၊(၁၃)ဗိုလ်အောင်ထူး-၂၁နှစ် ဒက္ခိတဝန်တိုက်၊(၁၄)ဗိုလ်ခင်မောင်-၁၉နှစ်ဥယျာဉ်တန်းရပ်၊(၁၅)ဗိုလ်ထွန်းအိ-၅၃ နှစ်မရမ်းခြံရပ်၊(၁၆)ဗိုလ်ဘလွန်း-၃၃ နှစ် သရက်တပင်ရွာ၊ (၁၇) ဗိုလ်ခင်မောင်(ခ)ရွှေရိုး-၁၆ နှစ် တရုတ်တန်းတို့ဖြစ်သည်။

ကျဆုံးခဲ့သော အာဇာနည် ၁၇ ဦးအား ရဟန်းရှင်လူပြည်သူများက နာမည်ရှေ့တွင်ဗိုလ်တပ်၍ ဂုဏ်ပြုခဲ့ကြသည်။ ထို့အပြင် နေမျိုးမဟာသီဟသရဘွဲ့များလည်းပေးအပ်ခဲ့သည်။ နိုင်ငံတော် ဈာပနာအနေဖြင့် ပြုလုပ်ခဲ့သည်။ ၁၉၃၉ ဖေဖော်ဝါရီလ ၁၈ ရက်တွင်နေရာတွင်ပင်တစ်ခါတည်းကျဆုံးသော အာဇာနည် ၁၅ ဦး၏ ဈာပနအားပြင်ဆင်နေစဉ် ဆေးရုံပေါ်တွင် ဦးကေတုပျံလွန်တော်မူခဲ့သည်။ နောက်ဆုံးကျဆုံးသော အာဇာနည်မှာ ဗိုလ်ခင်မောင်(ခ) ရွှေရိုးတရုတ်တန်းဖြစ်သည်။

၁၃၀၀ ပြည့် တပို့တွဲလကွယ်နေ့တွင် အာဇာနည်များကို ဈာပနပြင်ဆင်ထားသော အိမ်တော်ရာ ၁၄ ခန်းဇရပ်မှ တမ္ပဝတီသူကြွယ်ကုန်းသို့မြို့နေလူထုနှစ်သိန်းခန့် လိုက်ပါပို့ဆောင်ကြသည်။ အာဇာနည်များဆုံးရာ ၂၆ ဘီလမ်းကို 'အာဇာနည်လမ်း' ဟု အမည်ပေးသတ်မှတ်ခဲ့ကြသည်။

ထိုမျှလောက် ရာဇဝင် နောက်ခံထင်ရှားခဲ့သော မန္တလေးမြို့အား အာဇာနည်ဗိမာန်ကြီးသည် ယခုကဲ့သို့အရောင်အဝါမှေးမှိန်စွာ ရှိမနေသင့်ပါ။ သက်တမ်းအားဖြင့်လည်း ၇၂နှစ်မျှရှိပြီဖြစ်သည်။ ကျွန်ုပ်သည် နောင်တစ်ချိန်တွင် အာဇာနည်ဗိမာန်ကြီးပြန်လည်၍ ရှင်သန်လာမည်ဟု မျှော်လင့်မိပါသည်။ အမှန်တကယ်လည်းပြန်လည်နိုးထလာမည်ဖြစ်ပါသည်။ မန္တလေးမြို့ '၁၃၀၀ ပြည့်အာဇာနည်ဗိမာန်ကြီး' အသစ်တစ်ဖန်ပြန်လည်ရှင်သန်နိုးထလာပါစေဟု ဆုတောင်းရင်း. . . . ။

7DAY NEWS JOURNAL
Vol.11, No.10 • MAY 17 , 2012



# အမှေ့ခံ အာဇာနည်များ

**စိုးရန်ပိုင်(ပထမနှစ်၊ ဥပဒေ) ရတနာပုံတက္ကသိုလ်**

ကျွန်ုပ်သည် ဤဆောင်းပါးကို ရေးလိုသည်မှာ တက္ကသိုလ်ဝင်တန်းစာမေးပွဲများဖြေဆိုပြီး ဘော်ဒါဆောင်မှ ထွက်လာသောအချိန်ကတည်းကပင် ဖြစ်လေသည်။ သို့သော် တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသော ကျောင်းသူ၊ ကျောင်းသားများ၏ ထုံးစံအတိုင်း ဟိုသင်တန်းပြေးလိုက်ရ၊ ဒီသင်တန်းတက်လိုက်ရဖြင့် ဆောင်းပါးဘက်သို့ ခြေဦး မလှည့်နိုင် ဖြစ်နေလေသည်။ ကျွန်ုပ်ကဲ့သို့ လူငယ်တစ်ဦး ဆောင်းပါးရေးရသည်မှာလည်း မလွယ်ကူလှပေ။ ဤဆောင်းပါးသည် သမိုင်းနောက်ခံဆောင်းပါး ဖြစ်သောကြောင့် သမိုင်းနှင့်ဆိုင်သော အချက်အလက်များကိုလည်း ရှာဖွေစုဆောင်းရလေသည်။

ကျွန်ုပ်သည် ဤဆောင်းပါးကို ရေးချင်စိတ်ဖြစ်ပေါ်လာပုံကို ရှေးဦးစွာတင်ပြလိုပါသည်။ ကျွန်ုပ်သည် ကုသိုလ်ပြုတရားမဏ္ဍပ်အဖွဲ့တစ်ဖွဲ့တွင် အဖွဲ့ဝင်တစ်ယောက် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကုသိုလ်ပြုတရား မဏ္ဍပ်အဖွဲ့အမည်မှာ "ဓမ္မရောင်ခြည်" ဖြစ်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက် တရားပွဲလုပ်လိုသော ကုသိုလ်ရှင်များကို လိုက်လံကုသိုလ် ပါရမီဖြည့်ပေးသော အဖွဲ့ဖြစ်ပေသည်။

တစ်နေ့တွင် ကျွန်ုပ်တို့အဖွဲ့သည် တရားမဏ္ဍပ်ဆင်ရန် သွားရလေသည်။ ကျွန်တော်တို့သွားရမည့် နေရာမှာ အမရပူရမြို့ရှိ သစ်တောဝင်းအတွင်း ဖြစ်လေသည်။

ကျွန်တော်တို့သည် အဖွဲ့တည်ရှိရာ ၁၅ လမ်း ပေါ်တော်မူဘုရားမှ အမရပူရမြို့သို့ ၈၄ လမ်းမှ သွားခဲ့ကြသည်။ ကျွန်တော်တို့ လိုက်ထရပ်ကားအဖြူရောင်လေးသည် ပုံမှန်မောင်းနေရာမှ ကန်တော်ကြီးအနီး မန္တလေးစစ်ကိုင်းကားလမ်းအရောက်တွင် ရုတ်တရက်ကားသည်ရပ်သွားလေသည်။ ကားဘီးပေါက်သွားခြင်းပင်ဖြစ်ပါသည်။ ကားဘီးဖာစဉ် ကျွန်ုပ်သည် ပတ်ဝန်းကျင်ကို လှေ့လာကြည့်ရှုမိပါသည်။ တစ်နေရာသို့ ရောက်သောအခါ ကျွန်ုပ်၏ မျက်စိအစုံသည် ကုန်းမြင့်မြင့်လေးတွင် ရပ်တန့်သွားပါသည်။

ကျွန်တော်၏အမြင်တွင် ထိုကုန်းမြင့်လေးသည် သစ်ပင်ချုံနွယ်ပိတ်ပေါင်းများဖြင့် ထူထပ်နေပါသည်။ နံနက်ခင်း၏ နွေးထွေးသော နေရောင်ခြည်တွင် ထိုကုန်းမြင့်လေးသည် သစ်ပင်များပေါက်ရောက်ကာ တောအုပ်ငယ်ကလေး သဖွယ် ဖြစ်နေပါတော့သည်။ မည်သို့ပင်ဆိုစေ ကျွန်ုပ်၏ ခြေထောက်အစုံကိုလည်း ထိုနေရာလေးက ညို့ယူခေါ်ဆောင်သွားလေတော့သည်။

ထိုနေရာလေးသည် မန္တလေး- စစ်ကိုင်းကားလမ်း အရှေ့ဘက်ရှိ တမ္ပဝတီရပ်၊ သူကြွယ်ကုန်းတွင်တည်ရှိပါသည်။ ထိုရှေ့သို့ ရောက်သောအခါ လေးကိုင်းသဏ္ဌာန်မုခ်ဦးကို တွေ့လိုက်ရပါသည်။ လေးကိုင်းသဏ္ဌာန်ထဲတွင် '၁၃၀၀ ပြည့် အာဇာနည်ဗိမာန်' ဟု ရေးသားထားပါသည်။ သံချေးများပင် တက်နေပါသည်။

ကျွန်ုပ်သည် ယခင်က မန္တလေးတွင် အာဇာနည်ဗိမာန်ကြီးကို မျက်ဝါးထင်ထင် တွေ့လိုက်ရပါသည်။ မိမိတို့မြို့အတွက် လွန်စွာဂုဏ်ယူဝမ်းမြောက်မိပါသည်။ သို့သော် ကျွန်ုပ်၏ ဂုဏ်ယူမှုမှာ တဒင်္ဂသာဖြစ်ပါတော့သည်။ ကျွန်ုပ်တို့ မန္တလေးမြို့ရှိ အာဇာနည်ဗိမာန်သည် ရန်ကုန်မြို့က အာဇာနည်ဗိမာန်လို သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း ရှိမနေပေ။ အမှိုက်သရိုက်များနှင့် ဂုဏ်ရှိန်ဂုဏ်ဝါ မှေးမှိန်လျက်ရှိနေ သည်ကို တွေ့လိုက်ရလေသည်။

ဤကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၊ နိုင်ငံတိုင်းမှာပင် အမျိုးသားခေါင်းဆောင်များ၊ အာဇာနည်များရှိကြပေသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းလို ရပ်သိ ရွာသိ ကမ္ဘာသိ အာဇာနည်များ ရှိခဲ့သလို စာတစ်ကြောင်း နာမည်တစ်လုံးမျှ အသိအမှတ်ပြု မှတ်တမ်းမတင်ခံရသော ရွက်ပုန်းသီး အာဇာနည်များလည်း ရှိပေသည်။ ယခုအခါ ရွက်ပုန်းသီး အာဇာနည်များကို မဆိုထားနှင့် တစ်ခေတ်တစ်ခါက မြန်မာတစ်ပြည်လုံး ကျော်ကြားခဲ့သော အာဇာနည် ၁၇ ဦးကို နှောင်းလူများက ဥပေက္ခာပြု လျစ်လျူရှုထားကြလေသည်။

အာဇာနည်ကို မြန်မာအဘိဓာန်ထဲတွင် အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ထားပါသည်။ အာဇာနည်၏ အဓိပ္ပာယ်မှာ "အကြောင်းဟုတ်၊ မဟုတ်ကို ကောင်းစွာသိသောသူ၊ သာမန်ထက်လက်ရုံးရည်၊ နှလုံးရည် ထူးကဲသာလွန်၍ အများအကျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်သူ၊ အမျိုးကောင်းသော၊ အမျိုးမြတ်သော" ဟု ဖွင့်ဆိုထားပါသည်။ ပါဠိစကား "အာဇာနေယျ" မှ ဆင်းသက်လာသည်ဟုလည်း သိရပါသည်။ အင်္ဂလိပ်အဘိဓာန်ထဲတွင် "Person with discrimination and courage of his coviction" နှင့် "Hero who is prepared to sacrifice his life for a good case" ဟု ဖော်ပြထားပါသည်။

အာဇာနည် ၁၇ ဦး ကျဆုံးပုံကို ကျွန်ုပ်၏ ခေတ်ပြိုင် သူငယ်ချင်းများကို သိစေလိုသောဆန္ဒဖြင့် ရေးသားလိုက်ရပါသည်။ အချိန်မှာ ခရစ်နှစ် ၁၉၃၉ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်၊ မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့် တပို့တွဲလပြည့်ကျော် ၆ ရက် ကြာသပတေးနေ့မွန်းလွဲ ၁ နာရီအချိန်တွင် မန္တလေးမြို့ မဟာလောကရံသီအိမ်တော်ရာဘုရားအတွင်း ၁၄ ခန်း ဇရပ်ကြီး၌ ရဟန်းရှင်လူ ကျောင်းသား ၂၀၀၀၀ ကျော် စည်းဝေးတိုင်ပင်ကြလေသည်။ ထိုအစည်းအဝေးပွဲတွင် ဘာသာရေး၊ ကျောင်းသားအရေး၊ ဗြိတိသျှကို လိုနီအုပ်ချုပ်ရေးတိုက်ဖျက်ရေးနှင့် မြန်မာပြည်တွင်း ထုတ်ကုန်များကိုအားပေးရေးစသည်တို့ကို စည်းဝေးတိုင်ပင်ကြလေသည်။ ထို့အပြင် အုပ်ချုပ်နေသော အင်္ဂလိပ်အစိုးရကို အဆိုပြုချက်(၃)ရပ်တင်သွင်းခဲ့သည်။

ထိုအဆိုပြုချက်များမှာ-(၁) ဗုဒ္ဓဘာသာဝင်မများ အထွတ်အမြတ် အလေးထားရာဖြစ်သော ဘုရား၊ ကျောင်း၊ စေတီ၊ ပုထိုးများ၌ ဖိနပ်စီးနင်းဝင်ရောက်ခြင်း မပြုလုပ်ရန်၊ (၂) ရန်ကုန်မြို့တွင် ဗြိတိသျှအစိုးရဘက်မှ စစ်တပ်အင်အားအလွန်အကျွံအသုံးချ၍ ပြင်းပြင်းထန်ထန် နှိမ်နင်းခြင်းများကြောင့် ကျောင်းသူကျောင်းသားများ ဒဏ်ရာရခြင်းနှင့် ကျောင်းသားမောင်အောင်ကျော်ကျဆုံးခြင်းကိုထိရောက်စွာအရေးယူပေးရန်တောင်းဆိုခြင်း၊ (၃) ဗြိတိသျှအစိုးရ၏ အုပ်ချုပ်ရေးတိုက်ဖျက်ရန်နှင့် ထုတ်ပြန်ထားသော ပုဒ်မ (၁၄၄)ကို ဆန့်ကျင်ကာ ငြိမ်းချမ်းစွာစီတန်းလှည့်လည်လမ်းလျှောက်ရန် အဆိုတင်သွင်းခဲ့သည်။

အားလုံး သဘောတူညီစွာ ဆုံးဖြတ်ချက်များအရငြိမ်းချမ်းစွာစီတန်းလှည့်လည်လမ်းလျှောက်မှုကို နံနက် ၁၁ နာရီသို့ ရွှေ့ဆိုင်းလိုက်ကြသည်။ တပို့တွဲလပြည့်ကျော် ၇ ရက်နေ့သို့ ရောက်သောအခါ နံနက် ၁၁နာရီတွင် လူစတင်စုဝေးကြသည်။ မွန်းလွဲ ၂နာရီသို့ရောက်သောအချိန်တွင် အိမ်တော်ရာဘုရားမြောက်ဘက်မုခ်မှ ထွက်၍ ၂၆ ဘီလမ်းအတိုင်း ရှေ့သို့ထွက်ကာ ဗြိတိသျှအစိုးရကို ငြိမ်းချမ်းစွာ ဆန္ဒပြကြသည်။

ဗြိတိသျှအစိုးရသည်လည်း လမ်းများကိုပိတ်၍ လူထုကြီးကို လူစုခွဲရန်တပ်ထောင်တာ ဗိုလ်ထုနှင့်အသင့်စောင့်ဆိုင်းနေကြသည်။ ဗြိတိသျှစစ်တပ်ကို အရေးပိုင် မစ္စတာလက်နှင့် ရာဇဝတ်ကြီးမစ္စတာရိန်းတို့က ဦးဆောင်ထားသည်။ လူထုသည်လည်း အသက်စွန့်ကာ ရှေ့သို့ချီတက်မြဲချီတက်ကြသည်။ ဗြိတိသျှစစ်တပ်သည် လူအုပ်ကို တားဆီး၍မရသောအခါသေနတ်ဖြင့်ပစ်ခတ်ဟန့်တားကြလေသည်။ ဗြိတိသျှအစိုးရသည် ဆန္ဒပြလူထုကြီးကို ကြေးနန်းရုံ တောင်ဘက်တွင် တစ်ကြိမ်၊ ရိုးကုမ္ပဏီတိုက်ရှေ့တွင် တစ်ကြိမ်၊ အင်ပီရီရယ်ဘဏ်ရှေ့တွင် တစ်ကြိမ် ရက်ရက်စက်စက် ပစ်ခတ်ခဲ့သည်။

ဗြိတိသျှအစိုးရ၏ ရက်စက်စွာ ပစ်ခတ်မှုကြောင့် တပ်ဦးတွင် သုံးရောင်ခြယ်အလံတော်ကိုင်ချီတက်လာသော ဦးပဥ္ဇင်းကိုယ်တော်များနှင့် အနောက်နားတွင် တစ်ဖဝါးမကွာ ကပ်လိုက်ပါသော အရပ်သားများ၊ ကျောင်းသားများပါ ကျည်ဆန်ထိမှန်ကုန်တော့၏။ နယ်ချဲ့ဗြိတိသျှဟူသော လေပြင်းကြီးတိုက်ခတ်သောကြောင့် အာဇာနည်ဟူသော ရော်ရွက်ဝါများ ကြွေကျရလေသည်။ အာဇာနည်များ၏ ရဲရဲတောက်သောသွေးများ မြေခခဲ့ရလေသည်။ ဗြိတိသျှအစိုးရ၏ ပစ်ခတ်မှုကြောင့် သေနတ်ဒဏ်ရာဖြင့် ရဟန်းတော်၊ ကျောင်းသားနှင့် အရပ်သား ၁၇ ဦးကျဆုံးခဲ့ရလေသည်။

စာ(၁၃) သို့

## JOKE

### ကြံကြံဖန်ဖန်

စီးပွားရေးကိစ္စဖြင့် လေဆိပ်သို့ရောက်ရှိနေစဉ် လေယာဉ်ပေါ် တက်ရမည့်ဂိတ်အမှတ်(၃၅)တွင် ကျွန်တော်တို့မိသားစု သွားရောက်စောင့်ဆိုင်းနေသည်။ ထိုအချိန်မှာပင် လေဆိပ်လူထုဆက်သွယ်ရေးစနစ်မှ "အဆင်မပြေမှုအတွက် တောင်းပန်ပါတယ်ရှင်။ ဒါပေမဲ့ Delta လေယာဉ်ခရီးစဉ်အမှတ် ၅၇၀ ဖြင့် ခရီးသွားမည့်သူများ ဂိတ်အမှတ် (၄၁) မှ လေယာဉ်ပေါ် တက်ရမည်ဖြစ်ကြောင်း ကြေညာအပ်ပါတယ်" ဟု ကြေညာချက်ထွက်ပေါ် လာသည်။

သို့ဖြင့် ကျွန်တော်တို့ မိသားစုမှာလည်း အထုပ်အပိုးများ သယ်ဆောင်၍ ဂိတ်အမှတ် (၄၁) သို့ရွှေ့ပြောင်းစောင့်ဆိုင်းနေလိုက်သည်။ များမကြာမီမှာပင် လူထုဆက်သွယ်ရေးစနစ်မှနေ၍ မိမိတို့လေယာဉ်မှာ ဂိတ်အမှတ်(၃၅)သို့သာ ဆိုက်ရောက်မည်ဖြစ်ကြောင်း ကြေညာပြန်ရာ ကျွန်တော်တို့မှာ ဂိတ်အမှတ် (၃၅) သို့ ပြန်လည်သွားရောက်ရသည်။ ဂိတ်အမှတ် (၃၅) သို့ကျွန်တော်တို့ ရောက်ပြီး များမကြာမီမှာပင် လေဆိပ်လူထုဆက်သွယ်ရေးစနစ်မှ ယခုကြေညာချက်ထွက်ပေါ် လာခဲ့သည်။

"Delta လေကြောင်းလိုင်း၏ ကိုယ်လက်ကြံ့ခိုင်ရေးအစီအစဉ်တွင် ပါဝင်ဆင်နွှဲခဲ့ခြင်းအတွက် လူကြီးမင်းတို့ကို ကျေးဇူးတင်ပါတယ်ရှင်" ဟူ၍ . . . ။

### မထင်ပါနဲ့

စာသင်ခန်းထဲတွင် နှစ်တန်းကျောင်းသား ဂျော်နီအား ဆရာမက သင်္ချာသင်နေရင်း "မင်းမှာ ဆယ်ဒေါ်လာရှိတယ်။ အကယ်၍ ဆရာမက မင်းဆီက ရှစ်ဒေါ်လာ ချေးလိုက်မယ်ဆိုရင် မင်းမှာ ပိုက်ဆံဘယ်လောက်ကျန်မလဲ" ဟုမေးရာ ဂျော်နီက "ဆယ်ဒေါ်လာကျန်ပါတယ်ဆရာမ" ဟုပြောရာ ဆရာမက "ဘယ်လိုလုပ်ပြီး ဆယ်ဒေါ်လာကျန်မှာလဲ" ဟု ဂျော်နီအားပြောသည်။ ဤတွင် ဂျော်နီက "ဆရာမရှစ်ဒေါ်လာ ချေးချင်တာကို ကျွန်တော်က ပေးချင်မှပေးမှာလေ" ဟု ပြောပါတော့သည်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လုထွင့်ဦး။ **သတင်းထောက်များ-** ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းငွေ၊ အေးသူစံ၊ ကိုကိုကြီး။ **အငယ်တန်းသတင်းထောက် -** အေးမြတ်သူ၊ ကြူကြူဟန်။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ငွေ။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၂၃၉၁၁~၁၈၊ ၀၉ ၇၃၂၂၄၅၄၁ ၊ Website : www.7daynewsjournal.com , E-mail : editor@7daynewsjournal.com
7DAY NEWS Hotline : 73032006

7DAY NEWS JOURNAL
# Business
Vol.11, No.10 • MAY 17 , 2012

# အိမ်၊ ခြံ၊ မြေဈေးကွက် ပိုလှုပ်လာ

ဇာဇာနီ

**ရန်ကုန်၊ မေ - ၉**

ရန်ကုန်မြို့ အိမ်ခြံမြေဈေးကွက်အတွင်း ရှေ့ပြေးအဖြစ် ဝင်ရောက်လာကြသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းငယ်များကြောင့် ယခုလဆန်းပိုင်းမှစတင်၍ ကွန်ဒိုငှားရမ်းမှုမြင့်တက်လာပြီး ကျပ်သိန်းပေါင်း ဆယ်ဂဏန်းမှ သောင်းဂဏန်းထိ အိမ်မြေရောင်းဝယ်မှုများ လှုပ်ခတ်လာကြောင်း အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီများထံမှ စုံစမ်းသိရသည်။

"မေလဆန်းပိုင်းမှာ အိမ်မြေရောင်းဝယ်မှုက မြို့စွန်မြေကွက်ကနေ မြို့တွင်းနေရာတွေအထိ အရောင်းအဝယ်လှုပ်လာတယ်။ ဒါကြောင့် သင်္ကြန်မတိုင်ခင်ကထက်စာရင် ဈေးနှုန်းက အရင်သိန်းတစ်ရာနဲ့ ရောင်းတဲ့မြေဈေး၊ အိမ်ဈေးက သိန်းတစ်ရာ့နှစ်ဆယ်ဖြစ်လာတယ်။ ရှားပါးပြီး ဝယ်လိုအားများရင် ဒီ့ထက်တက်ခေါ်ကြတယ်"ဟု မဏ္ဍိုင်အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာဦးသန်းဦးက 7Day News သို့ပြောသည်။

ယခုနှစ်တွင် အိမ်ခြံမြေဈေးကွက်မှာ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဝင်လာနိုင်သည်။ သို့သော် ရင်းနှီးမြှုပ်နှံမှုဥပဒေထွက်မလာသေးခြင်း၊ တိုင်းပြည်၏ စီးပွားရေးအခြေအနေများတည်ငြိမ်မှုမရှိခြင်း၊ စီမံကိန်းများဝင်ရောက်မည့်အခြေအနေ၊ ပြည်တွင်းနိုင်ငံရေးအခြေအနေ၊ ဒေါ်လာဈေးတည်ငြိမ်မှုအစရှိသည်တို့ကြောင့် လုပ်ငန်းကြီးများမှာ စောင့်ကြည့်နေပြီး အရှေ့အာရှမှ လုပ်ငန်းငယ်လေးများအများစု ရှေ့ပြေးအနေဖြင့် လာရောက်လုပ်ကိုင်လျက်ရှိကြသည်ဟုဆိုသည်။

"အရှေ့အာရှက စီးပွားရေးလုပ်ငန်းရှင်တွေဖြစ်တဲ့ အထူးသဖြင့် ဗီယက်နမ်၊ စင်ကာပူ၊ ကိုရီးယား၊ ထိုင်း၊ ထိုင်ဝမ်၊ မလေးရှားလည်းပါတယ်။ သူတို့က ဒီမှာရှိတဲ့ Sector အသီးသီးမှာ သတင်းယူတယ်။ ဈေးကွက်အနေအထား၊ မြေပြင်အနေအထား၊ သူတို့ ရင်းနှီးမြှုပ်နှံနိုင်မယ့် သွင်ပြင်အနေအထား သူတို့က နေရာကျယ်ကျယ်ကို လိုချင်တယ်။ ဒါတွေ လေ့လာတယ်။ ဒါပေမဲ့ သူတို့ လျှာထားတဲ့ ဈေးနှုန်းက အန်ကယ်တို့ဆီက ဈေးနှုန်းနဲ့စာရင် နှစ်ဆလောက်ဖြစ်တော့ သူတို့က ရှေ့ပြေးအခြေချလေ့လာတာလို့ပြောရမယ်" ဟု ဦးသန်းဦးက သုံးသပ်သည်။



"ဘာကို ပြန်ချိန်ကြည့်ရင် ရမလဲဆိုရင် လုံးချင်းမြေအငှားနဲ့ ကွန်ဒိုအငှားကိုကြည့်ရင် ကွန်ဒိုအငှားက တက်တယ်။ တိုက်ခန်းအငှားနဲ့ ကွန်ဒိုဆိုတိုက်ခန်းအငှားကတက်တယ်။ တိုက်ခန်းလို့ပြောရာမှာလည်း အဆင့်မြင့်တိုက်ခန်းတွေပြောတာ။ နောက်ပြီး သူတို့က ဒီကဈေးနှုန်းတွေကို ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တဲ့အတွက် သူတို့ထက်စာရင် ဆင်းရဲနွမ်းပါးမယ်။ မြေဈေးကြီးပေမယ့်လည်း ဒီလောက်ထိဖြစ်မယ်မထင်ဘူး။ ရောက်တဲ့အခါကျမှ ဈေးနှုန်းတွေက ကမောက်ကဖြစ်နေတယ်။ ဒါကြောင့် ငှားရမ်းမှုတွေက အရောင်းအဝယ်ထက် တက်လာတာဖြစ်တယ်"ဟု ဆက်ပြောသည်။

စာ(၃၄)သို့

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၂၀ | ၈၃၄ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၂၀ | ၈၃၄ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၅၅ | ၆၆၅ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၅၈ | ၁၀၇၆ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၆. ၅ | ၂၆. ၆ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၂၆ | ၁၂၇ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၃၅ | ၈၃၆ | ကျပ် |

၂၀၁၂ မေ ၁၂ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၂၂၁ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၇၄၁ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၉. ၉၂ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၀၉၇ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၃. ၆၃ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၅၂၇ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၄၈. ၉၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၇ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၂၀ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၁၈၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၂၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၂. ၄၂ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၆၄၉ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၉၇၅ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၇၇၅ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၀၀၃ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၀. ၁၅၄၇ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၇ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၅၈၄. ၈၀၀ |
| ရေနံစိမ်း | စည် | ၁၁၂. ၂၆၀ |
| ငွေ | ၁ အောင်စ | ၂၈. ၈၉၁ |
| ကြေးနီ | ပေါင် | ၃၆၄. ၈၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၂. ၅၀၉ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၂ မေ ၁၂ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

# ရွှေဈေး ကျပ်ခုနစ်သိန်းအောက် ဆက်ကျနိုင်

သိမ့်သိမ့်စိုး

**ရန်ကုန်၊ မေ-၉**

ပြည်တွင်းရွှေဈေးနှုန်းများ တစ်ကျပ်သားလျှင် ကျပ်ခုနစ်သိန်းနီးပါး စတင်ကျဆင်းနေပြီဖြစ်၍ ယခုရက်ပိုင်းတွင် ရွှေဝယ်လိုအားသိသာစွာ မြင့်တက်နေကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

"ဈေးကျတော့ ဝယ်လိုအားက သိသိသာသာ တက်လာတယ်။ ဒီဈေးက အနိမ့်ဈေးဖြစ်နေတော့ အားလုံးက ပြန်တက်မယ်ထင်ပြီး ဝယ်နေကြတော့ ဝယ်လိုအားကောင်းနေတယ်"ဟု ရွှေလုပ်ငန်းရှင်များက ပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းများ ကျဆင်းနေခြင်းကြောင့် ပြည်တွင်းရွှေဈေးမှာလည်း ယခုကဲ့သို့ ကျဆင်းနေခြင်းဖြစ်ရာ ပြည်တွင်းရွှေဈေးနှုန်း အတက်အကျမှာ ကမ္ဘာ့ရွှေဈေးပေါ်တွင်မူတည်နေကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းများမှာ ပြီးခဲ့သည့် လကုန်ပိုင်းတွင် တစ်အောင်စလျှင် ၁,၆၇၀-၁,၇၀၀ ဒေါ်လာဝန်းကျင် ရှိနေရာမှ ယခုရက်ပိုင်းတွင် ၁,၅၉၀ ဒေါ်လာထိ ကျဆင်းနေပြီဖြစ်သည်။ ထိုသို့ ကမ္ဘာ့ရွှေဈေးနှုန်းများ ကျဆင်းနေခြင်းကြောင့် ပြည်တွင်းရွှေဈေးနှုန်းများမှာလည်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ၇၀၂,၀၀၀ ကျပ်ထိ ကျဆင်းနေပြီဖြစ်သည်။ ၁၅ ပဲရည် ဈေးနှုန်းမှာလည်း တစ်ကျပ်သားလျှင် ၆၆၃,၀၀၀ ကျပ်ထိ ကျဆင်းနေသည်။

"ပြီးခဲ့တဲ့ ရက်ပိုင်းတုန်းက အပိုင်းဈေးကွက်က ပြန်ရောင်းတဲ့သူတွေ များနေခဲ့တာ။ အခုဈေးတွေကကျတော့ဈေးကွက်က ချက်ချင်းပြောင်းပြန်ဖြစ်သွားတယ်။ ပြန်ရောင်းတဲ့ ဈေးကွက်က ရပ်သလောက်ဖြစ်သွားပြီး ဝယ်လိုအားက တက်လာတယ်"ဟု ရွှေလုပ်ငန်းရှင်တစ်ဦးကပြောသည်။

လတ်တလော အနေအထားအရ ရွှေဈေးနှုန်းများမှာ အကျဘက်သို့ ဆက်သွားနိုင်သော ဈေးကွက် အနေအထား ဖြစ်နေကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။



7DAY NEWS JOURNAL
Vol.11, No.10 • MAY 17 , 2012

# ရေလုပ်သားများ အင်းသူကြီးများနှင့်အပြိုင် လေလံ မဆွဲနိုင်

သန်းဌေး

ရန်ကုန်၊ မေ- ၅

အင်းလေလံကို ရေလုပ်သားများကိုယ်တိုင်ဆွဲရန် ငါးလုပ်ငန်းဦးစီးဌာနများသို့ လျှောက်လွှာတင်ထားခြင်းမရှိသေးကြောင်း မအူပင်ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးစိန်သောင်းက ပြောသည်။

"အခု မေလ ၉ ရက်နဲ့ ၁၀ ရက်တွေမှာ အင်းနဲ့ တင်ဒါပိုက်ချက်တွေ ဈေးပြိုင်စနစ်နဲ့ လေလံပစ်တော့မှာပါ။ အခုအချိန်အထိတော့ ရေလုပ်သားတွေကိုယ်တိုင် လေလံဆွဲဖို့ လျှောက်လွှာတင်ထားတာ မရှိသေးပါဘူး"ဟု ဦးစိန်သောင်းကပြောသည်။

အင်းဂရန် နယ်နိမိတ်ဝန်းကျင်တွင် အခြေကျနေထိုင်လျက်ရှိသော သားငါးရှာဖွေစားသောက်သည့် ရေလုပ်သားများအနေဖြင့် အင်းအတွင်းရေလုပ်ငန်းလုပ်ကိုင်လိုပါက ဂရန်အင်းများကို ဈေးပြိုင်လေလံ ဆွဲဝယ်နိုင်ပြီး အင်းခွန်ငွေများကို လက်ငင်းငွေချေစနစ်ဖြင့် အကြေပေးဆောင်ကာ လုပ်ကိုင်နိုင်ကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ပြောသည်။

ရေလုပ်သားများသည် အင်းသူကြီးတို့နှင့်အပြိုင် လေလံဆွဲရန် ငွေကြေးမတတ်နိုင်သကဲ့သို့ ငါးဖမ်းခွင့်ပြုထားသော ရေပြင်များတွင်လည်း ယခုရာသီတွင် ငါးနေငါးထိုင်ပြောင်းလဲမှုနှင့် ငါးသယံဇာတရှားပါးလာသောကြောင့် အခက်အခဲများ ကြုံတွေ့နေကြကြောင်းသတင်းရရှိသည်။

"အင်းဂရန် နယ်နိမိတ်ဝန်းကျင်တွင် အခြေကျနေထိုင်လျက်ရှိသောရေလုပ်သားများအနေဖြင့် တည်ဆဲရေချိုငါး လုပ်ငန်းဥပဒေအရ ဂရန်အင်းများကို ဈေးပြိုင်လေလံဆွဲဝယ်၍လည်းကောင်း၊ တစ်ဦးတစ်ယောက်တည်း ဆွဲဝယ်ရန် အခက်အခဲရှိပါက အစုအဖွဲ့ဖြင့် ဆွဲဝယ်၍လည်းကောင်း၊ အပြေအကြေပေးဆောင်ကာ လုပ်ကိုင်ဆောင်ရွက်နိုင်ပါကြောင်း" ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး(၂၀) ရက်မြောက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ မေးမြန်းမှုကို ဒုတိယဝန်ကြီးက ဖြေကြားသည်။

ယခုဘဏ္ဍာနှစ်အတွက် မအူပင်ခရိုင်အတွင်းရှိမအူပင်မြို့နယ်မှ ၄၃ အင်း၊ ညောင်တုန်းမြို့နယ်မှ ၃၃ အင်း၊ ဓနုဖြူမြို့နယ်မှ ၂၄ အင်း၊ ပန်းတနော်မြို့နယ်မှ ၉၈ အင်း စုစုပေါင်း ၁၉၈ အင်းအား မေ ၉ ရက်တွင် ဈေးပြိုင်စနစ်ဖြင့် လေလံပစ်ပြီး မေ ၁၀ ရက်တွင်လည်း တင်ဒါပိုက်ချက်များကို လေလံပစ်ပေးမည်ဖြစ်ကြောင်း မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးရုံးမှ စာရင်းဇယားများအရသိရှိရသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှစတင်ကာ အင်းခွန်ကောက်ခံခွင့်အား တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရများထံလွှဲပေးခဲ့ပြီးနောက် ဧရာဝတီတိုင်းဒေသကြီးအတွင်းတွင် အင်းသူကြီးနှင့် အင်းဂရန်နယ်နိမိတ်ဝန်းကျင်တွင် အခြေချနေထိုင်လျက်ရှိသော ရေလုပ်သားများအကြားပြဿနာများပေါ်ပေါက်လာခဲ့သည်။

ယခုအချိန်အထိ ဧရာဝတီတိုင်းဒေသကြီးအပါအဝင် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ရေလုပ်သားများက အင်းလေလံဆွဲကာ အောင်မြင်သွားသည်ဟူ၍ မရှိသေးကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ငါးလုပ်ငန်း ဦးစီးဌာနအနေနဲ့ အခွန်ဆောင် ရေလုပ်သားများအတွက် ဝန်ထုတ်ဝန်ပိုးမဖြစ်စေသော သင့်တင့်သည့်နှုန်းထားဖြင့် ကိရိယာခွန်ကောက်ခံရန် ပြဋ္ဌာန်းထားရှိပြီး လက်လုပ်လက်စား ကျေးလက်နေ ပြည်သူများ တစ်ဝမ်းတစ်ခါး ရှာဖွေစားသောက်နိုင်ရန် ဂရန်အင်း၊ သီးသန့်အင်းနှင့် တင်ဒါငါးဖမ်းကွက်များမှအပ ကျန်ရှိရေချိုငါးလုပ်ငန်း ရေပြင်များတွင် ရေချိုငါးဖမ်းကိရိယာ ၁၆ မျိုးနှင့် ရေငန်ငါးဖမ်းကိရိယာခြောက်မျိုးတို့အား အခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုထားပါတယ်"ဟု ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ဆက်လက်ပြောသည်။



ဓာတ်ပုံ - သန်းဌေး




## စာ(၃၃) - အိမ်၊ ခြံ၊ မြေဈေးကွက် ပိုလှုပ်လာ မှ

ရန်ကုန်အိမ်ခြံမြေဈေးကွက်တွင် အခြားတည်ငြိမ်မှုမရှိသေးသည့်လုပ်ငန်းများက ပေါ်ပင်ဝင်ရောက်လုပ်ကိုင်မှုကြောင့်လည်း အိမ်မြေဈေးနှုန်းများ မြင့်နေခြင်းဖြစ်ကြောင်း အိမ်ခြံမြေ ဝါရင့်အကျိုးဆောင်လုပ်ငန်းရှင်များကပြောသည်။

"ကားပါမစ်ကလည်း ဖွင့်ချလိုက်တော့ အိမ်မြေဈေးကွက်ထဲမှာ ဝင်လာနိုင်သလို ခုချိန်မှာ ပွဲစားတန်းအမြစ်လှန်သလိုဖြစ်တော့ စောင့်ကြည့်ရပေမယ့် သူတို့ရဲ့ရိုက်ခတ်မှုရှိမလား စောသေးတယ်။ သူတို့ အောက်ခြေဈေးနဲ့ အရှုံးခံပြီး ဘယ်လိုရောင်းမယ်၊ အဲဒီက ငွေပင်ငွေရင်းတွေဝင်လာ၊ မလာဆိုတာ ပကတိအနေအထားနဲ့ ချက်ချင်းတော့ ဖြစ်မလာနိုင်သေးဘူး။ ခြောက်လလောက်တော့ အရှိန်ယူရဦးမှာဖြစ်လို့ စောင့်ကြည့်ရမယ်"ဟု အိမ်ခြံမြေပွဲစားလုပ်ကိုင်သူတစ်ဦးကပြောသည်။

သို့သော် ပြီးခဲ့သည့်နှစ် အိမ်ခြံမြေဈေးကွက်ကောင်းစဉ်ကာလတွင် ကားဈေးကွက်ကျဆင်းနေစဉ်အခါက ရင်းနှီးမြှုပ်နှံသူများ အိမ်ခြံမြေဈေးကွက်ထဲသို့ ဝင်ရောက်လုပ်ကိုင်လာကြသူများရှိခဲ့ကြောင်းနှင့် ၂၀၁၁ စက်တင်ဘာတွင် ကားဈေးကွက်ပြန်လည်ကောင်းမွန်လာသောအခါ အိမ်ခြံမြေဈေးကွက်မှ ကားဈေးကွက်သို့ ပြန်လည်ဝင်ရောက်လုပ်ကိုင်သူများရှိကြောင်း လုပ်ငန်းရှင်များထံမှသိရသည်။

"ခုချိန်မှာ ပေါ်ပင်စီးပွားရေးလေးခုမှာ အိမ်ခြံမြေဈေးကွက်က မတည်ငြိမ်မှုတွေအပေါ် အခွင့်ကောင်းယူပြီး ဈေးကစားလို့ကောင်းနေတုန်းပဲ။ ဒါတောင် ခိုင်မာတဲ့ဈေးကွက်မဟုတ်သေးဘူး။ ခိုင်မာတဲ့ဈေးကွက်ဆိုတာ တည်ငြိမ်တဲ့စီးပွားရေးပေါ်မှာ အခြေပြုတဲ့ဈေးကွက်ကိုပြောတာပါ"ဟု မဏ္ဍိုင်အကျိုးဆောင်လုပ်ငန်းမှ ဦးသန်းဦးကပြောသည်။

ပြီးခဲ့သည့်ဇွန်လတွင်ရန်ကုန်မြို့၏ ဈေးအမြင့်ဆုံး ကွန်ဒိုများ၏ ဈေးနှုန်းနှင့် ယခုနှစ် မေလပိုင်း ဈေးနှုန်း ကွာခြားမှုများမှာ ရွှေဟသ်ာကွန်ဒိုတွင် ပြီးခဲ့သည့်နှစ်၌ တစ်ပေပတ်လည်လျှင် ကျပ်တစ်သိန်းခွဲမှ ယခု ကျပ်နှစ်သိန်း၊ ပုလဲကွန်ဒိုတွင် ယခင် ကျပ်ခြောက်သောင်းမှ ယခု ကျပ်ကိုးသောင်း၊ ဂမုန်းပွင့်တွင် ကျပ်တစ်သိန်းနှစ်သောင်းခန့်မှယခုကျပ်တစ်သိန်းခွဲ၊ တက္ကသိုလ်ရိပ်မွန်တွင် ကျပ်တစ်သိန်းခန့်မှကျပ်တစ်သိန်းခွဲနှင့်ဈေးအမြင့်ဆုံး ယောမင်းကြီးကွန်ဒိုမှာတစ်ပေပတ်လည်လျှင်ကျပ်နှစ်သိန်းကျော်ရှိသည်။

## 7DAY BOOK REVIEW




### သစ်ရွက်ကြွေလေးပေါ်မှာ ရေးတဲ့ မှတ်တမ်းများ (တင်မိုး)

လွန်ခဲ့သော ငါးနှစ်ကျော် ၂၀၀၇ ဇန်နဝါရီ ၂၂ ရက်က အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့၌ ကွယ်လွန်ခဲ့ရှာသော ကဗျာဆရာကြီးတင်မိုးမကွယ်လွန်မီ ၁၉၉၈ ခုနှစ်က ရေခြားမြေခြား၌ရေးခဲ့သော ခံစားမှုစာစု (သို့မဟုတ်) စကားပြေကဗျာများ စုစည်းမှုစာအုပ်ဖြစ်သည်။

စာအုပ်တွင် စုစုပေါင်းစကားပြေကဗျာ ၅၅ ပုဒ်ပါဝင်ပြီး ကျစ်လျစ်စွာ ရေးဖွဲ့ထားသော မြန်မာကဗျာများဖြစ်ကြသည်။ ကဗျာများကိုဖတ်ရသည်မှာ စကားပြေချောမွေ့မှုကိုအာရုံစူးစိုက်ထားပြီး ထိရောက်သည့်စိတ်ကူးများ ပါရှိအောင် အားထုတ်ထားသည်ကိုဖတ်ရပါမည်။ တင်မိုး၏ ကဗျာများတွင်မြင်တွေ့ရမည့်ထူးခြားချက်မှာ ရိုးသားမှုဖြစ်သည်။ ယခုကဗျာများကို ဖတ်ရှုရင်း ရေခြားမြေခြားသို့ မသွားရောက်မီ ထုတ်ဝေဖူးသော **သော့အပ်ခဲ့တယ်** ကဗျာအား အထူးအမှတ်ရစေပါမည်။ စာအုပ်တွင်ဖော်ပြခဲ့သော ဇော်ဇော်အောင်၏ အမှာတွင် မြန်မာကဗျာလောက၌ ဖြတ်သန်းမှုနှင့် ပတ်သက်၍ ထိတွေ့ခဲ့ဖူးသော ကိုဘဂျမ်း(တင်မိုး)၏ ပုံရိပ်များကို မြင်တွေ့ရပါမည်။ တင်မိုး၏ ပြောင်းလဲလာသော ရေးဟန်ကို **ပုဂံ၏ ထာဝရအလှ** ကဗျာတွင် အောက်ပါအတိုင်း ဖတ်ရှုရပါမည်။

**"အာနန္ဒာဘုရားပွဲတော်တွင် ယွန်းထည်ကလေးများကို**
**ဈေးခင်းရောင်းချ တသသလုပ်နေရှာသော မိန်းမပျိုကလေးသည်**
**ပုဂံသူဇာတိ စင်စစ်ဖြစ်ခဲ့၏။**
**ပုဂံမှာမွေး ပုဂံသွေးပီပီပျိုဖော်ဝင်ချိန်တွင် သူ့ရုပ်ရည်ကလည်း ယွန်းထည်**
**လက်ရာကလေးတစ်ခုပမာ ဖြစ်လေ၏။ မြန်မာဆန်ဆန်ကာရန်ကလေး**
**တစ်ကျော့နှစ်ကျော့ ခတ်သလို အမှတ်ရဖွယ်၊ အောက်မေ့ဖွယ်**
**ရုပ်ရည်ကလေးပါပေတည်း။ နိုင်ငံခြားဧည့်သည်တို့သည် ပုဂံသို့ ဝင်လာမစဲ တသဲသဲ။**
**သမိုင်းဝင် စေတီပုထိုးများ၊ အနုပညာလက်ရာများ၊ ဗိသုကာမှုများ**
**စသည်တို့ကို ပုဂံတစ်ခွင် လှည်းယာဉ်ဖြင့် ဖြစ်စေ၊ မြင်းလှည်းဖြင့် ဖြစ်စေ**
**လှည့်လည်ကြည့်ရှုခံစားကြလေ၏။**
**ပုဂံဆည်းဆာတစ်နေရာတွင် ပုဂံသူ၏ မျက်နှာကလေးကို ဘွားခနဲ**
**တွေ့ကြ၏။ သနပ်ခါးဘဲကျားရိုက်လျက်၊ ဆွမ်းအုပ်ကို ပိုက်လျက်**
**မြို့ဦးကျောင်းတိုက်သို့ ဆွမ်းပို့သွားသော မိန်းကလေးကို တွေ့ရ၏။**
**အစဉ်ပြောင်းလဲနေသော ကမ္ဘာကြီးတွင် ဘယ်အခါမျှ မပြောင်းလဲသော**
**ပုဂံသူကလေး၏ အလှသည် ထာဝရမည်ပေ၏။"**

လင်းသစ်ရောင်စဉ် စာအုပ်တိုက်က ဘဌေးကြည်၏ သရုပ်ဖော်ပန်းချီများဖြင့် စာအုပ်ကို ကဗျာဆန်ဆန်ရိုက်နှိပ်ထားပြီး တန်ဖိုး ၁,၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### အသက်ဘယ်လောက်ရှည်မလဲဆိုတာ သိချင်သလား

ရိုးရှင်းသောစစ်ဆေးမှုဖြင့် ဇီဝဗေဒဆိုင်ရာအသက်ခေါ် Biological Age ကိုဖော်ထုတ်သိရှိနိုင်ပြီဖြစ်သည်။ နိုဗယ်ဆုရသုတေသနပြုချက်ကို အခြေခံသည့်စစ်ဆေးမှုတစ်ခုဖြစ်ပြီး သွေးနမူနာယူကာဗီဇဆောင်မျှင်ဖြစ်သော ခရိုမိုဆုမ်း၏အဆုံးသတ်ရှိမျိုးရိုးဗီဇဆိုင်ရာပစ္စည်း Telomeres ၏အလျားကို တိုင်းတာခြင်းဖြစ်သည်။ ဖိနပ်ကြိုးစမဖွာအောင် ကြိုးစထိပ်တွင်တပ်ထားသည့် ပလတ်စတစ်အပိုင်းအစကဲ့သို့ Telomeres များသည်လည်း မျိုးရိုးဗီဇဆိုင်ရာအရေးကြီးသောပစ္စည်းတစ်ခုဖြစ်သည်။ Telomeres သက်တမ်းကြာရှည်ခြင်းကအကျိုးဖြစ်ထွန်းမှန်ကန်ပြီး သက်တမ်းတိုပါက နှလုံးသွေးကြောဆိုင်ရာရောဂါများ၊ ဆီးချိုရောဂါနှင့်ကင်ဆာရောဂါများ ဖြစ်ပွားနှုန်းများစေသည်ဟုဆိုသည်။


"လူတစ်ယောက်ရဲ့သက်တမ်းဘယ်လောက်ရှည်မလဲဆိုတာ မယုံနိုင်လောက်အောင်ကို လေ့လာတွေ့ရှိရပါတယ်"ဟု Telomeres လေ့လာစမ်းသပ်မှုနှင့်ပတ်သက်၍ ၂၀၀၉ ခုနှစ်ကနိုဗယ်ဆုရရှိခဲ့သော ဩစတြေးလျသိပ္ပံပညာရှင်အဲလိဇဘက်ဘလက်ဘမ်းကဆိုသည်။ Telomeres လေ့လာမှုနှင့်ပတ်သက်သည့်ကုမ္ပဏီတစ်ခုထူထောင်ထားသူ ဘလက်ဘမ်းက ရလဒ်များသည်ပြင်းထန်သောဝေဒနာများအတွက် ဆိုးကျိုးကို အကောင်းဆုံးပုံဖော်ပြသပေးနိုင်ကြောင်း ပြောကြားခဲ့သည်။

—Source: Reader's Digest

## တစ်ပတ်တာကံကြမ္မာ

မေ ၁၆ ရက် မှ ၂၂ ရက် အထိ

စံဇာဏီဘို



### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အိုးအိမ်နေရာထိုင်ခင်းကိစ္စ ပြောဆိုအောင်မြင်မည်။ နေရာအပြောင်းအလဲနှင့်တိုးတက်မည်။ မိမိလိုလားချက်များကို ထိန်းချုပ်နေရမည့်ကာလဖြစ်သည်။ အခက်အခဲများကို ချက်ချင်းဖြေရှင်းပါ။ အလွန်စန်းပွင့်သည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း၊ အလှူမင်္ဂလာကိစ္စများ ကြုံရမည်။ အပျိုကြီး၊ လူပျိုကြီးများ စန်းပွင့်မည်။ ပျို့ရွယ်သူများ မိမိအပေါ် စိတ်ဝင်စားသူများမည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အရေးပါသော ဖြစ်ရပ်များ၊ ဘဝအတွက် ထင်ရှားသော ဆုံးဖြတ်ချက်များ၊ အပြောင်းအလဲများ ဖြစ်ပေါ်မည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း၊ စိတ်ချမ်းမြေ့ဖွယ်ရာများ ကြုံရမည်။ အခြေအနေအပေါ် သုံးသပ်မှုမှားယွင်း၍ အချိန်ကုန်၊ စိတ်ပန်း၊ လူပန်းဖြစ်ရမည်။ လုံးဝမထင်မှတ်သည့် ဖြစ်ရပ်များ ပတ်ဝန်းကျင်တွင် ပေါ်မည်။ ပြည်တွင်းသာမက ပြည်ပအထိ ဆောင်ရွက်အဆင်ပြေမည်။



### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

အကြံအစည်အောင်မြင်မည်။ ငွေကြေးနှင့်ပတ်သက်သော ကံကောင်းသည်။ ရည်ရွယ်ချက်သစ်များ လက်တွေ့ဆောင်ရွက်အဆင်ပြေမည်။ စာရွက်စာတမ်းငွေကြေး လက်ပြောင်းလက်လွှဲသတိရှိပါ။ အရပ်ဝေးမှ ရောက်ရှိလာသူများကိစ္စအတွက် အချိန်ပေးပြီး ဆောင်ရွက်ရမည်။ ထူးခြားသော မင်္ဂလာပွဲ၊ ဧည့်ခံပွဲများသို့ တက်ရောက်ရမည်။ ခရီးဝေး နိုင်ငံရပ်ခြား သွားရောက်ခြင်း ကံအထူးပွင့်မည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း၊ ငွေကြေးလုပ်ငန်းကိစ္စများ အောင်မြင်မည်။ အလုပ်နှင့် ပတ်သက်သော ကံကောင်းသည်။ နာမည်ကောင်းနှင့် တိုးတက်မှု ပူးတွဲကြုံမည်။ အကုန်အကျများသော်လည်း အကျိုးရှိသော အကုန်အကျများခြင်းရှိမည်။ ကိုယ်ပိုင်လုပ်ငန်းခွင်မှ သူများအဖို့ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ မြှုပ်နှံလိုက်သော ငွေကြေးမှ အကျိုးအမြတ်ကောင်းစွာရရှိမည်။



### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ကာလအတန်ကြာ မျှော်လင့်နေသည့် အခွင့်ကောင်းများ လက်ဝယ်ပိုင်ပိုင်နိုင်နိုင်ရရှိမည်။ ယှဉ်ပြိုင်၍ အောင်မြင်ခြင်း၊ ပညာတိုးတက်ခြင်းများ အခိုင်အမာရရှိမည်။ မိသားစုတွင် လုပ်ငန်းမရှိသူ လုပ်ငန်းရ၍ လုပ်ငန်းရှိသူအဆင့်တိုးတက်မည်။ ပညာရှာသူများ ထူးထူးခြားခြား အောင်မြင်မည်။ လူမျိုးကွဲ လူမျိုးခြား အကျိုးပေးမည်။ ခြုံ၊ ကား၊ အခန်းနှင့် ပတ်သက်သော ပြောစကား၊ ဆိုစကားများအောင်မြင်မည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

မိမိကိုယ်တိုင်ဆုံးဖြတ်ချက်ချပြီး ဆောင်ရွက်သော ကိစ္စမှန်သမျှ အောင်မြင်မည်။ ရသင့်သည့် ငွေကြေး ပစ္စည်းများ လက်ဝယ်ပြန်ရမည်။ လူမျိုးကွဲ အကျိုးပေးမည်။ ခါတိုင်းထက်ပို၍ ငွေဝင်ကိန်းရှိသည်။ အမည်တွင် အ၊ဉ၊သ၊ဟ ပါသူမှ တစ်ပါး အခြားသူများကို ကူညီ၍ရသည်။ စုပေါင်းလုပ်ငန်းတစ်ခု ကမ်းလှမ်းခံရတတ်သည်။ မိဘအကြီးအကဲ ကျန်းမာရေးအတွက် စိတ်ပင်ပန်းရမည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ထူးခြားသော အပြောင်းအလဲများ ဖြစ်ပေါ်မည်။ ငွေကြေးကံကောင်းမည်။ တစ်ခုထက်ပိုသော လုပ်ငန်းများလုပ်ကိုင်ရမည်။ နေရာပြောင်းရွှေ့ခြင်းများ ဆောင်ရွက်အောင်မြင်မည်။ ပြည်ပခရီးနှင့် ပတ်သက်သည့်ကိစ္စများဆောင်ရွက်၍ အဆင်ပြေမည်။ စုပေါင်းလုပ်ငန်းမှ ထူးခြားသော အောင်မြင်မှုရမည်။ တစ်ပါးသူနားနေချိန်တွင် မိမိအလုပ်ရှုပ်ထွေးနေမည်။ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများ အပျက်အယွင်းများမည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ငွေဝင်မည်။ အလုပ်တိုးတက်မည်။ လုပ်သမျှ အဆင်ပြေမည်။ စိတ်ကူးရှိသလောက် ရှေ့တိုးလုပ်ပါ။ သူတစ်ပါးမှ မိမိအား ဒုက္ခပေးမည်။ ပညာအတတ်နှင့် ပတ်သက်၍ တိုးတက်မည်။ ပေါ်ပေါက်လာသည့်အခြေအနေအခွင့်အလမ်းများကို အပြီးသတ်ဆောင်ရွက်ရန် အခါကျသည်။ စာရွက်စာတမ်းကိစ္စ၊ ငွေကြေးကိစ္စများ စကားများရတတ်သည်။ ကြွေးဟောင်းများ ပြန်လည်တောင်းခံနိုင်သည်။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ကိုယ့်ကြောင့်ပြဿနာဖြစ်ခြင်းမရှိ။ ကိုယ့်ကိစ္စမဟုတ်ဘဲ တစ်ပါးသူကိစ္စအတွက် ကြားဝင်ဆောင်ရွက်ရင်း စိတ်အနှောင့်အယှက်များမည်။ ငွေကြေးလက်ဝယ်မငြိမ် ငွေကုန်စရာများပေါ်တတ်သည်။ ကိုယ့်အတွက်မကုန်သော နေ့များတွင် သူတစ်ပါးအတွက် ငွေကုန်တတ်သည်။ ပစ္စည်းပျောက်တတ်သည်။ စာရွက်စာတမ်းလက်မှတ်ထိုးခြင်းရှောင်ပါ။ မိဘကျန်းမာရေးအညံ့ရှိသည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

စုပေါင်းလုပ်သော ကိစ္စမှ အကျိုးဆက်ကောင်းရမည်။ အလှူမင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။ မိသားစုတွင် ကောင်းသတင်း၊ တိုးတက်မှုသတင်းကြုံမည်။ မိသားစုတွင် ပညာရေးကိစ္စ ဆောင်ရွက်နေသောသူများ အထူးကံကောင်းမည်။ သွေးသားရင်းချာများ၏ အလှူမင်္ဂလာကိစ္စများပါဝင်ပတ်သက်ရမည်။ လူမျိုးကွဲ၊ လူမျိုးခြားများနှင့် ပူးပေါင်းဆောင်ရွက်မှုများ အောင်မြင်မည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

မိသားစုနှင့် ပတ်သက်သော ကောင်းသတင်း၊ တိုးတက်မှု သတင်းကြုံမည်။ စီးပွားတိုးတက်မည်။ ပညာရေးအထူးကံကောင်းမည်။ မေတ္တာရေးတွင် ဆိုးမယောင်နှင့် ကောင်းမည်။ နှစ်ဦးကြားဘေးစကား သွေးသားအနှောင့်အယှက်မည်မျှဝင်စေ အဆုံးတွင် အဆင်ပြေခြင်း၊ ကံကောင်းခြင်း ရှိမည်။ ချစ်သူတို့ဆုံဆည်းပျော်ရွှင်ရမည့် ကာလဖြစ်သည်။ အစားအသောက်မှားယွင်းတတ်သည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ခရီးကိစ္စ၊ အပြောင်းအလဲကိစ္စများဆောင်ရွက်ရန် သင့်သည်။ ကိုယ်ရေးကိုယ်တာ ကိစ္စထက် တစ်ပါးသူအရေးကိစ္စများဆောင်ရွက် နေရမည်။ လူမျိုးကွဲ၊ လူမျိုးခြား အကျိုးပေးမည်။ ပညာရေးကံအထူးကောင်းသည်။ ရွေးချယ်ရန်လမ်းနှစ်သွယ်ပေါ်မည်။ ဝန်းကျင်သစ်နှင့် ဆက်ဆံရမည်။ ရပ်ဝေးတွင် ရောက်ရှိနေသော မောင်နှမသားချင်းများ၏ ငွေကြေးကိစ္စများ ပါဝင်ပတ်သက်ရမည်။

7 DAY NEWS JOURNAL
Vol.11, No.10 • MAY 17 , 2012

ဥရောပတွင် ငွေကြေးအကျပ်အတည်းနှင့်အတူ အီတလီ၊ စပိန်နှင့် ဂရိနိုင်ငံတို့တွင် ခေါင်းဆောင် အပြောင်းအလဲများ ဖြစ်ပေါ်လာခဲ့သလို ယခုနောက်ဆုံးပြင်သစ်နိုင်ငံတွင်လည်း သက်တမ်းတစ်ကြိမ်သာ သမ္မတတာဝန်ထမ်းဆောင်ရသေးသော မစ္စတာ ဆာကိုဇီကို မဲဆန္ဒရှင်များက ဖယ်ရှားခဲ့ကြသည်။ ဥရောပတစ်ဝန်းမှ မဲဆန္ဒရှင်များက အစိုးရ၏ ငွေကြေးဖြတ်တောက်လျှော့ချမှုများကို ဆက်လက်မလုပ်ဆောင်စေရန်နှင့်အစိုးရ သုံးစွဲမှု အစီအစဉ်များကိုတိုးမြှင့်ရန် တောင်းဆိုနေကြရာတွင် ရင်းနှီးမြှုပ်နှံသူများက မေးခွန်းရိုးရိုးလေးတစ်ခုကို မေးမြန်းနေကြသည်။ ယင်းသုံးစွဲမှုများအတွက် မည်ကဲ့သို့ ငွေကြေးစိုက်ထုတ်မည်နည်းဟူ၍ . . .။



# ခြိုးခြံချွေတာမှုမှ ဥရောပဖယ်ခွာခဲ့သော်

**ကြည်နေဝင်းမင်း**

အစိုးရနှစ်ရှည်ချေးငွေ စာချုပ်များ (bonds) ရောင်းချ၍ ငွေကြေးရှာဖွေရေးနည်းလမ်းမှာ တဖြည်းဖြည်း ကျဉ်းမြောင်းလာပုံရသည်။ အကြောင်းမှာယူရိုဇုန်နိုင်ငံများကငင်းတို့၏ ချေးငွေများကိုပြန်လည်ပေးဆပ်နိုင်စွမ်းအပေါ် ရင်းနှီးမြှုပ်နှံသူများက ပူပန်လာ၍ဖြစ်သည်။ ထို့အတွက် ဥရောပဗဟိုဘဏ်ဘက်ဦးလှည့်ကြသည်။ ဥရောပဗဟိုဘဏ်က အတိုးနှုန်း သက်သက်သာသာဖြင့် ကူးသန်းရောင်းဝယ်ရေးဘဏ်များအား ငွေချေးပေးနိုင်၍ဖြစ်သည်။ သို့သော် ECB ကလည်း ယင်းကိစ္စကိုစိတ်အားထက်သန်ပုံမပေါ်။ ထို့အပြင်ဂျာမနီနိုင်ငံကလည်း အခြားဥရောပနိုင်ငံများနှင့် ပူးပေါင်း၍ ဘွန်းများထုတ်ရောင်းမည့်အရေးကို ၎င်း၏နာမည်ကောင်းများနှင့် လဲချင်ပုံမရပေ။

"ခြိုးခြံချွေတာရေးတွေ လုပ်ရတာနာကျင်ခက်ခဲလွန်းလို့ ဒါကို စွန့်ပယ်ဖို့ရာ အလွန်လွယ်ကူပါတယ်။ ဒါပေမဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင် ဘယ်လိုလုပ်ရမလဲဆိုပြီး ကြံဆရတာအများကြီးခက်ခဲပါတယ်" ဟုငွေကြေးဆိုင်ရာ သုတေသီတစ်ဦးဖြစ်သူ အိုတစ်ကေစီက ပြောပါသည်။

ဂရိနိုင်ငံတွင် ခြိုးခြံချွေတာမှုအစီအစဉ်များကို လက်ပြန်ရိုက်သောရွေးကောက်ပွဲကြောင့် ဂရိသည်ယူရိုဇုန်မှ ထွက်ခွာနိုင်သည်ဟူသော စိုးရိမ်ပူပန်မှုများကြောင့် ကမ္ဘာတစ်ဝန်းတွင် စတော့ရှယ်ယာဈေးနှုန်းများပြုတ်ကျခဲ့သည်။ ထို့အပြင် ဥရောပငွေကြေးသုံးစွဲသောယူရိုဇုန်နိုင်ငံများအနေဖြင့် မဲဆန္ဒရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများ၏ မတူညီသော တောင်းဆိုမှုများကို ဖြည့်ဆည်းပေးနိုင်ပါ့မလားဆိုသော စိုးရိမ်မှုများလည်း ပေါ်ထွက်နေသည်။

အမေရိကန်နိုင်ငံတွင် Standard & Poor's 500 စတော့ညွှန်းကိန်းမှာ ၀ ဒသမ ၄ ရာခိုင်နှုန်းသာ ကျဆင်းခဲ့သော်လည်း ဥရောပညွှန်းကိန်းများမှာပို၍ သိသိ သာသာကျဆင်းခဲ့သည်။ ပြင်သစ် CAC 40 ညွှန်းကိန်းဆိုလျှင် ၂ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ အလားတူ အာရှစတော့ရှယ်ယာဈေးကွက်များတွင်လည်း ရှယ်ယာညွှန်းကိန်းများ ကျဆင်းခဲ့သည်။

ကြောက်ရွံ့နေသော ရင်းနှီးမြှုပ်နှံသူများကငွေကြေးဈေးကွက်များတွင် အီတလီ၊ စပိန်နှင့် ပြင်သစ်နိုင်ငံတို့၌ ငွေချေးပါကကုန်ကျမည့် အတိုးနှုန်းကို တွန်းတင်ခဲ့သလို ယင်းချေးငွေများအပေါ် အာမခံ ကုန်ကျစရိတ်များကိုလည်းမြင့်တက်သွားစေခဲ့သည်။

ဥရောပ၏ အခြေအနေမှာ ရင်းနှီးမြှုပ်နှံသူများအတွက် အမှန်တကယ် ဦးနှောက်စားစရာ အနေအထားဖြစ်သည်။ အီတလီ၊ စပိန်နှင့်ဂရိနိုင်ငံများတွင် အသုံးစရိတ်များလျှော့ချပြီး မကြာသေးမီလများအတွင်း ခြိုးခြံချွေတာမှုများလုပ်ခဲ့ခြင်းက ယင်းနိုင်ငံများ၏ စီးပွားရေးကျုံ့သွားစေသည်ဆိုသည်ကိုလည်း ရင်းနှီးမြှုပ်နှံသူများကအသိအမှတ်ပြုလက်ခံပြီး ဖြစ်သည်။

အစိုးရ၏သုံးစွဲမှုများပိုမိုလုပ်ဆောင်ပါကမူ စီးပွားရေးကျကပ်ထဲပိုမိုနစ်မြုပ်လာနေသည့် ဥရောပတိုက်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရှိလာရန်နှိုးဆွပေးနိုင်ပါသည်။ သို့သော် စပိန်နှင့် အီတလီနိုင်ငံတို့မှာ ကမ္ဘာတစ်ဝန်းမှ ဘွန်းရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို အများအားဖြင့် ဆုံးရှုံးသွားခဲ့ပြီဖြစ်သည်။ ယင်းနိုင်ငံနှစ်နိုင်ငံစလုံးမှ ထုတ်ရောင်းသောဘွန်းများမှာ (အန္တရာယ်များသလောက်) အကျိုးအမြတ် ရရှိမှုမြင့်တက်သွားရာ နောက်ထပ်အသစ်ထပ်မံထုတ်ရောင်းသောဘွန်းအများစုကို ဥရောပဗဟိုဘဏ်မှနေ၍ အတိုးနှုန်းသက်သက်သာသာဖြင့် ချေးငွေနှစ်ကျော့ရရှိခဲ့သော ပြည်တွင်းဘဏ်များကသာ ဝယ်ယူနေကြသည်။ ဥရောပဗဟိုဘဏ်က အတိုးနှုန်းသက်သာစွာဖြင့် သုံးနှစ်ချေးငွေများနှစ်ကြိမ်ထုတ်ပေးခဲ့ရာ ဘဏ်များအတွက် ဖိအားများ လျော့နည်းသွားစေခဲ့သည်။

အီတလီမှ ဘဏ်များက အီတလီအစိုးရ၏ ဘွန်းများကို ယူရို ၅၄ ဘီလီယံ (ကန်ဒေါ်လာ ၇၀ ဘီလီယံ) အထိတိုးမြှင့်ဝယ်ယူခဲ့ကြပြီး စပိန်ဘဏ်များက စပိန်အစိုးရဘွန်းများကို ယူရို ၆၈ ဘီလီယံ (ကန်ဒေါ်လာ ၈၉ ဘီလီယံ) အထိတိုးမြှင့်ဝယ်ယူခဲ့ကြသည်။ ယင်းကို အခွင့်ကောင်းယူ၍ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများက ထိုဘွန်းများကို ရောင်းထုတ်ခဲ့ကြသည်။

ပြင်သစ်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံသူများက ဆိုရှယ်လစ်ပါတီခေါင်းဆောင်သစ် ဖရန်ဆွာဟော်လန်ဒီ၏ ရည်ရွယ်ချက်ကို ကြိုတင်မှန်းဆရန် ကြိုးပမ်းနေကြသည်။ ဖရန်ဆွာဟော်လန်ဒီမှာလည်း ဘတ်ဂျက်ဖြတ်တောက်မှုများအပေါ် ဆန့်ကျင်မဲဆွယ်ရင်း ဆရာ၊ ဆရာမများ ပိုမိုငှားရမ်းမည်၊ ဖွံ့ဖြိုးတိုးတက်မှု နောက်လိုက်မည်၊ လူချမ်းသာများအပေါ် အခွန်တိုးကောက်မည်ဟူသော မဲဆွယ်မှုများဖြင့် မေလ ၆ ရက် ရွေးကောက်ပွဲတွင် အောင်ပွဲခံခဲ့ခြင်းဖြစ်သည်။ ယခုအချိန်အထိ ပြင်သစ်ဘွန်းဈေးကွက်အတွက် အရေးပါသော ရန်ပုံငွေအရင်းအမြစ်အဖြစ် ရှိနေသေးသော နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက မစ္စတာဟော်လန်ဒီအပေါ် အကဲခတ်နေကြပြီး မစ္စတာဟော်လန်ဒီအနေဖြင့် ၎င်း၏ ရွေးကောက်ပွဲ မဲဆွယ်ချိန်က အပြောအဟောများ ဘက်ယိမ်းသွားမလား(သို့မဟုတ်) နိုင်ငံ၏ဘတ်ဂျက်လိုငွေကိုလျှော့ချရေး တိုက်တွန်းထားသည့် တရားဝင်ရပ်တည်ချက်ကိုအကောင်အထည်ဖော်မည်လားဆိုသည်ကို စောင့်ကြည့်နေကြသည်။

"သူ့မှာ လှုပ်သာ လှည့်သာ နေရာအများကြီးမရှိဘူးဆိုတာ သဘောပေါက်ရပါမယ်" ဟု Prudential ဘဏ္ဍာရေး ကုမ္ပဏီ ပုံသေဝင်ငွေဌာနမှ စီးပွားရေး ပညာရှင်ချုပ် ဂျာဂန်အိုဒီနက်က ဆိုပါသည်။ "လှုပ်သာလှည့်သာ နေရာကနေ အပြင်ထွက်လိုက်ရင်တော့ ဈေးကွက်က ပြန်ပြီး တွန်းလှန်မှာပဲ" ဟု၎င်းက ဆက်လက်ပြောပါသည်။

ဥရောပတိုက်အတွက်မူ ဥရောပ၏ ဘဏ္ဍာရေးကျစ်လျစ်မှု အစီအစဉ်အပေါ်ပြန်လှန်သုံးသပ်ရန်မစ္စတာဟော်လန်ဒီကထောက်ခံသည်။ သို့သော် ဂျာမနီအဓိပတိ အန်ဂျလာမာကယ်ကမူ ယခုအချိန်အထိ ဥရောပဘဏ္ဍာရေးကျစ်လျစ်မှု အစီအစဉ်အတွက် အပြောင်းအလဲ မှန်သမျှကို ဆန့်ကျင်နေသည်။ သို့သော် ဥရောပမှ ကျွမ်းကျင်သူ အများစုကမူ မစ္စမာကယ်လ်အနေဖြင့် အနည်းငယ်အလျှော့ပေးလာရလိမ့်မည်ဟု ထင်မြင်နေကြသည်။ ခြိုးခြံချွေတာမှုအပေါ် လူထုက ဒေါသထွက်နေသည်ဆိုခြင်းကိုအသိအမှတ်ပြုတယ်ဆိုရုံ သဘောထားတော့ ပြသရလိမ့်မည်ဟု ၎င်းတို့ကဆိုပါသည်။

နှစ်ဖက်ငြင်းခုံမှုတွင် လမ်းကြောင်းအနည်းငယ် ပြောင်းလာသည်ဆိုခြင်းကို ယခုတစ်ပတ်အတွင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ အကြီးအကဲ ခရစ်စတင်းလာဂတ်၏ ပြောဆိုမှုက ထင်ရှားစေခဲ့သည်။ မစ္စခရစ်စတင်းလားဂတ်က အစိုးရများအနေဖြင့် ၎င်းတို့၏ ကြွေးမြီများလျှော့ချရေး ရည်မှန်းချက်များ လွဲချော်ခဲ့လျှင်သော်မှ ခြိုးခြံချွေတာရေး အစီအစဉ်များ မတိုးမြှင့်သင့်ဟု ပြောဆိုခြင်းဖြစ်သည်။

*—Ref: Few Options if Europe Turns Away From Austesity*




**စေတနာတိုင်းရင်းဆေးကုခန်း**

**နှာခေါင်းရောဂါအမျိုးမျိုး**

နှာခေါင်းရောဂါအမျိုးမျိုးတို့တွင် နှာခေါင်းယားယံခြင်း၊ နှာပိတ်ခြင်း၊ မကြာခဏ နှာချေခြင်း၊ ပြည်/နှပ်ရည်ထွက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မှတ်ဉာဏ်စွမ်းပကား လျော့နည်းလာခြင်း စသောရောဂါလက္ခဏာရှိသည်။ နှာခေါင်းရောဂါတွင် ရုတ်တရက် နာတာရှည်နှာမှေးရောင်ရောဂါ အလာဂျီနှာမှေးရောင်ရောဂါ၊ နှာခေါင်းတွင် လှိုက်စားခြင်းကြောင့် ပြည်နံ့ရခြင်း၊ နှာခေါင်းရဲ့ထားသော အခေါင်းရောင်ရမ်းနာ၊ နှာခေါင်းအနီးပတ်ဝန်းရှိ အခန်းအတွင်း အမြှေးပါးရောင်ခြင်းနှင့် အသားပိုထွက်ခြင်း၊ အနံ့အသက်မရခြင်းတို့ရှိသည်။ တိုင်းရင်းဆေးသမားတော်များသည် လိမ်းဆေးနှင့်သောက်ဆေးကို သုံးပြီး တစ်ပြိုင်နက် ကုသမှုပြုခြင်းကြောင့် ဝေဒနာခံစားမှုလျှင်မြန်စွာ သက်သာစေပြီး ပျောက်ကင်းမှုမြန်ဆန်သည်။ အလွယ်တကူထပ်မံမဖြစ်တော့ပါ။

(ကြာသပတေးနေ့တိုင်း ဆေးခန်းပိတ်သည်။)

အမှတ်(၁၇၀/၁)၊ ပထမသီရိ ရိပ်သာ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၂၈၆၀၆၊ ၀၉-၄၃၁၇၃၁၈၈

ကုသချိန်-နံနက် ၈း၃၀ မှ ၁၁း၃၀ထိ၊ နေ့လည် ၁း၀၀ မှ ၄း၃၀ ထိ


ECCO
The Best Ceramic Artificer
ECCO
SAPPHIRE
SWISS MOVT
EC 2013 M/L
Available At : CHERRY OO
Inquiry Ph : 01-373997, 01-381751, 02-72992


နိုင်ငံတော်မှ "ပထမဦးဆုံး" တရားဝင် ဖွင့်လှစ်ခွင့်ရရှိထားသော
DIAMOND AUTO Showroom
Special Sales Event
7th May to 31st May
ကား(၁)စီး ဝယ်ယူသူတိုင်း
၂သိန်း GSM SIM CARD FREE
အခြားသောလက်ဆောင်များ...
AVAILABLE STOCK (CIF USD 5500* ကားများ)
❖ Mark II 99
❖ Mark II Blit 2002
❖ Caldina Van 2000
❖ Altteza Van 2000
❖ Mark II ရွှေငါး 2001
❖ Premio 2000
❖ Mark II Van 2000
❖ Honda Odessy 2000
CIF USD 5500
မေလတစ်လလုံး သိန်း ၁၁၀ အပြီးအစီး
ဈေးနှုန်းဖြင့် ရောင်းချပေးသွားပါမည်
မှတ်ချက် - ကားဟောင်းအပ်စလစ်တန်ဖိုး မပါရှိပါ
SEPICAL PERMIT ဖြင့် တင်သွင်းထားသောကားများ
Soarer 2002
Mark X 2004/ 2005/ 2006
LN 165 / 167 Double Cab
SSR G 1999 Hilux Surf
Diamond Auto Service Co., Ltd. အမှတ်(၁၅၀-B)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်လမ်း၊ (ကုက္ကိုင်းမီးပွိုင့်ထောင့်) ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
Office Phone : 01-401590, 01-401591 Fax : 95-01-401590, 01-401591 Website : www.diamondauto-myanmar.com

# Commodity Watch

7 DAY NEWS JOURNAL
Vol.11, No.10 • MAY 17 , 2012

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 2.6 (1155) (G620) | 50,964 |
| Intel P4 Core i3 3.1 GHz (1155,2100) | 93,708 |
| Intel P4 Core i5 3.1 GHz (1155,2400) | 146,316 |
| Intel P4 Core i7 3.1 GHz (115,2600) | 235,914 |
| **Motherboard** | |
| MSI G41M-P28 (775) | 50,142 |
| MSI H67MA-E35(1155) | 83,022 |
| MSI H61M-E23 (1155) | 64,116 |
| MSI Z68A-G45(1155) | 127,410 |
| ASUS P5G41T-MLX (775) | 50,142 |
| ASUS P8H61MLX Plus (1155) | 54,252 |
| ASUS P8H61 Pro (1155) | 78,090 |
| ASUS P8H61 USB3 (1155) | 73,980 |
| Gigabyte G41MT-S2 (775) | 50,964 |
| Gigabyte H61M-S2(B3)(1155) | 64,116 |
| Gigabyte H67M-D2(B3)(1155) | 98,640 |
| **PC Memory** | |
| 2 GB DDR3 (1333) Kingston | 12,330 |
| 4 GB DDR3 (1333) Kingston | 19,728 |
| **Harddisk** | |
| 500 GB Western Digital SATA | 70,692 |
| 1TB Seagate SATA | 95,352 |
| 2TB Seagate SATA | 120,834 |
| **PCI Express Card** | |
| MSI N430GT 2GB PCI Express Card | 63,294 |
| ASUS ENGTX520 1GB PCI Express Card | 43,566 |
| ASUS ENG 430 1GB PCI Express Card(64 bit) | 50,142 |
| ASUS EHA 6850 1GB DDR5 PCI Express Card | 149,604 |
| ASUS EAH 5450 1GB DDR3 PCI Express Card | 34,524 |
| ASUS EAH 5450 512MB PCI Express Card | 30,414 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 35,000 |
| Gigabyte ATI Redeon HDR545 SC 1GB PCI Express Card | 57,540 |
| Gigabyte ATI Redeon HDR 6450 1 GB D3 PCI Express Card | 69,870 |
| **Memory Stick** | |
| TOSHIBR 4GB | 6,000 |
| Silicon Power 4GB (322) | 4,932 |
| Silicon Power 4GB (836) | 4,932 |
| Kingston 4GB | 4,500 |
| Kingston 8GB | 6,500 |
| Kingston 16GB | 13,000 |
| Kingston 32GB | 26,500 |
| **UPS** | |
| Numeric (600VA) UPS | 35,346 |
| Numeric(1000VA) UPS | 65,760 |
| SVC (600VA) UPS | 29,000 |
| SVC (1200VA) UPS | 59,000 |
| Power Pro (650VA)UPS | 34,500 |
| Power Pro (1200VA)UPS | 63,000 |
| Power Tree (650VA)UPS | 35,000 |
| Power Tree (1250VA)UPS | 60,000 |
| **DVD Writer** | |
| ASUS DVD Writer (SATA) | 20,550 |
| HP DVD Writer SATA | 22,000 |
| Liteon DVD Writer SATA | 22,194 |
| twfqifwdutbdef | 160,000 |

Technoland ဆိုင်မှ မေလ(၁၂) ရက်က ကောက်ယူထားသော ဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i7 2.0Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 640,000 |
| Intel Core i5 2.30Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 528,000 |
| Intel Core i3 2.10Ghz 2GB DDR3,500 HDD,14.0" | 399,000 |
| Intel DualCore 1.6Ghz 2GB DDR3,640 HDD,256VGA,14.0" | 338,400 |
| Intel Atom 1.66Ghz 2GB DDR3, 320GB HDD,10.1" | 256,000 |
| **Dell** | |
| Intel Core i7 2.0Ghz 6GB DDR3, 640 HDD,1GB VGA,15.6" | 880,000 |
| Intel Core i5 2.30Ghz 6GB DDR3, 640 HDD, 15.6" | 552,000 |
| Intel Core i3 2.10Ghz 4GB DDR3, 500 HDD, 14.0" | 488,000 |
| Intel Atom 1.66Ghz 1GB DDR3, 250 HDD, 10.1" | 304,000 |
| **Lenovo** | |
| Intel Core i7 2.10Ghz 8GB DDR3,750 HDD,2GB VGA,15.6" | 847,200 |
| Intel Core i5 2.3Ghz 2GB DDR3,750 HDD,1GB VGA,14" | 535,200 |
| Intel Core i3 2.2Ghz 2GB DDR3,500 HDD, 14" | 407,200 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 280,000 |
| Panasonic(LCD) | 32SC4S | 235,000 |
| Sony (LCD) | 32BX | 270,000 |
| Toshiba (TV) | LZE 21-28 | 110,000 |
| **DVD** | | |
| EVD (coeco) | 8082 | 20,000 |
| EVD(Sony) | DVK75 | 21,500 |
| LG | DV276 | 21,000 |
| HQ | HDMI999 | 45,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 160,000 |
| Sanyo | SR811 | 479,000 |
| Hitachi | 19AGV7 | 230,000 |
| Panasonic | NR.BT223 | 225,000 |
| **Washing** | | |
| Panasonic | XPB-90-99885 | 165,000 |
| | MAS 70 V2 | 195,000 |
| Toshiba | 120 R | 145,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ မေလ (၁၂) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၉၅၀ |
| ဘိလပ်မြေ(ယိုးဒယား INSee) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ(မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၀၀၀ |
| ဘိလပ်မြေ(ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၆၅၀ |
| အုတ်(ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၀၅ |
| အုတ်(ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၈ |
| အုတ်(၈ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၁၀၀ |
| အုတ်(၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၁၄၅ |
| သဲ(အကြမ်း) | တစ်ကျင်း | ၁၃,၀၀၀ |
| သဲ(အနု) | တစ်ကျင်း | ၈,၀၀၀ |
| ကျောက် | တစ်ကျင်း | ၅၈,၀၀၀ |
| ကာလာစတီးအမိုးပြား ၄ ညွှန့်(၀. ၃၁) | ၁ ပေ | ၇၀၀ |
| ကာလာစတီးအမိုးပြား ၄ ညွှန့်(၀. ၃၁၂၁) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား ၄ ညွှန့်(၀. ၃၆၁) | ၁ ပေ | ၁,၀၃၀ |
| ကာလာစတီးအမိုးပြား ၄ ညွှန့်(၀. ၃၄၆၁) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား ၄ ညွှန့်(၀. ၄၁) | ၁ ပေ | ၁,၁၃၀ |
| ကာသျှခသ ကြယ်စိမ်း(၆။၇။၈ ပေ) | ၁ ပေနှုန်း | ၄၉၀ |
| ကာသျှခသ ကြယ်စိမ်း(၉။၁၀ ပေ) | ၁ ပေနှုန်း | ၄၉၅ |
| ကာသျှခသ ကြယ်စိမ်း(၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ ၆။၇။၈။၉။၁၀။၁၁။၁၂) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် ၆။၇။၈) | ၁ ပေနှုန်း | ၃၂၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ မေလ (၁၂) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၃,၅၀၀-၄,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၆၀၀-၇၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၀၀၀- ၁,၂၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၃,၅၀၀-၄,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၈၀၀-၁,၀၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၁,၈၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၁,၉၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ မေလ (၁၂)ရက်က ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၂၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၅၀၀-၉၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၆၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၉၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၃၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၅၀၀-၇၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၂၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၅၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀ ဝန်းကျင် |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၅၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၃,၈၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၃,၄၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၃,၄၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁,၈၀၀-၄,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၀၀၀-၁,၇၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၂၀၀-၁,၆၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၀၀၀-၁,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၅၀၀-၂၆,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၀၀၀-၃,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၂,၈၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၆,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၀၀၀-၈,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၁,၇၀၀-၂,၀၀၀ |
| ပုစွန်ကြော် | ၁ ပိဿာ | ၃,၀၀၀-၂,၅၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၈၀၀-၆,၀၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၇,၅၀၀-၁၀,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၇,၅၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၉,၀၀၀-၂၅,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၃,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၅၀၀ |

မေလ (၁၂)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူဇူကီးဝက်ဂွန် R+ | ၂၀၀၀-၂၀၀၁ | ၁ဂ၊၂ဂ၊၃ဂ | ၁၃၅-၁၄၀ |
| ပါဂျဲရို | ၉၅၊၉၆ | ၇ဂ/၉ဂ | ၃၀၀ ဝန်းကျင် |
| ပါဂျဲရို | ၉၇၊၉၈၊၉၉ | ၇ဂ/၉ဂ | ၃၆၀ |
| ဟိုင်းလပ်ဆပ်(ဝက်ဂွန်) | ၉၆ | ၇ဂ/၉ဂ/၁ဃ | ၃၀၀ ဝန်းကျင် |
| ဟိုင်းလပ်ဆပ် (Grade အစုံ) | ၉၇၊၉၈၊၉၉ | ၇ဂ/၉ဂ/၁ဃ | ၃၅၀-၄၀၀ |
| တိုယိုတာဖင်ကောက်(ဒီဇယ်) | ၂၀၀၀ | ၇ဂ/၉ဂ | ၂၇၀ |
| တိုယိုတာ(လီမိတက်) | ၈၈-၉၈ | ၂ဃ/၈ဃ | ၂၈၀ |
| မတ်တူး(၂. ၀ Grade) | ၂၀၀၂ | ၉ဂ | ၂၂၀ |
| မတ်တူး(၂. ၅ Grade) | ၂၀၀၂ | ၉ဂ | ၂၄၅ |

မေလ (၁၂)ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | May(6) | May(7) | May(8) | May (9) | May (10) | May (11) | May (12) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၅၀ | ၃,၅၅၀ |
| ဒီဇယ် | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ |
| Octane ဒီဇယ် | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ |
| Premier ဒီဇယ် | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ |

7 DAY NEWS JOURNAL
Vol.11, No.10 • MAY 17 , 2012

## စာ(၄၁) ပတ်ဝန်းကျင်က ခပ်စိမ်းစိမ်း မှ

ဤသဘောတရား ပီပြင်စွာ ထွက်ပေါ်ခဲ့သည်မှာ နှစ် ၃၀ ခန့်သာ ရှိသေးကြောင်းသိရပါသည်။ ဤဝါဒ၏မိခင်ကြီးဟု တင်စားသတ်မှတ်ထားသော အမျိုးသမီး ဇီဝဗေဒပညာရှင် Rachel Carson (၁၉၀၇-၆၄) သည် ၁၉၆၂ ခုနှစ်တွင် Silent Spring (တိတ်ဆိတ်နေသော နွေဦးရာသီ) အမည်ဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာပေးစာအုပ်ရေးသားဖြန့်ဝေခဲ့ပါသည်။ ထိုစာအုပ်တွင် စိုက်ပျိုးရေးနှင့် ပိုးမွှားနှိမ်နင်းရေးအတွက် အသုံးပြုသော ဓာတုပစ္စည်းများ၊ DDT ပိုးသတ်ဆေးများကြောင့် တိရစ္ဆာန်များ သေကျေပျက်စီးရပုံကို ထောက်ပြခဲ့ပါသည်။ ထို့အပြင် လူသားများပါ အန္တရာယ်တွေ့ကြုံနေရပြီဖြစ်ကြောင်း တပ်လှန့်ခဲ့ပါသည်။


ထိုအချိန်မှစကာ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးကို ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံအလိုက် အစိုးရအဖွဲ့အစည်းများ၊ ပညာရှင်များသည် အသိပညာပေးခြင်း၊ တက်တက်ကြွကြွလှုပ်ရှားပါဝင်လုပ်ဆောင်ခြင်း၊ ဥပဒေများ ပြဋ္ဌာန်းခြင်းများအား အရှိန်အဟုန်ဖြင့် လုပ်ဆောင်လျက်ရှိကြပါသည်။

သို့ရာတွင် နှစ်ပေါင်းလေးငါးဆယ်ကြာသည်အထိ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာ အသိဉာဏ်ပညာနကန်းတစ်လုံးမျှ မသိသူများမှာလည်း နိုင်ငံအသီးသီးတွင် အများအပြား ရှိနေပါသေးသည်။ ဆိုလိုသည်မှာ မိမိတို့လူသားအများစုမှာ ပတ်ဝန်းကျင်အပေါ် အနေနီးပါလျက် အာရုံစိုက်အလေးထားမှုမရှိဘဲ ခပ်စိမ်းစိမ်းဖြစ်နေကြပါသည်။

အမှန်မှာ သာယာတင့်မောစိမ့်စမ်းအေးမြသော၊ ခပ်စိမ်းစိမ်းလန်းဆန်းနေသော ပတ်ဝန်းကျင်ဖြစ်ရန် အားလုံးပါဝင်ကြရမည်ဖြစ်ပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရန်အတွက် လူသားမှန်သမျှတွင် လုံးလုံးလျားလျား တာဝန်ရှိပါသည်။ 'ပတ်ဝန်းကျင်ဆိုင်ရာ ပညာပေးခြင်းအစ စာသင်ကျောင်းက'၊ 'ပတ်ဝန်းကျင်ဆိုင်ရာ ဖြန့်ဝေခြင်းအစ မီဒီယာက'၊ 'ပတ်ဝန်းကျင်ဆိုင်ရာ ပါဝင်လုပ်ဆောင်ခြင်းအစ နေအိမ်အသီးသီးက'ဟု ပညာရှင်များကဆိုကြပါသည်။

ယခုအခါ စာရေးသူတို့ မြန်မာနိုင်ငံတွင်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ၂၀၁၂ ခုနှစ် မတ်လ ၃၀ ရက်တွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းပြီးဖြစ်ပါသည်။ 'ပတ်ဝန်းကျင်ဆိုသည်မှာ မြေထု၊ ရေထု၊ လေထု၊ ရာသီဥတု၊ အသံ၊ အနံ့၊ အရသာတို့ ပါဝင်သည့် လူသားတို့ဝန်းကျင်ရှိ ရုပ်ပိုင်းဆိုင်ရာ အကြောင်းပြချက်များကိုလည်းကောင်း၊ တိရစ္ဆာန်နှင့် အပင်အမျိုးမျိုးတို့၏ သက်ရှိဇီဝဆိုင်ရာ အကြောင်းအချက်များကိုလည်းကောင်း၊ သမိုင်း၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် ပသာဒအလှအပဆိုင်ရာ အကြောင်းအချက်များကိုလည်းကောင်းဆိုသည်'ဟု အကျယ်တဝင့်ဖော်ပြထားပါသည်။ ညစ်ညမ်းမှုဟု ဆိုရာတွင်လည်း ပတ်ဝန်းကျင်ကို အကျိုးရှိစွာ အသုံးပြုခြင်းအား ထိခိုက်စေရန်သော်လည်းကောင်း၊ အများပြည်သူ၏ ကျန်းမာရေး၊ အန္တရာယ်ကင်းရှင်းရေး (သို့မဟုတ်) အကျိုးဖြစ်ထွန်းရေးကို ဖြစ်စေ၊ တိရစ္ဆာန်နှင့် အပင်များကို ဖြစ်စေ ထိခိုက်စေရန်သော်လည်းကောင်း၊ ဤဥပဒေအရ ထုတ်ပေးထားသော ကြိုတင်ခွင့်ပြုချက်ပါ စည်းကမ်းချက်၊ ကန့်သတ်ချက် သို့မဟုတ် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်၍သော်လည်းကောင်း ပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်ရှိပစ္စည်းများ၊ ညစ်ညမ်းပစ္စည်းများ (သို့မဟုတ်) စွန့်ပစ်ပစ္စည်းများကို စွန့်ပစ်ခြင်း၊ ထုတ်လွှတ်ခြင်း(သို့မဟုတ်)စုပုံခြင်းဖြင့် မြေထု၊ ရေထု၊ လေထုအပါအဝင် ပတ်ဝန်းကျင်အစိတ်အပိုင်းတစ်ရပ်ရပ်၏ ရုပ်ပိုင်းဆိုင်ရာ၊ အပူဓာတ်ဆိုင်ရာ၊ ဓာတုဆိုင်ရာ သို့မဟုတ် သက်ရှိဇီဝဆိုင်ရာဂုဏ်သတ္တိများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောင်းလဲစေမှု၊ သက်ရောက်စေမှု တစ်ရပ်ရပ်ကိုခေါ် ဆိုကြောင်း အသေးစိတ်ဖော်ပြထားပါသည်။

အမှန်စင်စစ် ဥပဒေကြောင့်မဟုတ်ဘဲ လူသားများကိုယ်တိုင် တာဝန်သိ စောင့်ရှောက်မှုစိတ်ဓာတ်အပြည့်အဝဖြင့် ရေရှည်တည်တံ့ခိုင်မာသော စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို ဖော်ဆောင်နိုင်ရန် အရေးကြီးပါသည်။ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် လူ့အဖွဲ့အစည်းအား တစ်ရှိန်ထိုး ဖွံ့ဖြိုးရန် အလျင်အမြန်ကြိုးပမ်းနေစဉ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအား မေ့လျော့လျစ်လျူရှု ချန်ရစ်ထားခဲ့မည်ဆိုပါက ရေရှည်တည်တံ့ခိုင်မာသောအနေအထားသို့မရောက်နိုင်သည်မှာ သေချာလှပါသည်။ တစ်ဦးချင်းမှစကာ မိသားစုများ၊ စာသင်ကျောင်းများ၊ အဖွဲ့အစည်းများ၊ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအပါအဝင် နိုင်ငံတော်အဆင့်အထိ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းဆောင်တာအစီအစဉ်များအား ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်လက်ခံကာလက်တွေ့ကျကျထိထိရောက်ရောက်ပူးပေါင်းအကောင်အထည်ဖော်ကြရန်လိုအပ်ပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အဓိကအရေးကြီးဆုံးသောအချက်မှာနိုင်ငံသူနိုင်ငံသားအားလုံးမှ စိတ်ပါဝင်စားစွာဖြင့် ပါဝင်ဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။ လူငယ်လူရွယ်များ၊ တက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လုံ့လစိုက်လျက်ဦးဆောင်ကြိုးပမ်းကြရပါမည်။ စာရေးသူတို့အားလုံးလည်း ပတ်ဝန်းကျင်နှင့် ခပ်စိမ်းစိမ်းဖြစ်နေခြင်းမှ ရုန်းထွက်ကျော်လွှားကာ ခပ်စိမ်းစိမ်း(စိမ်းစိမ်းစို)သော ပတ်ဝန်းကျင်များအား ရရှိပိုင်ဆိုင်တည်တံ့စေရန် ဖန်တီးကြိုးပမ်းတည်ဆောက်ဖို့ အထူးလိုအပ်နေပြီဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။







## ဆရာကြီးပါရဂူကိုယ်စား ကျေးဇူးသဝဏ်လွှာ

စာရေးဆရာကြီး ပါရဂူ ကွယ်လွန်ခြင်း တစ်နှစ်ပြည့်နှင့် စည်သူဘွဲ့ရရှိခြင်း အထိမ်းအမှတ်အဖြစ် ထုတ်ဝေသော ပါရဂူ (၁၉၂၁-၂၀၁၁) စာအုပ်တွင် မေတ္တာဖြင့် ရေးသားပေးကြသော ကိုငြိမ်း(မန္တလေး)၊ ကိုတာ၊ ကြူးနှစ်၊ ကြည်အောင် (ကေတုမတီ)၊ ခင်ဆွေဦး၊ ခင်ပန်နှင်း၊ ချိုထွန်း၊ ချစ်ဦးညို၊ စောဝေ၊ စိုးဘားဒိုင်၊ ဇင်ယော်(မာန်)၊ ညွန့်သစ်၊ ငွေးမောင်၊ တင်နိုင်တိုး၊ ထက်မြက်၊ ဒဂုန်တာရာ၊ ဒေဝီသန့်စင်၊ ဒေါက်တာခင်ဇော်လွင်၊ ဒေါက်တာခင်မူမူ၊ ဖျာပုံနီလုံဦး၊ မကြွယ်ကြွယ်၊ မအိ၊ မောင်ခင်မင်(ဓနုဖြူ)၊ မောင်ခေတ်ထွန်း၊ မောင်စူးစမ်း၊ မောင်နွေထက်၊ မောင်မိုးသူ၊ မောင်ရင့်ကျူး(မြောင်းမြ)၊ မောင်ဝံသ၊ မောင်ဝင်းဝါ၊ မောင်သွေးသစ်၊ မြဝင်း(ဒဿန)၊ မြင့်ကြိုင်၊ မြင့်စိုးလှိုင်၊ မြတ်ခိုင်၊ မြတ်ဆွေ၊ မျိုးခင်(ထန်းရိပ်ညို)၊ မျိုးသန့်ဆွေ (အလင်္ကာဝတ်ရည်)၊ ရာသက်ပန် (တောင်ငူဆောင်)၊ ရဲထက်၊ မျောက်ညို(သို့) ရဲမြလွင်၊ လေးကိုတင်၊ သခင်တင်မြ၊ ဝင်းငြိမ်း၊ လယ်တွင်းသားစောချစ်၊ သာခွေယိုင်၊ သူရဇော်၊ သင်းမြစန္ဒီ၊ သန်းစိုးနိုင်၊ သန်းမြင့်အောင်၊ ဟံသာဝတီ ဦးဝင်းတင်၊ အောင်ချိုအေး၊ အောင်စိုးဦး၊ သမီးမဆုကြည် စသော ဆရာ/ဆရာမများနှင့် မျက်နှာဖုံးဒီဇိုင်းနေမျိုးဆေး၊ ထုတ်ဝေပေးသော စိတ်ကူးချိုချိုစာပေတို့အား လှိုက်လှဲလေးစားစွာ ကျေးဇူးတင်ရှိပါသည်။

ပါရဂူ ရှန်တိနိကေတန် စာကြည့်တိုက်
ထိန်းသိမ်းရေးကော်မတီ

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အပြီးသတ်ဆုံးဖြတ်ချက်များချမှတ်ခြင်း

**နေပြည်တော်၊ မတ် ၃၀**

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အားလုံးပါဝင်သော ခုံရုံးသည် နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်က တင်သွင်းလာသည့်တင်သွင်းလွှာအမှတ် (၁/ ၂၀၁၂)နှင့် တင်သွင်းလွှာအမှတ်(၂/ ၂၀၁၂)တို့ကို ၂၀၁၂ ခုနှစ်၊ မတ် ၂၈ ရက် နံနက် ၁၀ နာရီ၌ ရုံးခန်းအမှတ် (၁)တွင် ရုံးထိုင်၍ အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

ယင်းဆုံးဖြတ်ချက်များမှာ တင်သွင်းလွှာအမှတ် (၁/ ၂၀၁၂) တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းနှင့် ယင်းအဖွဲ့အစည်းဝင် (သို့မဟုတ်) ပုဂ္ဂိုလ်များဆိုသည်မှာ နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူပြီး ခန့်ထားသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းနှင့် ယင်းအဖွဲ့အစည်းဝင် (သို့မဟုတ်) ပုဂ္ဂိုလ်များဖြစ်ကြကြောင်း၊ လွှတ်တော်အသီးသီးမှ ဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များသည် လွှတ်တော်အဖွဲ့အစည်းများဖြစ်ကြောင်း၊ လွှတ်တော်အသီးသီးက ဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့အား ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအဖြစ် ထည့်သွင်းအဓိပ္ပာယ် ဖွင့်ဆိုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း ဆုံးဖြတ်ခဲ့သည်။

ထို့ပြင် တင်သွင်းလွှာအမှတ် (၂/ ၂၀၁၂)တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများကို ခန့်အပ်တာဝန်ပေးရာ၌ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများကို သက်ဆိုင်ရာ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်ဝန်ကြီးများအဖြစ် သတ်မှတ်၍ အမိန့်ထုတ်ပြန် ခန့်အပ်တာဝန်ပေးခြင်းဖြစ်သောကြောင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေပုဒ်မ ၅ နှင့် ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည့် ခုံရုံး၏ ၁၄-၁၂-၂၀၁၁ ရက်နေ့ ဆုံးဖြတ်ချက်ကိုပြန်လည်သုံးသပ်ပေးရန် နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်က တင်သွင်းခဲ့ရာ ခုံရုံး၏ ဆုံးဖြတ်ချက်သည် ဥပဒေအရ အပြီးအပြတ်အတည်ဖြစ်သည့် ဆုံးဖြတ်ချက်ဖြစ်သဖြင့် တင်သွင်းလွှာကို တင်သွင်းခွင့်မရှိကြောင်း ဆုံးဖြတ်ခဲ့သည်ဟု သိရှိရသည်။



Environment

7 DAY NEWS JOURNAL

Vol.11, No.10 • MAY 17 , 2012



# ပတ်ဝန်းကျင်က ခပ်စိမ်းစိမ်း

■ မောင်ထွန်းလွင်(မိုးလေဝသ)

**‘တောင်လည်း သာမော၊ တောလည်းသာထွေ၊ ရေလည်းသာလှ၊ ဖြူလွလွသောင်ပြင် ငှက်ပေါင်းယှဉ်လျက်. . .’**

ဆိုသည် ရွာစားကြီး ဦးအောင်ကြီး၏ ကဗျာလေးသည် သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးသူများအတွက် ကျေနပ်ပီတိဖြစ်စရာ အသုံးအနှုန်းများပင်ဖြစ်ပါသည်။ စာဆိုသည် အင်းဝနေပြည်တော်တွင် ကြီးပြင်းနေထိုင်ခဲ့သူဖြစ်သည့်အားလျော်စွာ သူမြင်တွေ့ခဲ့ရသော ဧရာဝတီနှင့် ဒုဋ္ဌဝတီမြစ်ဆုံအနီးတစ်ဝိုက်မြင်ကွင်းအားကြည်နူးမှုများနှင့်အတူ ခံစားရေးဖွဲ့ခဲ့ဟန်ရှိပါသည်။ မည်သို့ပင်ဆိုစေကာမူသဘာဝပတ်ဝန်းကျင်၏အလှအပကိုဖော်ကျူးပုံမှာပေါ်လွင်စူးရှကာ ထိမိအသက်ဝင်လှပါသည်။

‘ကမ္ဘာကြီးသည်လူသားများမပါဘဲ ဆက်လက်တည်တံ့နိုင်သည်။ သို့ရာတွင် လူသားများမှာမူ ကမ္ဘာကြီးကို မှီခိုအားထားမှုမပါဘဲ အသက်ရှင်ရပ်တည်နိုင်မည်မဟုတ်ပေ’ဆိုသည့်ပညာရှင်တစ်ဦးပြောခဲ့သောစကားသည် လူသားများအတွက်သဘာဝပတ်ဝန်းကျင်၏ အရေးပါမှုကို မှန်းဆနိုင်သလို ကြက်သီးထစရာလည်းကောင်းလှပါသည်။ ကမ္ဘာကြီးသည် မိမိတို့လူသားများကြောင့်သာ ရပ်တည်နိုင်သတဲ့။ မှန်ပါသည်။ ကမ္ဘာကြီးအနေဖြင့် သူ၏တည်တံ့မှုအတွက် လူသားများလုံးဝမလိုအပ်ပါပေ။ အမှန်စင်စစ်ကမ္ဘာကြီးအနေဖြင့် လူသားများထံမှ ကောင်းကျိုးအထောက်အပံ့တစ်စုံတစ်ရာမျှဖြစ်ထွန်းရရှိမှုမရှိဟုဆိုနိုင်ပါသည်။ လူသားများကြောင့်သာ ကမ္ဘာကြီးမှာ တစ်နေ့တခြား ထိခိုက်ပျက်စီးမှုများကြုံတွေ့ရလျက်ရှိပါသည်။ ကမ္ဘာကြီးသာစကားပြောတတ်မည်ဆိုလျှင် ‘လူသားများအား အလိုမရှိ’ဟုဆိုမှာသေချာပါသည်။ မိမိတို့လူသားအားလုံးမှာမူ ကမ္ဘာကြီးအပေါ်ရာနှုန်းပြည့် မှီခိုအားထားနေကြရပါသည်။ ကမ္ဘာကြီး၏ အင်္ဂါရပ်တစ်ခုခုချို့ယွင်းခဲ့လျှင်ပင် လူသားများမှာ ဆက်လက်၍ အသက်ရှင်ရပ်တည်နိုင်မည်မဟုတ်ပေ။

လေကောင်းလေသန့်၊ ရေချိုရေသန့်၊ မြေဆီလွှာ၊ တွင်းထွက်များ၊ စိမ်းစိုသာယာသော တောတောင်များ၊ တိရစ္ဆာန်များရှိမှသာလျှင် လူသားများ ကျန်းမာချမ်းသာပျော်ရွှင်စွာ နေထိုင်နိုင်ကြမည်ဖြစ်ပါသည်။ သို့ရာတွင် ယနေ့အချိန်ထိ ဖြစ်ပေါ်နေဆဲ၊ ဖြစ်ပေါ်လျက်ရှိသော ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုများသည် သဘာဝအလျောက် ပျက်စီးမှုနှင့်နှိုင်းစာလျှင် လူသားများကြောင့်ပျက်စီးမှုမှာ အဆများစွာ ပိုမိုနေကြောင်း ထင်ရှားပါသည်။ မီးတောင်ပေါက်ကွဲခြင်း၊ တောမီးလောင်ကျွမ်းခြင်း၊ ရေကြီးရေလျှံခြင်းများကြောင့် လေထု၊ မြေထု၊ ရေထုညစ်ညမ်းကာ မြေဆီလွှာတိုက်စားခံရခြင်းများသည်သဘာဝအလျောက် ပတ်ဝန်းကျင် ပျက်စီးမှုများပင်ဖြစ်ပါသည်။ ၁၈ ရာစုအလယ်ပိုင်းတွင် စတင်ခဲ့သောအင်္ဂလန်နိုင်ငံ စက်မှုတော်လှန်ရေးနောက်ပိုင်း ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုမှာ သိသာလာခဲ့ပါသည်။ ၁၉ ရာစု အစောပိုင်းမှစ၍ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပနိုင်ငံအချို့တွင်လည်းစက်မှုလုပ်ငန်းများ ကြီးထွားလာကာ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုမှာ ပိုမိုများပြားလာခဲ့ပါသည်။

၁၉ ရာစုအစပိုင်းအထိ သန်းတစ်ထောင်သာရှိခဲ့သောကမ္ဘာ့လူဦးရေသည် ယနေ့ ၂၀၁၂ ခုနှစ်တွင်မူ သန်းခုနစ်ထောင်အထိရောက်ရှိကျော်လွန် တိုးပွားများပြားလျက်ရှိနေပါပြီ။ ထိုသို့ လူဦးရေတိုးပွားလာမှုနှင့်အတူ စက်မှုလုပ်ငန်းများ ကြီးထွားလာခြင်း၊ စိုက်ပျိုးမြေ အလွန်အမင်းချဲ့ထွင်မှုနှင့် လူတို့အတွက် လောင်စာနှင့် နေထိုင်သုံးဆောင်မှုများအတွက် သစ်တောကြီးများ လျော့ပါးပြုန်းတီးလာခြင်း၊ စက်ကိရိယာများကို ပိုမိုသုံးစွဲလာခြင်းနှင့် စိုက်ပျိုးရေးနှင့်စက်မှုလုပ်ငန်းသုံး ဓာတုဆေးဝါးများ၊ လူတို့၏ နေ့စဉ် စွန့်ပစ်ပစ္စည်းများကြောင့် လေ၊ ရေ၊ မြေများ ညစ်ညမ်းပျက်စီးရခြင်း၊ ဇီဝမျိုးစိတ်များ ဆိတ်သုဉ်းပျောက်ကွယ်လျက်ရှိခြင်းများအား ရင်ဆိုင်ကြုံတွေ့ရလျက်ရှိပါသည်။ ဤဖြစ်ရပ်များသည် လူသားများကြောင့် ကမ္ဘာမြေပတ်ဝန်းကျင်ယိုယွင်းပျက်စီးရခြင်း အဓိကအချက်များပင်ဖြစ်ပါသည်။

ကမ္ဘာမြေအတွက် (အမှန်မှာလူသားများအတွက်) ပတ်ဝန်းကျင်ထိန်းသိမ်းရေး အရေးတကြီးလိုအပ်နေကြောင်း စိုးရိမ်စိတ်ကြီးသူတို့က စိုးရိမ်စိတ်လွန်ကဲစွာ အပူတပြင်းဆောင်ရွက်နေသော်လည်း ကမ္ဘာ့လူသားအများစုမှာမူ သိလည်းမသိ၊ သိအောင်လည်း မကြိုးစား၊ အခြားသူများသိစေရန်လည်း မလှုံ့ဆော်ဘဲ ပိုနေမြဲ ကျားနေမြဲသာ မဆိုင်သလို နေထိုင်လျက်ရှိကြပါသည်။ သဘာဝပတ်ဝန်းကျင်ကိုနည်းမျိုးစုံ ဘက်ပေါင်းစုံမှ ထိန်းသိမ်းကာကွယ်ခြင်းအား ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဝါဒ(Environmentalism) ဟု ခေါ်ပါသည်။

စာ(၄၀) သို့

## Environment Cartoon




# ဘင်္ဂလားဒေ့ရှ်နည်းပညာသုံး စပါးခွံမီးသွေး စမ်းသပ်ထုတ်လုပ်မည်

**မင်းသိန်းအောင်**

**စစ်တွေ၊ မေ-၁၀**

ရခိုင်ပြည်နယ်စစ်တွေမြို့တွင် ဘင်္ဂလားဒေ့ရှ်နည်းပညာကိုအသုံးပြု၍ စပါးခွံဖြင့် မီးသွေးထုတ်လုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

စစ်တွေမြို့ မင်းဂံရပ်ကွက်ရှိမိဘမဲ့ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဂေဟာ၌ စတင်သုံးစွဲသွားမည်ဖြစ်ပြီး ဒေသတွင်းသို့ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်း မိဘမဲ့ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဂေဟာမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ဒီနည်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ တွင်တွင်ကျယ်ကျယ် အသုံးပြုနေတာက အတော်ကြာပါပြီ။ အဲဒီနည်းပညာအတိုင်း ကျွန်တော်တို့က ရခိုင်မှာ စမ်းသပ်ထုတ်လုပ်ဖို့စီစဉ်နေတာပါ။ ပထမဆုံးအနေနဲ့ စမ်းသပ်ထုတ်လုပ်တာအောင်မြင်ရင် မိဘမဲ့ကလေးဂေဟာမှာ သုံးစွဲမယ်။ ပြီးတော့မှ ပြည်နယ်ဈေးကွက်တစ်ခုကို ဖော်ဆောင်မှာဖြစ်ပါတယ်။ လောလောဆယ်တော့ လုပ်ငန်းအတွက် လိုအပ်တာတွေကို ပြင်ဆင်နေပါတယ်”ဟု ၎င်းကပြောသည်။ ဘင်္ဂလားဒေ့ရှ်နည်းပညာဖြင့် စပါးခွံမီးသွေးထုတ်လုပ်ရာ၌ ပတ်ဝန်းကျင်ထိခိုက်မှုကိုဖြစ်စေသော ဖွဲညှော်နံ့များ ထွက်ရှိလာမည်မဟုတ်ဘဲ ဝယ်ယူသုံးစွဲသူများအနေဖြင့်လည်း လက်ရှိအသုံးပြုလျက်ရှိသော ထင်းမီးသွေးလောင်စာဈေးနှုန်း၏ သုံးပုံနှစ်ပုံခန့်သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

“ဒီစပါးခွံမီးသွေးက တစ်ပိဿာကို ၉၀ ကျပ်လောက်ပဲရှိပါတယ်။ ခုဒေသတွင်းမှာ ထင်းမီးသွေးတစ်ပိဿာကို ၂၅၀ ကျပ်ဈေးနဲ့ ယှဉ်ကြည့်လိုက်ရင်အများကြီးသက်သာတာပေါ့။ ဒီနည်းသာ အောင်မြင်လာခဲ့လို့ရှိရင် ထင်းမီးသွေးအစားထိုးလောင်စာတစ်ခုအနေနဲ့ သစ်တောပြုန်းတီးမှုကိုလည်း လျှော့ချနိုင်မယ်။ ပြီးတော့ ဒီစပါးခွံမီးသွေး လောင်စာက ကာဗွန်ဒိုင်အောက်ဆိုက်ထွက်ရှိမှု ပမာဏနည်းပါးတဲ့အတွက် ထင်းမီးသွေးလောင်စာနဲ့ နှိုင်းယှဉ်ရင် ကာဗွန်ဒိုင်အောက်ဆိုက်ကို လျှော့ချပေးနိုင်မှာ ဖြစ်ပါတယ်” ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးအဖွဲ့ (ရခိုင်) မှ အတွင်းရေးမှူး ဦးသန်းလှိုင်က သုံးသပ်ပြောကြားသည်။



Tourism
7DAY NEWS JOURNAL
Vol.11, No.10 • MAY 17 , 2012

# ကာတာလေကြောင်းလိုင်း ဒိုဟာ – ရန်ကုန် – ဒိုဟာ ခရီးစဉ် နေ့စဉ်ပျံမည်

**အောင်သူရ**
**ရန်ကုန်၊ မေ - ၁၀**



အရှေ့အလယ်ပိုင်း အခြေစိုက် ကာတာ လေကြောင်းလိုင်းသည် အောက်တိုဘာ ၂၈ ရက်မှစ၍ ဒိုဟာ- ရန်ကုန်-ဒိုဟာ ခရီးစဉ်အား A-319, A320 လေယာဉ်များဖြင့် နေ့စဉ်ပျံသန်းပေးမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိသည်။

နှစ်နိုင်ငံသဘောတူညီချက်အရ တစ်ပတ်လျှင် ၁၄ ကြိမ် ပျံသန်းရန် သဘောတူညီထားပြီး စတင်ပြေးဆွဲမည့် အောက်တိုဘာ ၃ ရက်မှ ၂၈ ရက်ထိကိုမူ တစ်ပတ်လျှင် သုံးခေါက်သာ ပျံသန်းမည်ဖြစ်သည်။"ပြည်တွင်းလေကြောင်းလိုင်းက ခြောက်လိုင်းထိ ရှိလာပြီဆိုတော့ပြဿနာသိပ်မရှိနိုင်ဘူး။ ရန်ကုန်ဟိုတယ်တွေအခန်းမရတာနဲ့ ဈေးကြီးတာနဲ့ကလာတဲ့ ဧည့်သည်ကိုလန့်သွားနိုင်တယ်"ဟုကျောက်တံတားမြို့နယ် အခြေစိုက် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကဆိုသည်။

သက်ဆိုင်ရာကညွှန်ကြားသဖြင့်ယခုလမှစ၍ လာမည့်နှစ်စက်တင်ဘာလအထိ ရန်ကုန်ဟိုတယ်များက သတ်မှတ်ထားသောအခန်းခ ဈေးနှုန်းများမှာ ယမန်နှစ်ကထက်ထက်ဝက်နီးပါး ဈေးမြင့်နေကြောင်း အေဂျင်စီများကပြောသည်။

ကာတာလေကြောင်းလိုင်းမှ တာဝန်ရှိသူများသည် မေလ ၉ ရက်တွင် မြန်မာနိုင်ငံသို့ လာရောက်၍ ပို့ဆောင်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့် တွေ့ဆုံခဲ့သည်။

ကာတာလေကြောင်းလိုင်းသည် ဒိုဟာ-ရန်ကုန်-ဒိုဟာခရီးစဉ်အား ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၈ ရက်မှ ၂၀၀၈ ဇန်နဝါရီ ၂၀ ရက်အထိတစ်ပတ်လျှင် လေးကြိမ်ပျံသန်းခဲ့ပြီး ဥရောပမှ မြန်မာနိုင်ငံသို့လာရောက်သော ခရီးသွားများအများဆုံး စီးနင်းခဲ့ကြကြောင်းသိရသည်။

## Silk Air က စင်ကာပူ–မန္တလေး ပျံသန်းဖွယ်ရှိ

**အောင်သူရ**
**ရန်ကုန်၊ မေ-၁၀**

စင်ကာပူနိုင်ငံအခြေစိုက် Silk Air လေကြောင်းလိုင်းသည် စင်ကာပူမှ မန္တလေးသို့ပျံသန်းရန် အစီအစဉ်ရှိကြောင်း အဆိုပါလေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"သကြ်န်မတိုင်ခင်ကစပြီး လေ့လာရေးတွေ လုပ်နေပါပြီ" ဟု အဆိုပါတာဝန်ရှိသူက ထပ်လောင်းပြောကြားသည်။

ထို့အပြင် စရိတ်နည်းလေကြောင်းလိုင်းဖြစ်သော Air-Asia လေကြောင်းလိုင်းကလည်း နေပြည်တော်နှင့် မန္တလေးမြို့များသို့ ပျံသန်းရန်အစီစဉ်ရှိပြီး မကြာသေးမီရက်များက လေ့လာမှုများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

အစိုးရသစ်တက်လာပြီးနောက် ပြည်ပနိုင်ငံများမှ ဧည့်သည်ဝင်ရောက်မှုများပြားလာခဲ့ပြီး ရန်ကုန်လေဆိပ်၌ လူဝင်မှုကြီးကြပ်ရေးကောင်တာများ ထပ်မံတိုးချဲ့ခဲ့ရသည်။

"မန္တလေးတိုက်ရိုက်ပျံရင် ကောင်းတာပေ့ါ။ လောလောဆယ် ရန်ကုန်ဟိုတယ်တွေ အခန်းမရတာတွေရော ဈေးကြီးတာတွေပါ အဆင်ပြေသွားနိုင်တာပေ့ါ" ဟု ကျောက်တံတားမြို့နယ်အခြေစိုက်ခရီးသွားလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စင်ကာပူအခြေစိုက် Silk Air လေကြောင်းလိုင်းသည် ဧည့်သည်ရရှိမှု တိုးလာသဖြင့် ယခင်က တစ်ပတ်လျှင် ၁၄ ကြိမ် ပျံသန်းနေရာမှ မေလ ၂၆ ရက်မှစ၍ နှစ်ကြိမ် ထပ်တိုးခဲ့ရာ ၁၆ ကြိမ်ပျံသန်းတော့မည်ဖြစ်သည်။

## တိုင်းရင်းသားပိုင် ဟိုတယ်များ ဝန်ထမ်းအရေအတွက် မပြည့်မီ၍ ကြယ်ငါးပွင့်အဆင့် သတ်မှတ်ခြင်းမခံရ

**အောင်သူရ**
**ရန်ကုန်၊ မေ-၁၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်များအား ကြယ်အဆင့်သတ်မှတ်ရာတွင်မြန်မာနိုင်ငံသားပိုင် ဟိုတယ်များ ကြယ်ငါးပွင့်အဆင့်သတ်မှတ်ခြင်း မခံရကြောင်း ရန်ကုန်ဇုန် ဟိုတယ်လုပ်ငန်းရှင်များအသင်းဒုဥက္ကဌ ဦးခင်မောင်ပြုံးကပြောသည်။

"အဓိက အားနည်းချက်ကတော့ဖွဲ့စည်းပုံ မပြည့်စုံဘူး။ ဝန်ထမ်းလုံလောက်အောင်မခန့်ထားဘူး" ဟု ဦးခင်မောင်ပြုံးက ဆိုသည်။ တိုင်းရင်းသားပိုင် ဟိုတယ်အများစုမှာ ကြယ်သုံးပွင့်အဆင့်သာသတ်မှတ်ခံရကြောင်းသတင်းရရှိသည်။

ဟိုတယ်များတွင် အခန်း ၁၀၀ ရှိပါက အနည်းဆုံး ဝန်ထမ်း ၁၅၀ ခန့်ထားရပြီး စံသတ်မှတ်ချက်အရအခန်း ၁၀၀ အတွက်ဝန်ထမ်းဦးရေ ၂၀၀ အထိ ခန့်ထားရသည်။ လက်ရှိအနေအထားအရ ဟိုတယ်များမှာ ဧည့်သည်အပြည့်နီးပါးရရှိနေကြ၍ ဝန်ထမ်းခန့်ထားမှု လျှော့ချထားပါက ဝန်ထမ်း၏ စွမ်းဆောင်ရည်ကျဆင်းပြီး ဝန်ဆောင်မှုပိုင်းပါ ထိခိုက်လာကြောင်း ချက်ထရီယမ်ဟိုတယ်မှ HR မန်နေဂျာ ဦးဂျော့ကျော်ဇောကပြောသည်။

မကြာသေးမီက သတ်မှတ်လိုက်သော ကြယ်ငါးပွင့်အဆင့်ရရှိသည့် ဟိုတယ်များမှာ နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ထားသော ချက်ထရီယမ်ဟိုတယ်၊ ဆီဒိုးနား ဟိုတယ်၊ ပါ့ခ်ရွိုင်ရယ် ဟိုတယ်နှင့် ကုန်သည်ကြီးများဟိုတယ်တို့ဖြစ်ကြောင်း သတင်းရရှိသည်။

ရန်ကုန်မြို့တွင် ဟိုတယ်ပေါင်း ၁၈၇ လုံးရှိပြီး နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ထားသော ဟိုတယ်မှာ ခြောက်လုံးသာရှိသည်။ ကျန်ဟိုတယ်များမှာ တိုင်းရင်းသားလုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်သည်။

## ချောင်းသာကမ်းခြေတွင် မြေကွက်ယူထားသူများ ခြောက်လအတွင်း တည်ဆောက်မှုတစ်စုံတစ်ရာမရှိပါက ပြန်သိမ်းမည်

**ပြည်သိမ်း၊ အောင်သူရ**
**ရန်ကုန်၊**
**မေ - ၁၂**

ချောင်းသာကမ်းခြေတွင် လူနေအိမ်များ ဆောက်လုပ်ရန် မြေကွက်ရယူထားသူများခြောက်လအတွင်းခိုင်မာသောအဆောက်အအုံများ မဆောက်လုပ်ပါက ပြန်လည် သိမ်းယူမည်ဖြစ်ကြောင်း ချောင်းသာ(ရွှေသောင်ယံမြို့နယ်ခွဲ) မြေကွက်ချထားရေး ကော်မတီမှ သတင်းရရှိသည်။

ချောင်းသာကမ်းခြေ ဒေသဖွံ့ဖြိုးရန် မြို့သာယာရေးအတွက် ကွက်တိကွက်ကျားဖြစ်နေသည့် မြေကွက်များကို အဆောက်အအုံများဆောက်လုပ်ရန် ရည်ရွယ်ပြီး စီစဉ်ရခြင်းဖြစ်ကြောင်း ချောင်းသာ(ရွှေသောင်ယံမြို့နယ်ခွဲ) အုပ်ချုပ်ရေးမှူးဦးတင်ထွန်းအောင်က ရှင်းပြသည်။

"အဆောက်အအုံဆောက်ရင်လည်း ဟိုတယ်တွေ၊ တည်းခိုးခန်းတွေ၊ စားသောက်ဆိုင်တွေ ဆောက်ရမယ်" ဟု အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

အဆိုပါ မြေကွက်များကို ၁၉၉၇ ခုနှစ်က ဖော်ထုတ်ခဲ့ပြီး အစိုးရအရာရှိများကိုချထားပေးခဲ့သည်။ မြေကွက်များ၏ အကျယ်အဝန်းမှာ မျိုးစုံရှိပြီး ပေ ၄၀×၆၀၊ ပေ ၈၀× ၆၀၊ ပေ ၁၀၀×၁၂၀ မြေကွက်များဖြစ်သည်။

အဆိုပါမြေကွက်များ၏လက်ရှိပေါက်ဈေးမှာ ကားလမ်းဘေးဆိုလျှင်တစ်ကွက်လျှင်သိန်း ၁၀၀၀ ကျပ်ဝန်းကျင်ရှိသည်။ ကားလမ်းဘေးဒုတိယအကွက်များဆိုလျှင် ကျပ်သိန်း ၅၀၀ ဝန်းကျင်ရှိကြောင်း ချောင်းသာမြို့မှ ဒေသခံတစ်ဦးက ရှင်းပြသည်။

"လူတွေက မြေဈေးကောင်းတော့မြေကွက်တွေဝယ်ပြီးစုထားကြတယ်။ တကယ်အလုပ်လုပ်ဖို့တော့မဟုတ်ဘူး" ဟုလှိုင်သာယာစက်မှုဇုန်မှ ထုတ်ကုန်လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

ရန်ကုန်မြို့ရှိ စက်မှုဇုန်များတွင်လည်း ၂၀၁၁ ခုနှစ်အတွင်းမြေကွက် တာလွတ်များ၌ ခြောက်လအတွင်း ခြံစည်းရိုးခတ်ရန်နှင့် တစ်နှစ်အတွင်း အဆောက်အအုံဆောက်လုပ်ရန် စီစဉ်ခဲ့သည်။ ယင်းသို့ မပြုလုပ်ပါက မြေကွက်များကို ပြန်လည်သိမ်းယူမည်ဟု နိုင်ငံပိုင်သတင်းစာများတွင် ကြေညာခဲ့သည်။






7 DAY NEWS JOURNAL
Vol.11, No.10 • MAY 17 , 2012


The Cartoon Logo




























7 DAY NEWS JOURNAL
Vol.11, No.10 • MAY 17 , 2012



## အိန္ဒိယအစိုးရ၏ ချီတာကျားသစ်များ မွေးမြူရေးအစီအစဉ် နိုင်ငံတော်တရားရုံး ပယ်ချ

**နယူးဒေလီ၊ မေ - ၉**
အိန္ဒိယနိုင်ငံတော် တရားရုံးသည် နိုင်ငံတွင်း၌ အမဲလိုက်သတ်ဖြတ်မှုကြောင့် မျိုးတုန်းလုနီးကြုံနေရသောချီတာ ကျားသစ်များကို နိုင်ငံတွင်ပြန်လည်မွေးမြူရန် အစီအစဉ်ကို ပယ်ချလိုက်ကြောင်း သိရသည်။ သို့သော် သည်တိုင်းမ်အော့ဖ်အိန္ဒိယသတင်းစာ၏ ဖော်ပြချက်အရ တရားသူကြီး နှစ်ဦးပါဝင်သောနိုင်ငံတော် တရားရုံးသည် ချီတာကျားသစ်များအား အာဖရိကမှ တင်သွင်း၍ နိုင်ငံတွင်းပြန်လည်မွေးမြူရန် အစီအစဉ်ကို ဗဟိုအစိုးရအနေဖြင့် သားရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးအမျိုးသားဘုတ်အဖွဲ့နှင့် မဆွေးနွေးရသေး၍ ရပ်ဆိုင်းစေခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

တရားရုံးက အာရှချီတာကျားသစ်များနှင့် အာဖရိက ချီတာများသည် မျိုးဗီဇအရရော၊ စရိုက်လက္ခဏာအရပါ ကွာခြားကြောင်းပြောသည်။ အိန္ဒိယအစိုးရသည် မတ်ဒယာပရာဒေ့ရှ်နှင့် ရာဂျစသန်ပြည်နယ်များတွင် သဘာဝတောရိုင်း ဥယျာဉ်များတည်ဆောက်ရန် အစောပိုင်းကပင်စီစဉ်ခဲ့ပြီးဖြစ်သည်။ ချီတာကျားသစ်များသည်အိန္ဒိယနိုင်ငံတွင်ပျောက်ကွယ်ခဲ့သည်မှာဆယ်စုနှစ်တစ်ခုစာရှိပြီး ယခုအခါ ထိုကျားသစ်များမှာ အာဖရိကတွင် ကောင်ရေတစ်သောင်းခန့်နှင့် အီရန်နိုင်ငံတွင် ကောင်ရေ ၁,၀၀၀ ကျော်ခန့်သာကျန်ရှိကြောင်း သိရသည်။

—*Ref: Xinhua*

## ပျက်ကျသွားသော ရုရှားလေယာဉ် အင်ဒိုနီးရှား ကယ်ဆယ်ရေးသမားများ ရှာဖွေတွေ့ရှိ

**စီဒါဟူ၊ မေ - ၁၀**
လူပေါင်း ၅၀ ဦးအထိလိုက်ပါသွားပြီး သရုပ်ပြပျံသန်းနေစဉ် ဂျကာတာမြို့တောင်ဘက် တောင်ထူထပ်ရာဒေသတွင် ယမန်နေ့က ပျောက်ဆုံးသွားသည့် ရုရှားနိုင်ငံလုပ်ဆူခွိုင်းလေယာဉ်အပျက်အစီးများအား အင်ဒိုနီးရှားကယ်ဆယ်ရေးသမားများကရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

ပျက်စီးသွားသောလေယာဉ်အစိတ်အပိုင်းအား ပေ ၅၅၀၀ အမြင့်ရှိတောင်စွယ်တစ်ခုပေါ်တွင် ကယ်ဆယ်ရေးရဟတ်ယာဉ်တစ်စီးက တွေ့ရှိခဲ့ခြင်းဖြစ်ပြီး လေယာဉ်ပေါ်၌ လိုက်ပါခဲ့သူများ ၏ ကံကြမ္မာနှင့်ပတ်သက်၍ မည်သည့်သတင်းစကားမှ မကြားရသေးပေ။


Photo - AFP



"ဆာလက်တောင်တန်းအစွန်းမှာ လေယာဉ်ပျက်ကျသွားတာပါ။ စေ့စပ်သေချာတဲ့ စုံစမ်းစစ်ဆေးမှုတစ်ရပ် ချက်ချင်းလက်ငင်းလုပ်ဆောင်သွားရပါမယ်"ဟု အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘမ်ဘန်းယူဒိုယူနိုက ပြောကြားသည်။

ဆိုဗီယက်ယူနီယံခေတ်နောက်ပိုင်း အားလုံးအသစ်စက်စက်တည်ဆောက်ထားသော စူပါဂျက်-၁၀၀ ခရီးသည်တင်လေယာဉ်သည်ဆာလက်တောင်အနီးတွင် ပေပေါင်း ၆၀၀၀ အထိ ဆင်းသက်ပျံသန်းမည်ဟုပြောကြားခဲ့ပြီးနောက်ရေဒီယို အဆက် အသွယ်ပြတ်သွားခဲ့ကြောင်း တာဝန်ရှိသူများကပြောသည်။ ဆာလက်တောင်မှာ ၇၂၅၄ ပေ မြင့်သည့် မီးတောင်သေတစ်လုံး ဖြစ်သည်။

—*Ref: Reuters*

## နီပေါနိုင်ငံတွင် ယာဉ်တိုက်မှုကြောင့် လူ ၂၀ ဦးခန့် ဒဏ်ရာရ

**ခတ္တမန္ဒူ၊ မေ - ၉**
နီပေါနိုင်ငံအရှေ့ပိုင်း ဆပ်တာရီခရိုင်ရှိ လမ်းမတစ်ခုတွင် မတော်တဆမှုတစ်ခုဖြစ်ပွားရာ အနည်းဆုံးလူ ၂၀ ဦးခန့်ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။ နီပေါအမျိုးသားသတင်းအေဂျင်စီ RSS ၏ အဆိုအရ ဖြစ်စဉ်မှာ ခတ္တမန္ဒူမှ ဂျာပါမြို့သို့သွားသော ဘတ်စ်ကားတစ်စီးသည် ဆပ်တာရီခရိုင်အနီးအရှေ့အနောက် အဝေးပြေးလမ်းမပေါ်တွင် မြေသယ်ယာဉ်တစ်စီးအား နောက်ဘက်မှ တိုက်မိခဲ့ခြင်းဖြစ်ကြောင်းဆိုသည်။ ထိုနေရာမှာ မြို့တော်ခတ္တမန္ဒူ၏ အရှေ့ဘက်ကီလိုမီတာ ၁၉၀ အကွာတွင်တည်ရှိသည်။

ယာဉ်တိုက်မှုကြောင့်လူဆယ်ဦးမှာ ရုတ်တရက်သတိမေ့ခဲ့ပြီး အနီးရှိ ဘီရတ်နဂါဆေးရုံသို့ ပို့ဆောင်ကုသခဲ့ရကာ ကျန်လူများကိုဒေသခံ ဆေးခန်းတစ်ခုတွင် ဒဏ်ရာများ ကုသပေးခဲ့ရသည်။ ရဲအဖွဲ့သည်ဘတ်စ်ကားယာဉ်မောင်းအား ဖမ်းဆီးထားကြောင်း သိရသည်။

—*Ref: Xinhua*


Photo - Getty Images

## ထိုင်းဘုရင်ကို စော်ကားမှုဖြင့် အကျဉ်းကျနေသူ ထောင်ထဲတွင် သေဆုံး


**ဘန်ကောက်၊ မေ - ၉**
ထိုင်းနိုင်ငံ၏ ဘုရင်မင်းမြတ်ကို စော်ကားသည်ဟု ယူဆခံရသော စာသားများကို မိုဘိုင်းဖုန်းမှပေးပို့ခဲ့၍ ထောင်ဒဏ်အနှစ် ၂၀ ကျခံရန်ပြီးခဲ့သည့်နှစ်က အပြစ်ပေးခံရသည့်ကုန်တင်ယာဉ်မောင်းသည် အကျဉ်းထောင်အတွင်း သေဆုံးသွားကြောင်း ၎င်း၏ရှေ့နေက ပြောသည်။

အမ်ပွန်တန်ဒိုပါကူးလ် (၆၁ နှစ်)သည် မိုဘိုင်းဖုန်းမှ ၎င်းပို့ခဲ့သောသတင်းစာသားတစ်ခုစီအတွက်ထောင်ဒဏ်ငါးနှစ်စီချမှတ်ခံရကာစုစုပေါင်း အနှစ် ၂၀ အပြစ်ပေးခံခဲ့ရသည်။ သတင်းစာသားတစ်ခုချင်းစီကိုတရားရုံးကမထုတ်ပြန်ခဲ့သော်လည်း ၎င်းသတင်းစာသားများမှာ ဘုရင်ဘူမိဘောနှင့် ဘုရင်မကြီး သီရိခေတ်တို့သည် တစ်နိုင်ငံလုံးရှိ လူထုအပေါ်တွင် ချစ်ခင်သနား၊ စိုးရိမ်ပူပန်သည်ဟူသောထင်ရှားသည့် အချက်နှင့် ဆန့်ကျင်နေပြီး ဘုရင်နှင့်ဘုရင်မအပေါ် အမုန်းပွားမှုဖြစ်စေနိုင်သည်ဟု ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံတွင် ဘုရင်မင်းမြတ်နှင့် အခြားထိပ်တန်းဘုရင့်မိသားစုဝင်များအား နာမည်ပျက်စေခြင်း၊ စော်ကားခြင်း၊ ခြိမ်းခြောက်ခြင်းများအတွက်ပြင်းပြင်းထန်ထန် အပြစ်ပေးနိုင်သည့် ဥပဒေများရှိကြောင်း သိရသည်။ မစ္စတာအမ်ပွန်သေဆုံးသွားခဲ့၍ ယင်းဥပဒေများနှင့် ပတ်သက်၍ ငြင်းခုံဆွေးနွေးမှုများမှာပြင်းထန်လာနိုင်ကြောင်း နယူးယောက်တိုင်းမ်စ်သတင်းတွင် ဖော်ပြသည်။

—*Ref: NYTimes*





# Leader's Profile
## အန်ဂိုလာသမ္မတ
## ဟိုဆေးအက်ဂွါဒို ဒေ့ါစ်ဆန်းတို့စ်

ရဲမင်း

ဟိုဆေးအက်ဂွါဒိုဒေ့ါစ်ဆန်းတို့စ်သည် ၁၉၇၉ ခုနှစ်မှစ၍ အန်ဂိုလာနိုင်ငံ၏ သမ္မတဖြစ်လာခဲ့ပြီး လက်ရှိတွင်လည်း အန်ဂိုလာသမ္မတအဖြစ် ဆက်လက်တာဝန်ယူထားသူ အာဖရိက၏ သက်တော်ရှည်ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ၎င်းသည် နိုင်ငံ၏ သမ္မတအဖြစ် အန်ဂိုလာစစ်တပ်၏ စစ်ဦးစီးချုပ်ဖြစ်သလို ၁၉၇၅ ခုနှစ်တွင်အန်ဂိုလာလွတ်လပ်ရေးရရှိချိန်မှစ၍ နိုင်ငံကို အုပ်ချုပ်နေသော အန်ဂိုလာလွတ်မြောက်ရေးပြည်သူ့လှုပ်ရှားမှု ပါတီ ဥက္ကဋ္ဌလည်းဖြစ်သည်။

ဒေ့ါစ်ဆန်းတို့စ်သည် အန်ဂိုလာမြို့တော် လူအန်ဒါဒေသ၌ ၁၉၄၂ ခုနှစ် ဩဂုတ်လ ၂၈ ရက်တွင် မွေးဖွားခဲ့ပြီး လူအန်ဒါတွင်ပင်မူလတန်းပညာသင်ကြားခဲ့ကာအထက်တန်းပညာရေးကိုမူ ကိုလိုနီခေတ်လူကုံ ထံများတက်ရောက်သည့်ကျောင်း၌ သင်ယူခဲ့သည်။ တက္ကသိုလ် ပညာရေးအတွက် ဆိုဗီယက်ပြည်ထောင်စု အဇာဘိုင်ဂျန်ပြည်နယ် ရေနံနှင့် ဓာတုဗေဒအင်စတီကျူ့ဒ် သို့သွားရောက်ခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် ရေနံအင်ဂျင်နီယာနှင့် ရေဒါဆက်သွယ်ရေးဆိုင်ရာဘွဲ့များ ရရှိခဲ့သည်။

ဒေ့ါစ်ဆန်းတို့စ်သည် ၁၉၇၀ ပြည့်နှစ်တွင် ပေါ်တူဂီကိုလိုနီအဖြစ်ရှိနေသေးသော အန်ဂိုလာနိုင်ငံသို့ ပြန်လာခဲ့ပြီး ၁၉၅၆ ခုနှစ်ကတည်းက ၎င်းပေါင်းစည်းတည်ထောင်ခဲ့သည့် အန်ဂိုလာလွတ်မြောက်ရေးပြည်သူ့လှုပ်ရှားမှုအဖွဲ့ (MPLA) ပြောက်ကျားတော်လှန်ရေးတပ်ဖွဲ့သို့ ဝင်ရောက်၍ ရေဒီယိုအသံလွှင့်သူအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ နောက်ပိုင်းတွင် (MPLA) ၏ကိုယ်စားလှယ်အဖြစ် ယူဂိုစလားဗီးယား၊ ကွန်ဂိုနိုင်ငံနှင့် တရုတ်နိုင်ငံတို့သို့ သွားရောက်နေထိုင်ခဲ့သည်။

၁၉၇၅ ခုနှစ် အန်ဂိုလာလွတ်လပ်ရေးရရှိလာချိန်တွင် ဒေ့ါစ်ဆန်းတို့စ်သည် နိုင်ငံ၏ ပထမဆုံးနိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ သို့သော်အန်ဂိုလာနိုင်ငံမှာ ၂၀၀၂ အထိ မကြာခဏဆိုသလို ပြည်တွင်းစစ်ဖြစ်နေခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် ဒေ့ါစ်ဆန်းတို့စ်သည် (MPLA) ဗဟိုကော်မတီနှင့် ပေါ်လစ်ဗျူရိုတွင် ပါဝင်လာခဲ့ပြီး အစိုးရအဖွဲ့တွင် စီမံကိန်းများဝန်ကြီး၊ ပထမလက်ထောက်ဝန်ကြီးချုပ်စသော တာဝန်များ ထမ်းဆောင်ခဲ့သည်။

၁၉၇၉ ခုနှစ် စက်တင်ဘာလတွင် အန်ဂိုလာ၏ ပထမဆုံးသောသမ္မတဩဂတ်စတီနိုနီတိုကွယ်လွန်သွားချိန်တွင် ဟိုဆေးအက်ဂွါဒိုဒေ့ါစ်ဆန်းတို့စ်သည် အန်ဂိုလာနိုင်ငံ၏ သမ္မတရာထူးကိုရယူခဲ့သလို (MPLA) ဥက္ကဋ္ဌနှင့် လက်နက်ကိုင်တပ်ဖွဲ့များ၏ ဦးစီးချုပ်ရာထူးကိုလည်း ရရှိခဲ့သည်။

၁၉၈၀ နိုဝင်ဘာ ၉ ရက်တွင် အန်ဂိုလာ ပြည်သူ့ညီလာခံက ရွေးချယ်ခဲ့၍ နိုင်ငံ၏ တရားဝင်သမ္မတဖြစ်လာခဲ့သူ ဒေ့ါစ်ဆန်းတို့စ်သည် ၁၉၉၂ ခုနှစ်တွင် ကျင်းပသော သမ္မတရွေးကောက် ပွဲတွင်လည်း ၎င်း၏ပြိုင်ဘက် ဆာဗင်ဘီအပေါ်တွင် အနိုင်ရရှိခဲ့ပြီး နောက်ဆာဗင်ဘီက ဒုတိယအကျော့ထိပ်တိုက်မဲခွဲမှုတွင် လိမ်လည်မှုများ ရှိသည်ဟု စွပ်စွဲလိုက်ပြီး ပြည်တွင်းစစ်ကို ပြန်လည်စတင်ခဲ့သည်။

ရှေ့လာမည့် သမ္မတရွေးကောက်ပွဲတွင် သမ္မတရာထူးမှ ဆင်းပေးမည်ဟု ဒေ့ါဆန်းတို့စ်က ၂၀၀၁ ခုနှစ်တွင် ပြောကြားခဲ့သော်လည်း ၂၀၀၃ ခုနှစ်တွင် MPLA ခေါင်းဆောင်အဖြစ် ထပ်မံရွေးချယ်ခံရပြီးနောက် အန်ဂိုလာနိုင်ငံတွင်ရွေးကောက်ပွဲကျင်းပခြင်း မရှိတော့ပေ။ သမ္မတရွေးကောက်ပွဲများ ကျင်းပမည်ဟု ၂၀၀၆၊ ၂၀၀၇ နှင့် ၂၀၀၉ ခုနှစ်များတွင် ကြေညာခဲ့သော်လည်း ရွေးကောက်ပွဲများအစား ၂၀၁၀ ပြည့်နှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို မိတ်ဆက်ခဲ့သည်။ ယင်းအခြေခံဥပဒေသစ်အရပါလီမန်တွင်အမတ်နေရာ အများဆုံးရရှိထားသည့် ပါတီခေါင်းဆောင်မှာအလိုအလျောက် နိုင်ငံ၏ သမ္မတဖြစ်ရမည်ဟု သတ်မှတ်ထားရာ ပါလီမန်တွင် အင်အားအတောင့်တင်းဆုံး MPLA ပါတီခေါင်းဆောင်အဖြစ် ဒေ့ါစ်ဆန်းတို့စ်မှာ သမ္မတရာထူးကို ဆက်လက်ချုပ်ကိုင်ထားနိုင်ခဲ့သည်။ ၂၀၁၀ နှင့် ၂၀၁၁ ခုနှစ်များတွင် ၎င်း၏အုပ်ချုပ်မှုအပေါ် ဆန့်ကျင်သောကန့်ကွက်ဆန္ဒပြမှုအများအပြားကြုံတွေ့ခဲ့သူဟိုဆေးအက်ဂွါဒိုဒေ့ါစ်ဆန်းတို့စ်သည် အိမ်ထောင်သုံးဆက်ကျခဲ့ပြီး ကလေးခြောက်ဦးထွန်းကားခဲ့သလို အိမ်ထောင်ရေးပြင်ပ ကလေးတစ်ဦးလည်း ရရှိခဲ့သည်။

—*Ref: Wikipedia*

## နောက်ကျောဖုံး - ဖိအားပေးခြင်းသည် နျူဆွေးနွေးပွဲကို ထိခိုက်နိုင်ကြောင်း အီရန်ပြောကြား မှု

ပြင်သစ်ဝန်ကြီးချုပ်ဟောင်း မိုက်ကယ်ရိုကာ့တ်နှင့်အတူ ရှိနေစဉ် အီရန်ညှိနှိုင်းရေးမှူးအကြီးအကဲက ယင်းသို့ပြောကြားခြင်းဖြစ်ပြီး မစ္စတာရိုကာ့တ်မှာ မေ ၂၃ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အီရန်နှင့် အင်အားကြီးခြောက်နိုင်ငံ(အမေရိကန်၊တရုတ်၊ ရုရှား၊ပြင်သစ်၊ဗြိတိန်၊ဂျာမနီ)နှင့် ကျင်းပမည့် အစည်းအဝေးမတိုင်မီ အီရန်နိုင်ငံတွင် ရောက်ရှိနေခြင်း ဖြစ်သည်။

အနောက်နိုင်ငံများမှ တာဝန်ရှိသူများအနေဖြင့် ဆွေးနွေးပွဲများ မကျင်းပမီ၌ အပြုသဘောမဆောင်သော မှတ်ချက်များပေးခြင်းကို ရှောင်ရှားသင့်ကြောင်း မစ္စတာဂျာလီလီက ပြောကြားသည်။

ဘဂ္ဂဒက်ဆွေးနွေးပွဲများ





သည် အီရန်နိုင်ငံအနေဖြင့် ၎င်း၏နျူကလီးယားလက်နက်အစီအစဉ် စွန့်လွှတ်ရေးအတွက် အခြေခံအကြောင်းအရာဖြစ်လာလိမ့်မည်ဟု မျှော်လင့်ကြောင်း အီးယူ နိုင်ငံခြားရေးရာအကြီးအကဲ မစ္စကက်သရင်းအက်ရှ်တန်က လွန်ခဲ့သောနှစ်ရက်က ပြောကြားခဲ့သည်။ —*Ref: Reuters*

## တောင်တရုတ်ပင်လယ်အရေးနှင့် ပတ်သက်၍ စစ်ပြင်ဆင်နေသည်ဆိုခြင်းကို တရုတ်ငြင်းဆို

**ဘေဂျင်း၊ မေ - ၁၂**

တောင်တရုတ်ပင်လယ်တွင်ဖိလစ်ပိုင်နိုင်ငံနှင့် တစ်ပတ်ကျော်ကြာဖြစ်ပေါ်နေသော နယ်မြေအငြင်းပွားမှုအတွက် တိုက်ပွဲဝင်အသင့်အနေအထားကို တိုးမြှင့်နေသည်ဆိုခြင်းကို တရုတ်နိုင်ငံက ငြင်းဆိုလိုက်သည်။

စကားဘိုးရိုးအငူအနီးတွင် တရုတ်သင်္ဘောများရောက်ရှိနေသည်ကိုဖိလစ်ပိုင်အာဏာပိုင်များကထောက်လှမ်းသိရှိခဲ့ပြီးနောက် ပြီးခဲ့သည့်လအတွင်း တရုတ်နှင့်ဖိလစ်ပိုင်နိုင်ငံအကြား အငြင်းပွားမှုစတင်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

အာဏာပိုင်များက သင်္ဘောသားများကို ဖမ်းဆီးရန် ကြိုးစားခဲ့သော်လည်း ဖိလစ်ပိုင်နိုင်ငံ၏ ပင်မကျွန်းကြီးဖြစ်သော လူဇွန်မှ မိုင် ၁၄၀ အကွာရှိ ၎င်းအငူအနီးတွင် ချထားသော တရုတ်ကင်းလှည့် သင်္ဘောများက တားဆီးခဲ့သည်။ ယင်းအငူအနီးတွင် ဧပြီလ ၈ ရက်မှစ၍ နှစ်ဖက်စလုံးက စစ်ဘက် မဟုတ်သော ရေယာဉ်များ ချထားကြောင်း သိရသည်။

နှစ်ဖက်ရင်ဆိုင်မှုကို အဆုံးအထိတိုက်ပွဲဝင်ရန် ပြင်ဆင်ထားကြောင်း နိုင်ငံပိုင်မီဒီယာများတွင် သတိပေးထားသော်ငြားလည်း စစ်ပွဲအတွက်ပြင်ဆင်နေသည်ဆိုခြင်းကို တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက ငြင်းဆိုထားသည်။

ဂွမ်ဇောင်းဒေသ၊ တောင်တရုတ်ပင်လယ်ရေယာဉ်အုပ်စုနှင့် အခြားတပ်ဖွဲ့များ တိုက်ပွဲဝင် အသင့်အနေအထားတွင် ရှိနေပြီဆိုသော သတင်းများမှာ မှန်ကန်ခြင်းမရှိပါဟု တရုတ်ကာကွယ်ရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်၏ တိုတောင်းသောကြေညာချက်က ဖော်ပြသည်။ —*Ref: AFP*

## နောက်ကျောဖုံး - ဂျာမနီပြည်နယ်များ ရွေးကောက်ပွဲ အန်ဂျလာမာကယ်လ်၏ပါတီ အခြေအနေမကောင်း မှ





ပါတီကထောက်ခံမဲအရေအတွက် ၃၈ ရာခိုင်နှုန်းရရှိခဲ့ရာ မစ္စမာကယ်လ်၏ ပါတီအပေါ် ထောက်ခံမှု ၈ ရာခိုင်နှုန်းကျဆင်းသွားခဲ့ကြောင်းဂျာမနီမီဒီယာများကဖော်ပြခဲ့ကြသည်။

ယင်းမှာ ဂျာမနီနိုင်ငံတွင် ယခုနှစ်အတွင်း တတိယအကြိမ်မြောက် ကျင်းပသည့် ပြည်နယ်ရွေးကောက်ပွဲဖြစ်သည်။ နိုင်ငံမြောက်ပိုင်း ရှုးစ်ဝစ်-ဟိုစတိန်းပြည်နယ်တွင် ကျင်းပသည့်ရွေးကောက်ပွဲတွင်လည်းမစ္စမာကယ်လ်၏ CDU ပါတီအခြေအနေမကောင်းခဲ့ပေ။ ပြည်နယ်ရွေးကောက်ပွဲများတွင် အခြေအနေကောင်းသည့်အတွက် အတိုက်အခံလက်ဝဲယိမ်းပါတီများမှာ ရှေ့လာမည့်နှစ်အမျိုးသားရွေးကောက်ပွဲတွင် အလားအလာ ကောင်းမည့် အနေအထားဖြစ်နေကြောင်း သိရသည်။ —*Ref: Xinhua*

## နောက်ကျောဖုံး - အာဖဂန်နစ္စတန်နိုင်ငံ၏ လုံခြုံရေးတာဝန်များ လွှဲပြောင်းခြင်းအစီအစဉ် ပင်တဂွန်ချီးကျူး မှ

ဒီအဆင့်ကို အကောင်အထည်ဖော်ပြီးရင် အာဖဂန်နစ္စတန်ပြည်သူ ၄ ပုံ ၃ ပုံ လောက်ဟာ အာဖဂန်လုံခြုံရေး တပ်ဖွဲ့တွေ ဦးဆောင်ပြီး လုံခြုံရေး ယူထားတဲ့ ဒေသတွေမှာ နေထိုင်နေကြမှာဖြစ်ပါတယ်”ဟု မစ္စတာ ပါနက်တာက ပြောကြားသည်။

အာဖဂန်အမျိုးသားလုံခြုံရေးတပ်ဖွဲ့များ၏ အင်အားတောင့်တင်းလာမှု၊ အမေရိကန်တပ်ဖွဲ့များနှင့် အခြားလက်တွဲဖက်နိုင်ငံတကာတပ်ဖွဲ့များ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ၂၀၁၄ ခုနှစ် အကုန်တွင် အာဖဂန်နစ္စတန်နိုင်ငံ၏ လုံခြုံရေးအား အာဖဂန်တပ်ဖွဲ့များဆီသို့ အပြီးတိုင်လွှဲပြောင်းပေးရေးအစီအစဉ်မှာ လမ်းကြောင်းမှန်ပေါ်တွင် ရှိနေကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးက အခိုင်အမာပြောကြားသည်။ —*Ref: Xinhua*

7 DAY NEWS JOURNAL
Vol.11, No.10 • MAY 17 , 2012

# “မိန်းမတွေဟာ ငြိမ်းချမ်းရေး ဖန်တီးသူတွေ ဖြစ်တယ်ဆိုတာ ကျွန်မယုံကြည်တယ်”

## ကုလသမဂ္ဂ အမျိုးသမီးအဖွဲ့အကြီးအကဲ မစ်ရှယ်ဘတ်ရှလက်နှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**

ချီလီနိုင်ငံရဲ့ ပထမဆုံးသော အမျိုးသမီးသမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ မစ္စမစ်ရှယ် ဘတ်ရှလက်ဟာ ယမန်နှစ်ကစလို့ ကုလသမဂ္ဂရဲ့ အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ “ကုလသမဂ္ဂကျား‌မ တန်းတူညီမျှရေးနှင့် အမျိုးသမီးစွမ်း ဆောင်ရည်မြင့်မားရေးအဖွဲ့အစည်း” Uinted Nations Entity for Gender Equality and the Empowerment of Women မှာအကြီးအကဲတာဝန်ယူလျက်ရှိပါတယ်။ ကုလသမဂ္ဂရဲ့ ဖွံ့ဖြိုးရေးအဖွဲ့တွေထဲက တစ်ဖွဲ့ဖြစ်တဲ့ ဒီအဖွဲ့ကို UN Women “ကုလသမဂ္ဂ အမျိုးသမီးအဖွဲ့” လို့လည်း ခေါ်ဝေါ်ပါတယ်။

မစ္စမစ်ရှယ်ဘတ်ရှလက်ဟာ ပြီးခဲ့တဲ့ ဧပြီလလယ်ကတော့ ဘယ်လ်ဂျီယမ်နိုင်ငံ ဘရပ်ဆဲလ်မှာပြုလုပ်တဲ့ ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ စွမ်းအင်ဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲကို တက်ရောက်ခဲ့ပါတယ်။ ကုလအမျိုးသမီးအဖွဲ့ရဲ့ အကြီးအကဲ၊ အမှုဆောင်ညွှန်ကြားရေးမှူးတစ်ဦးအနေနဲ့ ဘတ်ရှလက်ရဲ့ ဦးစားပေးလုပ်ငန်းစဉ်တွေထဲက တစ်ခုကတော့ ဖွံ့ဖြိုးဆဲနိုင်ငံတွေက အမျိုးသမီးတွေအဖို့ လုံခြုံစိတ်ချရတဲ့ စွမ်းအင်သုံးစွဲခွင့်ရရေးဖြစ်ပါတယ်။ ဒါ့ကြောင့် ယူရိုသတင်းရဲ့ အစ္စဘယ်မားကတ်စ်ဒါဆေးလ်ဗားဟာ သူမနဲ့တွေ့ဆုံခိုက် အင်တာဗျူးပြုလုပ်ကာ ကမ္ဘာ့အမျိုးသမီးရေးရာအကြောင်းတွေ မေးမြန်းဖြစ်ခဲ့ပါတယ်။



**ငွေကြေးအကူအညီပေးမယ်လို့အတည်ပြုထားတဲ့ ကတိကဝတ်တွေရှိနေပေမယ့်လည်း ကမ္ဘာ့အမျိုးသမီးတွေရဲ့ နေ့စဉ်ဘဝအတွက် တကယ့်ကွဲပြားထူးခြားမှုရအောင် ကျွန်မတို့ဘယ်လို ဖန်တီးပေးနိုင်မလဲ။**

ဖွံ့ဖြိုးဆဲကမ္ဘာက အမျိုးသမီးတွေဟာငွေမရတဲ့ အလုပ်တွေအများကြီးကို လုပ်နေရတာပါ။ ဆိုလိုတာက သူတို့ရေခပ်ရတယ်။ ထင်းခွေရတယ်။ ဒီတော့ ကျွန်မတို့သာ ဒီအမျိုးသမီးတွေကို သူတို့ရဲ့ပုံမှန်အိမ်ထောင်မှုအလုပ်တွေဖြစ်တဲ့ ချက်ပြုတ်ခြင်း၊ မီးဖိုခြင်း၊ အိမ်ကိုအလင်းပေးရခြင်းလိုမျိုး အလုပ်တွေအတွက် လိုအပ်တဲ့ စွမ်းအင်ကို ထောက်ပံ့နိုင်မယ်ဆိုရင် သူတို့အတွက် အချိန်အများကြီးသက်သာသွားပါမယ်။ အဲဒီတော့ သူတို့အနေနဲ့ ပညာရေးပိုကောင်းအောင် ဒါမှမဟုတ် ကုန်ထုတ်လုပ်ငန်းမှာ ပါဝင်နိုင်လာပါလိမ့်မယ်။

**ညွှန်ကြားရေးမှူးအနေနဲ့အတူတူလက်တွဲလုပ်လာခဲ့ရဲ့သားနဲ့ ဘာ့ကြောင့်ဥရောပသမဂ္ဂနဲ့ကုလအမျိုးသမီးအဖွဲ့တို့ကြားမှာ နားလည်မှုစာချွန်လွှာတစ်ရပ် လက်မှတ်ရေးထိုးဖို့ လိုအပ်ရတာပါလဲ။ ဒီ ၂၀၁၂ မှာညွှန်မှူးအနေနဲ့အထူးပြုအာရုံစိုက်မယ့် သီးခြားနယ်ပယ်တစ်ရပ်များရှိပါသလား။ အခုလိုပိုကြီးမားတဲ့ ပူးပေါင်းဆောင်ရွက်မှုအတွက် လက်တွေ့ကျတဲ့ဥပမာတွေပြောပြပေးနိုင်မလား။**

(အီးယူနဲ့) ကျွန်မတို့ နဂိုကလည်း အတူတကွပူးပေါင်းလုပ်ဆောင်ခဲ့ပြီးသားပါ။ ဒါပေမဲ့ ဒီဆက်ဆံရေးကိုပိုပြီး ကမ္ဘာလုံးဆိုင်ရာအတိုင်းအတာဖြစ်အောင် နားလည်လွယ်အောင်နဲ့ စီမံကိန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်တာထက်ပိုအောင် ချဲ့ထွင်ဖို့လိုအပ်နေပါတယ်။ တကယ်တော့ တစ်စုံတစ်ယောက်ဟာ ဒီဘရပ်ဆဲလ်ကိုလာ၊ ကော်မရှင်နာတစ်ဦးနဲ့စကားပြောပြီး စီမံကိန်းပရောဂျက်တစ်ခုရသွားနိုင်တာပါပဲ။ ဒါပေမဲ့ကျွန်မတို့ဒီထက်မက ပိုချင်ပါတယ်။ ကျွန်မတို့အနေနဲ့ ဥရောပကော်မရှင်ရဲ့ လုပ်ငန်းစဉ်တွေအတွင်း ကျား၊မကွဲပြားမှု ကိစ္စတွေကို အဓိကကိစ္စရပ် ဖြစ်စေချင်ပါတယ်။

တကယ်လို့ရှင်ဟာ အုပ်ချုပ်ရေးပိုင်းနဲ့ နိုင်ငံရေးပိုင်းမှာ လုပ်ကိုင်နေတယ်ဆိုရင် အဲဒီမှာ အမျိုးသမီးတွေလည်း တစ်နေရာရနိုင်အောင်ဖြစ်ပါတယ်။ တကယ်လို့ရှင်ကစီးပွားရေးဖွံ့ဖြိုးမှုအပိုင်းမှာ အလုပ်လုပ်နေတယ်ဆိုရင် ပရောဂျက်တွေမှာ အမျိုးသမီးတွေအတွက်ဘယ်လိုလုပ်မယ်။ အထူးသဖြင့် အမျိုးသမီးတွေအတွက် ရပ်ပိုင်းဆိုင်ရာ ရင်းမြစ်တွေ ဘယ်လိုပါဝင်စေမယ်ဆိုတာ ဖြစ်ပါတယ်။

**ဒါဆို (အဲဒါတွေအတွက်) ငွေပိုလိုအပ်နေတယ်လို့ ဆိုလိုတာလား။ ဘာ့ကြောင့်လဲဆိုတော့ ညွှန်မှူးဟာ ရာထူးပထမနှစ်အတွင်းမှာပဲ ရန်ပုံငွေယူရိုသန်း ၅၀၀ ရှာပေးခဲ့ပြီး အခုဆို ဒီကိန်းဂဏန်းကို နှစ်ဆတိုးစေချင်နေခဲ့တယ်။ ညွှန်မှူးအနေနဲ့ ကိုယ့်လုပ်ပိုင်ခွင့်ရတဲ့ ဒီပထမနှစ်အတွင်း ငွေရှာနိုင်စွမ်းရှိခဲ့ပါသလား။**

ဒီနှစ် (၂၀၁၂) အတွက် ကျွန်မတို့ရန်ပုံငွေဒေါ်လာသန်း ၃၀၀ လိုချင်ခဲ့တယ်။ ကျွန်မတို့ဒေါ်လာ ၂၃၅ သန်းရှာပြီးသားပါ။ ဒါ့ကြောင့်ရန်ပုံငွေ ဆက်ရှာဖို့ လိုနေတယ်။ ဒါပေမဲ့ ကျွန်မတို့ငွေအများကြီးပိုလိုနေတယ်ဆိုတာ အကြောင်းရင်းက ပစ်မှတ်အနေနဲ့ ရန်ပုံငွေသန်း ၃၀၀ ရှာဖို့သတ်မှတ်ထားခဲ့လို့ပါ။ စီးပွားရေးအခြေအနေကခက်ခဲနေတယ်ဆိုတာလည်း သိလို့ပါ။ နောက် အကြောင်းအရင်းကလည်း အခုမတိုင်ခင်အထိကျွန်မတို့ရဲ့ အကြီးဆုံးအလှူရှင်နိုင်ငံတွေဖြစ်ကြတဲ့ အဓိကအားဖြင့် စပိန်လိုနိုင်ငံတွေဟာလည်း အကျပ်အတည်းထဲရောက်နေပြီး (ဘဏ္ဍာရေး) ထိန်းညှိမှုတွေအများကြီး လုပ်နေရလို့ပါ။ နော်ဒစ်နိုင်ငံတွေ (ဒိန်းမတ်၊ ဆွီဒင်၊ နော်ဝေ) ဟာလည်း အမြဲပဲထူးခြားတဲ့ လုပ်ဖော်ကိုင်ဖက်တွေပါ။ သူတို့ကတော့ဆက်ဖြည့်ဆည်းပေးသွားမှာပါ။

**ဒါဆိုအမေရိကန်ပြည်ထောင်စုတော့မပါဘူးပေါ့။**

ဟုတ်ကဲ့။ အမေရိကန်ကလည်းရန်ပုံငွေတချို့ ကျွန်မတို့ကို ထောက်ပံ့ပါတယ်။ ဒါပေမဲ့ သူတို့ကကျွန်မတို့ရဲ့ အကြီးဆုံးအလှူရှင်မဟုတ်ပါဘူး။ ဩစတြေးလျကသိပ်အရေးကြီးတဲ့အလှူရှင်ဖြစ်ပြီး ဂျပန်နဲ့ ကိုရီးယားလည်း ပါပါတယ်။

**ဒါဆိုညွှန်မှူးဟာ အကောင်းမြင်တယ်ပေါ့။**

မဟုတ်ဘူး။ မဟုတ်ဘူးရှင့်။ တစ်ချက်ရှိတာကတော့ ကျွန်မတို့ပိုကောင်းအောင်လုပ်ခဲ့တယ်။ ဒါပေမဲ့ မလုံလောက်ဘူးပေါ့။ ကျွန်မတို့နောက်ထပ်ငွေအများကြီးလိုပါတယ်။ ကမ္ဘာမှာရှင်သန်နေတဲ့လူဦးရေ ခုနစ်ဘီလီယံကို တွေးကြည့်ပါ။ အဲဒီထဲမှာ ၃ ဒသမ ၅ ဘီလီယံက အမျိုးသမီးတွေပါ။ သူတို့ထဲက ၇၀ ရာခိုင်နှုန်းက လည်းဆင်းရဲမွဲတေမှုနဲ့ နေထိုင်နေရတယ်လေ။

**အာရပ်နွေဦးလှုပ်ရှားမှုကို (အခုတော့ အမျိုးသမီးတွေကို ဖိနှိပ်တဲ့) ရှာရီးယားဘာသာရေး ဥပဒေကိုတောင်းဆိုနေတဲ့အစွန်းရောက်ပါတီတွေက ခြိမ်းခြောက်နေပြီလို့ထင်ပါသလား။ ဒီလိုမျိုး သိပ်အရေးပါတဲ့ ဒီမိုကရေစီလှုပ်ရှားမှုထဲမှာ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍက ဘာပါလဲ။**

ဟုတ်ကဲ့။ အာရပ်နွေဦးနဲ့အတူကျွန်မတို့အားလုံး မြင်ခဲ့တာကတော့ ဒါဟာ အမျိုးသမီးတွေအခွင့်အရေးမြှင့်တင်ရေးအတွက် သိပ်ကြီးမားတဲ့ အခွင့်အလမ်းဆိုတာပါပဲ။ နိုင်ငံရေးအားလုံးကိုတော့ဒီလိုတစ်ပုံစံတည်းနည်းနဲ့ ကျွန်မတို့မပြောနိုင်ဘူးပေါ့။ နိုင်ငံတစ်နိုင်ငံချင်းစီမှာ သိပ်ကွဲပြားခြားနားတဲ့ အခြေအနေတွေရှိကြပါတယ်။ ရွေးကောက်ပွဲတွေပြီးတဲ့နောက် တူနီးရှားမှာ ဆုံးဖြတ်ချက်တွေ ချမှတ်နေတဲ့ လူ ၂၆ ရာခိုင်နှုန်းက မိန်းမတွေဖြစ်လာကြတယ်။ ၃၀ ရာခိုင်နှုန်းကျော်လောက် ကျွန်မတို့ဖြစ်စေချင်ပေမယ့် ဒါဟာ တော်တော်လေး ကောင်းနေပါပြီ။ ဒါဟာ တချို့ဥရောပနိုင်ငံတွေထက်တောင်မှပိုကောင်းနေပါတယ်။ ဒါပေမဲ့ တစ်ဖက်မှာ အီဂျစ်ကို စဉ်းစားလိုက်ရင်တော့ နှုန်းထားက သိပ်နိမ့်လွန်းနေတယ်။ ရွေးကောက်တင်မြှောက်ခံရတဲ့ အရာရှိ ၁ ဒသမ ၈ ရာခိုင်နှုန်းပဲ အမျိုးသမီးတွေဖြစ်ကြတယ်။ ကျွန်မတို့ဟာ ပါတီအဖွဲ့အစည်းတွေ၊ ဘာသာရေးခေါင်းဆောင်တွေနဲ့ လက်တွဲလုပ်ဖို့ လိုအပ်နေပါတယ်။ ကမ္ဘာ့နေရာတော်တော်များများမှာတော့ ကျွန်မတို့သိပ်ကောင်းတဲ့ကိစ္စတွေ လုပ်ခဲ့ပါတယ်။

**ဘာသာရေးခေါင်းဆောင်တွေအကြောင်းပြောတော့ ကမ္ဘာ့နောက်တစ်ခြမ်းကို ပြောင်းကြည့်ရအောင်။ ဥပမာအားဖြင့် လတ်တင်အမေရိကမှာဆိုရင် နှိုင်းယှဉ်စရာတွေ အများကြီးရှိခဲ့ပါတယ်။ ကျွန်မဆိုလိုတာက ဘရာဇီး၊ ကော်စတာရီကာနဲ့ အာဂျင်တီးနားတို့လို နိုင်ငံတွေမှာ အုပ်ချုပ်ရေးအာဏာရနေတဲ့ အမျိုးသမီးတွေ အများကြီးမြင်နေရတယ်။ ဒါပေမဲ့ အမျိုးသမီးတွေအပေါ် အကြမ်းဖက်မှုနဲ့ တရားမဝင်ကိုယ်ဝန်ဖျက်ချမှုနဲ့ ဆက်နွယ်လို့ သေဆုံးမှုတွေကလည်း အများကြီးပဲ။ ဒီတော့ ဥပမာအနေနဲ့ ကက်သလစ် ဘာသာရေးခေါင်းဆောင်တွေနဲ့ ဆွေးနွေးမှုက ဘာများဖြစ်မလဲ။**

ဒီကိစ္စက ကမ္ဘာ့ခေါင်းဆောင်တွေအားလုံးနဲ့ တွေ့ဆုံဆွေးနွေးသလိုမျိုးပါပဲ။ အမျိုးသမီးအခွင့်အရေးတွေမြှင့်တင်ဖို့ ဘုံသဘောတူညီချက်ကျွန်မတို့ဘယ်လိုရှာမလဲ။ လိင်ပညာရေးနဲ့ မျိုးဆက်ပွားကျန်းမာရေး ဝန်ဆောင်မှုတွေကို အမျိုးသမီးတွေ ရရှိနိုင်အောင် ဘယ်လိုလုပ်ပေးမလဲ။ အမျိုးသမီးတွေအတွက် မိသားစုစီမံကိန်းကို ဘယ်လိုသေချာအောင် လုပ်ပေးမလဲ။ ကမ္ဘာမှာယနေ့ဖြစ်နေတာကိုကျွန်မတို့မြင်ကြည့်ရင် မိခင်သေဆုံးမှုနှုန်းဆိုတာ တစ်မိနစ်တိုင်းမှာ အမျိုးသမီးတစ်ဦးဟာ ရုပ်ပိုင်းဆိုင်ရာ အကျဆုံး၊ သာမန်အကြောင်းအရာတစ်ခုဖြစ်တဲ့ ကလေးမီးဖွားပြီး သေဆုံးနေကြရတာကိုဆိုလိုတာဖြစ်ပါတယ်။

**ညွှန်မှူးဟာ ချီလီသမ္မတမဖြစ်ခင်ကာကွယ်ရေးဝန်ကြီးလည်းဖြစ်ခဲ့ဖူးတယ်။ ညွှန်မှူးဟာ အမျိုးသမီးရဲအရာရှိတွေ၊ အမျိုးသမီးငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်တွေ၊ အမျိုးသမီးငြိမ်းချမ်းရေး စေ့စပ်ဆွေးနွေးသူတွေ ပိုများများ ရှိစေချင်ကြောင်း ပြောဖူးတာလည်း ကျွန်မဖတ်ဖူးခဲ့ပါတယ်။ ဒီတော့လက်ထဲမှာလက်နက်တွေရှိတဲ့ အမျိုးသမီးတွေဟာ စစ်ပွဲနဲ့ အကြမ်းဖက်မှုလို ကိစ္စတွေမှာ ထူးခြားတာကိုစွမ်းဆောင်နိုင်တယ်လို့ ညွှန်မှူး ယုံ ကြည်ပါသလား။**

ကျွန်မယုံပါတယ်။ ဒါနဲ့ပတ်သက်လို့ ရှင်းလင်းတဲ့ အထောက်အထားလည်းရှိပါတယ်။ ဥပမာအားဖြင့် မိန်းမတွေဟာ ငြိမ်းချမ်းရေးဖန်တီးသူတည်ဆောက်သူတွေဖြစ်တယ်ဆိုတာ ကျွန်မယုံကြည်တယ်။ ပြီးတော့ နိုင်ငံတကာအခြေအနေ တော်တော်များများမှာလည်းမိန်းမတွေဟာ ကြောင်းကျိုးဆင်ခြင်မှုနဲ့ ငြိမ်းချမ်းရေးကို ဆွေးနွေးပွဲတချို့ဆီ သယ်ဆောင်ပေးနိုင်ပါတယ်။ ကံမကောင်းစွာဘဲ ကမ္ဘာ့နေရာတော်တော်များများမှာမိန်းမတွေကို ဒုတိယအဆင့်၊ တတိယအဆင့် နိုင်ငံသားတွေအဖြစ်မြင်နေကြပါတယ်။ ဒါ့ကြောင့် မိန်းမတွေကို အာဏာရှိတဲ့ အနေအထားမှာ မြင်ရခြင်း၊ သေနတ်နဲ့တွဲမြင်ရခြင်း၊ စီးပွားရေးလုပ်ငန်းရှင်တွေ အဖြစ်၊ နိုင်ငံရေးခေါင်းဆောင်တွေအဖြစ်၊ သမ္မတတွေအဖြစ်မြင်ရခြင်းဟာ အမျိုးသမီးတွေအတွက်ခွန်အားရှိစေတဲ့ သဘော၊ မျှော်လင့်ချက်နဲ့ ထောက်ခံမှုပေးတဲ့ သဘောဖြစ်ပါတယ်။

*—Ref: Michelle Bachelet: "women are peacemakers"*

7Day News Journal

# Entertainment

Vol.11, No.10 • MAY 17 , 2012

## “စီးပွားရေးသမားဘဝက အနုပညာသမားဘဝထက် ပိုခက်ခဲပါတယ်

### လွင်မိုးနှင့်တွေ့ဆုံခြင်း

အေးသူစံ



အနုပညာမျိုးဆက်သစ်သမီးဖြစ်သူ ယွန်းဝတီလွင်မိုးနှင့်အတူ

**ယခင်ကရုပ်ရှင်သရုပ်ဆောင်တစ်ဦးဖြစ်ခဲ့ပြီး ယခုအချိန်တွင် စီးပွားရေးလုပ်ငန်းများစွာလုပ်ကိုင်နေသည့်စီးပွားရေးသမားတစ်ဦးအဖြစ်ထင်ပေါ်လာသူမှာ အကယ်ဒမီလွင်မိုးပင်ဖြစ်သည်။ လွင်မိုးသည် ၁၉၉၉ ခုနှစ်တွင် ရင်ထဲက ဆောင်းရာသီ၊ ၂၀၀၂ တွင်ပန်းတစ်ပွင့်ဖန်ဆင်းခြင်းနှင့် ၂၀၀၄ တွင်တစ်ခါကရောဝတီညများ ရုပ်ရှင်ဇာတ်ကားများဖြင့် ရုပ်ရှင်ထူးချွန်ဆုသုံးဆုရရှိထားပြီး မြန်မာရုပ်ရှင်လောကတွင် ဟာသဇာတ်ကားများ စတင်ခေတ်ကောင်းစဉ်ကလည်း ၎င်း၏ သဘာဝကျသော ဟာသဇာတ်ရုပ်များဖြင့် ပရိသတ်အားပေးမှုရရှိခဲ့သူတစ်ဦးလည်းဖြစ်သည်။ လတ်တလောတွင် ၎င်းတာဝန်ယူလုပ်ကိုင်နေသည့် ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းမှ လမ်းဖောက်လုပ်ခြင်းနှင့် ပတ်သက်၍ ဒေသခံအချို့ကန့်ကွက်မှုကြောင့် လုပ်ငန်းကို ရပ်ဆိုင်းထားလိုက်ပြီး မကြာမီက အသစ်ပြန်လည်ဖွဲ့စည်းလိုက်သော မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ နိုင်ငံတကာဆက်ဆံရေးကော်မတီတွင် အဖွဲ့ဝင်တစ်ဦးအဖြစ် တာဝန်ယူလုပ်ကိုင်လျက်ရှိသည်။ ထို့ကြောင့် လွင်မိုး၏ အနုပညာသမားဘဝနှင့် စီးပွားရေးသမားဘဝ အတွေ့အကြုံများကို 7Day News က မေးမြန်းခဲ့ပါသည်။**

**အနုပညာသမားဘဝနဲ့ စီးပွားရေးသမားဘဝ ဘယ်ဟာကရုပ်တည်ရတာ ခက်ခဲပါသလဲ။**

စီးပွားရေးသမားဘဝက ပိုခက်ခဲတာပေါ့။ ဒါပေမဲ့ အနုပညာသမားဘဝကလည်း ခက်ခဲပါတယ်။ ကိုယ်က အနုပညာမှာ အောင်မြင်သွားတော့ မခက်ခဲဘူးထင်တာ။ အနုပညာမှာ မအောင်မြင်ရင် ခက်ခဲတာပဲ။

**ရှေ့ဆက်ပြီး အနုပညာဘက်ကို ဘာတွေပြန်လုပ်ဖို့ရှိပါသလဲ။**

ရှင်းရှင်းပြောရရင် ကျွန်တော်စီးပွားရေးလုပ်ဖြစ်တာကလည်း ဒီအနုပညာလုပ်ငန်းကြီးဟာ အရမ်းကိုကျဆင်းသွားပြီးတော့ ဒီအလုပ်ကို ကျွန်တော်မလုပ်ချင်တော့ဘူး။ ဒါလွန်ခဲ့တဲ့ လေးနှစ်၊ ငါးနှစ်လောက်ကပေါ့။ ခုကျတော့ အနုပညာလုပ်ငန်းကို ပြန်လုပ်ကိုင်ဖို့ အခွင့်အလမ်းတွေ ရှိလာပြီ။ ကိုဇာဂနာတို့ ကိုလူမင်းတို့ လုပ်နေကြတဲ့ ဗိုလ်ချုပ်ရုပ်ရှင်ဆို ဟောလိဝုဒ်က ပညာရှင်တွေနဲ့ ပူးပေါင်းရိုက်ကူးမယ့် အနေအထားတွေဖြစ်လာပြီဆိုတော့ ကျွန်တော့်ရဲ့ မိခင်အလုပ်ဖြစ်တဲ့ အနုပညာကို တော်တော်လေး ပြန်စိတ်ဝင်စားလာပါတယ်။

**နောင်တစ်ချိန်မှာ ကိုယ်ပိုင်ထုတ်လုပ်ရေးထောင်ပြီး ဇာတ်ကားကောင်းတွေ ရိုက်ကူးဖို့ ရှိပါသလား။**

ခုလည်း ရုပ်ရှင်အစည်း အရုံးမှာ ကျွန်တော်က နိုင်ငံတကာဆက်ဆံရေးကော်မတီမှာ အဖွဲ့ဝင်တစ်ဦးအနေနဲ့ ဆောင်ရွက်နေပါတယ်။ လောလောဆယ် စီးပွားရေးအနေနဲ့မလုပ်ဖြစ်သေးပေမယ့် ရုပ်ရှင်အစည်းအရုံးမှာ အချိန်ပြည့် လုပ်နိုင်ဖို့ စီစဉ်ထားပါတယ်။


**အစ်ကို့သမီး ယွန်းဝတီလွင်မိုးရဲ့ အနုပညာလုပ်ကိုင်မှုအပေါ်မှာရော ဘယ်လိုစီစဉ်ပေးပါသလဲ။**

သူ့ရဲ့ အနုပညာလှုပ်ရှားမှုကို အကန့်အသတ်လေးတစ်ခုနဲ့ လုပ်ပိုင်ခွင့်ပြုထားပါတယ်။ အနုပညာအလုပ်တွေအားလုံးတော့ သူ့မှာ လုပ်ခွင့်မရှိသေးဘူး။ အရွယ်လည်း ငယ်သေးတယ်။ ပညာသင်ရမယ့် အချိန်ကလည်း ရှိသေးတယ်။ ပြီးတော့ မိန်းကလေးလည်း ဖြစ်နေတယ်။ တခြား အာရုံစူးစိုက်မှုလွဲမှားမှာစိုးလို့ ကြော်ငြာနဲ့ ဓာတ်ပုံလောက်ပဲ ခွင့်ပြုပေးထားတာပါ။

**ရုပ်ရှင်အစည်းအရုံးမှာ တာဝန်ယူထားတဲ့ နိုင်ငံတကာဆက်ဆံရေး ကော်မတီဝင်တစ်ဦးအနေနဲ့ ဘယ်လိုစိတ်ကူးတွေနဲ့ လုပ်ကိုင်သွားဖို့ရှိပါသလဲ။**

နိုင်ငံတကာဆက်ဆံရေးဖြစ်တဲ့အတွက် ကျွန်တော်တို့ ပြည်တွင်းကနေ နိုင်ငံတကာကို ရုပ်ရှင်ဇာတ်ကားပြသမယ့် အပိုင်းတွေ၊

စာ(၄၉)သို့



## အထက်တန်းပညာရေး ပြီးဆုံးသွားတဲ့ ဂျပ်စတင်ဘီဘာ

**ဆစ်ဒနီ၊ မေ - ၈**

ကနေဒါနိုင်ငံဖွား လူငယ်ပေါ့ပ် အဆိုတော်ဂျပ်စတင်ဘီဘာသည် တစ်ဖက်က ၎င်း၏အနုပညာအလုပ်များ လုပ်ကိုင်ရင်း မကြာမီကပင် ၎င်း၏ အထက်တန်းပညာရေး ပြီးဆုံးခဲ့သည်။ ဘီဘာက ဩစတြေးလျမှ ဆန်းဒေးတယ်လီဂရပ်ဖ် သတင်းစာနှင့် တွေ့ဆုံရာ၌ “ကျွန်တော် အထက်တန်းကျောင်း ပြီးခဲ့ပါပြီ။ အခုတော့ လွတ်လပ်သွားပါပြီ။ ကျောင်းတက်ပြီး နေ့တိုင်းစာလုပ်ခဲ့ရတာ ခက်ခဲခဲ့ရပါတယ်” ဟုပြော သည်။

ဘီဘာ(၁၈နှစ်)သည် ကမ္ဘာ့အနှံ့ဖျော်ဖြေပွဲများ ပြုလုပ်ရင်း တစ်ဖက်၌ ကျူတာဆရာများဖြင့် အထက်တန်းပညာရေးပြီးဆုံးအောင်ကြိုးစားခဲ့ရကြောင်းဆိုသည်။ ၎င်းက ပညာရေးတွင် အောင်မြင်စေရန် မိခင်၏ အားပေးကူညီမှုမှာလည်း အထူးအရေးပါခဲ့ ကြောင်းပြော သည်။

—Ref: UPI

## ကလေးတွေ ထပ်လိုချင်နေတဲ့ ဂျေလို

**လော့စ်အိန်ဂျလိစ်၊ မေ - ၁၁**

ဟောလိဝုဒ်၏ အဆိုတော် ရုပ်ရှင်မင်းသမီးဂျေလိုခေါ် ဂျင်နီဖာလိုပက်ဇ်က သူမသည် မိသားစုဝင်ဦးရေ ချဲ့ထွင်ရေး အကြံညာဏ်များကို ဆန့်ကျင်ခြင်းမရှိသကဲ့သို့ အိမ်ထောင်ရေးတွင်လည်း ကလေးများခြင်းမှာ ကောင်းချီးပေးခံရခြင်းပင် ဖြစ်ကြောင်းပြောကြားလိုက်သည်။

ယခင် ခင်ပွန်းဟောင်း မက်အန်ထော်နီနှင့် အမြွှာကလေးနှစ်ဦးမွေးခဲ့သူ ဂျေလိုက သူမသည် အခွင့်အရေးရပါက နောက်ထပ်ကလေးများ ယူသွားဦးမည်ဟု သူမ၏ ရုပ်ရှင်ဇာတ်ကားသစ်အတွက် သတင်းစာရှင်းလင်းပွဲတွင်ပြောသည်။

ဂျေလိုသည် မက်အန်ထော်နီနှင့် အိမ်ထောင်တွင် မက်နှင့်အမ်မီဟုခေါ်သော အမြွှာ နှစ်ဦးမွေးဖွားထားသည်။ သူမက သတင်းစာရှင်းလင်းပွဲ၌ “ကလေးတွေ ထပ်မွေးဖြစ်ရင် ကျွန်မအတွက်တော့ ကောင်းချီးပေးခံရသလိုဖြစ်မှာပါ။ ဒါပေမဲ့ လောလောဆယ်မှာတော့ ရှိတဲ့ကလေးနှစ်ဦးအတွက် အာရုံစိုက်နေပါတယ်။ ဒီရုပ်ရှင်ကား မပြီးခင်တုန်းကတော့ မွေးစားဖို့ အာရုံမရှိဘဲ ကိုယ့်ကိုယ်ပိုင်ရင်သွေးမွေးဖို့သာ စဉ်းစားခဲ့ပါတယ်”ဟုပြောသည်။

ဂျင်နီဖာလိုပက်ဇ်သည် ယခု What to Expect When You're Expecting ဇာတ်ကား ရိုက်ကူးနေစဉ်အတွင်း အီသီယိုးပီးယားမှ အမြွှာကလေးများကို တွေ့ရှိရသောအခါ မွေးစားချင်စိတ်ဖြစ်ပေါ်ခဲ့ဖူးကြောင်းဝန်ခံခဲ့သည်။

—Ref: Showbizspy



7DAY NEWS JOURNAL
Vol.11, No.10 • MAY 17 , 2012



## ပျော်ရွှင်ဖွယ် ညစာစားခဲ့တဲ့ ရိုင်ယန်ဂို့စလင်းနဲ့ အီဗာမန်းဒက်စ်

**လော့စ်အိန်ဂျလိစ်၊ မေ - ၁၀**

ဟောလိဝုဒ်၏ ညို့မင်းသား ရိုင်ယန်ဂို့စလင်းသည် မင်းသမီး အီဗာမန်းဒက်စ်နှင့်အတူ ဟောလိဝုဒ်ရှိPalace of Mystery စားသောက်ဆိုင်တွင် မိတ်ဆွေများနှင့် ပျော်ရွှင်ဖွယ် ညစာသုံးဆောင်ခဲ့သည်။

ယင်းနာမည်ကျော်စုံတွဲသည်မိတ်ဆွေ၁၀ဦးနှင့်အတူညစာသုံးဆောင်ခဲ့ပြီး ဆိုင်မှ မျက်လှည့်ပွဲကိုလည်း ကြည့်ခဲ့ကြောင်း နီးစပ်သူတစ်ဦးက အမေရိကန် လိုက်ဖ်အင်န်စတိုင်မဂ္ဂဇင်းသို့ပြောသည်။

အဆိုပါပုဂ္ဂိုလ်က “သူတို့ဟာ တကယ်ထူးခြားတဲ့အချိန်ကိုရရှိခဲ့ပါတယ်။ မျက်လှည့်ပွဲကို ပျော်ရွှင်စွာ ကြည့်ခဲ့ကြသလို ဆိုင်ရဲ့ နေရာပတ်ဝန်းကျင်တွေကိုလည်း လျှောက်ကြည့်ခဲ့ပါတယ်”ဟုပြောသည်။

အီဗာမန်းဒက်စ်နှင့် ရိုင်ယန်တို့သည် The Place Beyond The Pines ဇာတ်ကားကို ရိုက်ကူးစဉ် ပြီးခဲ့သည့်စက်တင်ဘာမှစ၍ ချစ်သူဖြစ်လာခြင်းဖြစ်သည်။

—Ref: Showbizspy

## ပရိသတ်ရှေ့မှ ပျောက်ဆုံးနေသော လီယောင်အေး Dae Jong Geum 2 ဇာတ်ကားဖြင့် ပြန်ပေါ်လာဖွယ်ရှိ

**ဆိုးလ်၊ မေ - ၉**

ပရိသတ်ရှေ့မှ ကာလအတန်ကြာ ပျောက်ဆုံးနေသော ကိုရီးယား၏ နံပါတ်တစ်မင်းသမီး လီယောင်အေး(ချန်ဂင်)သည် Dae Jong Geum 2 ဇာတ်ကားသစ်ဖြင့် ပြန်ပေါ်လာဖွယ်ရှိနေကြောင်း သတင်းများထွက်ပေါ်လာသည်။

ကိုရီးယားမီဒီယာများ၏ အဆိုအရ ရုပ်သံလွှင့်ကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူများက သူမသည် စက်တင်ဘာ(သို့မဟုတ်)အောက်တိုဘာလတွင် ထုတ်လွှင့်မည့်ယင်း ဇာတ်ကား၌ ပါဝင်ဖွယ်ရှိကြောင်း သိရသည်။ အချို့သောသတင်းများအရမူ လီယောင်အေး၏ ခင်ပွန်း ဂျွန်ဟိုယွန်သည် အနုပညာလောကမှ ပုဂ္ဂိုလ်အများအပြားနှင့်ဆက်သွယ်လျက်ရှိနေသဖြင့် သူမ Dae Jong Geum 2 ဇာတ်ကားတွင် ပါဝင်ရေးမှာ အမှန်တကယ်ဖြစ်လာနိုင်ကြောင်းသိရသည်။



မူလ Dae Jong Geum 2 ဇာတ်ကားကို ဂျပန်၊ တရုတ်၊ တရုတ်တိုင်ပေနှင့်အာရှတစ်လွှား၊ ဥရောပ၊ အာဖရိကတိုက်တို့တွင် ပါ ထုတ်လွှင့်ခဲ့ဖူးပြီး MBC ရုပ်သံသည် ဇာတ်လမ်းမှ ဝင်ငွေ ၁၂ ဘီလီယံ(ဒေါ်လာ ၁၂သန်း)ခန့် ရရှိခဲ့ကြောင်းသိရသည်။

မင်းသမီး လီယောင်အေးသည် ၂၀၀၉ တွင် ဟာဝိုင်ယီ၌ လျှို့ဝှက်လက်ထပ်ခဲ့ပြီးနောက် ယခုအခါ သူမ၏ အမြွှာကလေးနှစ်ဦးကို အာရုံစိုက်ထိန်းကျောင်းလျက်ရှိနေသည်။ သူမ၏ အေဂျင်စီနှင့် စာချုပ်သက်တမ်းမှာလည်း ပြီးခဲ့သည့်မတ်လက ကုန်ဆုံးခဲ့ကြောင်းသိရသည်။

—Ref: Hancinema









# မီးအိမ်ရှင် ဗီစီဒီ မေ ၂၀တွင်ဖြန့်မည်

ကြူကြူဟာန်

**ရန်ကုန်၊ မေ - ၁၂**

အဆိုတော် ဆိုတေး၏ တစ်ကိုယ် တော်တေးအယ်လ်ဘမ်ဖြစ်သည့် "မီးအိမ်ရှင်" ဗီစီဒီကို မေလ ၂၀ ရက်တွင် ဘိုဘိုအန်တာတိန်းမန့်ကဖြန့်ချိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"သရုပ်ဆောင်တွေကတော့ ကျွန်တော့်အနုပညာညီအစ်ကို မောင်နှမတွေက ကူညီပြီးတော့ ကျွန်တော်လည်း သုံးပုဒ်သရုပ်ဆောင်ပြီး ပါဝင်အားဖြည့်ထားတယ်။ တစ်ခွေလုံးက ကျွန်တော်ရေးထားတာတွေပဲ။ သီချင်းအားလုံးက အေးတယ်။ အသည်းကွဲသီချင်းဆိုတော့ ဇာတ်လမ်းနဲ့ သီချင်းကို ကြည့်တဲ့အခါ သီချင်းတစ်ပုဒ်လုံးကို ခံစားလို့ရအောင် ဒါရိုက်တာတွေအားလုံးရဲ့ အကြံဉာဏ်၊ အကူအညီနဲ့ storyလေးတွေရိုက်ထားပါတယ်" ဟု အဆိုတော် ဆိုတေးကပြောသည်။

ထိုအခွေကို ခန့်စည်သူ၊ သုံး ပေါင်၊ ဇေဘာ၊ ဝင်းလွင်ထက်တို့ ကရိုက်ကူးထားပြီး ရဲလေး၊ခန့်စည် သူ၊ မင်းသွေး၊ ဖြူနွယ်ခိုင်၊ ကောင်းပြည့်၊ ဆုပန်ထွာ၊ ဉာဏ်လင်းအောင်၊ မေကဗျာစသည့်သရုပ်ဆောင်များပါဝင်ထားသည်။ 'မီးအိမ်ရှင်"စီဒီကို ၂၀၁၁ နှစ်ကုန်ပိုင်းက ထွက်ရှိခဲ့ပြီး လူကြိုက်များသော ခွေတစ်ခွေဖြစ်သည်။

"ဗီစီဒီထွက်လာတော့ ဆို တေးဆိုတာကို သီချင်းနဲ့လူနဲ့တွဲ ပြီး ပိုသိလာမယ်။ သီချင်းရေးတာက ကျွန်တော်ခံစားရတဲ့အဖြစ်အပျက်ကို ချရေးချရေးနဲ့ သီချင်းအယ်လ်ဘမ်လေးဖြစ်သွားတာ။ သူများသီချင်းကို မကြိုက်လို့မဆိုချင်တာမဟုတ်ဘူး။ စစဆုံးထွက်တဲ့အချိန်မှာ ကိုယ်ရေးတဲ့သီချင်းကို ကျေနပ်မှုရှိတာနဲ့ အခွေထဲမှာအားလုံးထည့်လိုက်တာ" ဟုဆိုတေးကပြောသည်။






ကြူကြူဟာန်

■ အဆိုတော်ရဲရင့်ဝေလွင်၏ တစ်ကိုယ်တော်တေးစီးရီး 'မိုးစက်ပွင့်အကြွင်နာတွေ'စီဒီ၊ ဒီဗီဒီကို ချိုကြည်သာတေးထုတ်လုပ်ရေးမှဖြန့်ချိနေကြောင်းသိရသည်။ ထိုအခွေတွင်ပါဝင်သော သီချင်း ၁၁ပုဒ်ကို မောင်မောင်အေး(အလင်္ကာဝတ်ရည်)က ရေးသားထားခြင်းဖြစ်သည်။

■ ခင်စံပယ်ဦးထုတ်လုပ်ရေးအတွက် ဒါရိုက်တာဉာဏတင်စိုး ရိုက်ကူး သည့် 'ငါမင်းကို. . .'ရုပ်ရှင်ဇာတ်ကားကို မေလ ၁၈ ရက်တွင် ရုံတင်ပြသသွားမည်ဖြစ်သည်။ ထိုဇာတ်ကားတွင် လူမင်း၊ ပြေတီဦး၊ မိုးဟေကို၊ အိန္ဒြာကျော်ဇင်တို့က အဓိက သရုပ်ဆောင်ထားပြီး အချစ်ဟာသဇာတ်ကားဖြစ်သည်။

■ အဆိုတော်များစုံလင်စွာပါဝင်သော 'ခမ်းခမ်းနားနားနှစ်ဆယ့်ငါး' လိုက်ဖ်ရှိုးခွေကို ချိုကြည်သာတေးထုတ်လုပ်ရေးမှဖြန့်ချိနေပြီဖြစ်သည်။ ထိုအခွေတွင် အနဂ္ဂ၊ ဟဲလေး၊ ရဲလေး၊ ဩရသ၊ ဂျောက်ဂျက်၊ Too Big၊ ကျော်ထွဋ်ဆွေ၊ သားကြီး၊ ထိန်ဝင်း၊ လင်းရာ၊ ချမ်းချမ်း၊ N ကိုင်ရာ၊ စန္ဒီမြင့်လွင်၊ အိမ့်ချစ်၊ သံသာဝင်း၊ Dr. ဒေါ်လာ၊ ဇမ်နူး၊ ဟန်နလာ၊ ရွှေရည်ဖြိုးမောင်၊ ပန်းနီတို့ ပါဝင်သီဆိုထားသည်။

# စာ-၄၇၊ လွင်မိုးနှင့်တွေ့ဆုံခြင်း မှ

ပြည်ပကနေ ကျွန်တော်တို့ဆီမှာ လာရောက်ရိုက်ကူးမယ့် အပိုင်းတွေမှာ ကျွန်တော်တို့က ဘယ်လိုပံ့ပိုးမလဲ၊ ရုပ်ရှင်အဆင့်အတန်း မြင့်မားဖို့ ဘယ်လိုမူဝါဒတွေ ချမှတ်မလဲ။ အဓိကကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံတွင်းက ရုပ်ရှင်အနုပညာရှင်တွေရဲ့ကြိုးစားမှုတွေကို ကော်မတီတွင်းကနေ ဘယ်လိုပံ့ပိုးမလဲဆိုတာကို မူဝါဒချမှတ်ဖို့ကြိုးစားနေပါတယ်။

**အစ်ကို လက်ရှိ လုပ်နေတဲ့ စီးပွားရေးလုပ်ငန်းတွေကို ပြောပြပေးပါ။**

မရမ်းကုန်းမှာ ကြွေရေသုတ်စက်ရုံတစ်ခု လည်ပတ်နေတာရှိတယ်။ စစ်ကိုင်းမှာ ရွှေသန့်စင်တဲ့ စက်ရုံတစ်ခု လုပ်ထားတာ ရှိပါတယ်။

**အစ်ကို့ရဲ့စီးပွားရေးလုပ်ငန်းတွေနဲ့ပတ်သက်ပြီး ဝေဖန်မှုတွေ အပေါ် ဘာများဖြေရှင်း ပြောကြားလိုပါသလဲ။ ဆိုလိုတာက အစ်ကိုရွေ့ရှာတဲ့ လုပ်ငန်းလိုမျိုးပေါ့။**

ကျွန်တော်တို့က ကုမ္ပဏီတစ်ခုအနေနဲ့ ခိုင်ခိုင်မာမာရပ်တည်ချင်တယ်ဆိုရင်တော့ သက်ဆိုင်ရာ ဝန်ကြီးဌာနက ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေ၊ ဥပဒေတွေကို လိုက်နာဖို့တော့ အဓိက လိုအပ်တာပေါ့။ ရှင်းရှင်းပြောရရင် ရွှေတူးပြီဆိုတာနဲ့တော်တော်များများ မြင်ကြတာက သယံဇာတတွေကုန်ပြီ။ ဘာညာပေါ့။ ဒါပေမဲ့ ချမှတ်ထားတဲ့ စည်းကမ်းကို လေ့လာကြည့်ရင် ကိုယ်တူးလိုက်တဲ့မြေကြီးတွေကို ပုံမှန်အနေထားဖြစ်အောင် ပြန်လုပ်ပေးရမယ်ဆိုတဲ့ စည်းကမ်းပါတယ်။ ဒါတွေမလုပ်ရင် ဥပဒေကြောင်းအရရင်ဆိုင်ရမယ့်အနေအထားတွေလည်းရှိတာပဲ။

**အစ်ကိုက ထားဝယ်ရေနက်ဆိပ်ကမ်းမှာရော ဘယ်လိုအပိုင်းကတာဝန်ယူပြီး လုပ်ကိုင်ခဲ့တာပါလဲ။**

ကျွန်တော်တို့ Waminn ကုမ္ပဏီက ထားဝယ်ရေနက်ဆိပ်ကမ်းမှာရှိတဲ့ အဓိကလမ်းမကြီး ရှင်းလင်းရေးနဲ့ ယာယီဆက်သွယ်ရေးလမ်းဖောက်လုပ်တဲ့စီမံကိန်းပါ။ သုည ကီလိုမီတာကနေ ၁၈ ဒသမ ၅ ကီလိုမီတာအထိ တာဝန်ယူထားတဲ့ လမ်းပိုင်းပေါ့။

**အခု ဒီပရောဂျက်က ဒေသခံတွေရဲ့ ကန့်ကွက်မှုကြောင့် အစ်ကိုတို့ကြုံခဲ့ရတဲ့ ဖြေရှင်း ပေးခဲ့ရတဲ့ ပဋိပက္ခတွေက ဘယ်လောက်များရှိပါသလဲ။**

ဖြေရှင်းပေးခဲ့ရတာက တော်တော်များတယ်။ တစ်နေရာ၊ တစ်နေရာမှာ ရွာတွေကလည်း မတူဘူး။ ကိုယ်တို့ ဖောက်တဲ့လမ်းတစ်လျှောက်မှာရွာတွေအများကြီး ပဲ။ ဒေသခံတွေက အဖွဲ့လိုက်လာကြတာရှိသလို တစ်ဦးချင်းလာကြတာလည်း ရှိတယ်။ သူတို့ ပိုင်ဆိုင်တဲ့ မြေနေရာကို ကန့်ကွက်တဲ့အခါမှာ ကျွန်တော်တို့က ရှင်းပြရတယ်။ ဒီနေရာ ဒီနေရာမှာ ကျွန်တော်တို့က လုပ်ခွင့်ရထားပြီးပြီ။ ဒါကြောင့် ကျွန်တော်တို့နဲ့ အကျိုးတူပူးပေါင်း လုပ်ကိုင်တဲ့ အီတာလျံထိုင်းကုမ္ပဏီက အုပ်ချုပ်ရေးအဖွဲ့နဲ့ ဒေသခံတွေကို တိုက်ရိုက်ချိတ်ဆက်ပြီး ဆွေးနွေးခိုင်းတယ်။

**အစ်ကိုကိုယ်တိုင်က ဒီနယ်သားဖြစ်တော့ ဒေသခံတွေ ကြုံတွေ့ရတဲ့ အခက်အခဲတွေ အပေါ်မှာ ဘယ်လို ဆောင်ရွက်ပေးလဲ။**

တကယ်တမ်း ဒေသခံတွေနဲ့တွေ့တဲ့အခါမှာ သိပ်အခက်အခဲမရှိဘူး။ သတင်းတွေ ထွက်ပေါ်လာတဲ့အခါမှာသာ နည်းနည်းကွဲလွဲမှုရှိပါတယ်။ ကျွန်တော့်ကို တိုက်ရိုက်ကြီး ထိခိုက်တာတွေလည်းရှိပါတယ်။ ဒါပေမဲ့ စာနယ်ဇင်းသဘောတရားလည်း ကျွန်တော်က နားလည်တော့ ဒီပေါ်မှာ ဘာမှမဖြစ်ပါဘူး။ ကိုယ်တိုင်လည်း ဒေသခံတွေနဲ့ အဆင်ပြေဆုံးဖြစ်အောင် ညှိနှိုင်းပြီးလုပ်ထားတာပဲလေ။ ငွေရေး ကြေးရေးပိုင်းကလည်း ကျွန်တော်နဲ့မဆိုင်ဘူး။ ဒီနှစ် ဖေဖော်ဝါရီမှာ စလုပ်ခဲ့တာ။ ဒီလုပ်ငန်းကို နားလိုက်ရတာက အဓိကကတော့ မြေပိုင်ရှင်တွေနဲ့ အီတာလျံ-ထိုင်းရယ်၊ အုပ်ချုပ်ရေးအဖွဲ့တွေရဲ့ ပိုက်ဆံကိစ္စတွေမှာ သဘောတူတာတွေ၊ သဘောမတူတာတွေဖြစ်လာတဲ့ အတွက် ကျွန်တော်တို့ လုပ်ငန်းက ထက်ဝက်လောက်ကြီး နားလိုက်ရတာ။

**ဒေသခံတွေဘက်က အစ်ကို့ကို ဘယ်လိုပုံစံနဲ့တုံ့ပြန်ဆက်ဆံပါလဲ။**

သူတို့ကတော့ ကျွန်တော့်ကို ခင်ပါတယ်။ အနုပညာသမားတစ်ယောက်လိုလည်း ဆက်ဆံပါတယ်။ ကျွန်တော့် ပရိသတ်တွေလည်း အများကြီးပါပါတယ်။ ကျွန်တော်သာ သရုပ်ဆောင်မဟုတ်ခဲ့ဘူး၊ သာမန် စီးပွားရေးသမားတစ်ယောက်ဆိုရင် ဒီထက် ပိုကြီးမားတဲ့ အခက်အခဲတွေ ပြဿနာတွေ အများကြီးဖြစ်နိုင်တာပေါ့။

## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Marvel's The Avengers | Walt Disney | ၂၀၇,၄၃၉,၀၀၀ | ၁ |
| ၂။ | Think Like A Man | Screen Gems | ၂၂,၅၁၈,၄၀၀ | ၁ |
| ၃။ | The Hunger Games | Lionsgate | ၃၈၀,၆၁၅,၀၀၀ | ၇ |
| ၄။ | The Pirates! Band of Misfits | Sony Pictures | ၁၈,၆၆၅,၉၀၀ | ၂ |
| ၅။ | The Lucky One | Warners Bros. Pic: | ၄၇,၇၇၅,၁၀၀ | ၃ |
| ၆။ | The Five-Year Engagement | University Pic: | ၁၉,၁၃၃,၀၀၀ | ၂ |
| ၇။ | Safe | Lionsgate | ၁၃,၀၈၀,၉၀၀ | ၂ |
| ၈။ | The Raven | Relativity Media | ၁၂,၁၇၆,၁၀၀ | ၂ |
| ၉။ | Chimpanzee | Disneynature & Walt Disney | ၂၃,၁၀၁,၉၀၀ | ၃ |
| ၁၀။ | The Three Stoooges | 20th Century Fox & MGM | ၃၉,၆၆၉,၀၀၀ | ၄ |

## Movie Review

### Battleship




ကမ္ဘာမြေကြီးသည် ၎င်းထက်အင်အားသာလွန်သော အခြားဂြိုဟ်ကမ္ဘာမှ တပ်ဖွဲ့များနှင့် အသေအကြေတိုက်ပွဲတစ်ရပ်ဆင်နွှဲရသည်။ ယင်းသို့ တိုက်ပွဲများ ဆင်နွှဲရာတွင် မြေပြင်တွင်သာမက ရေပြင်တိုက်ပွဲများ၊ ဝေဟင်တိုက်ပွဲများကိုပါ တစ်ပြိုင်နက်တည်း ဆင်နွှဲရမည်ဖြစ်သည်။ လေယာဉ်တင်သင်္ဘောများ၊ ဝေဟင်ပျံယာဉ်များ အသုံးပြုကာ ကမ္ဘာ့လူသားများက သူတို့ချစ်သော ကမ္ဘာမြေကို ကယ်တင်နိုင်မည်လားဆိုတာ . . . ။

စစ်၊ အက်ရှင်၊ စွန့်စားမှုသိပ္ပံ၊ စိတ်ကူးယဉ်ပေါင်းစပ်ထားသော ဇာတ်ကားအား ဒါရိုက်တာ Peter Berg ကရိုက်ကူးထားပြီး မင်းသားကြီး Liam Neeson, Taylor Kitsh, Alexander skarwqard, Rihanna တို့ဦးဆောင်ပါဝင်လာပြီး မေလ ၁၈ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။

Sports
7DAY NEWS JOURNAL
Vol.11, No.10 • MAY 17 , 2012

# အရှေ့တောင်အာရှသေနတ်ပစ်ပြိုင်ပွဲသို့ မြန်မာဝင်ရောက်ယှဉ်ပြိုင်မည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မေ - ၁၂

၃၆ ကြိမ်မြောက် အရှေ့တောင်အာရှသေနတ်ပစ်ပြိုင်ပွဲသို့မြန်မာသေနတ်ပစ် အားကစားအဖွဲ့ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲကို ဇွန်လမှ ၁ ရက်မှ ၁၀ ရက်အထိ မလေးရှားနိုင်ငံ၊ကွာလာလမ်ပူမြို့တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ အားကစားသမား စုစုပေါင်း ၁၉ ဦး (အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၉ ဦး) ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

၎င်းပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ၂၀ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး မြန်မာသေနတ်ပစ်အဖွဲ့သည်အသင်းလိုက် (အမျိုးသား၊ အမျိုးသမီး) ပြိုင်ပွဲရှစ်မျိုးနှင့် တစ်ဦးချင်း (အမျိုးသား) ပြိုင်ပွဲတစ်မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

“လာမယ့် ဆီးဂိမ်းအတွက် လေ့ကျင့်နေတဲ့ ပဏာမလက်ရွေးစင်ထဲက ရွေးချယ်ပြီး ဒီပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်စေတာပါ။ လက်ရှိ ပဏာမလက်ရွေးစင် ၃၇ ဦး လေ့ကျင့်လျက်ရှိပြီး ပြည်တွင်းပြိုင်ပွဲတွေကနေ ဆက်လက်ရွေးချယ်သွားမှာပါ” ဟုမြန်မာနိုင်ငံသေနတ်ပစ် အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



ဓာတ်ပုံ - အောင်အောင်

၂၀၁၃ ဆီးဂိမ်းအတွက် ပြင်ဆင်လေ့ကျင့်နေသော မြန်မာ့သေနတ်ပစ် ပဏာမ အားကစားသမားများအား ရိုးမေးနီးယားနည်းပြဆရာနှစ်ဦးက လေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

# ရိုးရာလှေပြိုင်ပွဲ အင်းလျားကန်တွင် ကျင်းပမည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မေ - ၁၀

စုစုပေါင်း ဆုကြေးငွေကျပ်သိန်း ၁၂၀ ချီးမြှင့်မည့်မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို ရန်ကုန်မြို့၊ အင်းလျားကန်တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်နှင့် ABC Stout ကအဓိကစပွန်ဆာဖြင့် ကျင်းပသည့် ၎င်းပြိုင်ပွဲကို မေလ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး လူသစ်တန်းနှင့် အလွတ်တန်းဟူ၍ ပြိုင်ပွဲအမျိုးအစား နှစ်မျိုးပါဝင်မည်ဖြစ်သည်။

မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည့် အလွတ်တန်း (အမျိုးသား) ပြိုင်ပွဲတွင် (၇ တက်၊ ၉ တက်) မီတာ ၆၀၀ နှင့်၊ အမျိုးသမီးပြိုင်ပွဲ၌(၅တက်၊၇တက်)မီတာ ၆၀၀ပြိုင်ပွဲများထည့်သွင်းကျင်းပမည်ဖြစ်သည်။

လူသစ်တန်းပြိုင်ပွဲတွင်မူ (အ မျိုးသား) ၅ တက်၊ ၇ တက်၊ ၉ တက်၊ မီတာ ၆၀၀ ပြိုင်ပွဲနှင့် (အ မျိုးသမီး) ၅ တက်၊ ၇ တက် မီတာ ၆၀၀ ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ လူသစ်တန်းပြိုင်ပွဲတွင် လက်ရွေးစင်ဖြစ်ဖူးသည့် အားကစားသမားများဝင်ရောက်ယှဉ်ပြိုင်ခွင့်မရှိဘဲ (အမျိုးသား)အတွက် ၂၅ နှစ်အောက်နှင့် (အမျိုးသမီး) အတွက် ၂၃ နှစ်အောက် အားကစားသမားများသာဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိကြောင်း သတင်းရရှိသည်။

ပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်လိုသည့်လှေလှော်အသင်းများသည် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ရုံး၊ အင်းလျားလမ်း၊ ရန်ကုန်မြို့ ဖုန်း- ၀၁-၅၁၄၉၈၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရ

# မြန်မာလိဂ်ကိုယ်စားပြုနစ်သင်း AFC ဖလား အုပ်စုပွဲအဆင့်တွင်ပင် ကျနပ်ခဲ့ရ

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မေ - ၉

၂၀၁၂ အေအက်ဖ်စီဖလား(AFC Cup) ပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်များ ပြီးဆုံးသွားချိန်တွင် မြန်မာနေရှင်နယ်လိဂ် ကိုယ်စားပြုနှစ်သင်းမှာ အုပ်စုအဆင့်၌ပင် ကျနပ်ခဲ့ရသည်။

ယင်းပြိုင်ပွဲ၏ အုပ်စုနောက်ဆုံးပွဲစဉ်များကို မေလ ၈ ရက်က ကျင်းပခဲ့ရာ နောက်ဆုံးပွဲစဉ်အထိ နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်ရှိခဲ့သော ရောဝတီယူနိုက်တက်အသင်းသည် မလေးရှားကလပ်ကီလန်တန်အသင်းကို အဝေးကွင်းတွင် ၀-၁ ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် အုပ်စုအဆင့်မှာပင် ပြိုင်ပွဲအား နှုတ်ဆက်ခဲ့ရသည်။

ရောဝတီယူနိုက်တက်အသင်းပါဝင်သည့်အုပ်စု(H)အခြားပွဲစဉ်တွင် အရီမာအသင်းက အိမ်ကွင်း၌ ဗီယက်နမ်ကလပ် နေဗီဘဏ်အသင်းကို၆-၂ဂိုးဖြင့်အနိုင်ကစားသွားခဲ့ရာ အရီမာ၊ နေဗီဘဏ်နှင့်ရောဝတီတို့သုံးသင်းမှာ ရမှတ်ခုနစ်မှတ်စီ အမှတ်တူနေခဲ့သည်။

ရောဝတီယူနိုက်တက်အသင်းသည် အုပ်စုပထမရရှိသွားသော ကီလန်တန်အသင်းကို သရေကစားနိုင်ရုံဖြင့် နောက်တစ်ဆင့်တက်ရောက်မည်ဖြစ်သော်လည်း ရှုံးနိမ့်သွားမှုကြောင့် အရီမာအသင်းမှာ အုပ်စုဒုတိယနေရာ ရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါ အုပ်စု၏ ဒုတိယနေရာတွင် ရမှတ်ခုနစ်မှတ်စီဖြင့် သုံးသင်းအမှတ်တူညီနေခဲ့သော်လည်း အရီမာအသင်းမှာထိပ်တိုက်တွေ့ဆုံမှု(Head to Head) တွင် အသာရကာ ရှုံးထွက်အဆင့်သို့တက်ရောက်သွားခဲ့သည်။

နောက်တစ်ဆင့် တက်ရောက်ရန် အခွင့်အရေးမရှိတော့သည့်ရန်ကုန်ယူနိုက်တက်အသင်းမှာလည်း သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ခဲ့သည့် အုပ်စုနောက်ဆုံးပွဲစဉ်၌ ဟောင်ကောင်ကလပ် စီတီဇင် အသင်းကို ၁-၂ဂိုးဖြင့်အရေးနိမ့်ခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် AFC Cup အုပ်စု ပွဲစဉ်များတွင် နိုင်ပွဲမရရှိခဲ့ဘဲ နှုတ်ဆက်ခဲ့ရသည်။ ရန်ကုန်ယူနိုက်တက်ပါဝင်သည့်အုပ်စု(G) တွင် ချောင်ဘူရီ(ထိုင်း)နှင့် ဟုမ်းယူနိုက်တက်(စင်ကာပူ)အသင်းများ နောက်တစ်ဆင့်သို့ တက်ရောက်ခဲ့သည်။

# အာရှ–ပစိဖိတ်အငယ်တန်းဂေါက်သီးရိုက်ပြိုင်ပွဲ အိမ်ရှင်အဖြစ် မြန်မာ လက်ခံကျင်းပ

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မေ - ၉

(၃၃)ကြိမ်မြောက် အာရှ-ပစိဖိတ်အငယ်တန်းဂေါက်သီးရိုက်ပြိုင်ပွဲ (33rd Asia Pacific Junior Golf Championship 2012) ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်ကြောင်းသတင်းရရှိသည်။

အဆိုပါပြိုင်ပွဲကို ရန်ကုန်မြို့၊ ပန်းလှိုင်ဂေါက်ကွင်းတွင် မေလ ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ကာ အသက် ၁၅-၁၇ နှစ်တန်း၊ ၁၃-၁၄ နှစ်တန်း၊ ၁၁-၁၂ နှစ်တန်း၊ ၁၀ နှစ်အောက်တန်းဟူ၍ အတန်းလေးတန်း၌ အသင်းလိုက်နှင့် တစ်ဦးချင်းပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် မူလက အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံ ၁၂နိုင်ငံမှ လူငယ်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ရန်ရှိသော်လည်း နောက်ဆုံးအတည်ပြုချက်အရ အိမ်ရှင်မြန်မာအပါအဝင် ဖိလစ်ပိုင်၊ ဟောင်ကောင်၊ ထိုင်း၊ အိန္ဒိယ၊ မလေးရှားနိုင်ငံတို့မှ အားကစားသမား ၆၀ ဝန်းကျင်ခန့်ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်မှ သတင်း ရရှိသည်။

“အိမ်ရှင်မြန်မာအသင်းအနေနဲ့ အဖွဲ့ချုပ်ကပြုလုပ်တဲ့ ပြည်တွင်း ဂျူနီယာပြိုင်ပွဲတွေက အဆင့်-၁ က ၅ အတွင်းဝင်တဲ့ကစားသမားလေးတွေကို ရွေးချယ်ပြီး ဒီပြိုင်ပွဲအတွက် ရွေးချယ်လေ့ကျင့်ပြိုင်ပွဲဝင်စေတာဖြစ်ပါတယ်”ဟု အဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးက ပြောသည်။ ယင်းပြိုင်ပွဲတွင် အိမ်ရှင်မြန်မာနိုင်ငံမှ ကစားသမား စုစုပေါင်း ၂၈ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

နှစ်စဉ်ပြုလုပ်သည့် အဆိုပါပြိုင်ပွဲကို မြန်မာနိုင်ငံအနေဖြင့် ယခုနှစ်တွင် ဒုတိယအကြိမ်ကျင်းပခြင်းဖြစ်ပြီး ၁၉၉၉ ခုနှစ်က ပထမအကြိမ် လက်ခံကျင်းပခဲ့ဖူးသည်။

# လက်ရွေးစင်ဘောလုံးအသင်း ကမ္ဘာ့အဆင့်သတ်မှတ်ချက် အဆင့် နှစ်ဆင့်ထပ်ကျ

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မေ - ၉

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA)၏ မေလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်များ ထွက်ပေါ်လာခဲ့ရာ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ယခင်လကထက် အဆင့်နှစ်ဆင့်ကျဆင်းသွားသည်။

ပြီးခဲ့သည့်ဧပြီလအတွင်းက ဒေသတွင်းကမ္ဘောဒီးယားအသင်းနှင့် အဆင့်တူ ကမ္ဘာ့အဆင့်-၁၇၃ တွင်ရပ်တည်ခဲ့သော မြန်မာအသင်းသည် ယခုလတွင် ကမ္ဘာ့အဆင့်-၁၇၅ သို့ ပြန်လည်ကျဆင်းသွားသည်။ ကမ္ဘောဒီးယားအသင်းသည်လည်း ယခင်လထက် အဆင့် နှစ်ဆင့် ထပ်ကျကာ ကမ္ဘာ့အဆင့်-၁၇၅ဖြင့် မြန်မာအသင်းနှင့် ရပ်တည်မှုဆက်လက်တူညီခဲ့သည်။

ယခုလ ၉ ရက်က ထုတ်ပြန်ခဲ့သည့် အဆိုပါအဆင့်သတ်မှတ်ချက်တွင် ဗီယက်နမ်အသင်းက ကမ္ဘာ့အဆင့်-၉၇ ဖြင့် အာဆီယံနိုင်ငံများ၌ ထိပ်ဆုံးမှ ဦးဆောင်ပြီး ထိုင်း ၁၄၁၊ ဖိလစ်ပိုင် ၁၄၈၊ အင်ဒိုနီးရှား ၁၅၁၊ မလေးရှား ၁၅၃၊ စင်ကာပူ ၁၅၈၊ လာအို ၁၇၃၊ ဘရူနိုင်း ၂၀၁ နှင့် တီမောအသင်းက ကမ္ဘာ့အဆင့်-၂၀၄ ၌ ရပ်တည်လျက်ရှိသည်။

ကမ္ဘာ့အဆင့်-၁ နေရာတွင်မူ စပိန်အသင်းက ဆက်လက် ရပ်တည်နေပြီး ၎င်း၏နောက်၌ ဂျာမနီ၊ ဥရုဂွေး၊ နယ်သာလန်၊ ပေါ်တူဂီ၊ ဘရာဇီး၊ အင်္ဂလန်၊ ခရိုအေးရှား၊ အာဂျင်တီးနား၊ ဒိန်းမတ်အသင်းများက အစဉ်လိုက်ရပ်တည်နေသည်။

ဂျပန်အသင်းမှာမူ ကမ္ဘာ့အဆင့်-၃၀ ဖြင့် အာရှနိုင်ငံများတွင် ထိပ်ဆုံး၌ဦးဆောင်ထားပြီး၊ တောင်ကိုရီးယားအသင်းမှာကမ္ဘာ့အဆင့်-၃၁ဖြင့်ဒုတိယနေရာတွင် ရပ်တည်နေသည်။


SOLO®
COLLECTION
BAG DESIGNS
Code : 12085
Price : 9,500
Code : 12091
Price : 9,500
Code : 12119
Price : 12,000
Code : 12052
Price : 12,000
Code : 12126
Price : 12,000
Code : 12121
Price : 12,000
Code : 12053
Price : 12,000
WHEREVER YOU GO SOLO WILL FOLLOW


Education MALAYSIA
Education Malaysia Exposition
26-27 MAY 2012
Grand Ballroom, The Strand Hotel Yangon • 1PM - 6PM
Meet representative from TOP MALAYSIAN Universities & Colleges
for UNDERGRADUATE + POSTGRADUATE course
WIN 200USD
Fantastic Prizes to be won at every hour
"နာရီအလိုက်ဆုမဲများ"
Computer Gaming Competition - Test your driving skills
"ကွန်ပျူတာဂိမ်းပြိုင်ပွဲများ"
FREE English Test - How good is your English ?
"အခမဲ့အင်္ဂလိပ်စာ အရည်အချင်းစစ်စာမေးပွဲများ"
Register online
www.facebook.com/expoyangon
Further information
09 506 2891

7DAY NEWS JOURNAL
Vol.11, No.10 • MAY 17 , 2012

# Tour of Italy စက်ဘီးပြိုင်ပွဲ ဆဋ္ဌမအဆင့်အတွက် ကိုလံဘီယာစက်ဘီးသမား ဗိုလ်စွဲ

**ရောမ၊ မေ - ၁၂**

ကိုလံဘီယာစက်ဘီးသမား မစ်ဂွယ်အိန်ဂျယ်ရူဘီယာနိုသည် ပြီးခဲ့သည့်နေ့က ကျင်းပပြီးစီးခဲ့သော Tour of Italy စက်ဘီးပြိုင်ပွဲ ဆဋ္ဌမအဆင့်တွင် အနိုင်ရရှိခဲ့သည်။ ၎င်း၏ နောက်တွင် အီတလီနိုင်ငံမှ အက်ဒရီယာနိုမာလိုရီက တစ်မိနစ်ခန့် နောက်ကျကာ ဒုတိယနေရာရခဲ့သည်။

အနိုင်ရခဲ့သည့် ရူဘီယာနိုက "နောက်ဆုံး ပန်းဝင်ဖို့ ၁၀ ကီလိုမီတာအလိုလောက်မှာ ကျွန်တော်နိုင်နိုင်တယ်လို့ စပြီးနားလည်ခဲ့ပါတယ်။ ဒီက လမ်းတွေကို ဒီနေရာမှာ ၂နှစ်လောက်နေထိုင်ခဲ့ဖူးတာမို့ ကျွန်တော်ကောင်းကောင်းသိခဲ့ပါတယ်။ ဒါပေမဲ့ လမ်းသိပ်ကြမ်းမယ်လို့တော့ မတွေးမိခဲ့ပါဘူး"ဟု ပြောသည်။



ယခုပြိုင်ပွဲ၏ ဆဋ္ဌမအဆင့်မှာ အာဘီနိုမှ ပေါ်တိုဆွန်တယ်ပီဒီယိုအထိ ၂၀၇ ကီလိုမီတာအကွာအဝေးဖြစ်သည်။ မေ ၁၃ ရက်တွင်ကျင်းပမည့် သတ္တမအဆင့်မှာမူ လမ်းကြောင်းအရှည် ၂၀၂ ကီလိုမီတာရှိမည်ဖြစ်သည်။

—*Ref: AFP*

# မက်ဒရစ်မာစတာပြိုင်ပွဲ ကွာတားဖိုင်နယ် ဂျိုကိုဗစ် ရှုံးနိမ့်ထွက်ခွာ

**မက်ဒရစ်၊ မေ - ၁၂**

လက်ရှိ မက်ဒရစ်မာစတာတင်းနစ်ပြိုင်ပွဲ၏ ချန်ပီယံဖြစ်ပြီး ကမ္ဘာ့အဆင့်-၁ ကစားသမားဖြစ်သူ ဆားဘီးယားမှ နိုဗက်ဂျိုကိုဗစ်သည် ကွာတားဖိုင်နယ်အဆင့်တွင် တစ်နိုင်ငံတည်းသား ဂျန်ကိုတစ်ပ်ဆာရီဗစ်အား ရှုံးနိမ့်ကာ ထွက်ခွာခဲ့ရသည်။

ယခုပွဲမှာ ပြီးခဲ့သည့်နေ့က ကမ္ဘာ့အဆင့်-၂ ရာဖေးနာဒယ်လ်က တစ်နိုင်ငံတည်းသား ဖာနန်ဒိုဗာဒက်စကိုအား အခြားကွာတားဖိုင်နယ်အဆင့်တွင် ရှုံးနိမ့်ပြီးနောက်တစ်နေ့ဖြစ်သည်။ ဂျိုကိုဗစ်က "ဒီတစ်ပတ်ပွဲကိုဖြစ်နိုင်ရင် ကျွန်တော် မေ့ပစ်ချင်ပါတယ်။ တကယ့် မြေစေးကွင်းအစစ်မှာပဲ ကစားချင်ပါတယ်"ဟုဆိုခဲ့သည်။

ထို့ပြင် ပြိုင်ပွဲ၏ အငြင်းပွားဖွယ်ရာ မြေစေးကွင်းနှင့်ပတ်သက်၍ ၎င်းက "ပွဲစီစဉ်သူတွေကတော့ သူတို့ ကြိုက်တာလုပ်ကြပါမယ်။ ဒီကွင်းဆက်ရှိနေမယ်ဆိုရင်တော့ နောက်နှစ်မှာ ကျွန်တော် လာမကစားတော့ပါဘူး"ဟုပြောသည်။ ယခုနှစ် မက်ဒရစ်မာစတာတင်းနစ်ပြိုင်ပွဲတွင် ကွင်းမျက်နှာပြင် အပြာရောင်နှင့် မြေစေးကွင်းကို လှုပ်ရှားရာ၌ ခြေချော်တတ်ကြောင်း ကစားသမားများက ဝေဖန်ခဲ့ပြီးနောက် ပြိုင်ပွဲ၏ အကြီးအကဲ အိုင်ယွန်တိုင်ရီရက်က လည်း တောင်းပန်ခဲ့သည်။

ဂျိုကိုဗစ်ကဲ့သို့ပင် ကွာတား၌ ရှုံးနိမ့်ခဲ့သော နာဒယ်လ်က လည်း လာမည့် ၂၀၁၃ တွင် အပြာရောင် မြေစေးကွင်းကို ဆက်လက်ယှဉ်ပြိုင်ရမည်ဆိုပါက လာရောက်ကစားတော့မည်မဟုတ်ကြောင်း ဆိုခဲ့သည်။

—*Ref: AFP*









# ဂရိနိုင်ငံတွင် ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရေး လိပ်ခဲတည်းလည်း ဖြစ်နေဆဲ

**အေသင်၊ မေ - ၁၀**

ဂရိနိုင်ငံတွင် ညွန့်ပေါင်းအစိုးရဖွဲ့စည်းရေး ဆွေးနွေးမှုများမှာ လိပ်ခဲတည်းလည်း အခြေအနေတွင်ရှိနေဆဲဖြစ်ပြီး နိုင်ငံ၏ ကြွေးမြီအကျပ်အတည်းအားနိုင်ငံတကာမှ ကယ်တင်ထားမှုကို ပယ်ချရန် အစွန်းရောက်လက်ဝဲပါတီ ခေါင်းဆောင်တစ်ယောက်၏ တိုက်တွန်းမှုကို ကွန်ဆာဗေးတစ်ခေါင်း ဆောင်အန်တိုနစ်ဆာမာရက်စ်က ရှုတ်ချပြောဆိုလိုက်သည်။

မေလ ၆ ရက်ရွေးကောက်ပွဲတွင်ဒုတိယနေရာသို့ အံ့သြဖွယ်ရောက်ရှိလာသော လက်ဝဲညွန့်ပေါင်းအဖွဲ့ ခေါင်းဆောင် အလက်ဆစ်တီဆီပရက်စ်မှာညွန့်ပေါင်းအစိုးရဖွဲ့နိုင်ရန် မိတ်ဖက်ပါတီများ ရှာဖွေရမည်ဖြစ်သည်။ ဂရိရွေးကောက်ပွဲများတွင် ခြိုးခြံချွေတာမှုများကြောင့် ထိခိုက်နာကျင်မှုများဖြစ်ပေါ်ရခြင်းအပေါ် ဒေါသထွက်နေသောမဲဆန္ဒရှင်များကဂရိနိုင်ငံ၏အဓိကပါတီကြီးနှစ်ခုကိုမဲမပေးဘဲ လက်ရှောင်ခဲ့ကြသည်။

တီဆီပရက်စ်သည် အမတ်နေရာ ၁၀၈ နေရာရရှိထားသောကွန်ဆာဗေးတစ် ပါတီခေါင်းဆောင်ဆာမာရက်နှင့် တွေ့ဆုံမည်ဖြစ်သလို ဆိုရှယ်လစ် ပါတီခေါင်းဆောင်နှင့် အခြားပါတီခေါင်းဆောင်များနှင့်လည်း တွေ့ဆုံစည်းဝေးရမည်ဖြစ်သည်။

ဆာမာရက်ကိုယ်တိုင်မှာလည်း ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရာတွင် အောင်မြင်မှုမရရှိဘဲ တီဆီပရက်စ်က အစိုးရဖွဲ့ရန် အလှည့်ကျလာခြင်းဖြစ်သည်။ တီဆီပရက်စ်မအောင်မြင်ခဲ့ပါကလည်းဆိုရှယ်လစ်ပါတီခေါင်းဆောင်နှင့် ဘဏ္ဍာရေးဝန်ကြီးဟောင်းဖြစ်သူ ဗင်နီဇီးလော့စ်က ညွန့်ပေါင်းအစိုးရဖွဲ့ရန် ကြိုးပမ်းရမည်ဖြစ်သည်။

*—Ref: Business week*


Photo - AFP

# ဒုတိယကမ္ဘာစစ်ပြီးဆုံးခြင်း အခမ်းအနားသို့ ဟော်လန်ဒီနှင့် ဆာကိုဇီ အတူတက်ရောက်

**ပါရီ၊ မေ - ၉**

ပြင်သစ်သမ္မတ နီကိုလပ်စ်ဆာကိုဇီသည် ရာထူးမှ မဆင်းမီဂုဏ်၏ နောက်ဆုံးနိုင်ငံတော် အခမ်းအနားတစ်ခုသို့တက်ရောက်ခြင်းအဖြစ် မေလ ၈ ရက်တွင် ဥရောပ၌ ဒုတိယကမ္ဘာစစ် ပြီးဆုံးခြင်း အထိမ်းအမှတ်အဖြစ် ပါရီမြို့တွင် ပြုလုပ်သော အခမ်းအနားများသို့ ရွေးကောက်ခံသမ္မတ ဖရန်ဆွာဟော်လန်ဒီနှင့်အတူတက်ရောက်ခဲ့သည်။ နိုင်ငံရေးပြိုင်ဘက်နှစ်ဦးသည် Arcde Triompe စစ်ပွဲအမှတ်တရရင်ပြင်တွင် အတူယှဉ်တွဲ၍ မတ်တတ်ရပ်ခဲ့ကြသည်။


Photo - Getty Images

အခမ်းအနားစတင်၍ ပြင်သစ်နိုင်ငံတော်သီချင်း သီဆိုချိန်တွင် အတိတ်ကို အောက်မေ့နေပုံရသော ဆာကိုဇီက ဒုတိယကမ္ဘာစစ်အတွင်း ပြင်သစ်လွတ်မြောက်ရေး ခေါင်းဆောင်နှင့် နိုင်ငံ၏ သမ္မတဟောင်းချားလ်စ်ဒီဂေါလ်၏ ရုပ်တုရှေ့တွင် လွမ်းသူ့ပန်းခွေ ချခဲ့သည်။

ချမ့်ပ်စ် အီလစ်ဆီလမ်းမကြီးတွင်စစ်ဘက်ဆိုင်ရာဂုဏ်သရေရှိလူကြီးများနှင့် ပြုလုပ်သည့် အခမ်းအနားတွင်လည်း ဆာကိုဇီက ဗိုလ်ချုပ်ကြီး ချားလ်စ်ဒီဂေါလ်၏ သားဖြစ်သူ အသက် ၉၀ အရွယ် မစ္စတာဖိလစ်နှင့် လက်ဆွဲနှုတ်ဆက်ခဲ့သည်။

ပထမကမ္ဘာစစ် အမှတ်တရအထိမ်းအမှတ် အဆောက်အအုံ၌လွမ်းသူ့ပန်းခွေချချိန်တွင် မစ္စတာဆာကိုဇီနှင့်အတူ ရွေးကောက်ပွဲ၌ အနိုင်ရသူ မစ္စတာဟော်လန်ဒီလည်း ပါဝင်ခဲ့ပြီး ပြိုင်ဘက်နှစ်ဦးသည် အညတရစစ် သည်များအထိမ်းအမှတ် အုတ်ဂူရှေ့တွင် အတူယှဉ်တွဲ၍ မိနစ်ပေါင်းများစွာ အောက်မေ့သတိရ အလေးပြုခဲ့ကြသည်။

*—Ref: AP*

# ဂရိအခြေအနေ စိုးရိမ်ပူပန်မှုများကြောင့် အာရှဈေးကွက်နှင့် ယူရိုငွေတန်ဖိုးကျဆင်း

**ဟောင်ကောင်၊ မေ - ၉**

လွန်ခဲ့သော နှစ်ရက်က ရွေးကောက်ပွဲများ ကျင်းပပြီး နောက်ပိုင်းဂရိနိုင်ငံ၏ ဒုတိယအကြီးဆုံးပါတီက ဥရောပနှင့် သဘောတူညီထားသည့် ဂရိနိုင်ငံအား ကယ်တင်ရေးစာချုပ်များကို ဆွဲဖြဲပစ်မည်ဟု ပြောကြားလိုက်ချိန်တွင်ဂရိနိုင်ငံသည် ဥရောပသမဂ္ဂမှထွက်ခွာနိုင်သည်ဟူသောစိုးရိမ်မှုများကြောင့် အာရှစတော့ရှယ်ယာဈေးကွက်များနှင့်ယူရိုငွေတန်ဖိုးကျဆင်းသွားကြောင်း သိရသည်။

မေလ ၆ ရက်ရွေးကောက်ပွဲကဂရိအစိုးရ၏ကြွေးမြီများကိုရှင်းလင်းရန်အတွက် နိုင်ငံအပေါ်ချမှတ်ထားသည့် တင်းကျပ်သောငွေကြေးသုံးစွဲမှုဖြတ်တောက်ခြင်းများကို ပြည်သူများက ဆန့်ကျင်သည်ကို ပြသလိုက်ခြင်းဖြစ်သည်ဟုခြိုးခြံချွေတာရေးအစီအစဉ်အား ဆန့်ကျင်သည့် လက်ဝဲဝါဒီများက ပြောသည်။



Photo - Getty Images

ပြင်သစ်အပါအဝင် အခြားဥရောပနိုင်ငံများတွင်လည်း ဖွံ့ဖြိုးတိုးတက်မှုထက် ခြိုးခြံချွေတာမှုကိုလိုလားသော ခေါင်းဆောင်များအားမဲဆန္ဒရှင်များကကန်ထုတ်နေစဉ်မှာပင်ဂရိနိုင်ငံ၏သတိပေးချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ ယခုအခါ ဥရောပခေါင်းဆောင်များက ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို ချမှတ်ရေးစတင်လုပ်ဆောင်နေကြပြီဖြစ်သည်။

ဂရိအခြေအနေ ရိုက်ခတ်မှုကြောင့် တိုကျို၊ ဟောင်ကောင်၊ ရှန်ဟိုင်းနှင့်ဆိုးလ်မြို့ရှယ်ယာဈေးကွက်များအသီးသီးကျဆင်းခဲ့သည်။ ဂရိနိုင်ငံ၏ လက်ဝဲယိမ်းဆီရီဇာပါတီ၏ခေါင်းဆောင်ကလည်း ၎င်း၏ အစိုးရအဖွဲ့သည် ဥရောပသမဂ္ဂနှင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့များက ချမှတ်ထားသော ခြိုးခြံချွေတာရေး အစီအစဉ်များကိုပယ်ချသွားမည်ဟု ပြောကြား သည်။

—Ref: NY Times

# အကြမ်းဖက်နှိမ်နင်းရေး လုပ်ငန်းများ မြှင့်တင်ရန် ပါကစ္စတန်ကို ကန်နိုင်ငံခြားရေးဝန်ကြီး တိုက်တွန်း


Photo - AP

**နယူးဒေလီ၊ မေ - ၉**

ပါကစ္စတန်နိုင်ငံအနေဖြင့် အကြမ်းဖက်တိုက်ဖျက်ရေးလုပ်ငန်းများကို ပိုမိုလုပ်ဆောင်သင့်ကြောင်းအမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ပြောကြားသည်။ အမေရိကန်၊ အာဖဂန်နစ္စတန်နှင့် အခြားမဟာမိတ်နိုင်ငံများအားခြိမ်းခြောက်နေသည့် ပါကစ္စတန်နိုင်ငံမှ အကြမ်းဖက်အုပ်စုများကို လိုက်လံတိုက်ခိုက်ရန်အမေရိကန်က စိတ်ပိုင်းဖြတ်ထားဆဲဖြစ်ကြောင်း မစ္စကလင်တန်ကပြောကြားသည်။

မေလ ၈ ရက်တွင် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး အက်စ်အမ်ခရစ်ရှနနှင့် နယူးဒေလီမြို့၌ တွေ့ဆုံပြီးနောက် အမေရိကန်ပြည်ထောင်စုနှင့် အိန္ဒိယနိုင်ငံတို့သည် မိမိတို့၏ မြေပေါ်မှာပင် အကြမ်းဖက်မှု ဘေးဒုက္ခဆိုးများအကြောင်း သိမြင်ခဲ့သည်ဟု ဟီလာရီကလင်တန်က သတင်းထောက်များအား ပြောကြားသည်။ ပါကစ္စတန်နိုင်ငံတွင်လည်း အကြမ်းဖက်သမားများကြောင့် ပါကစ္စတန်နိုင်ငံသား ၃၀,၀၀၀ ခန့် သေဆုံးခဲ့သည်ဟု မစ္စကလင်တန်က ထပ်မံပြောကြားသည်။

“ပါကစ္စတန်အစိုးရက (အကြမ်းဖက်နှိမ်နင်းရေး) ဒီထက်ပိုမိုလုပ်ဆောင်ဖို့ မျှော်မှန်းပါတယ်” ဟုမစ္စကလင်တန်က ပြောကြားရင်း အကြမ်းဖက်တိုက်ခိုက်မှုများအတွက် ၎င်း၏ နယ်မြေအား အသုံးပြုခြင်း မရှိစေရန် လုပ်ဆောင်ရမည်ဟုသူမကဆက်လက်ပြောကြားသည်။

*—Ref: VOA*

7 DAY NEWS JOURNAL
Vol.11, No.10 • MAY 17 , 2012

# အီရန်ပါလီမန်ရွေးကောက်ပွဲတွင် အာမက်ဒီနီဂျက် ရှုံးနိမ့်

**ဒူဘိုင်း၊ မေ - ၉**

အီရန်နိုင်ငံ၏ ပါလီမန်ရွေးကောက်ပွဲနောက်ဆုံးအကျော့တွင် အီရန်သမ္မတ အာမက်ဒီနီဂျက် အရှုံးကြီးရှုံးနိမ့်ခဲ့ရာ ထိပ်သီးခေါင်းဆောင်အယာတိုလာအလီခါမေနီနှင့် ၎င်းတို့၏ အာဏာလုပွဲတွင် အာမက်ဒီနီဂျက်အနေဖြင့် အရှုံးနှင့်ရင်ဆိုင်ရမည့် အခြေအနေဖြစ်ပေါ်နေသည်။




ပါလီမန်အမတ် ၆၅ နေရာ ယှဉ်ပြိုင်ခဲ့ရာတွင် အာမက်ဒီနီဂျက်ကို ထောက်ခံသူများက ၁၃ နေရာသာ အနိုင်ရရှိခဲ့သည်။ ထိပ်သီးခေါင်းဆောင် အလီခါမေနီနှင့် အစ္စလာမ်မစ် ကွန်ဆာဗေးတစ်များနှင့် နီးစပ်သူများက ၄၁ နေရာရရှိခဲ့သည်။ ထို့အတွက် ၂၀၀၅ ခုနှစ်မှစ၍ အီရန်သမ္မတရာထူးကို ရရှိထားသော အာမက်ဒီနီဂျက်သည် အဖွဲ့ဝင် ၂၉၀ ရှိသော ပါလီမန်တွင် ကွန်ဆာဗေးတစ်အမတ်အများစုနှင့် ရင်ဆိုင်ရတော့မည်ဖြစ်သည်။

အီရန်နှင့် အနောက်အင်အားကြီးနိုင်ငံများအကြား အစည်းအဝေးတစ်ရပ်ကို အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ မေလ ၂၃ ရက်တွင် ပြုလုပ်ရန် စီစဉ်ထားရာ ယခုရွေးကောက်ပွဲမှာ အီရန်တွင် အလီခါမေနီနှင့် ကွန်ဆာဗေးတစ်များ၏ ဩဇာကြီးမှုကို ပြသလိုက်ခြင်းဖြစ်သည်။

သို့သော် အာမက်ဒီနီဂျက် ဘေးသို့ရောက်ရှိသွားပြီးနောက် ထိပ်သီးခေါင်းဆောင် အလီခါမေနီအနေဖြင့် အီရန်အပေါ် ချမှတ်ထားသည့်တင်းကျပ်သည့် စီးပွားရေးပိတ်ဆို့တားဆီးမှုများ လျော့ပါးသွားစေရန် တင်းမာမှုများ လျော့ကျစေမည့် သဘောတူညီချက်တစ်ရပ် ရယူရန် ယုံကြည်မှုရှိလာနိုင်ကြောင်း ဝေဖန်ဆန်းစစ်သူများက ယူဆကြသည်။

—*Ref: UPI*




# ကုလနျူစစ်ဆေးရေးမှူးတစ်ဦး အီရန်နိုင်ငံတွင် သေဆုံး

**တီဟီရန်၊ မေ - ၉**

အီရန်နိုင်ငံ တီဟီရန်မြို့အနောက်တောင်ဘက် နျူကလီးယားစက်ရုံအနီးတွင် ကားတိမ်းမှောက်ခဲ့၍ တောင်ကိုရီးယားနိုင်ငံသား နျူကလီးယားစစ်ဆေးရေးမှူးတစ်ဦး သေဆုံးပြီး စလိုဗေးကီးယားစစ်ဆေးရေးမှူးတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ၎င်းနျူပညာရှင်နှစ်ဦးမှာ ကုလသမဂ္ဂ၏ အထူးတာဝန်ဖြင့် အီရန်နိုင်ငံတွင် ရောက်ရှိနေခြင်းဖြစ်သည်။

အာရက်ရေလေး နျူကလီးယားစက်ရုံအနီး ဖြစ်ပွားခဲ့သောအကြောင်းအရာနှင့် ပတ်သက်၍ နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီက လတ်တလောတွင် ထုတ်ပြန်ပြောကြားခြင်း မရှိသေးပေ။

အီရန်နိုင်ငံတွင် ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပေါ်လေ့ရှိပြီး ၂၀၁၀ မတ်လနှင့် ၂၀၁၁ မတ်လအကြား မော်တော်ယာဉ်မတော်တဆမှုများကြောင့် သေဆုံးသူ ၂၃,၀၀၀ ရှိခဲ့ကြောင်း သက်ဆိုင်ရာ စာရင်းများကို ကိုးကား၍ အစိုးရတစ်ပိုင်း မေဟာ သတင်းအေဂျင်စီက ဖော်ပြသည်။

နျူကလီးယား မပြန့်ပွားရေးစာချုပ်ကို လက်မှတ်ရေးထိုးထားသော အီရန်နိုင်ငံသည် ကုလသမဂ္ဂ၏ နျူစစ်ဆေးရေးမှူးများကို လက်ခံထားရပြီး အီရန်နိုင်ငံတွင် ၎င်း၏ စစ်ဆေးရေးမှူးအချို့ အမြဲတမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း အိုင်အေအီးအေက ပြောကြားသည်။

—*Ref: NY Times*

# အာဏာပိုင်များက ပတ်စ်ပို့ရရေးတွင် ကူညီနေဟု ချင်ကွမ်းချန်ပြောကြား



**ဘေဂျင်း၊ မေ - ၈**

တရုတ်နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ချင်ကွမ်းချန်က အာဏာပိုင်များသည် ၎င်းအား တရုတ်နိုင်ငံမှ ထွက်ခွာနိုင်အောင် ပတ်စ်ပို့ရရေး ကူညီမည်ဟု ပြောခဲ့ကြောင်း၊ သို့သော် ၎င်း၏ မိတ်ဆွေများနှင့် အမေရိကန် သံရုံးဝန်ထမ်းများမှာမူ ဆေးရုံတွင်ရှိသော ၎င်းထံလာ လည်၍ မရသေးကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ ချင်နှင့် ၎င်း၏ ဇနီးသည် ယခုအခါ ဆေးရုံမှ မထွက်ခွာနိုင်သေးဘဲ နေအိမ်အကျယ်ချုပ်မှ ၎င်းထွက်ပြေးလာစဉ် ရရှိသော ဒဏ်ရာများကိုကုသနေရကြောင်း၊ ထောင်ဒဏ်ကျခံနေရစဉ်က မကုသဘဲထားခဲ့သော အစာအိမ်ရောဂါကို ပါကုသနေရကြောင်း သိရသည်။

အေအက်ဖ်ပီသို့ ဖုန်းဖြင့် ပြောကြားရာတွင် အစိုးရအာဏာပိုင်များသည် ၎င်းထံလာရောက်က တရုတ်နိုင်ငံမှ ထွက်ခွာနိုင်ရေးအတွက် လုပ်ဆောင်ပေးမည်ဟု ပြောခဲ့သည်ဆိုသည်။ ချင်သည် တစ်အိမ်ထောင်ကလေးတစ်ဦး မူဝါဒအရ ၎င်း၏ဇာတိမြို့တွင် အာဏာပိုင်များ၏ အမျိုးသမီးများအား အတင်းအကျပ်ကိုယ်ဝန်ဖျက်ချခိုင်းခြင်းကိစ္စရပ်များအား ဆန့်ကျင်တရားစွဲဆိုခဲ့ပြီးနောက် ထောင်ဒဏ်လေးနှစ်ချမှတ်ခံခဲ့ရသည်။

ထို့နောက် ထောင်ဒဏ်မှ လွတ်ပြီး နေအိမ်အကျယ် ချုပ်ကျခံနေရစဉ် ထွက်ပြေးခဲ့ပြီး ဘေဂျင်းရှိ အမေရိကန်သံရုံးအတွင်း လေးရက်ကြာနေထိုင်ခဲ့ရာမှ တရုတ်-အမေရိကန်သံတမန်ရေး အငြင်းပွားမှုများကို ဖြစ်ပေါ်စေခဲ့သည်။

—*Ref: AFP*

# ရေနံဈေးကွက်အတွက် လုံလောက်စွာ ရေနံထုတ်လုပ်ပေးနေကြောင်း ဆော်ဒီရေနံဝန်ကြီးပြောကြား

**တိုကျို၊ မေ - ၁၀**

အီရန်နိုင်ငံအပေါ် နိုင်ငံတကာမှ တားဆီးပိတ်ဆို့မှုများ အသက်ဝင်လာချိန်မှာပင် ကမ္ဘာ့ဈေးကွက်အတွက်ရေနံ အလုံအလောက် ထောက်ပံ့သွားမည်ဖြစ်ကြောင်း ဆော်ဒီအာရေးဗီးယား ရေနံဝန်ကြီးအလီအယ်လ်နာအီမီက ပြောကြားသည်။ ရေနံစိမ်းဈေးကွက်တွင်တစ်နေ့လျှင် ရေနံစည်ပေါင်း ၁ ဒသမ ၅ သန်းပင် ပိုလျှံနေသည်ဟု ၎င်းကပြောသည်။



Photo - AFP

အီရန်၏ ရေနံနိုင်ငံခြားတင်ပို့မှုအပေါ် အမေရိကန်နှင့် ဥရောပပိတ်ဆို့တားဆီးမှုများမှာ ဇွန်နှင့် ဇူလိုင်လများတွင် စတင်သက်ရောက်လာမည်ဖြစ်သည်။ ရေနံမှရရှိသော ဒေါ်လာများဖြင့် လက်နက်များ ထုတ်လုပ်ရန်ဟု အနောက်နိုင်ငံက သံသယရှိသည့် နျူကလီးယား အစီအစဉ်ကို အီရန်က ရပ်တန့်ရန် ရည်ရွယ်ချက်ဖြင့် ပိတ်ဆို့မှုများချမှတ်ခဲ့ခြင်းဖြစ်သည်။

အီရန်နိုင်ငံသည် တစ်နေ့လျှင်ရေနံစည်ပေါင်း ၂ ဒသမ ၂ သန်းတင်ပို့ရောင်းချပြီး အများအားဖြင့်တင်ပို့မှုမှာ အာရှဒေသသို့ဖြစ်သည်။ ရှေ့လာမည့်လများတွင် အီရန်အပေါ်ပိတ်ဆို့တားဆီးမှုများပိုမို အသက်ဝင်လာသည်နှင့် အမျှရေနံရရှိနိုင်မှု လျော့ကျသွားမည်ဟုမြင်ယောင်ပါသလားဟု မေးမြန်းရာတွင်လည်း ‘လုံးဝလျော့ကျမသွားနိုင်’ ကြောင်း ဆော်ဒီရေနံဝန်ကြီးကပြောကြားသည်။

*—Ref: Reuters*

# အိုဘားမားက ပြင်သစ်သမ္မတသစ်ကို အိမ်ဖြူတော်သို့ ဖိတ်ခေါ်



**ဝါရှင်တန်၊ မေ - ၈**

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ပြင်သစ်နိုင်ငံ၏ ရွေးကောက်ခံသမ္မတသစ်ဖရန်ဆွာဟော်လန်ဒီအား အိမ်ဖြူတော်သို့ ဖိတ်ခေါ်ခဲ့ပြီး ရှေ့လာမည့် ရှစ်နိုင်ငံအုပ်စု ထိပ်သီးဆွေးနွေးပွဲနှင့် နေတိုးထိပ်သီးဆွေးနွေးပွဲများသို့လာရောက်ရန် ဖိတ်ကြားလိုက်ကြောင်း အိမ်ဖြူတော်က ထုတ်ပြန်သည်။

ပြင်သစ်သမ္မတ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီးနောက် သမ္မတအိုဘားမားက မစ္စတာဟော်လန်ဒီအားဖုန်းဆက်၍ ဂုဏ်ပြုချီးကျူးစကားပြောကြားပြီး နှစ်နိုင်ငံစလုံးနှင့် သက်ဆိုင်သောစီးပွားရေး နှင့်လုံခြုံရေးဆိုင် ရာစိန်ခေါ်မှုများ ၎င်းနှင့်တွဲ၍ လုပ်ကိုင်သွားလိုကြောင်းပြောကြားခဲ့သည်။

မေ ၁၈ နှင့် ၁၉ ရက်များတွင် အမေရိကန်သမ္မတ နွေရာသီအပန်းဖြေအိမ်တော် ဒေးဗစ်စခန်း၌ကျင်းပမည့် ဂျီ-၈ ထိပ်သီးဆွေးနွေးပွဲနှင့် ချီကာဂိုမြို့တွင် မေ ၂၀၊ ၂၁ ရက်၌ ကျင်းပမည့် နေတိုးထိပ်သီးဆွေးနွေးပွဲများတွင် မစ္စတာဟော်လန်ဒီအား ကြိုဆိုနေမည်ဖြစ်ကြောင်း အိုဘားမားကပြောကြားသည်။ အိုဘားမားသည် ဂျီ-၈ အုပ်စုအတွက် ယခုနှစ်အတွင်း ဥက္ကဋ္ဌတာဝန်ရယူထားသည်။

ယင်းအစည်းအဝေးများ မတိုင်မီတွင် မစ္စတာဟော်လန်ဒီအားအိမ်ဖြူတော်၌ တွေ့ဆုံလိုသည်ဟု အမေရိကန်သမ္မတ အိုဘားမားက ပြောကြောင်း အိမ်ဖြူတော်ပြောခွင့်ရပုဂ္ဂိုလ် ဂျေးကာနီက ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြသည်။

*—Ref: UPI*



7 DAY NEWS JOURNAL

# International

Vol.11, No.10 • MAY 17 , 2012

## ဂျာမနီပြည်နယ်များ ရွေးကောက်ပွဲ အန်ဂျလာမာကယ်လ်၏ပါတီ အခြေအနေမကောင်း

**ဘာလင်၊ မေ-၁၄**

ဂျာမနီနိုင်ငံတွင် ၂၀၁၃ ခုနှစ် အမျိုးသားရွေးကောက်ပွဲ မတိုင်မီ ပြည်နယ်ရွေးကောက်ပွဲများ ကျင်းပနေရာ မေလ ၁၃ ရက်က ဂျာမနီ၏ လူဦးရေအထူထပ်ဆုံး ပြည်နယ်တွင် ပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲ၌ လက်ရှိဂျာမနီကို အုပ်ချုပ်နေသော မစ္စမာကယ်လ်၏ ပါတီမှာ ရှုံးနိမ့်မှုများနှင့် ကြုံတွေ့ကာ အခြေမလှဖြစ်နေကြောင်း သိရသည်။

စက်မှုလုပ်ငန်းများ ထွန်းကားရာ ရူဟာဒေသလည်း ပါဝင်ပြီး နိုင်ငံ၏လူဦးရေအထူထပ်ဆုံး နော့သ်ရိုင်းဝက်စ်ပါတီယာပြည်နယ်ရွေးကောက်ပွဲတွင် မစ္စမာကယ်လ်၏ လက်ယာယိမ်း ခရစ်ယာန်ဒီမိုကရက်ပါတီ(CDU)က ထောက်ခံမဲ ၂၅ ဒသမ ၅ ရာခိုင်နှုန်းသာ ရရှိခဲ့ကြောင်း မဲရုံစစ်တမ်းများအရ သိရသည်။

အဓိကအတိုက်အခံ ပါတီဖြစ်သော ဆိုရှယ်ဒီမိုကရက်(SPD)

စာ(၄၅)သို့



Photo - AFP

## ဖိအားပေးခြင်းသည် ညှိုနှိုင်းဆွေးနွေးပွဲကို ထိခိုက်နိုင်ကြောင်း အီရန်ပြောကြား

**ဒူဘိုင်း၊ မေ-၁၄**

အနောက်အင်အားကြီး နိုင်ငံများက အီရန်အား ဖိအားပေးခြင်းသည် ၎င်း၏နျူကလီးယားအစီအစဉ်များနှင့်ပတ်သက်၍ ပြုလုပ်မည့် ဆွေးနွေးပွဲများကို ထိခိုက်နိုင်ကြောင်း အီရန်နိုင်ငံက သတိပေးပြောကြားလိုက်သည်။

"ဖိအားပေးတဲ့ မဟာဗျူဟာသုံးတဲ့ ခေတ်ဟာ ကုန်ဆုံးသွားပါပြီ။ မဟာဗျူဟာမြောက်မှားယွင်းတွက်ချက်မှုတွေကြောင့် ဘဂ္ဂဒက်မှာလုပ်မယ့် ဆွေးနွေးပွဲအတွက် အန္တရာယ်ဖြစ်စေနိုင်ပါတယ်" ဟု အီရန်နိုင်ငံ၏ နျူကလီးယားညှိနှိုင်းရေးအကြီးအကဲ ဆာအစ်ဂျာလီလီအား ကိုးကား၍ အီရန်နိုင်ငံပိုင် ရုပ်သံကကြေညာသည်။

စာ(၄၅)သို့

## အာဖဂန်နစ္စတန်နိုင်ငံ၏ လုံခြုံရေးတာဝန်များ လွှဲပြောင်းခြင်းအစီအစဉ် ပင်တဂွန်ချီးကျူး

**ဝါရှင်တန်၊ မေ-၁၄**

အာဖဂန်နစ္စတန်နိုင်ငံတွင် လုံခြုံရေးလွှဲပြောင်းမှုအစီအစဉ်အသစ်တစ်ရပ် စတင်လိုက်ခြင်းကို အမေရိကန် ကာကွယ်ရေးဝန်ကြီး လီယွန်ပါနက်တာက ချီးကျူးပြောဆိုလိုက်သည်။

လုံခြုံရေးလွှဲပြောင်းပေးမှု နောက်တစ်ဆင့်တွင် ပါဝင်မည့် နယ်မြေများကို အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းက ကြေညာခဲ့ခြင်းအပေါ် ကန်ကာကွယ်ရေးဝန်ကြီး ပါနက်တာက ကြိုဆိုလိုက်ပြီး ယင်းမှာ လုံခြုံရေးလွှဲပြောင်းမှုအစီအစဉ်အတွက် အရေးပါသော အဆင့်ဖြစ်ပြီး မိမိတို့၏ မဟာဗျူဟာတွင် တိုးတက်မှုရှိကြောင်း ခိုင်မာသော သက်သေတဖြစ်သည်ဟု ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြသည်။

"ခရိုင်ဒေသပေါင်း၁၀၀ကျော် ပါဝင်တဲ့အတွက် အခု တတိယအဆင့်ဟာ အကြီးမားဆုံး လုံခြုံရေးလွှဲပြောင်းပေးတဲ့ အဆင့်ဖြစ်ပါတယ်။

စာ(၄၅)သို့

NEWS ANALYSIS

### ငြိမ်းချမ်းသွေတာမှုမှ ဥရောပဖယ်ခွာခဲ့သော

စာ(၃၆)သို့

## တရုတ်သမ္မတ ဂျပန်နှင့် တောင်ကိုရီးယားခေါင်းဆောင်များ တွေ့ဆုံ



**ဘေဂျင်း၊ မေ-၁၄**

တရုတ်သမ္မတဟူကျင်တောင်သည် မေ ၁၄ ရက် နံနက်က ဂျပန်ဝန်ကြီးချုပ် ယိုရှီဟီကိုနိုဒါနှင့် တောင်ကိုရီးယားသမ္မတ လီမြောင်ဘတ်တို့အား ဘေဂျင်းတွင် တွေ့ဆုံခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားသမ္မတနှင့် ဂျပန်ဝန်ကြီးချုပ်တို့သည် မေ ၁၃ ရက်နှင့် ၁၄ ရက်များတွင် ကျင်းပသော ပဉ္စမအကြိမ်မြောက် သုံးနိုင်ငံထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် ဘေဂျင်းမြို့သို့ရောက်ရှိနေခြင်းဖြစ်သည်။

ယင်းသို့ တွေ့ဆုံရာတွင် တရုတ်ဝန်ကြီးချုပ်ဝမ်ကြားပေါင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် သုံးနိုင်ငံ ထိပ်သီးဆွေးနွေးပွဲမှ ရလဒ်ကောင်းများကို မစ္စတာဟူကျင်တောင်က ချီးကျူးပြောဆိုပြီး ၎င်းတို့သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများမှာ အိမ်နီးချင်းကောင်း ခင်မင်ရင်းနှီးမှုကိုပိုမိုခိုင်မာလာစေပြီး အားလုံးအတွက် ဘုံအကျိုးစီးပွားအား ချဲ့ထွင်နိုင်မည်ဖြစ်ကြောင်း ပြောသည်။

ဖွံ့ဖြိုးတိုးတက်မှုအတွက် တရုတ်၊ ဂျပန်၊ ကိုရီးယားသုံးနိုင်ငံ ပိုမို၍စည်းလုံးညီညွတ်ရေးမှာ အရေးကြီးပြီး အပူတပြင်းလုပ်ဆောင်ရမည့် ကိစ္စဖြစ်ကြောင်း၊ မိမိတို့သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအား မဟာဗျူဟာမြောက် စင်မြင့်တစ်ရပ်မှနေ၍ ရေရှည်လှမ်းမျှော်ကြည့်ရင်း ကိုင်တွယ်သွားသင့်ကြောင်း၊ သို့မှသာလျှင် အာရှဒေသနှင့် ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေး၊ တည်ငြိမ်မှုနှင့် ကြီးပွားတိုးတက်ရေးအတွက် ဖြည့်ဆည်းနိုင်မည်ဖြစ်ကြောင်း တရုတ်သမ္မတက ပြောကြားသည်။

—*Ref: Xinhua*



ရ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL အချပ်ပို
Vol.11, No.10 • MAY 17 , 2012

# တောင်ကိုရီးယားသမ္မတ ခရီးစဉ် လုံခြုံရေး အထူးတင်းကျပ်

**ငြိမ်းငြိမ်းနိုင်**

**ရန်ကုန်၊ မေ- ၁၅**

တောင်ကိုရီးယားသမ္မတ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိချိန်တွင် ရန်ကုန်မြို့တွင်း လုံခြုံရေး လွန်စွာတင်းကျပ်ထားကြောင်း ရန်ကုန်မြို့ခံတို့က ပြောဆိုသည်။

သမ္မတမစ္စတာလီမြောင်ဘတ်သည် မြန်မာနိုင်ငံသို့ ၂၉ နှစ်အတွင်းပထမဆုံးအကြိမ်လာရောက်သည့်ကိုရီးယားသမ္မတနိုင်ငံသမ္မတတစ်ဦးဖြစ်ပြီး ၎င်းသည် ခရီးစဉ်အတွင်း နေပြည်တော်နှင့် ရန်ကုန်မြို့တို့သို့ သွားရောက်ခဲ့သည်။

"ခရီးစဉ် ရက် မရောက်ကတည်းက တစ်ပတ်လောက်ရှိပြီ လုံခြုံရေးတွေ ချထားတာ။ ဒါကိုတော်တော်လေးသတိထားနေပုံပါပဲ"ဟု ရန်ကုန်မြို့အခြေစိုက် နိုင်ငံရေးသမားတစ်ဦးက သုံးသပ်သည်။

မေလ ၁၄ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာကာ ယနေ့မေလ ၁၅ ရက်နံနက်က ဆီဒိုးနားဟိုတယ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့ပြီး သတင်းစာရှင်းလင်းပွဲ တစ်ရပ်လည်း ကျင်းပခဲ့သည်။

"သတင်းစာရှင်းလင်းပွဲကို



အာဇာနည်ဗိမာန်သို့ သွားရောက်ကာ အမှတ်တရလွမ်းသူ့ပန်းခွေချအပြီး ဟိုတယ်သို့ပြန်လာသော တောင်ကိုရီးယားသမ္မတ မစ္စတာ လီမြောင်ဘတ်
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ပြည်တွင်းဂျာနယ်လေးခုပဲတက်ခွင့်ရတယ်။ နိုင်ငံခြားသားသတင်းထောက်တွေကတော့ ရုပ်သံရော၊ သတင်းရော သုံးရောက်ပဲ တက်ခွင့်ရတယ်"ဟု နိုင်ငံခြားသတင်းထောက်တစ်ဦးက ပြောသည်။

သမ္မတမစ္စတာလီမြောင်ဘတ်က နှစ်ပေါင်း ၃၀ ကာလအတွင်း မြန်မာနိုင်ငံသို့ပထမဆုံးလာရောက်လည်ပတ်သည့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတအဖြစ် လာရောက်ခွင့်ရသည့်အတွက်ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောဆိုသည်။

၁၉၈၃ ခုနှစ် ကိုရီးယားနိုင်ငံ သမ္မတ မစ္စတာချန်ဒူးဝှမ် လာရောက်ခဲ့စဉ်က အာဇာနည်ဗိမာန်တွင် မြောက်ကိုရီးယားတစ်စုက ဗုံးခွဲလုပ်ကြံခဲ့သဖြင့် ကိုရီးယားနိုင်ငံအစိုးရအဖွဲ့ ဝန်ကြီးသုံးဦး အပါအဝင်တောင်ကိုရီးယားနိုင်ငံ အစိုးရအရာရှိများ သေဆုံးခဲ့ရသည်။ သမ္မတချန်ဒူးဝှမ်မှာမူ လုပ်ကြံမှုဘေးမှ သီသီလေးလွတ်မြောက်ခဲ့ရသည်။

မြန်မာနှင့် တောင်ကိုရီးယားနိုင်ငံတို့သည် သံတမန်ဆက်ဆံမှု ၁၉၇၅ ခုနှစ်စတင်ခဲ့ခြင်းဖြစ်ပြီး ယင်းဗုံးပေါက်ကွဲမှု နောက်ပိုင်းမှစကာ ကိုရီးယားထိပ်တန်းခေါင်းဆောင်တို့ မြန်မာနိုင်ငံသို့ လာရောက်ခြင်း မရှိတော့ပေ။

သမ္မတမစ္စတာလီသည် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် အာဇာနည်ဗိမာန်သို့ ဒေါ်အောင်ဆန်းစုကြည်နှင့်ပူးတွဲ သတင်းစာရှင်းလင်းပွဲအပြီးတွင် သွားရောက်ခဲ့သည်။

"ဒီဗုံးပေါက်ကွဲခဲ့တဲ့နေရာကို လာခဲ့တဲ့အတွက် မိသားစုဝင်တွေကို နှစ်သိမ့်မှုပေးနိုင်မယ်လို့ထင်တယ်။ ဒီလိုသမိုင်းမျိုးကတော့ ဘယ်တော့မှ တစ်ကျော့ပြန်မလည်သင့်ပါဘူး"ဟု သမ္မတမစ္စတာလီက ပြောသည်။

*—Ref: YONHAPNEWS*

# မြောက်ကိုရီးယားထံမှ လက်နက်ဝယ်ယူတော့မည်မဟုတ်ကြောင်း သမ္မတဦးသိန်းစိန်က တောင်ကိုရီးယားသမ္မတသို့ ပြောကြား

**ငြိမ်းငြိမ်းနိုင်**

**ရန်ကုန်၊ မေ- ၁၅**

မြောက်ကိုရီးယားထံမှ နှစ် ၂၀ ကြာ လက်နက်ဝယ်ယူခဲ့ခြင်းကို ဝန်ခံလိုက်ပြီး နောက်ထပ် ဝယ်ယူတော့မည်မဟုတ်ကြောင်း မြန်မာနိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြောကြားလိုက်သည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်က တောင်ကိုရီးယားသမ္မတ မစ္စတာလီမြောင်ဘတ်နှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံသည် မြောက်ကိုရီးယားနှင့် နျူကလီးယားဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လုံးဝမရှိခဲ့သော်လည်း သာမန်လက်နက်ဝယ်ယူမှုတော့ရှိခဲ့ကြောင်း ပြောကြားခဲ့သည်ဟု အေပီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်က ပြုံယမ်းနျူကလီးယားနှင့် ဒုံးကျည်အစီအစဉ် အဆုံးသတ်ရေး ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကိုလိုက်နာမည့်အကြောင်းလည်း တောင်ကိုရီးယားသမ္မတ မစ္စတာလီမြောင်ဘတ်အား ကတိပြုပြောကြားခဲ့သည်။

အခုလ ၁၄ ရက်က သမ္မတနှစ်ဦး တွေ့ဆုံရာတွင် အထက်ပါအတိုင်း ကတိပြုခဲ့ခြင်းဖြစ်ကြောင်း ကိုရီးယားသတင်းအေဂျင်စီဖြစ်သော Yonhap သတင်းအေဂျင်စီက ရေးသားဖော်ပြသည်။

မစ္စတာလီက မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင် ပြောင်းလဲမှုများ ချောချောမွေ့မွေ့ ဖြစ်ပါက နှစ်နိုင်ငံအတွင်း ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့နှင့် ချေးငွေများ တိုးမြှင့်ပေးရန်လည်း တောင်ကိုရီးယားသမ္မတက ကမ်းလှမ်းခဲ့သည်။ ထို့အပြင် နှစ်နိုင်ငံအကြား စွမ်းအင်၊ အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုနှင့် အခြေခံအဆောက်အအုံများ တိုးမြှင့်ပူးပေါင်း တည်ဆောက်ရန်လည်း သဘောတူခဲ့သည်။

**အချပ်ပို(D)သို့**

# အိုင်အင်န်ဂျီအိုနှင့် သံရုံးများ MFTB ဘဏ်တွင် ငွေထုတ်လျှင် တစ်ကြိမ်ဒေါ်လာတစ်သောင်းထိသာ ခွင့်ပြု

**အားမာန်**

**ရန်ကုန်၊ မေ- ၁၅**

မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်(MFTB)တွင် ငွေစာရင်းဖွင့်လှစ်ထားသော အိုင်အင်န်ဂျီအိုနှင့် နိုင်ငံခြားသံရုံးများက ငွေထုတ်ယူရာတွင် မေလဆန်းမှစ၍ တစ်ကြိမ်လျှင်ဒေါ်လာ ၁၀,၀၀၀ အထိသာ ကန့်သတ်၍ ခွင့်ပြုပေးနေကြောင်း သတင်းရရှိသည်။

MFTB ဘဏ်တွင်ငွေစာရင်းဖွင့်လှစ်ထားသည့် အိုင်အင်န်ဂျီအိုနှင့် သံရုံးများ ငွေထုတ်သောအခါ တစ်ကြိမ်လျှင် ဒေါ်လာ ၁၀,၀၀၀ အထိသာ ထုတ်ပေးခြင်း ကို မေလ ၁ ရက်မှ စတင်ခဲ့ပြီး၊ ထိုသို့ စီစဉ်ခြင်းမှာ နေ့စဉ်အဆိုပါဘဏ်၌ ငွေသွင်းငွေထုတ်လုပ်ကိုင်သူများပြားသည့် အတွက် အခြားဘဏ်များသို့ပါ ငွေစာရင်းလွှဲပြောင်းပြီး ထုတ်ယူနိုင်သော ဘဏ်အချင်းချင်းလွှဲပြောင်းသော စနစ် (Inter Bank System) ပိုမိုအသက်ဝင်လာရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း ဗဟိုဘဏ်မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။ ထို့အပြင် အဆိုပါဘဏ်၏ နိုင်ငံခြားငွေစာရင်းမှ ငွေကိုမြန်မာငွေဖြင့်ပြန်လည်ထုတ်ယူလိုသူများအတွက် MFTB မှ နိုင်ငံခြားငွေ တရားဝင်လဲလှယ်ရောင်းဝယ်ခွင့် (AD)လိုင်စင်ရရှိထားသောပုဂ္ဂလိကဘဏ်များသို့ ငွေစာရင်းလွှဲ ပြောင်းကာ မြန်မာငွေထုတ်ယူနိုင်ရန် စီစဉ်ထားကြောင်း ၎င်းကဆက်လက်ပြောသည်။

သို့သော် ယခုအခါ နိုင်ငံခြားငွေစာရင်းဖွင့်နိုင်သော ဘဏ်မှာ MFTB, MICBနှင့် မြန်မာ့စီးပွားရေးဘဏ် (MEB)တို့သာရှိသည်။ ထို့ကြောင့် နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်ခွင့်မရသေးသော ပုဂ္ဂလိကဘဏ်များသို့ ငွေစာရင်းလွှဲပြောင်းကာ ဒေါ်လာကိုသာ ထုတ်ယူလိုသူများအတွက် အဆင်မပြေသေးပေ။ ထို့အပြင် MFTB ဘဏ်မှ ပုဂ္ဂလိကဘဏ်များသို့ ငွေစာရင်းလွှဲပြောင်းပြီး ကျပ်ငွေထုတ်ယူမည်ဆိုပါကလည်း ထိုအတွက် သက်ဆိုင်ရာ ပုဂ္ဂလိကဘဏ်များသို့ အသေးစိတ်ညွှန်ကြားမှု မရှိသေးကြောင်းလည်း ပုဂ္ဂလိကဘဏ်အချို့မှ တာဝန်ရှိသူများက ပြောသည်။

ထို့ကြောင့် MFTBဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ထားသော အိုင်အင်န်ဂျီအိုနှင့် သံရုံးများမှာ ယခင်ငွေပမာဏ ကန့်သတ်ချက်မရှိဘဲ ထုတ်ယူနိုင်ခဲ့ရာမှ ယခု တစ်ကြိမ်လျှင် ဒေါ်လာ ၁၀,၀၀၀ ထိသာ ထုတ်ယူနိုင်၍ အဆင်မပြေကြောင်း သံရုံးတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ အကြောင်းမှာ သံရုံးတွင် သုံးစွဲရသည့် ပမာဏများပြားသည့် အတွက် အထက်ပါကန့်သတ်ချက်မှာ အလုပ်ရှုပ်ပြီး အခက်တွေ့ရကြောင်း ၎င်းကပြောသည်။

"တကယ်လုပ်တဲ့စနစ်ကတော့ ဘဏ်အချင်းချင်းလွှဲပြောင်းတဲ့စနစ် Inter Bank စနစ်ကို အသက်ဝင်အောင် လုပ်တာပါ။ ဘာ

**အချပ်ပို(D)သို့**

# ကားသွင်းခွင့်ကြောင့် ကန်တစ်ဒေါ်လာ ၅ ကျပ်ခန့်ဈေးတက်



**မြန်မာရင်းနှီးမြှုပ်နှံမှုနှင့် ကူး သန်းရောင်းဝယ်ရေးဘဏ်တွင် ဘဏ်အကောင့်ဖွင့် ရန် ဆောင်ရွက်နေကြသူများ** **ဓာတ်ပုံ - အောင်သူရ**

**အောင်သူရ**

**ရန်ကုန်၊ မေ- ၁၅**

ပါမစ်မလိုဘဲ ကားတင်သွင်းခွင့်ပြုသော မူဝါဒကြောင့် အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်သည့်နှုန်းမှာ လေးရက်အတွင်း တစ်ဒေါ်လာလျှင် ၅ ကျပ်ခန့် ဈေးတက်လာခဲ့ကြောင်းသတင်းရရှိသည်။

စီးပွားကူးသန်းဝန်ကြီးဌာနက ကားဝယ်ယူခွင့်လိုင်စင်စတင်ထုတ်ပေးသော မေလ ၁၁ ရက်က တစ်ဒေါ်လာလျှင် ၈၂၀ ကျပ် (ငွေလဲကောင်တာဈေး)သာရှိခဲ့သော်လည်း မေလ ၁၅ ရက်တွင် ၈၂၅ ကျပ်ဈေးရှိခဲ့ပြီး ပြင်ပဈေးကွက်တွင် ၈၃၂ ကျပ်အထိ အရောင်းအဝယ်ဖြစ်ခဲ့သည်။

"ပါမစ်မလိုဘဲ တင်သွင်းခွင့် သတင်းထွက်လာတဲ့နေ့ကစပြီး အရင်ကထက် နှစ်ဆလောက် အဝယ်တက်လာတယ်"ဟု ကမ္ဘောဇဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်(MICB) နှင့် မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်များက မေလ ၁၄ ရက်မှစ၍ ဒေါ်လာ ၁၀၀ ရှိလျှင် ကားဝယ်ယူရန်အတွက် နိုင်ငံခြားငွေစာရင်းဖွင့်ပေးခဲ့သဖြင့် ဝယ်ယူသူပိုများလာခဲ့သည်ဟု သတင်းရရှိသည်။

"ဘဏ်စာအုပ်ဖွင့်ဖို့ ဓာတ်ပုံ နှစ်ပုံ(Passport Size)မှတ်ပုံတင်မူရင်းနဲ့ ဒေါ်လာ တစ်ရာပဲလိုတယ်။ ဖွင့်ရတာအဆင်ပြေပါတယ်။ နေ့ချင်းရမယ်လို့ပြောတယ်"ဟု မေလ ၁၅ ရက်တွင် MICB ဘဏ်၌ ငွေစာရင်းဖွင့်သူအမျိုးသမီးက ပြောသည်။

ငွေကြေးဆိုင်ရာ ကျွမ်းကျင်သူများက ဝယ်လိုအားများ၍ ဒေါ်လာဈေးအနည်းငယ်တက်လာခြင်းမှာ အခိုက်အတန့်သာဖြစ်နိုင်ကြောင်း သုံးသပ်ကြပြီး ဗဟိုဘဏ်မှ ဒေါ်လာဈေးအား စတင် သတ်မှတ်သည့် ဧပြီလ ၂ ရက်ကတစ်ဒေါ်လာလျှင် ၈၁၈ ကျပ်ဈေးရှိခဲ့သည်။ ထိုနောက်ပိုင်းမှစ၍ ဒေါ်လာဈေးမှာ ယခင်ကဲ့သို့ အတက်အကျမမြန်ဘဲ ဈေးငြိမ်နေခဲ့သည်။

# မြေယာဆိုင်ရာ နည်းဥပဒေ မေလမကုန်မီ ပြီးစီးဖွယ်ရှိ

**သန်းဌေး**

**ရန်ကုန်၊ မေ - ၁၂**

လယ်ယာမြေအမှုအခင်းများ အမြန်ဖြေရှင်းနိုင်ရန် လယ်ယာမြေနည်းဥပဒေများနှင့် မြေလွတ်မြေလပ်မြေရိုင်းများ စီမံခန့်ခွဲရေး နည်းဥပဒေများ(မူကြမ်း)အား နောက်အကျဆုံး မေလမကုန်မီ ပြီးစီးဖွယ်ရှိကြောင်းသိရသည်။

"နိုင်ငံတစ်ဝန်း ဒေသအလိုက် အငြင်းပွားဖြစ်ပေါ်လျက်ရှိသော လယ်ယာမြေအမှုအခင်းများကို မြေပြင်လက်တွေ့အခြေအနေမှန်များနှင့်ကိုက်ညီစွာ မှန်မှန်ကန်ကန် ပြီးပြတ်အောင် ဆုံးဖြတ်နိုင်ရေးအတွက်"ဟု မူကြမ်းရေးဆွဲရေးကော်မတီ ပထမအကြိမ်အစည်းအဝေးတွင်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်ကပြောသည်။

ထိုသို့ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ထွက်ပေါ်ပြီးပါက လယ်ယာမြေအမှုများအား ဖြေရှင်းရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ တိကျသော လုပ်ပိုင်ခွင့်၊ အမှုတစ်ခုစီအတွက် ဆုံးဖြတ်ရန် တိကျသော အချိန်သတ်မှတ်ချက်နှင့် လယ်ယာမြေလုပ်ပိုင်ခွင့်(Land Use Right)များလည်း ပါဝင်ရမည်ဟု ၎င်းကပြောကြောင်း မေလ ၁၁ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြထားသည်။

၂၀၁၂ ခုနှစ် မတ်လ ၃၀ ရက်တွင် ဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းခဲ့သော လယ်ယာမြေဥပဒေတွင် အခန်း ၁၃ ခန်း ပုဒ်မ ၄၃ ခုပါဝင်ပြီး၊ မြေလပ်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေတွင် အခန်း ၁၀ ခန်း ပုဒ်မ ၃၄ ခုပါဝင်သည်။ ယခု ရေးဆွဲပြီးသော နည်းဥပဒေမူကြမ်းများအား နိုင်ငံတော်အစိုးရအဖွဲ့သို့ တင်ပြပြီးပါက အချောသပ်အဆင့် ထပ်မံရေးဆွဲပြီးမှသာ လက်တွေ့ကျင့်သုံးနိုင်ပေမည်။

နည်းဥပဒေများ ရေးဆွဲရေးကော်မတီတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ဘဏ်လုပ်ငန်း စိစစ်ရေးဦးစီးဌာန)နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်ကြောင်းသတင်းရရှိသည်။




**ဟံသာဝတီကားပွဲစားတန်းဝင်းအတွင်း ဈေးကောင်းချိန်က ကျပ်သိန်း၄၀၀၀ ဝန်းကျင်အထိ ရှိခဲ့သောလင့်ခရူဆာကားတစ်စီးအား ဈေးနှုန်းကပ်ရောင်းချနေသည်ကို မေ ၁၄ရက်ညနေပိုင်းက တွေ့ရစဉ်။** ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# အပူချိန်လွန်ကဲမှုအန္တရာယ် မေလကုန်အထိ ရှိနေဦးမည်

**အောင်သူရ**

**ရန်ကုန်၊ မေ - ၁၂**

အနောက်တောင်မုတ်သုံလေ ဝင်ရောက်မှုနောက်ကျခြင်းကြောင့် မေလကုန်အထိ အပူရှိန်လွန်ကဲမှုအန္တရာယ်အား သတိထားကြရန် မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်ကပြောသည်။

"အပူချိန်များတာ မဟုတ်ဘူး၊ အပူရှိန်များနေတာ။ မေလ ၁၂ရက်နေ့မှာ စိုထိုင်းဆ ၇၅ ရာခိုင်နှုန်း၊ အမြင့်ဆုံးအပူချိန် ၃၅ ဒသမ ၈ ဒီဂရီဆဲလ်ဆီးယတ်၊ အပူရှိန် ၅၇ ဒသမ ၀ ဒီဂရီဆဲလ်ဆီးယတ်။ ဒါဟာ အလွန်အန္တရာယ်များတယ်။ မုတ်သုံမဝင်မချင်း သတိထားရမယ်"ဟု မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ဆိုသည်။

ဦးထွန်းလွင် ခန့်မှန်းချက်အရ အနောက်တောင်မုတ်သုံလေသည် တနင်္သာရီတိုင်းဒေသကြီးသို့ မေလ ၁၈ ရက်တွင် ဝင်ရောက်နိုင်ပြီး ရန်ကုန်တိုင်းဒေသကြီးသို့ မေလ ၂၀ ရက်တွင် ရောက်ရှိနိုင်ကာ အလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသများသို့ မေလကုန်မှရောက်ရှိနိုင်မည်ဟုတွက်ချက်ထားသည်။

ပုံမှန်အားဖြင့် မုတ်သုံလေသည် မေလ ၅ရက်တွင် တနင်္သာရီတိုင်းဒေသကြီးသို့ စတင်ဝင်ရောက်လေ့ရှိသော်လည်း ယခုနှစ်တွင် နောက်ကျနေခြင်းကြောင့် မုတ်သုံမဝင်မချင်း မိုးတိမ်တောင်များ၏ အန္တရာယ်ကိုပါ သတိထားရဦးမည်ဆိုသည်။

ထိုကဲ့သို့ မုတ်သုံဝင်ရောက်မှုနောက်ကျသဖြင့် မိုးလွန်ကာလဖြစ်သော အောက်တိုဘာနှင့် နိုဝင်ဘာ (သီတင်းကျွတ်၊ တန်ဆောင်မုန်း)လများတွင် မိုးလွန်မိုးများအန္တရာယ်ကို သတိထားရတော့မည်ဟု ဦးထွန်းလွင်က ခန့်မှန်းထားသည်။

| ရက် | စိုထိုင်းဆ (ရာခိုင်နှုန်း) | အမြင့်ဆုံးအပူချိန် (ဒီဂရီဆဲလ်ဆီးယတ်) | အမြင့်ဆုံးအပူရှိန် (ဒီဂရီဆဲလ်ဆီးယတ်) |
|---|---|---|---|
| ဧပြီ၊ ၂၉ | ၆၁ | ၃၈ ဒသမ ၅ | ၅၆ ဒသမ ၀ |
| မေ၊ ၅ | ၆၁ | ၃၃ ဒသမ ၅ | ၄၁ ဒသမ ၀ |
| မေ၊ ၆ | ၆၉ | ၃၃ ဒသမ ၅ | ၄၅ ဒသမ ၀ |
| မေ၊ ၇ | ၉၂ | ၃၄ ဒသမ ၅ | ၆၃ ဒသမ ၀ |
| မေ၊ ၁၂ | ၇၅ | ၃၅ ဒသမ ၈ | ၅၇ ဒသမ ၀ |

စာ-၃၊ ဆန္ဒပြစက်မှုဇုန်လုပ်သားများနှင့် အလုပ်ရှင်များကြား သဘောတူစာချုပ်များ လက်တွေ့ကျဖို့လို မှ

အဝေးသင်ကျောင်းများ အပါအဝင်ရှောင်တခင်ခွင့်ရက်များကို သတ်မှတ်ချက်နှင့်အညီခွင့်ပြုပေးရန်၊ အဆောင်နေလုပ်သားများအား မီး၊ရေ လုံလောက်စွာ စီစဉ်ပေးရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

တောင်းဆိုသူအလုပ်သမားများ ဦးဆောင်သူနှစ်ဦးတွင် တစ်ဦးအပါအဝင်ဖြစ်သူ မလဲ့လဲ့ခင်ကလည်း "အစ်မတို့စက်ရုံမှာ တစ်နှစ်ကို နှစ်ခါလစာတိုးတယ်။ ဧပြီလနဲ့အောက်တိုဘာလကို သတ်မှတ်ပေးထားတယ်။ ဒါပေမဲ့ အရင်နှစ်တွေက တိုးလည်းနည်းနည်းပဲ မသိသာဘူး။ ဒီနှစ်ကျတော့ ဟိုတစ်ခါလို ဖြစ်မှာစိုးလို့ အစ်မတို့ Development ဌာနတစ်ခုကပဲ ဝိုင်းပြောတော့ပြောတဲ့ ၁၀၁ဦးလောက်ပဲ ၅၀၀၀တိုးပေးပြီး ကျန်တဲ့လူတွေကျတော့ ၇၀၀ပဲတိုးပေးတယ်။ အဲဒီကိစ္စနဲ့ မကျေနပ်လို့ အခုလို တောင်းဆိုဖြစ်သွားတာ"ဟု ပြောသည်။

စက်ရုံပိုင်ရှင်ဒေါ်နန်းသောင်းရင်က "သဘောမတူဘူးဆို လက်မှတ်ထိုးမလား။ စာချုပ်တောင် ထွက်သွားပြီလေ။ ရှေ့လျှောက် အလုပ်သမားတွေနဲ့ အဆင်ပြေအောင် ဘယ်လိုလုပ်မယ်ဆိုတာ အခုလောလောဆယ်စဉ်းစားထားတာမရှိဘူး"ဟုပြောသည်။

"ညီမတို့ကျတော့ အခုမှ ရန်ကုန်ရောက်တယ်။ ရောက်ပြီး ဒီမှာပဲအလုပ်လုပ်ဖူးတာ။ အဲဒီတော့ ညီမတို့က အမြင်မကျယ်ဘူး။ တခြားစက်ရုံလည်း မပြောင်းရဲဘူး။ အိမ်ကိုကျတော့ ဒီလစာလေးနဲ့ကျတော့ အိမ်ကို ၃၊ ၄ လမှ လေးငါးသောင်းပို့ဖြစ်တယ်။ လတိုင်းမပို့နိုင်ဘူး"ဟု အဆိုပါစက်ရုံမှ ဝန်ထမ်းတစ်ဦးကပြောသည်။

ယခင်အလုပ်သမားတစ်ဦးလျှင် အခြေခံလစာတစ်ရက်လျှင် ၂၉၅ ကျပ် ရရှိရာ ယခုတွင် တစ်ရက်လျှင် ၁၄၀၀ ကျပ်ခန့်ရရှိပြီး ထိုအချိန်ပိုကြေးတစ်ရက်လျှင် ၇၈ ရရှိပြီး ယခုတွင် ၃၀၀ ကျပ်ခန့် ရရှိခဲ့ကြောင်း သိရသည်။

High Art ဆံပင်တုစက်ရုံသည် ၂၀၀၅ ခုနှစ်၌ လုပ်ငန်းစတင်လုပ်ကိုင်ခဲ့ပြီး ထုတ်ကုန်၏ ကုန်ကြမ်းပစ္စည်းများကို ပြည်ပမှ မှာယူ၍ တရုတ်၊ ကိုရီးယား၊ ဂျပန်နိုင်ငံများသို့ တင်ပို့ရောင်းချကြောင်းသိရသည်။ ဆံပင်တုခေါင်းတစ်လုံး၏တန်ဖိုးသည်မြန်မာကျပ်ငွေ ဆယ့်ရှစ်သိန်း အထက်ရှိပြီး ပြည်တွင်းသို့ ရောင်းချခြင်းမရှိကြောင်း သိရသည်။

# နိုင်ငံဖွံ့ဖြိုးရေးအတွက် ပြည်ပရောက်မြန်မာများ နေရပ်ပြန်လာရန် သမ္မတက ထပ်မံဖိတ်ခေါ်

## ပြည်ပရောက်မြန်မာများ ကြိုဆိုရေးနှင့် နေရာချထားရေးကော်မတီများ ဖွဲ့စည်းရန်စီစဉ်

**အားမာန်**

**ရန်ကုန်၊ မေ - ၄**

ပြည်ပရောက်မြန်မာပညာရှင်များ အပါအဝင် ပြည်ပရောက်မြန်မာနိုင်ငံသားများကို အမိနိုင်ငံတိုးတက်ရေးအတွက် ပြန်လာကြရန် နိုင်ငံတော်သမ္မတဦးသိန်းစိန်က ထပ်မံဖိတ်ခေါ်လိုက်သည်။

နိုင်ငံခြားတိုင်းပြည်အသီးသီးတွင် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေသော မြန်မာနိုင်ငံသားများကို သမ္မတက ၂၀၁၁ ဩဂုတ်လ ၁၆ရက်တွင် နေပြည်တော်၌ လူထု၊လူတန်းစားလွှာအသီးသီးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် မိန့်ခွန်းပြောကြားရာ၌ နေရပ်ပြန်လာရန်ပထမဆုံးအကြိမ်ဖိတ်ခေါ်ခဲ့သည်။ ထို့ကြောင့် ယခုအခါ ဒုတိယအကြိမ် တရားဝင်ဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်။

"ယခုအခါ တိုင်းပြည်ပြုပြင်ပြောင်းလဲတိုးတက်ရေးအတွက် ပြည်ပရောက်မြန်မာပညာရှင်များ၊ ဘာသာရပ် ကျွမ်းကျင်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ သာမက အလုပ်မျိုးစုံ သွားရောက်လုပ်ကိုင်နေကြသူများကို အမိနိုင်ငံတိုးတက်ရေးအတွက် ပြန်လာကြရန် ထပ်မံဖိတ်ခေါ်လိုကြောင်း၊ အမိမြေသို့ ပြန်လာရေးနှင့် စီးပွားရေးအလုပ်အကိုင်များ ပြန်လည်လုပ်ကိုင်နိုင်ကြရေးအတွက် အခက်အခဲများတင်ပြလာလျှင်နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း"နိုင်ငံတော်သမ္မတဦးသိန်းစိန်က မေလ ၁၁ ရက်တွင် သမ္မတရုံး၌ကျင်းပသော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုထိရောက်စွာပြုပြင်ပြောင်းလဲကြိုးပမ်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

ထို့အပြင် သမ္မတက လက်ရှိမြန်မာနိုင်ငံတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များ ကြုံတွေ့နေရပြီး ဘဏ်လုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ အခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတို့၌ စီးပွားရေးကျွမ်းကျင်ပညာရှင်များ၊ ကျွမ်းကျင်လုပ်သားများ လိုအပ်နေသည်ကိုကြုံတွေ့နေရကာ ထိုလိုအပ်ချက်များအတွက် ပြည်ပရောက်မြန်မာများ လိုအပ်ကြောင်းဆက်ပြောသည်။

ထို့ကြောင့် ပြည်ပရောက်မြန်မာများ နေရပ်ပြန်လာရာတွင် အဆင်ပြေရန် ကြိုဆိုရေးနှင့်နေရာချထားရေးကော်မတီများပေါ်ပေါက်လာတော့မည်ဖြစ်သည်။

"တချို့ကပြန်လာပြီ။ဒီရောက်တော့ ဘာမှစီစဉ်ပေးထားတာမရှိလို့ အခက်ကြုံရတာတွေရှိတယ်။ ဒါတွေအတွက် စနစ်တကျလုပ်ကိုင်ဆောင်ရွက်မယ့်ပြည်ပရောက်မြန်မာတွေအတွက် ကြိုဆိုရေးနဲ့ နေရာချထားရေးကော်မတီမျိုးလိုတယ်။ ပြန်လာချင်တဲ့မြန်မာပညာရှင်တွေ အများကြီးရှိတယ်"ဟု စီးပွားရေးပညာရှင်တစ်ဦးကလည်း ပြောသည်။

# နေပြည်တော်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် စက်မှုဇုန်အသစ်များ ထူထောင်ရန်ရှိ

**ပြည့်သိမ်း**

**ရန်ကုန်၊ မေ-၁၄**

နေပြည်တော်ကောင်စီနယ်မြေနှင့် ရှမ်းပြည်နယ် နမ့်အွန်ဒေသတို့တွင်စက်မှုဇုန်အသစ်များထူထောင်ရန်ရှိကြောင်း စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ထုတ်ပြန်ချက်များအရသိရသည်။

ပြည်သူများ အလုပ်အကိုင်ရရှိစေရန် ရည်ရွယ်ပြီး နေပြည်တော် တပ်ကုန်းအကြား မြေဧရိယာဧက ၅၀၀နှင့်မူဆယ်နှင့်ကွတ်ခိုင်မြို့အကြား နမ့်အွန်ဒေသ တွင် စက်မှုဇုန်အသစ်များ ထူထောင်ရန် ပြည်တွင်းလုပ်ငန်းရှင်များကို ဖိတ်ခေါ်နေသည်။

"ဇုန်အသစ်တွေ ဖော်ထုတ်တာကလွယ်ပါတယ်။ အခြေခံအဆောက်အအုံတွေ ဖြည့်နိုင်ဖို့ပဲ လိုတယ်"ဟု (UMFCCI)ကုန်သည်စက်မှုအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ဆိုသည်။ စက်မှုဇုန်တစ်ခုတွင် အဓိကလိုအပ်ချက်များဖြစ်သည့်လျှပ်စစ်မီးအပြည့်အဝရရှိရန်၊ သွားရေးလာရေးလွယ်ကူရန်၊ ဆက်သွယ်ရေးစနစ်များ ကောင်းမွန်ရန်၊ လုပ်ငန်းများအတွက် လိုအပ်သည့်လူသားအရင်းအမြစ်များ အလွယ်တကူရရှိရန် လိုအပ်သည်။

"စက်မှုဇုန်ထောင်တာ ဟန်ပြလုပ်ငန်းတွေအဖြစ် မဖြစ်စေချင်ဘူး။ အကျိုးမရှိပဲ အများကြီးလည်း မဖြစ်စေချင်ဘူး"ဟု ပြည်တွင်းမှ ထုတ်ကုန်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ရန်ကုန်မြို့ရှိဖွံ့ဖြိုးပြီး စက်မှုဇုန်များ၌ပင် မြေနေရာဦးသူများ လုပ်ငန်းမလုပ်ဘဲ မြေကွက်များ ပြန်ရောင်းရန်ကြံရယူထားသူများကြောင့် မြေဈေးများကြီးပြီး အမှန်တကယ်လုပ်ငန်းလုပ်ကိုင်လိုသူများအတွက် အခက်အခဲဖြစ်စေသည်။ ပြည်ပမှ ရင်းနှီးမြှုပ်နှံလိုသူများအတွက်လည်း မြေဈေးကြီးသဖြင့် အတားအဆီးဖြစ်နေသည်။ ယင်းကြောင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ခြောက်လအတွင်း ဝင်းထရံခတ်ပြီး တစ်နှစ်အတွင်း အဆောက်အအုံမဆောက်ပါက ပြန်သိမ်းမည်ဟု ကြေညာချက်ထုတ်ထားသည်။

ပြည်ပရင်းနှီးမြှုပ်နှံသူများ လိုက်နာရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှလည်း အချက်သုံးချက် ထုတ်ပြန်ထားသည်။ သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုမရှိအောင် စောင့်ရှောက်ခြင်း၊ မြန်မာနိုင်ငံသားများကို လူမှုရေး သက်ရောက်မှုရှိလျှင် လက်မခံခြင်းနှင့် ငွေကြေးနှင့်ပတ်သက်၍ တာဝန်ယူမှုနှင့် ပွင့်လင်းမြင်သာမှုရှိရမည်ဟုပါရှိသည်။

"စက်မှုလုပ်ငန်းဆိုရင်တော့ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုက အတိုင်းအတာတစ်ခုထိရှိတာပဲ။ အရက်ချက်စက်ရုံတွေနားက ရေမြောင်းတွေဆိုရင် အနံ့ကိုမခံနိုင်ဘူး"ဟု လူမှုရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် အိုင်အင်န်ဂျီအိုမှ ဦးဆောင်သူတစ်ဦးကဆိုသည်။

စက်မှုဇုန်များတွင် အနံ့ဆိုးထွက်သည့်စက်ရုံအလုပ်ရုံများကို သီးခြားခွဲထုတ်ရန် စီစဉ်သော်လည်း အခက်အခဲအမျိုးမျိုးကြောင့် ပြောင်းရွှေ့မရမှုများရှိကြောင်း စက်မှုဇုန်ဥက္ကဋ္ဌတစ်ဦးက ရှင်းပြသည်။ ယင်းကြောင့် စက်မှုဇုန်အသစ်များ အကောင်အထည်ဖော်မည်ဆိုပါက စက်မှုဇုန်ဟောင်းများကို လေ့လာပြီး မည်သည့်စက်ရုံများကို မည်သို့တည်ဆောက်ရမည်ကို စနစ်တကျ စီစဉ်သင့်ကြောင်း အထက်ပါပုဂ္ဂိုလ်က အကြံပြုသည်။

# မြန်မာရုပ်ရှင်လုပ်ငန်းပိုင် ရုပ်ရှင်ရုံနှစ်ရုံ ပုဂ္ဂလိကပိုင်ပြုရေး ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်ခြင်းမဟုတ်ဟုဆို

**အေးသူစံ**

**ရန်ကုန်၊ မေ-၁၄**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းပိုင် ဝဇီရာရုပ်ရှင်ရုံနှစ်ရုံအနက် ဝဇီရာရုပ်ရှင်ရုံ ၁ မှာ လေလံကြေးအနိမ့်ဆုံး မြန်မာငွေ ကျပ်သန်းသုံးထောင် ရထားကြောင်းနှင့် အဆိုပါရုံနှစ်ရုံအားပုဂ္ဂလိပိုင် ပြုလုပ်ရေးကို ၎င်းတို့ဝန်ကြီးဌာနက ပြုလုပ်ခဲ့ခြင်း မဟုတ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအမှုဆောင် သစ်အဖွဲ့နှင့် တွေ့ဆုံစဉ်ပြောကြားသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက ရုပ်ရှင်လောကသားများ၏ ကိုယ်စား ဝဇီရာရုပ်ရှင်ရုံ ၁၊ ၂ ကို မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးသို့ နှစ်ရှည်ဆက်လက် ငှားရမ်းလုပ်ကိုင်ခွင့်ပြုရန် တင်ပြခြင်း အပေါ် ဝန်ကြီးက "ဝဇီရာ ၂ ကို အခု အနိမ့်ဆုံး သန်း ၃၀၀၀ ပေးထားတယ်။ ပိုပေးရင်ရမယ်လို့ ကျွန်တော်က ပြောတော့ အစည်းအရုံးမှာက သိန်းလေးငါးခြောက်ထောင်ပဲရှိတာ။ ငွေချေးလုပ်မယ်ဆိုတော့ ခေါင်းကြီးတယ်။ ဝယ်ချင်တဲ့ သူရှိရင်ပေးလိုက်လို့ ကျွန်တော် စေတနာနဲ့ပြောခဲ့တာ။ ဒါပေမဲ့ အဲဒီ သန်းသုံးထောင်ပေးတဲ့လူကလည်းမယူဘူး။ ဈေးပျက်အောင်သာလုပ်တာ" ဟုပြောသည်။

အဆိုပါ ဝဇီရာရုပ်ရှင်ရုံ ၂ မှာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဝယ်ယူလိုသည်ဟု ကမ်းလှမ်းခဲ့သည့်အတွက် လုပ်ထုံးလုပ်နည်းအရ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးသို့ ရောက်ရှိသွားပြီး တင်ဒါခေါ်ကာ ရောင်းချခဲ့ခြင်းဖြစ်ကာ ဝဇီရာရုပ်ရှင်ရုံ ၁ မှာမူ ငှားရမ်းသက်တမ်းကာလစေ့သွားသည့်အတွက် အထက်မှ ညွှန်ကြားထားသည့် အတိုင်းအရှုပ်အရှင်းများကို အပြီးအပြတ်ရှင်း၍ သက်ဆိုင်ရာဝန်ကြီးဌာနထံ ပြန်လည်အပ်နှံရခြင်းသာဖြစ်သည်ဟုသိရသည်။ မူလက မတ်လ ၃၁ ရက်တွင် အပြီးအပ်ရန် မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ စာထုတ်ခဲ့သော်လည်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ မေတ္တာရပ်ခံချက်အရ ဆက်လက်လုပ်ကိုင်ခွင့် ၃ လရရှိခဲ့ရာ ယခုဇွန်လကုန်တွင် ပြည့်မည်ဖြစ်သည်။ အဆိုပါရုံနှစ်ရုံအား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက နှစ်ရှည် ဆက်လက်ငှားရမ်း လုပ်ကိုင်ခွင့်တောင်းဆိုထားခြင်းကို ဝန်ကြီးက "ကြားထဲက အရှုပ်အရှင်းတွေကိုတော့ ရှင်းရမယ်။ ပြီးရင် Privatization အပ်ရမယ်။ ကျွန်တော့်ဘက်က လုပ်လို့ရအောင်မူဘောင်နဲ့အညီ လုပ်ပေးမယ်။ အကုန်လုံးရဖို့တော့ ယတိပြတ်အာမမခံပါဘူး" ဟု ပြောကြားခဲ့သည်။



ရုပ်ရှင်အစည်းအရုံးပိုင် ဝဇီရာရုပ်ရှင်ရုံ

ဓာတ်ပုံ-ဖြိုးဖြိုးနော်

# ပို့ကုန်သွင်းကုန်များ လုပ်ကိုင်ရာတွင် နိုင်ငံတကာလုပ်နည်းများအတိုင်း လုပ်ကိုင်နိုင်ရန် စီစဉ်နေ

**ကိုကိုကြီး**

**ရန်ကုန်၊ မေ-၁၄**

ပြည်ပနိုင်ငံအသီးသီးနှင့်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတကာတွင်ကျင့်သုံးနေသည့် ကုန်သွယ်ရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် စီစဉ်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စီးပွားရေးအကြံပေးပညာရှင် ဒေါက်တာမောင်အောင်ကပြောသည်။

နိုင်ငံတကာကုန်သွယ်မှုလုပ်ငန်းနယ်ပယ်တွင် ငွေပေးချေရာ၌ L/C(Letter of Credit)စနစ်ဖြင့်သာ ဆောင်ရွက်လေ့ရှိသော်လည်း စီးပွားရေးပိတ်ဆို့ထားခြင်းကြောင့် ပြည်တွင်းပို့ကုန်လုပ်ကိုင်သူများသည် T/T စနစ်ဖြင့်သာ ဆောင်ရွက်နိုင်ကြောင်း သိရသည်။

"အခုဆိုရင် Sanction ရှိလို့။ နောက်ပိုင်းကျရင် Sanction ရုပ်သွားရင် L/C စနစ်ကို တဖြည်းဖြည်း သွားနိုင်အောင်လုပ်မှာ။ နိုင်ငံတကာနဲ့ ချိတ်ဆက်မိအောင် လုပ်မှာ"ဟုဎင်းကပြောသည်။

ထို့အပြင် ပြည်ပနိုင်ငံများသို့ ကုန်ပစ္စည်းများကို FOB (Free on Board)စနစ် တစ်မျိုးတည်းဖြင့်သာ တင်ပို့နိုင်သော်လည်း ယခုပြည်တွင်းပို့ကုန်လုပ်ငန်းရှင်များ အနေဖြင့် FOB နှင့် CIF (Cost၊ Insurance၊ Freight)စနစ်နှစ်မျိုးစလုံးဖြင့် တင်ပို့နိုင်ကြောင်း ၎င်းကဆက်လက်ပြောသည်။

ပြည်တွင်းလုပ်ငန်းရှင်များ အနေဖြင့် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ လုပ်ကိုင်ရာတွင် လိုအပ်သည့်လိုင်စင်များကို Auto စနစ်ဖြင့် ယခုနှစ်အတွင်း လျှောက်ထားနိုင်ရန် စီစဉ်နေကြောင်း ၎င်းကပြောသည်။

မူလက ပို့ကုန်လိုင်စင်များ လျှောက်ထားမည်ဆိုပါက လိုအပ်သည့်စာရင်းဇယားများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စစ်ဆေးမှုများ ဆောင်ရွက်လေ့ရှိသော်လည်း ယင်းစနစ်ဖြင့် ဆောင်ရွက်ပါက ပို့ကုန်လိုင်စင်များကို အလွယ်တကူ လျှောက်ထားနိုင်မည်ဖြစ်ကြောင်း ၎င်းအကြံပေးက ပြောကြားသည်။

"ပို့ချင်တဲ့သူက ဈေးနှုန်းသူ့ဘာသာသူ ဖော်ပြ။ ဘာမှ စစ်ဆေးတာမလုပ်တော့ဘူး။ ဒီအတိုင်းပဲ ခွင့်ပြုမယ်။ သူဖော်ပြတာမှန်တယ်ဆိုတာ သူ့ဘာသာတာဝန်ယူရမယ်" ဟု ၎င်းက ပြောသည်။

လတ်တလောကာလတွင်မူ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုင်စင်စနစ်ပယ်ဖျက်သည့်အဆင့်သို့မရောက်သေးမီ အထက်ပါစနစ်ကို ပြောင်းလဲကျင့်သုံးသွားမည်ဖြစ်ကြောင်း၊ ထို့နောက် လိုင်စင်မလိုဘဲ လုပ်ကိုင်နိုင်သည့်စနစ်သို့ ကူးပြောင်းသွားရန် ရည်ရွယ်ထားကြောင်း ၎င်းကပြောသည်။

# ကလိုထူးဘောတပ်ဖွဲ့ နယ်မြေအတွင်း ထိုင်းသတ္တုကုမ္ပဏီတစ်ခုကို လုပ်ကိုင်ခွင့်ပေး

**ဥက္ကာကိုကို**

**ရန်ကုန်၊ မေ-၁၄**

ကလိုထူးဘောတပ်ဖွဲ့(ယခင် ဒီကေဘီအေ) အုပ်ချုပ်သည့် နယ်မြေဒေသအတွင်း ထိုင်းနိုင်ငံမှ သတ္တုတူးဖော်ရေးကုမ္ပဏီတစ်ခုကို ဝင်ရောက်လုပ်ကိုင်ခွင့်ပြုထားပြီး နှစ်ဦးသဘောတူစာချုပ်ချုပ်ဆိုလိုက်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ထိုင်းကုမ္ပဏီ၏အမည်မှာ ချန်ဌေးသတ္တုမိုင်းဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်ဖြစ်ပြီး ကရင်ပြည်နယ်၊ ဘားအံမြို့နယ်တွင်တည်ရှိသည့် ကလိုထူးဘော သတ္တုတူးဖော်ရေးကုမ္ပဏီနှင့်အတူ ပူးပေါင်း၍ ဆောင်ရွက်မည်ဖြစ်ကြောင်း ကလိုထူးဘောတပ်ဖွဲ့မှ သိရသည်။

နှစ်ဦးသဘောတူစာချုပ်တွင်ပါဝင်သည့် အချက်များမှာ ကလိုထူးဘောမှ တာဝန်ယူထားသည့် နယ်မြေများအားလုံးထဲရှိသတ္တုများကို ချန်ဌေးကုမ္ပဏီတစ်ခုတည်းကိုသာ ရှာဖွေစစ်ဆေး လေ့လာတူးဖော်ရန် ဝင်ရောက်ခွင့်ပြုထားကြောင်း၊ ချန်ဌေးကုမ္ပဏီ၏ ဘေးကင်းလုံခြုံမှုအတွက် တာဝန်ယူပေးမည်ဖြစ်ကြောင်း၊ စာချုပ်သက်တမ်းအတွင်းတွင် ချန်ဌေးကုမ္ပဏီ၏ လူနှင့်ပစ္စည်းကိရိယာအဝဝတို့အားပြဿနာတစ်စုံတစ်ရာ မရှိဘဲ ဝင်ရောက်ဆောင်ရွက်နိုင်ရန် ကူညီစောင့်ရှောက်ပေးရမည်ဖြစ်ကြောင်း၊ လမ်းဖောက်လုပ်ရန်နှင့် သတ္တုစစ်ဆေးရှာဖွေမှုတို့အတွက် အသုံးပြုမည့် လူအင်အားနှင့် ကုန်ကျစရိတ်အားလုံးတို့ကို ချန်ဌေးမှ တာဝန်ယူရမည်ဖြစ်ကြောင်းပါဝင်သည်။

ရှာဖွေတူးဖော်ရရှိသည့် သတ္တုမိုင်းအမျိုးမျိုးကို နိုင်ငံခြားသို့ တင်ပို့ရောင်းချရန်အတွက် လိုအပ်သည့် စာရွက်စာတမ်းများကို ကလိုထူးဘောဘက်မှ ဦးဆောင်ပြုလုပ်ပေးရမည်ဟု သိရသည်။

ရောင်းချရရှိသည့် အကျိုးအမြတ်များကို တစ်တန်လျှင် ထိုင်းဘတ်ငွေဖြင့် တန်ဖိုးဖြတ်ပြီး အခြားသတ္တုလုပ်ငန်းရှင်တို့ ရောင်းဝယ်ကြသည့် ဈေးနှုန်းများအတိုင်း ကလိုထူးဘောဘက်သို့ ရှင်းပေးရမည်ဖြစ်သည်။

ဤသတ္တုတူးဖော်ရေးစီမံချက်ကိုဧပြီ ၂၉ ရက်တွင်စာချုပ်ချုပ်ဆိုခဲ့ကြပြီး သက်တမ်းမှာ လက်မှတ်ရေးထိုးသည့်နေ့မှစ၍ နောက်ထပ်အနှစ် ၂၀အထိ သတ်မှတ်ထားကြောင်း သိရသည်။ သတ္တုတူးဖော်ရေးစီမံချက်ကို ဆောင်ရွက်ရသည့် ရည်ရွယ်ချက်မှာ မိမိတာဝန်ယူထားသည့် နယ်မြေဒေသအတွင်းရှိပြည်သူလူထုအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ရရှိလာသည့် အကျိုးအမြတ်များဖြင့် လုပ်ဆောင်ရန်ဖြစ်ကြောင်း ကလိုထူးဘောတပ် ဖွဲ့ကဆိုသည်။

ကလိုထူးဘောတပ်ဖွဲ့(တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော်သည်) ယခင် ဒီကေဘီအေမှ ခွဲထွက်သည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ဗိုလ်ချုပ်စောလားပွယ်(ခ) ဗိုလ်နှုတ်ခမ်းမွေးက အုပ်ချုပ်လျက်ရှိသည်။

7 DAY NEWS JOURNAL
Vol.11, No.10 • MAY 17 , 2012

# နိုင်ငံရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုနှစ်ခုစလုံးအတွက် တောင်ကိုရီးယားက ကူညီမည်ဟုဆို

**မေဝင်းမွန်**

**ရန်ကုန်၊ မေ- ၁၅**

မြန်မာ့နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှုအတွက်သာမကဘဲ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ ကူညီထောက်ပံ့သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတ မစ္စတာလီမြောင်ဘတ်ကမြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံအပြီး ပြောကြားလိုက်သည်။

ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် ယနေ့နံနက်က တွေ့ဆုံခဲ့ခြင်းဖြစ်ကာ တွေ့ဆုံမှုအပြီး ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် တောင်ကိုရီးယားသမ္မတက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။



ဓာတ်ပုံ - The Washingtonpost

မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုအနေအထားပေါ်မူတည်၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည်ကိုလည်း သမ္မတဦးသိန်းစိန်နှင့် ဆွေးနွေးပြောကြားပြီးဖြစ်သည်ဟုလည်း ပြောကြားခဲ့သည်။

“တောင်ကိုရီးယားနိုင်ငံဟာ စက်မှုလုပ်ငန်းတွေဘက်မှာရောပိုပြီးအရေးပါတာက ဒီမိုကရေစီကျင့်စဉ်မှာပါ အောင်မြင်ခဲ့တဲ့ နိုင်ငံဖြစ်ပါတယ်။ တောင်ကိုရီးယားနိုင်ငံသားတွေကလည်းမြန်မာနိုင်ငံကို ကူညီဖို့အတွက်ကို အထူးအလေးထားပါတယ်” ဟု မစ္စတာလီမြောင်ဘတ်က ဆိုသည်။

“စီးပွားရေးပြန်လည် အားကောင်းလာစေရေးအတွက် ဒီမိုကရေစီကို မစတေးသင့်ပါဘူး”ဟု သမ္မတက ပြောကြားသည်။

တောင်ကိုရီးယားသမ္မတလီမြောင်ဘတ်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် ပညာရေး၏ အရေးပါမှုကို သဘောထားတူညီခဲ့ကြပြီး အနာဂတ်တိုင်းပြည် တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေရန် နိုင်ငံတွင်းရှိကလေးများ ကောင်းမွန်သည့်ပညာရေးစနစ် ရရှိစေလိုကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

တောင်ကိုရီးယားသမ္မတသည် မြန်မာနိုင်ငံသို့ထောက်ပံ့ကြေးများနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ချေးငွေများ တိုးမြှင့်ပေးအပ်မည် ဖြစ်ကြောင်း ပြောကြားခဲ့ပြီး တောင်ကိုရီးယား၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အတွေ့အကြုံများကို ဝေမျှသွားမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။ စွမ်းအင်နှင့် အရင်းအမြစ်ဆိုင်ရာဖွံ့ဖြိုးရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားရန် နှစ်နိုင်ငံသဘောတူညီခဲ့သည်။

*—Ref: YONHAPNEWS*

# လျှောင်စပါးများ ထုတ်ရောင်း၍ စပါးဈေးများ ကျဆင်း

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ မေ-၁၀**

သိုလှောင်ထားသော စပါးများ ထုတ်ရောင်းမှုကြောင့် ပြည်တွင်းဈေးကွက်တွင် စပါးဈေးများစွာ ကျဆင်းလာကြောင်း ဆန်ကုန်သည်များထံမှ သတင်းရရှိသည်။

နွေစပါးပေါ်စက တင်းတစ်ရာကို ကျပ်သုံးသိန်းဝန်းကျင်ရှိသည့်စပါးများသည် ယခုရက်ပိုင်းတွင် ၂၇၀,၀၀၀ ကျပ်အောက်သို့ ကျလာကြောင်း နယ်မြို့များမှ ဒေသခံဆန်ကုန်သည်များကပြောသည်။

ပြည်တွင်းဈေးကွက်တွင် ဆန်ဈေးငြိမ်နေခြင်း၊ ပြည်ပသို့ ဆန်တင်ပို့မှုမှာလည်း အိန္ဒိယကို မယှဉ်နိုင်သည့်အတွက် ဈေးကွက်ရရှိမှု မလွယ်ကူခြင်း၊ ပြည်ပပို့ကုန်ရငွေ တန်ဖိုး ကျဆင်းနေခြင်းကြောင့် ပြည်ပသို့ ဆန်ပို့ရာတွင် အခက်အခဲများရှိနေခြင်း၊ နိုင်ငံတော်မှ အရန်ဆန်ဝယ်ယူရာတွင်လည်း ကိုယ်စားလှယ်များက ဈေးမကိုက်သဖြင့် ဝယ်ယူမှုမရှိခြင်းတို့ကြောင့် စပါးသိုလှောင်ထားသည့် ကုန်သည်များက ထုတ်ရောင်းသဖြင့် ဈေးကျဆင်းလာခြင်းဖြစ်ကြောင်း ဆန်ကုန်သည်များက ရှင်းပြသည်။

“ပြည်တွင်း ဆန်ဈေးကွက်က ဇွန်လအကုန်လောက်မှ ပြန်လှုပ်မယ်ထင်တယ်။ ဈေးအတက်အကျက ဘယ်လိုမှ မှန်းလို့မရဘူး”ဟု မော်တင်မှ ဆန်ကုန်သည်တစ်ဦးကဆိုသည်။

လက်ရှိ ပြည်တွင်း ဆန်ဈေးသည် ၂၅ မှတ် အကြမ်းတစ်အိတ်လျှင် ၁၁,၀၀၀ ကျပ်ဝန်းကျင်နှင့် အကြမ်းရှယ်အမျိုးအစားများမှာ တစ်အိတ်လျှင် ၁၂,၈၀၀ ကျပ်ဝန်းကျင်ရှိသည်။ ယင်းဈေးနှုန်းမှာ သင်္ကြန်နောက်ပိုင်းတွင် အပြောင်းအလဲမရှိ တည်ငြိမ်နေသည်။

ယခင်နှစ်က မြန်မာ့ဆန်တန်ချိန်ပမာဏများစွာသည် အာဖရိကဈေးကွက်သို့ တင်ပို့နေသဖြင့် ပြည်တွင်းဈေးကွက်တွင် ၂၅ မှတ်ဆန်ဈေးသည် တစ်အိတ် ၁၃,၀၀၀ ကျပ်မှ ၁၂,၀၀၀ ကျပ်ကြားရှိသည်။ ပြည်ပဈေးကွက်တွင်လည်း မြန်မာ့ဆန်သည် တစ်တန်လျှင် ကန် ဒေါ်လာ ၄၂၀ ဝန်းကျင်ထိ ရခဲ့သည်။

ယခုနှစ်တွင် မြန်မာဈေးကွက်ကိုအိန္ဒိယနိုင်ငံကဝင်ရောက်ထိုးဖောက်ခဲ့သဖြင့် ပြည်ပဈေးကွက်တွင်မြန်မာဆန်မှာ တစ်တန်လျှင် ကန်ဒေါ်လာ ၃၃၀ ဝန်းကျင်သာ ရသည်။

“တရုတ်က အရန်ဆန်တွေ ထုတ်ရောင်းနေတော့ နယ်စပ်မှာ အရောင်းအဝယ်က အေးတယ်” ဟု မူဆယ်ဆန်စပါးလုပ်ငန်းအသင်းမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

# စီးတီးမတ် ဂျပန်နိုင်ငံရှိ စူပါမားကက် စားသောက်ကုန်လုပ်ငန်းစုကြီးနှင့် ပူးပေါင်းလုပ်ကိုင်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ မေ- ၁၅**

ဂျပန်နိုင်ငံရှိစူပါမားကက်နှင့် စားသောက်ကုန်လုပ်ငန်းဖြစ်သော G-7နှင့် ပြည်တွင်းရှိ စီးတီးမတ်စူပါမားကက်တို့မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန် ထုတ်လုပ်ရေးနှင့် ရောင်းချရေးတို့အတွက် ပူးပေါင်းလုပ်ကိုင်သွားမည်ဖြစ်ကြောင်း Mainichi Japan သတင်းဌာနတွင် ရေးသားထားသည်။

မြန်မာနိုင်ငံတွင် ဂျပန်စိုက်ပျိုးရေးနည်းပညာများဖြင့် စားသောက်ကုန်များစိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ပြီး ပြည်တွင်းရှိ ဟိုတယ်နှင့် စားသောက်ဆိုင်များအတွက် ဈေးကွက်ရရှိစေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့အခြေစိုက်စီးတီးမတ်စူပါမားကက်နှင့် အောက်တိုဘာလတွင်မြေယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံတွင် စားသောက်ကုန်ဆိုင်ခွဲများ ပိုင်ဆိုင်ထားသောအဖွဲ့အစည်းမှ တာဝန်ရှိသူက ပြောသည်။

G-7 သည် အနာဂတ်တွင် စီး တီးမတ်နှင့် ပူးပေါင်း၍ အရှေ့တောင်အာရှနိုင်ငံများ၌ ဂျပန်အစားအစာများ သုံးဆောင်နိုင်မည့် စားသောက်ဆိုင်များတည်ဆောက်ဖွင့်လှစ်သွားရန် ရည်ရွယ်ထားကြောင်း ၎င်းကပြောသည်။

**အချပ်ပို(A)- အိုင်အင်န်ဂျီအိုနှင့် သံရုံးများ MFTB ဘဏ်တွင် ငွေထုတ်လျှင် တစ်ကြိမ်ဒေါ်လာတစ်သောင်းထိသာ ခွင့်ပြု မှ**

ခြားငွေနဲ့ ပတ်သက်ရင် အကုန်လုံးက MFTB ဘဏ်မှာချည်းပဲ လုပ်နေရတော့၊ အဲဒီက Account Transfer နဲ့ လွှဲပြီး အခြားဘဏ်တွေကပါ ခွဲပြီးထုတ်နိုင်အောင် စီစဉ်တာပါ”ဟု ဗဟိုဘဏ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပုဂ္ဂလိကဘဏ်များကိုပါ နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်ခွင့်ပြုပါက အထက်ပါစနစ် ပိုမိုအဆင်ပြေချောမွေ့နိုင်ကြောင်းလည်း ပုဂ္ဂလိကဘဏ်တစ်ခုမှ တာဝန်ရှိသူတစ်ဦးကလည်း ပြောသည်။

AD လိုင်စင်ရရှိထားသော ဘဏ် ၁၁ ဘဏ်ကို နိုင်ငံခြားငွေဘဏ်စာရင်းဖွင့်ခွင့်ပြုမည်ဟု သက်ဆိုင်ရာက အသိပေးထားသော်လည်း လက်တွေ့အကောင်အထည်မပေါ်သေးပေ။

ယခုအခါ ပြည်တွင်း၌ နိုင်ငံခြားသံရုံး အရေအတွက် ဆယ်နှင့်ချီ၍ ရှိပြီး ကုလသမဂ္ဂအဖွဲ့အစည်း ၉ ဖွဲ့နှင့် အိုင်အင်န်ဂျီအို ၅၃ ခု ရှိသည်။

ထပ်မံရရှိသော သတင်းအရ ပုဂ္ဂလိကဘဏ်များတွင် လာမည့် ဇွန်လ၌ MPU (Myanmar Payment Union)ကတ်စနစ်ကို စတင်ကျင့်သုံးတော့မည် ဖြစ်ကြောင်းလည်း ဗဟိုဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ထို့အတွက် ပုဂ္ဂလိကဘဏ်များ ပြင်ဆင်နေကြပြီဖြစ်ကြောင်းလည်း သတင်းရရှိသည်။

**အချပ်ပို(A)- မြောက်ကိုရီးယားထံမှ လက်နက်ဝယ်ယူတော့မည် မဟုတ်ကြောင်း သမ္မတဦးသိန်းစိန်က တောင်ကိုရီးယားသမ္မတသို့ ပြောကြား မှ**

တောင်ကိုရီးယားသမ္မတနှင့် အဖွဲ့သည်မေလ ၁၄ ရက်မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာကာ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ညှော်ခန်းမဆောင်၌တွေ့ဆုံခဲ့သည်။ နိုင်ငံတော်သမ္မတက သမ္မတလီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့အား ဂုဏ်ပြုညစာဖြင့်လည်း ညှော်ခံခဲ့သည်။

*—Ref: YONHAPNEWS*

# ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းအရ ကျေးရွာသား ၁၃ ဦးကို ကိုရီးယားလေ့လာရေးခရီး ပို့မည်

**ကျော်သီဟ**

**ရန်ကုန်၊**

**မေ- ၁၅**

သမဝါယမဝန်ကြီးဌာနမှကိုရီးယားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းအဖြစ် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိကျေးရွာ ၂၃ ရွာမှ ရွာသားများအား ကိုရီးယားနိုင်ငံသို့ ၁၀ ရက်ကြာ လေ့လာရေးခရီး စေလွှတ်မည်ဟု သမဝါယမဒုတိယဝန်ကြီး ဦးသန်းထွန်းက 7Day News သို့ ပြောသည်။

“ရည်ရွယ်ချက်ကတော့ နိုင်ငံတော်ရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများမှာ ကျေးရွာတစ်ခုချင်းစီက ဖွံ့ဖြိုးတိုးတက်မှုမပါဘဲနဲ့ မရနိုင်ဘူး။ ဒါကြောင့် ရန်ကုန်တိုင်း ဒေသကြီးထဲက ပထမဆုံးကျေးရွာ နှစ်ရွာက ကျေးလက်နေပြည်သူ ၁၃ ဦးကို ကိုရီးယားကို လေ့လာ ရေးလွှတ်တာပါ”ဟု ဒုတိယဝန်ကြီးက ပြောသည်။

ယင်းခရီးစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း သံလျင်မြို့နယ်မှ သနပ်ပင်ကျေးရွာနှင့် လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့ကျေးရွာတို့မှ ကျေးရွာသူသုံးဦး၊ ကျေးရွာသား ၁၀ ဦးနှင့် ခေါင်းဆောင်အဖွဲ့နှစ်ဦး၊ စကားပြန်တစ်ဦးတို့ သွားရောက်လေ့လာကြမည်ဖြစ်သည်။

“ဒါပထမဆုံးစေလွှတ်တာပါ။ နောက်ပိုင်းသမဝါယမက အစ္စရေးကိုစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်သူတွေ အယောက် ၃၀ လောက်စု ပြီးလွှတ်ဖို့ရှိတယ်။ တရုတ်ကိုလည်း သမဝါယမဘွဲ့ရနဲ့ မွေးမြူရေးဘွဲ့ရကျောင်းသားကျောင်းသူ ၁၀၀ လောက်စေလွှတ်ဖို့ရှိပါတယ်” ဟု ဒုတိယဝန်ကြီးဦးသန်းထွန်းက ပြောသည်။

ယခု ကိုရီးယားနိုင်ငံသို့ သွားရောက်လေ့လာသူများထဲတွင် လယ်စိုက်တောင်သူများ၊ ကျေးရွာနေ ဘွဲ့ရပြီး ကျေးရွာသူကျေးရွာသားများပါဝင်ပြီး ကျေးရွာသစ်စီမံကိန်းအတွက် ကိုရီးယားနိုင်ငံတွင် ၉ ညအိပ် ၁၀ ရက်ခရီးလေ့လာသွားမည်ဖြစ်သည်။ အဆိုပါ လေ့လာရေးအား သမဝါယမဝန်ကြီးဌာနနှင့် ကိုရီးယားနိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့ ပူးပေါင်းစီစဉ်ပေးခြင်းဖြစ်သည်။